www.burmeseclassic.com



# နှစ်သပြီး

မရဏဝတ်စုံ

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

**ထုတ်ဝေသူ**

ဒေါ်မြင့်မြင့်ရီ (မြ-၀၀၆၆၆) (ဖျူးစာပေ)

အမှတ်-၅၂၀(က)၊ အင်းဝ (၄)လမ်း၊

(၆) ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

**အတွင်းနှင့်မျက်နှာဖုံးပုံနှိပ်**

ဦးကျော်ရင် (မြ-၀၀၃၂၆) (ရွှေခြသေ့ပုံနှိပ်တိုက်)

အမှတ် (၁၂)၊ သရဖီလမ်း၊ တော/နောက် ရပ်ကွက်၊

အလုံမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးပန်းချီ**

သိန်းရွှေကြည်

**အတွင်းဖလင်**

ကိုဖင်ဦးနှင့်ညီများ

**ပုံနှိပ်ခြင်း**

ပထမအကြိမ်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ

တန်ဖိုး-၁၀၀၀ ကျပ်၊ အုပ်ရေ- ၅၀၀

**ဖြန့်ချိရေး**

ဖျူးစာပေ

၀၉ ၅၀၃၀၁၁၆၊ ၀၉ ၅၁၈၅၀၈၄၊ ၀၁ ၈၅၀၀၆၉၆

**နတ်သမီး**

မရဏာဝတ်စုံ

ဖျူးစာပေ၊ ၂၀၁၆။

၂၂၄-စာ၊ ၁၂ x ၁၈ စင်တီ။

(၁) မရဏာဝတ်စုံ

## အခန်း (၁)

''ရတီက စေတနာနဲ့ပြောတာကို သမီးက အကောင်းမမြင်တာများတယ်၊ အရွဲ့တိုက်တာ ကောင်းတဲ့အမူအကျင့်မဟုတ်ဘူး၊ ကိုယ့်အတွက်ဘာအကျိုးမှ မရှိစေတဲ့အလုပ်ကို သမီးလုပ်လိုက်တာပဲ''

ထုံးစံအတိုင်း အန်တီမေရဲ့ ဆုံးမစကားတွေကို ကြားရပြန်သည်။

အန်တီမေရဲ့အသံက နူးညံ့ညင်သာပေမယ့် ရတီနှင့်ပတ်သက်လာလျှင် ရိပ်အပေါ်မှာချည်းပဲ အပြစ်မြင်တတ်သည် ထင်မိ၏။

ဒါကြောင့်လည်း တချို့ကိစ္စတွေမှာ ရိပ်ဘက်က တမင်ပဲ အရွဲ့တိုက်ကာ ဆန့်ကျင်တုံ့ပြန်မိသည်။

''နှစ်ယောက်တည်းရှိတာကို သင့်သင့်မြတ်မြတ်နေတာပဲ အန်တီမေ မြင်ချင်တယ်၊ သမီးရိပ်ထက် ရတီက အသက်ကြီးတယ်၊ ဒီတော့ အကြီးပြောစကားကို အငယ်က နားထောင်ရမှာပဲ''

''ရတီနဲ့သမီးအသက်က နှစ်လကျော်ကျော်လောက်ပဲ ကွာတာပါ အန်တီမေ''

ဘာမဟုတ်သည့်အသက်ကွာခြားမှုလေးကိုပဲ အန်တီမေ အမြဲ

www.burmeseclassic.com



ပြောနေတော့ ရိပ် ခွန်းတုံ့ပြန်မိသည်။ အန်တီမေ မျက်ခုံးတွေ တွန့်ကုပ်သွားရင်း

"ကိုယ့်ထက် တစ်ရက် တစ်မနက် တစ်နာရီကြီးတဲ့သူကို ရိုသေလေးစားရမယ် သမီး၊ ရတီက သမီးရဲ့အစ်မတစ်ယောက်လို့ စိတ်က သတ်မှတ်ထားရမယ်"

အန်တီမေရဲ့ဆုံးမတာတွေကို ပြန်ချေပနေရင် ဆုံးနိုင်တော့မည်မဟုတ်တာမို့ ရိပ် ငြိမ်သက်နေလိုက်ပါသည်။ ရတီနှင့်ရိပ်ကို အန်တီမေက သမီးအရင်းချာလို ချစ်တာတော့ ရိပ် သိပါသည်။

တစ်ကိုယ်တည်း အပျိုကြီးဘဝနှင့် နေနေပေမယ့် ရတီနှင့်ရိပ်ဆိုသော တူမနှစ်ယောက်ကို အန်တီမေက စောင့်ရှောက်မွေးစားခဲ့သည်။

နှင်းရတီနှင့် ချစ်ရိပ်ထင်ဆိုသော ရိပ်တို့နှစ်ယောက်က ညီမဝမ်းကွဲတွေ တော်စပ်သည်ဆိုပေမယ့် တကယ်ဆို သွေးဝေးကြတာကို ရိပ်သိထားသည်။

ရိပ်နှင့် အန်တီမေကမှ တကယ့် သွေးသားရင်းချာတွေ ဖြစ်သည်။

နှင်းရတီဆိုတာကတော့ အန်တီမေရဲ့မွေးစားအစ်ကိုက မွေးသည့်သမီးပဲ။ သွေးဝေးပါသည်။ ဒါပေမဲ့ အန်တီမေက ရတီကို အရေးပေးလွန်းတာတော့ ရိပ် မကျေနပ်တာ အမှန်ပဲဖြစ်သည်။

"ချစ်ရိပ်ထင်"

အန်တီမေရဲ့ခပ်စူးစူးခေါ်သံကြောင့် ရိပ် အတွေးစတွေ လွင့်ထွက်သွားကာ လှည့်ကြည့်မိ၏။

"ရှင် အန်တီမေ၊ ဘာလဲဟင်"

အန်တီမေ ခေါင်းကိုခါရမ်းကာ ပင့်သက်ရှိုက်သည်။ ရိပ်ကို စိတ်ပျက်သလို မျက်ဝန်းတွေနှင့်ကြည့်ရင်း

"ဒီမှာ အန်တီမေကတော့ အာပေါက်မတတ် ဆုံးမပြောနေတယ်၊





သမီးက နားမထောင်ဘူး"

"ဟင် သမီး နားထောင်နေပါတယ် အန်တီမေရဲ့"

"လူက ဇွတ်တုတ်ထိုင် နားထောင်နေတယ်၊ စိတ်အာရုံက မရှိဘူး ဟုတ်လား။ ကဲ အခု သမီးကို အန်တီမေ ဘာမေးတာလဲပြော"

"ဟင် အဲ ဘာ ဘာမေးလိုက်လို့လဲ အန်တီမေ၊ ဟို သမီး အတွေးလွန်သွားလို့ပါ"

ရိပ် ရယ်ကျဲကျဲလေး မေးမိသည်။ အန်တီမေကတော့ စိတ်ပျက်ညည်းညူနေပုံရတာ အမှန်ပင်ဖြစ်သည်။

အင်းလေ၊ ရိပ်ကလည်း ရိပ်ပါပဲ။ အန်တီမေ ဆုံးမနေတာကို အလေးမထားသလို ဖြစ်သွားတာကိုး။

"ကဲ ကဲ အဝတ်အစားလဲ ရေမိုးချိုးတော့၊ ပြီးရင် အန်တီမေတို့အတူ ထမင်းစားကြရအောင်"

"ဟုတ်"

ခေါင်းကလေးညိတ် စားပွဲပေါ်တင်ထားသည့် လက်ကိုင်အိတ်လေးကို လှမ်းယူပြီး ရိပ် ခပ်ရှုံ့ရှုံ့လေး ထွက်ခဲ့သည်။

အန်တီမေကတော့ ရိပ်ကိုကြည့်ရင်း ပင့်သက်လေးရှိုက်ကာ ကျန်ခဲ့သည်။

သံယောဇဉ်တွေ အစွယ်မပွားချင်တာမို့ တစ်ကိုယ်တည်းနေထိုင်တာမှန်ပေမယ့် အမိမဲ့အဖမဲ့ တူမလေးတွေနှင့်ပတ်သက်လာတော့ သူမဆန္ဒတွေ ပျက်ရပြန်သည်။

သူမအစ်မဝမ်းကွဲ ချစ်ရိပ်ထင်ရဲ့မိခင် ဆုံးပါးသွားတော့ ချစ်ရိပ်ထင်လေးမှာ တွယ်ရာမဲ့ဘဝ ရောက်ခဲ့သည်။ ဖခင်က ငယ်စဉ်ကတည်းက ဆုံးပါးသွားတာမို့ ချစ်ရိပ်ထင်လေးကို စာနာသနားမိကာ သူမ မွေးစားခဲ့တော့ ဆယ်နှစ်သမီးလေးသာ ရှိသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရိပ်ထင်လေးကို သူမ သွေးသားရင်းချာသမီးလို ပြုစုစောင့်ရှောက်ပေးခဲ့သည်။ ဆယ်နှစ်သမီးကတည်းက အတူနေလာတာမို့လည်း သံယောဇဉ်တွယ်မိ၏။ ဒါပေမဲ့ နောက်ထပ် သံယောဇဉ်တစ်ခုနှင့်ယှဉ်ပြီး သူမဆီ ထပ်နှယ်လာခဲ့တာက နှင်းရတီပဲ ဖြစ်သည်။

နှင်းရတီမျက်နှာလေးကို စမြင်လိုက်ကတည်းက သူမ သတိရလိုက်မိတာ ကိုကိုအောင့်မျက်နှာ၊ တကယ့် အဖေတူသမီးလေး။ နှင်းရတီကတော့ ချစ်ရိပ်ထင်ထက်တော့ ကံကောင်းရှာပါသည်။ ဒါပေမဲ့ နှစ်ယောက်စလုံးရဲ့ဘဝလေးတွေက တူလွန်းသည်။

နှင်းရတီရဲ့မိဘနှင်းပါးဖြစ်သော ကိုကိုအောင်တို့လင်မယား မမျှော်လင့်ဘဲ ကားအက်ဆီးဒင့်တစ်ခုကြောင့် တိမ်းပါးခဲ့စဉ်မှာ နှင်းရတီက ဆယ်တန်းကျောင်းသူဘဝပဲ ရှိသေးသည်။

တစ်ယောက်တည်းသော ဆွေမျိုးရင်းချာဟု သတ်မှတ်လို့ရသော သူမဆီကိုပဲ တာဝန်တွေက ကျလာသည်။

နှင်းရတီလေးကို သူမပဲ စောင့်ရှောက်ပေးဖို့ ရှေ့နေကြီးက မေတ္တာရပ်ခံလာသည်။

"သူ့မိဘတွေ ဆုံးပါးသွားပြီဆိုတော့ နှင်းရတီလေးကို စောင့်ရှောက်ပေးဖို့ ကြားက ကျုပ်ပဲ မေတ္တာရပ်ခံပါတယ် ဒေါ်မြမြမေ၊ နှင်းရတီလေးမိဘတွေက သူ့အတွက် အမွေတွေကို အသက်နှစ်ဆယ့်ငါးနှစ်ပြည့်မှ လွှဲပေးဖို့ စီစဉ်ထားတယ်၊ အဲဒီကာလမတိုင်ခင်အထိတော့ စောင့်ရှောက်ပေးပါ"

ဘာပဲဖြစ်ဖြစ် ကိုကိုအောင်ရဲ့သွေးသားဆိုသော အသိတစ်ခုတည်းနှင့် သူမ ခေါင်းညိတ်ခဲ့သည်။

နှင်းရတီလေးက လိမ္မာသလို ထက်မြက်ပြီး တော်တာလည်း အမှန်ဖြစ်သည်။ စီးပွားရေးတက္ကသိုလ်က ဘွဲ့တစ်ခုပိုင်ဆိုင်ပြီးတော့လည်း ကွန်ပျူတာသင်တန်းတွေ၊ စကားပြောသင်တန်းတွေ တက်နေသည်။





အချိန်တန်လျှင် ပညာစုံလင်ကာ မိဘတွေ ချန်ထားရစ်ခဲ့သော အမွေတွေကို ဆက်ခံပြီး နှင်းရတီဘဝက ပူစရာမရှိပါ။

ခက်နေတာက ချစ်ရိပ်ထင်ပဲ ဖြစ်သည်။ ပညာရေးမှာလည်း ရိုးရိုးဝိဇ္ဇာဘွဲ့တစ်ခုသာ ပိုင်ဆိုင်ထားသည်။ နှင်းရတီလိုပဲ သင်တန်းတွေတက်သည် ဆိုပေမယ့် ပြီးဆုံးအောင်မတက်။

အလှအပကို မက်မောအလေးထားသူပီပီ ကာယအလှသင်တန်းတွေကိုတော့ စိတ်ပါဝင်စားသည်။ သူမ စိုးရိမ်ပူပန်မိတာက ချစ်ရိပ်ထင်လေး အတွက်ပါပဲ။

ပြီးတော့ ပြစ်မျိုးမဲ့မထင် ချောမောသလောက် ရည်းစားတွေများသည်ဆိုသော သတင်းက သူမကို စိုးရိမ်ပူပန်စေတာ အမှန်။

"အန်တီမေ ထမင်းစားဖို့ အသင့်ဖြစ်နေပြီလေ"

သူမအနား ရောက်လာကာဆိုသော နှင်းရတီလေး အသံကြားမှ အတွေးစတွေ ပြတ်တောက်သွားခဲ့ရင်း

"အင်း သမီး စားတာပေါ့၊ ချစ်ရိပ်လေးရော ရေချိုးပြီးပြီလား"

"စောစောက ရေချိုးခန်းထဲက ထွက်လာတာ တွေ့တယ် အန်တီမေ"

"အေး အေး ဒါဆို သမီးသွားနှင့်၊ အန်တီမေ ခေါ်ပြီး လာခဲ့မယ်"

နှင်းရတီ ခေါင်းလေးညိတ်ကာ ထွက်သွား၏။ ကျောလယ်ထိ ရှည်သော ဆံနွယ်ကြီးတွေနှင့် နှင်းရတီကိုငေးရင်း သူမ ခေါင်းလေးညိတ် ပင့်သက်ရှိုက်မိပြန်သည်။

ရတီလေးလို ချစ်ရိပ်ကလေး လိမ္မာရင် ဘယ်လောက်ကောင်းလိုက်မလဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

"တူ တူ တူ"

ညှော်ခန်းစားပွဲပေါ်က ဖုန်းက မြည်လာတော့ နှစ်ဦးစလုံး ခေါင်းထောင်ကြည့်မိကြတာတော့ ပြိုင်တူပါပဲ။ သင်တန်းက စာတွေကို ဖတ်နေသော ရတီက ရိပ်ကို လှမ်းကြည့်သည်။

ရိပ် မသိကျိုးကျွံပြုရင်း လက်ထဲက ဂျာနယ်ကိုပဲ ပြန်ငုံ့ကြည့်နေလိုက်သည်။ တကယ်ဆို ဒီဖုန်းက ရိပ်ဆီဝင်လာတဲ့ဖုန်းဆိုတာ သိပြီးသား။ တမင်မသိဟန်ဆောင်ပြီး နေလိုက်တာ။

ဖုန်းက တတူတူ ထပ်မြည်နေတော့ နှင်းရတီ လက်ထဲက စာအုပ်လေး ချကာ သွားကိုင်သည်။ မော့မကြည့်ပေမယ့် ရိပ် နားလေးစွင့်ထား၏။

"ဟဲလို ဘယ်သူနဲ့တွေ့ချင်လို့ပါလဲရှင်"

"..."

"ရှင် ဟုတ်ကဲ့၊ ရှိပါတယ်၊ ခဏလေးကိုင်ထားပါ၊ ရိပ် နင့်ဆီလာတဲ့ဖုန်းတဲ့"





ရိပ်ကို လှမ်းပြောရင်း စားပွဲပေါ်ကို ဖုန်းလေးတင်ပေးသွားသည်။ ညှော်ခန်းဆိုဖာထိုင်ခုံမှာ ရတီ ပြန်ဝင်ထိုင်ပေမယ့် ဖုန်းသံကိုတော့ နားထောင်စိတ်ဝင်စားနေမည်ဟု ရိပ်ယုံသည်။

"ဟဲလို ပြော နိုင်နိုင်လား၊ ဆို ဘာကိစ်"

"..."

"နိုး အဲဒီနေ့ တို့မအားဘူး၊ နိုင်နိုင်ရဲ့"

"..."

"တကယ်ကို မအားတာ၊ ဖရိုင်းဒေးက သင်တန်းသွားရမယ်၊ အဲ ဆန်းဒေးကျရင် ရှော့ပင်းနဲ့ သွားစရာကိစ္စရှိတယ်"

"..."

"အိုး လိုက်လို့ဘယ်ဖြစ်မှာလဲ နိုင်နိုင်ရဲ့၊ တို့သူငယ်ချင်းတွေပါတယ်"

"..."

"အဟင်း ဟင်း ကဲ ဒါဆို လိုက်ခဲ့လေ၊ တို့အုပ်စုက စိတ်ကြိုက်မွှေကြနောက်ကြမှာနော်၊ သည်းမခံနိုင်ရင် မလိုက်နဲ့"

"..."

"အိုကေ အိုကေ ကောင်းပြီလေ ရိပ်အတွက် အမြဲတမ်း အသင့်ဆိုရင်တော့ လာခဲ့ပေါ့၊ အင်းလေ ဆုံနေကျနေရာပဲပေါ့၊ အိုကေ ဒါပဲနော်"

ဖုန်းလေးကို အသာပြန်ချပြီး ရိပ် အခန်းဘက်သွားဖို့ လှည့်အထွက်မှာပဲ ရတီအသံကို ကြားရ၏။

"ရိပ် စောစောက နိုင်နိုင်ဆိုတာ ဆက်နိုင်ရန်ဆိုတဲ့ ကောင်လေးလား"

"အင်းလေ ဘာဖြစ်လို့လဲ"

"ဒီကောင်လေးနဲ့ ရိပ် ဆက်တွဲနေတုန်းပဲလား"



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လေသံတွေကိုပဲ ရိပ်သဘောမကျတာ။ တကယ်ဆို အသက်ချင်းက ဘာမှကွာတာမဟုတ်ပါဘဲ အစ်မကြီးစတိုင်နှင့် ရတီ စပ်စု တတ်တာ။

"ဘာလို့မေးတာလဲ ရတီ၊ အဲဒါ တို့လွတ်လပ်ခွင့်ပဲဥစ္စာ"

"ရိပ် လေသံ မာဆတ်ဆတ်ကြောင့် ရတီမျက်နှာတစ်ချက် ပျက် သွားပေမယ့် ချက်ချင်းပြန်ထိန်းရင်း

"ရတီက ချုပ်ချယ် ဝင်စွက်ဖက်နေတာ မဟုတ်ပါဘူး ရိပ်၊ ရိပ် အတွက် စိုးရိမ်လို့ပါ"

"တို့အတွက် စိုးရိမ်လို့၊ ဟုတ်လား ရတီ"

ပခုံးလေးတွန့်ကာ ပြောပုံလေးက မထီတရီနှင့် လှောင်သလိုအမူ အရာဖြစ်သည်။ ရတီ ငေးကြည့်နေရင်း ခေါင်းကိုခါရမ်းနေတာကို စူးစူးနစ်နစ် လေးပဲ ပြန်စိုက်ကြည့်မိရင်း

"ရတီ မင်းနဲ့တို့က ဘာမှအသက်ကွာတာ မဟုတ်ဘူးနော်၊ နေရာ တကာ ဆရာကြီး မလုပ်စမ်းပါနဲ့"

"အဲဒီသဘော မဟုတ်ပါဘူး ရိပ်ရယ်၊ တို့နဲ့ရိပ်က ညီအစ်မတွေပဲ လေ၊ ရိပ် တစ်ခုခုဖြစ်မှာ တို့ စိုးရိမ်လို့ပါ"

လာပြန်ပြီ ဒီစကား။ ကိုယ့်ကို အရိပ်လိုကြည့်ပြီး ပြောနေတာကိုပဲ ဒေါသဖြစ်နေမိတာ။ ရတီက ဆရာကြီးလုပ်ပြီးပြောတော့ အန်တီမေကပါ ရတီ့ဘက်က ဝင်ပြောတတ်သည်။

အားလုံးအမြင်မှာ ရိပ်ကပဲ ဆိုးသွမ်းမိုက်မဲနေတဲ့လူကြီးကို ဖြစ် လို့။ ရိပ်မှာလည်း အသိတရားတော့ ရှိပါသည်။ မျက်စိဒေါက်ထောက်ပြီး ကြည့်နေရင်တော့ အပြစ်ချည်းပဲ မြင်နေမှာပေါ့။

"အခု ရိပ်တွဲနေတဲ့ ဆက်နိုင်ရန်ဆိုတဲ့ ကောင်လေးက တကယ့် အရှုပ်လေးနော်၊ ဟိုတစ်ရက်ကပဲ ကောင်မလေးနှစ်ယောက်နဲ့ အအေးဆိုင်





ထိုင်နေတာ ရတီ တွေ့ခဲ့တယ်"

ရိပ် ကျွတ်ခနဲ စုတ်တစ်ချက်သပ်ရင်း ရတီကို ပြန်စိုက်ကြည့်ပစ် လိုက်မိသည်။

"နေပါဦး ရတီက ဘာလို့ အဲဒါတွေ လာပြောနေတာလဲ၊ ရိပ်တို့ ကတော့ လုံးဝကို စိတ်မဝင်စားတာ၊ သူနဲ့လည်း ဘာမှမပတ်သက်ဘူး။ ခင်မင်ရင်းနှီးတဲ့မိတ်ဆွေသဘောမျိုးပဲ ရှိတာ"

"ရိပ်နဲ့ ဘာမှမပတ်သက်ဘူးဆိုရင် မတွဲတာ အကောင်းဆုံးပေါ့ ရိပ်ရယ်၊ အားလုံးက ရိပ်နဲ့ကြိုက်နေတယ်ထင်တော့ ရိပ် သိက္ခာကို ထိခိုက် မှာပေါ့"

"ဘာမှမဆိုင်ဘူး၊ ထင်ချင်တဲ့သူထင် ရိပ်တို့က ဂရုမစိုက်ပါဘူး"

ယတိပြတ်ပြောပြီး ရိပ် လှည့်ထွက်ခဲ့သည်။ ဒေါသနှင့်ပေါင်းစပ် သော အလိုမကျမှုတွေ ရင်ထဲမှာ ပြည့်ကျပ်နေတာတော့ အမှန်ပဲဖြစ်သည်။

ဒါတွေအားလုံးရဲ့အဓိကတရားခံသည် နှင်းရတီကြောင့်ပါပဲ။ အမြဲ တမ်း ရင်ထဲမှာ နှင်းရတီနဲ့ပတ်သက်ပြီး အလိုမကျစိတ်တွေ ဝင်နေတာကပဲ ရိပ်ရဲ့အမှားဖြစ်နေပြီလားမသိ။

အန်တီမေက နှင်းရတီကို ရိပ်ထက် အထင်ကြီးနေတာကို ရိပ် မကျေနပ်ပါ။ ဘာပဲပြောပြော ဘာပဲလုပ်လုပ် နှင်းရတီနဲ့ပဲ နှိုင်းယှဉ်နေတာက ခံရခက်စရာကြီး ဖြစ်နေသည်။

ဒါကြောင့်လည်း ရိပ်က အန်တီမေနှင့် နှင်းရတီတို့ မကြိုက်တာတွေ ကို တမင်လုပ်ပြနေမိတာပဲ ဖြစ်သည်။

တခြားယောကျ်ားလေးတွေနှင့် တွဲတာကို အန်တီမေ မကြိုက်မှန်း သိတာကြောင့် တမင်တွဲပြမိသည်။ နှင်းရတီက တားမြစ်ဆုံးမတော့ ပိုအရွဲ့ တိုက်မိ၏။

အခုလည်း ဆက်နိုင်ရန်ကိစ္စမှာ စိုးရိမ်စွာတားနေတော့ ရိပ်ဘက်က



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်သလို ဆက်ပြီးတွဲပြဖို့ပဲ ရှိတော့သည်။

ဆက်နိုင်ရန်ဆိုတာ ဘယ်လိုယောကျ်ားလဲ ရိပ်သိပါသည်။

ရုပ်ချည်လေး ချောမောတာကလွဲလို့ ဘာအရည်အချင်းမှ မရှိသော ယောကျ်ားတစ်ယောက်။ မိဘတွေရဲ့ချမ်းသာကြွယ်ဝမှုအရှိန်အဝါနှင့် ဘာအလုပ်မှမလုပ်သော ယောကျ်ားတစ်ယောက်ကို ရိပ်က အထင်ကြီး ကိုးစားမည်တဲ့လား။

အန်တီမေနှင့်ရတီတို့ မကြိုက်မှန်းသိလို့ တမင် ပတ်သက်ပြနေတာပဲဖြစ်သည်။ ထိုထက်ပိုမိုသော ရည်ရွယ်ချက် ဘာတစ်ခုမှ မရှိတာ ကိုယ်တိုင်ပဲသိသည်။

ရိပ်အချစ်ကို ပိုင်ဆိုင်ဖို့ အရိပ်လိုတကောက်ကောက်လိုက်နေသော ဆက်နိုင်ရန်သည် ရိပ်အတွက်တော့ အနားကိုလွင့်ကျလာသော သစ်ရွက်ခြောက်လေးတစ်ရွက်လိုပါပဲ။ အလိုမရှိတဲ့အခါ ခါထုတ်ပစ်လိုက်ရုံပဲလေ။

အခုချိန်မှာတော့ ဒီအမှိုက်စလေးတစ်စက ရတီတို့၊ အန်တီမေတို့အမြင်အာရုံထဲမှာ ရှိနေဖို့ လိုသေးသည်။

■ ■ ■



## အခန်း (၃)

"ဟဲ့ ဒါက ဘယ်လဲ"

တိုက်ထဲက လစ်ထွက်ခဲ့ပြီးမှ အန်တီမေနှင့် ခြံထဲမှာ သွားတိုးသည်။ ဘုရားတင်ဖို့ ပန်းတွေ တစ်ပွေ့တစ်ပိုက်နှင့် အန်တီမေက ရိပ်ကို ခြေဆုံးခေါင်းဆုံး မျက်မှောင်ကြီးကုတ်ကြည့်နေ၏။

"လမ်းထိပ်မှာ အခွေသွားငှားမလို့ အန်တီမေ"

"မနေ့ကပဲ ရတီငှားထားတဲ့ အခွေတွေ အများကြီးရှိနေသေးတယ် မဟုတ်လား"

"အာ အန်တီမေကလည်း ရတီ့အခွေတွေကို ရိပ်မှမကြိုက်တာ၊ ရိပ်ကြည့်ချင်တဲ့အခွေပဲ ငှားချင်လို့ပါ"

"မကြာစေနဲ့နော် ငှားပြီးတာနဲ့ ပြန်ခဲ့"

"ဟုတ် အန်တီမေ"

ခေါင်းကလေးညိတ် ပြုံးပြပြီး ရိပ်ထွက်ခဲ့သည်အထိ အန်တီမေ ငေးကြည့်နေမည်ဆိုတာ သိသည်။

လမ်းထိပ်က အအေးဆိုင်လေးကိုရောက်တော့ စားပွဲဝိုင်းလေးမှာ



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တည်းထိုင်နေသော ဆက်နိုင်ရန်ကို တွေ့သည်။ သောက်လက်စ အအေးပုလင်းမှာ သီးနေသော ရေစက်လေးတွေက စားပွဲပေါ် စီးကျ၍စိုနေသည်။

စားပွဲပေါ်က စီးကရက်ခွက်လေးထဲမှာ စီးကရက်တွေ စုပုံနေသည်။ နာရီဝက်ကျော်လောက် ဒုက္ခပေးထားတာမို့ ဆက်နိုင်ရန် မျက်နှာကြီးက သုန်မှုန်နေသည်။

"ကိုယ်က ရိပ်မလာတော့ဘူး ထင်နေတာ"

"ဆောရီး နိုင်နိုင်၊ အန်တီမေ မလစ်သေးလို့ အရိပ်ကြည့်နေရတယ်လေ၊ ကြာပြီလား စောင့်နေရတာ"

"နာရီဝက်ကျော်နေပြီ ထိုင် ရိပ်၊ ဘာသောက်မှာလဲ"

အလိုမကျမျက်နှာက ချက်ချင်းပြေလျော့ကျကာ ရိပ်ကို ငေးငေးလေး စိုက်ကြည့်မေးသည်။ ရိပ် စားပွဲဝိုင်းလေးရှေ့ ထိုင်ခုံမှာ ဝင်ထိုင်လိုက်ရင်း

"ဘာမှမသောက်တော့ဘူး နိုင်နိုင်၊ အချိန်လည်း အကြာကြီး မရဘူး"

"ဟာကွာ ကိုယ်က အကြာကြီးစောင့်နေရပြီးမှ ရိပ် ရက်စက်တယ်"

"ရက်စက်တယ် မလုပ်နဲ့လေ၊ အခုတောင် အခွေငှားမယ်ဆိုပြီး ထွက်ခဲ့ရတာ၊ နိုင်နိုင် ဘာပြောမလို့လဲ ပြော"

"ဆန်းဒေးတုန်းကကိစ္စကို မကျေနပ်တာ၊ ကိုယ့်မှာတော့ စောင့်လိုက်ရတာ အရူးကြီးကိုဖြစ်လို့၊ ဖုန်းဆက်တော့လည်း ပိတ်ထားတယ်၊ အိမ်ကိုလှမ်းဆက်တော့ ရိပ်အစ်မနဲ့တိုးတယ်"

"နှင်းရတီကိုပြောတာ မဟုတ်လား၊ တို့အစ်မ မဟုတ်ပါဘူး၊ အန်တီမေရဲ့ မွေးစားတူမတစ်ယောက်ပါ"





"ဟုတ်လား လေသံက မာထန်နေတာပဲ၊ ကိုယ့်ကို မကြည်ဖြူတဲ့ပုံနဲ့၊ ရိပ် ထွက်သွားပြီတဲ့"

"ဟုတ်တယ် အဲဒီနေ့က အစီအစဉ်တွေ အကုန်တလွဲတွေဖြစ်ကုန်တာ၊ ရှော့ပင်နဲ့သွားမယ်ဆိုပြီး မသွားဖြစ်တော့ဘူး၊ သီတာ့အစ်မ ဆေးရုံတင်လိုက်ရလို့ ဆေးရုံပါသွားတာ"

"ဘာပဲဖြစ်ဖြစ် ကိုယ့်ဆီတော့ ဖုန်းဆက်သင့်တာပေါ့၊ ကိုယ်က ဂျေဒိုးနပ်မှာ တမျှော်မျှော်နဲ့"

ဆက်နိုင်ရန် မကျေမနပ် ပြောနေသည်။ တကယ်ဆို ထိုနေ့က ဘမင် သူ့ကိုခေါက်ထားခဲ့ကာ သူငယ်ချင်းတွေနဲ့ ရုပ်ရှင်သွားကြည့်ခဲ့တာသိလျှင် ဘယ်လိုနေမည်မသိပါ။

"ရိပ်"

"ဟင် ဘာလဲ နိုင်နိုင်"

"ကိုယ့်အတွက် ရိပ် တစ်ခုခုတော့ ပြန်လျော်ကြေးပေးရမယ်နော်"

ရိပ်မျက်နှာကို စူးစူးနစ်နစ်လေးစိုက်ကြည့်ကာ ဆက်နိုင်ရန်ဆိုတော့ ရိပ် ပခုံးလေး တွန့်ပြုံးလိုက်ရင်း

"ဒုက္ခပဲ၊ ရိပ်ကလည်း လျော်ကြေးပေးရမတဲ့လား"

"အင်းလေ ပြီးခဲ့တဲ့ ဆန်းဒေးက ကိုယ် လုံးဝဟက်ကော့ကြီးဖြစ်သွားတယ်၊ ရိပ်နဲ့နှစ်ယောက်တည်း ဆုံချင်သေးတယ်ကွာ"

ဒီလို အပျော့ဆွဲလေးတွေနှင့် ဆွဲဆောင်တတ်တာ ဆက်နိုင်ရန်ရဲ့ အကျင့်ပဲဖြစ်သည်။ မျက်နှာနုဖပ်ဖပ်လေးမှာ မျက်ခုံးမျက်ဝန်းတွေရဲ့ဆွဲဆောင်မှုက တော်ရုံမိန်းကလေးတွေကို ဖမ်းစားနိုင်မှာ သေချာသည်။

အရောင်ဆိုးထားသော ရွှေရောင်ဆံပင်ဂုတ်ထောက်နှင့် ဆက်နိုင်ရန် မျက်နှာ နုနုလေးက လိုက်ဖက်ပါသည်။ ပြီးတော့ လူငယ်တစ်ယောက်ရဲ့ ဝတ်စားဆင်ယင်မှုတွေက စမတ်ကျလွန်းသော ဆက်နိုင်ရန်။



www.burmeseclassic.com

www.burmeseclassic.com



''ရိပ်''

''ဟင်''

ခေါ်သံနှင့်အတူ ရိပ်တို့စားပွဲမှာ လာရပ်သော ရတီကို ရိပ် မော့ကြည့်မိသလို ဆက်ရန်နိုင်လည်း စူးစိုက်ကြည့်နေ၏။

''အန်တီမေက ရိပ်ကို မြန်မြန်ပြန်ခဲ့ဖို့ ခေါ်ခိုင်းလိုက်လို့''

''ဟုတ်လား ခဏနေရင် လာခဲ့မယ်လေ၊ ဒီမှာ စကားမပြတ်သေးလို့''

''ရိပ် အခွေသွားငှားတာဆို''

နှင်းရတီ မျက်ဝန်းတွေက ဆက်နိုင်ရန်ကို ဝေ့ဝဲအကဲခတ်ကြည့်နေရင်း မေးတာကို ရိပ် မြင်သည်။ ဆက်နိုင်ရန် ရှေ့မှာလာပြီး ဆရာကြီးလုပ်နေတာမျိုးတော့ ရိပ် လက်မခံနိုင်တာအမှန်။

''ဟုတ်တယ် မငှားရသေးဘူး၊ ဒီမှာ နိုင်နိုင်နဲ့ဆုံနေလို့ အအေးဆိုင်ထိုင်နေတာလေ''

ရတီ ဘာမှမပြောဘဲ ရပ်နေတုန်းဖြစ်သည်။ ရိပ်ကလည်း တမင်ထိုင်ဖို့တောင် မခေါ်ဘဲနေသည်။ ဆက်နိုင်ရန်ကလည်း တိတ်ဆိတ်စွာပဲ ဟိုကြည့်ဒီကြည့် အကဲခတ်လို့နေ၏။

''ဩော် နိုင်နိုင် မနက်ဖြန် အားလားဟင်''

''အားပါတယ် ဘာလုပ်မလို့လဲဟင်''

''ရိပ် မြို့ထဲသွားစရာရှိလို့၊ နိုင်နိုင် လိုက်ပို့ပေးလေ''

ရတီ့ရှေ့မှောက်မှာမို့ ရိပ် စိတ်ထဲရောက်လာသည့် အစီအစဉ်ကို တမင်ပြောလိုက်တာဖြစ်သည်။ ဆက်နိုင်ရန် မျက်နှာက ချက်ချင်းဝင်းပကြည်လင်သွားခဲ့ရင်း

''ဟာ လိုက်ပို့မှာပေါ့ ရိပ် တကယ်ပြောတာနော်၊ ဘယ်အချိန်လဲ ကိုယ် ဘယ်ကစောင့်ရမှာလဲ''





''မနက်ဆယ်နာရီလောက်ပေါ့၊ ဂျေဒိုးနပ်ကပဲ စောင့်လေ''

ရိပ်တို့ ပြောဆိုနေတာကိုကြည့်ရင်း မတ်တပ်ရပ်နေသည့် ရတီကိုတော့ ရိပ်ရော ဆက်နိုင်ရန်ပါ ဥပေက္ခာပြုထားကြ၏။

''ရိပ် ရတီ ပြန်နှင့်မယ်''

''ဩော် အင်း ပြန်နှင့်လေ၊ ဒီမှာ ရိပ်တို့ စကားပြောလို့မဝသေးလို့''

ရိပ် အရွဲ့တိုက်ပြောလိုက်မှန်း ရတီကတော့ သိနိုင်လိမ့်မည်။ ဆက်နိုင်ရန်ကတော့ ကျေနပ်ပီတိအပြုံးတွေဝေလျက် ရိပ်ကို ငေးမောကြည့်နေသည်။ ရတီ ကျောခိုင်းလှည့်ထွက်သွားတာကို ရိပ် မဲ့မဲ့လေး ပြုံးငေးကြည့်နေတုန်း

''ရိပ် မနက်ဖြန် အသေအချာနော်၊ ကိုယ် တကယ်စောင့်နေမှာ''

အရေးထဲ ဆက်နိုင်ရန်က တစ်မော့်၊ ရိပ် ပြီးပြီးရော ခေါင်းညိတ်ပြရင်း ထိုင်ခုံက ထရပ်လိုက်သည်။

''ဟင် ပြန်တော့မှာလား ရိပ်၊ စကားပြောလို့ မဝသေးဘူးဆို''

ဆက်နိုင်ရန်နဲ့တော့ ခက်နေပြီ၊ အထူအပါး အရိပ်အကဲကိုလည်း နားမလည်ပါလား။

''ဘာမှပြောစရာမရှိတော့ဘူးလေ နိုင်နိုင်ရဲ့၊ ပြန်မှဖြစ်မယ်၊ အခုပဲကြည့် ရတီက အိမ်ရောက်ရင် အန်တီမေကို ဖွတော့မှာ သေချာတယ်၊ ပြန်မှကို ဖြစ်တော့မှာ''

''အင်း ဒါဆိုရင် မနက်ဖြန်တော့ ကိုယ်စောင့်မယ်နော်''

ခေါင်းတစ်ချက်ညိတ်ပြပြီး ရိပ် ထွက်ခဲ့သည်။ အိမ်မှာ ရတီ အန်တီမေကို ဘာတွေပြန်ပြီး တိုင်ကြားနေသည် မသိပါ။ ရိပ်ကတော့ အခွေငှားဆိုင်ထဲဝင်ကာ ငှားချင်သည့်အခွေငှားပြီး ပြန်ခဲ့သည်။

ကံကောင်းချင်တော့ အိမ်ရောက်တော့ အန်တီမေ ရှိမနေပါ။



www.burmeseclassic.com

www.burmeseclassic.com



အိမ်ဖော်မလေး မိငြိမ်းကိုမေးကြည့်တော့ ဘဏ်ကိုသွားသည်တဲ့။

ရတီကတော့ ညှေ့ခန်းထဲမှာ သင်တန်းစာတွေ ဖတ်ရှုနေ၏။ ရိပ်ငှားလာသောအခွေတွေ ဖွင့်ကြည့်နေတော့ ရတီ စာအုပ်တွေယူကာ ခြံထဲဆင်းသွားသည်။

သွားပေါ့။ ဘယ်အချိန်ကြည့်ကြည့် စကားပြောသင်တန်းစာအုပ်တွေနှင့် ရှိနေတတ်သော ရတီ့ကို အန်တီမေကတော့ သဘောကျအထင်ကြီးမှာ သေချာသည်။

ရိပ်တို့ကတော့ ဘယ်တော့မှ အထင်မကြီးတာ အမှန်။

■ ■ ■



အခန်း (၄)

"တံတိုင်း"

"ဟင်"

"ဘယ်လိုသဘောရလဲ"

ဝေယံ မေးလာတော့ တံတိုင်း မျက်နှာရှုံ့ကာ ခေါင်းခါသည်။ မျက်နှာချင်းဆိုင်ထိုင်ခုံမှာ ထိုင်နေသောချာတိတ်က သူနှင့်အသက်အရွယ်ကဘာမှကွာတာမဟုတ်။

ဝေယံကို သူရှာခိုင်းတာက ဆယ်ကျော်သက်အရွယ် ချာတိတ်တစ်ယောက်ကိုဖြစ်သည်။ ဒါမှလည်း သူ စေခိုင်းရမှာ အားနာစရာမလိုဘဲ အဆင်ပြေနိုင်မည်။

သေသေချာချာ အကဲခတ်ကြည့်တော့ ချာတိတ်ရဲ့ရုပ်သွင်နှင့် အမူအရာက ပိုလို့လက်ခံဖို့ ခက်ခဲစေသည်။ သူ့ဆီမှာ အိမ်မှုကိစ္စနှင့်လိုအပ်တာလုပ်ကိုင်ပေးမည့်သူကို ကြည့်ဦး။

အသားအရေက ဝင်းမွတ်ဖြူစင်လျက် မျက်ခုံးမျက်လုံး၊ နှာတံတွေကအစ ယောကျ်ားပီသ ချောမောသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာက ချောမောပြီး စိမ်းဖန့်ဖန့် မုတ်ဆိတ်ပါးမြိုင်းရာတွေက စိမ်းမြနေ၏။ ဝတ်ထားသောအဝတ်အစားကလည်း နွမ်းဖတ်နေတာမဟုတ်ဘဲ သစ်လွင်တောက်ပပြီး စမတ်ကျသည်။

ဒီလို လူငယ်တစ်ယောက်က သူ့အိမ်မှာ လာအလုပ်လုပ်မည်ဆိုတာ ယုံရခက်ခက်တောင် ဖြစ်မိသည်။ အိမ်ကပြေးလာတဲ့ အိမ်ပြေးတစ်ယောက်များလား။

"တံတိုင်း ဘာတွေတွေးနေတာလဲ"

ဝေယံက သူ့ပခုံးကိုပုတ်ကာ ထပ်မေးသည်။ ဒီတော့ သူ့စိတ်ထဲမှာ ဘဝင်မကျနိုင်သော အချက်ကိုပဲ ပြောမိ၏။

"ငါက အသက်ငယ်ငယ် ချာတိတ်တစ်ယောက်ကိုပဲ လိုချင်တာဝေယံ"

"ဟ သိပ်ငယ်လွန်းတော့လည်း မင်းအတွက် အဖော်ရမှာမှမဟုတ်တာ"

ဝေယံကတော့ သူခေါ်လာသောသူကို သူ့အတွက် အဆင်ပြေမည်ဟုပဲ ယုံကြည်ထားပုံနှင့် တိုက်တွန်းစကားတွေဆိုနေတာမို့

"သူက ဘာတွေ လုပ်တတ်လို့လဲ"

"လုပ်တတ်တယ်၊ ထမင်းဟင်းလည်း ချက်တတ်တယ်၊ အိမ်မှုကိစ္စတွေလည်း ကျွမ်းကျင်တယ်ကွာ၊ မင်းအတွက် လိုအပ်တာ ဒါပဲမဟုတ်လား"

"တယ် ဟုတ်ပါလား မထင်ရဘူးကွာ"

မလိုလားမှုတွေ ပြေလျော့သွားခဲ့ကာ သူ ချာတိတ်ကို ပြုံးကြည့်မိသည်။ သူ့အပြုံးနှင့်အကြည့်ကြောင့် ချာတိတ်မျက်မှောင်ကြီး ကုတ်သွားရင်း

"အချက်အပြုတ်တွေတတ်တယ်ဆိုလို့ ကိုတံတိုင်းက ကျွန်တော့်





ကို ယောကျ်ားမပီသတဲ့ကောင် ဂန်ဒူးလို့ ထင်နေတာလား"

ချာတိတ် စကားကြောင့် သူ အပြုံးတွေကို ချက်ချင်း ရုပ်သိမ်းပြီး လက်ကာပြမိ၏။

"နိုး မဟုတ်ပါဘူးကွာ၊ ငါက မင်းချက်တတ်ပြုတ်တတ်တာကို အံ့သြမိလို့ပါ၊ ဘယ်ယောကျ်ားလေးက အိမ်မှုကိစ္စ နိုင်နင်းမှာလဲ"

"ကိုယ်တိုင်တတ်ထားတော့ မကောင်းဘူးလားဗျာ၊ စိတ်တိုင်းကျ စားသောက်ရတယ်၊ ငွေကုန်ကြေးကျလည်း သက်သာတယ်၊ ပြောရမယ်ဆိုရင် ကမ္ဘာကျော်ဟိုတယ်ကြီးတွေမှာ နာမည်ကျော် စားဖိုမှူးကြီးတွေဆိုတာ ကျားကျားယားယား ယောကျ်ားကြီးတွေပါဗျာ"

ချာတိတ်စကားကြောင့် သူ အောင့်သက်သက်နဲ့ပဲ လက်ခံလိုက်သည်။ ဒီချာတိတ် စကားပြောလည်း ကြွယ်သည်။ ဒါပေမဲ့ နည်းနည်းတော့ ဂျစ်ကန်ကန်နိုင်သည်ဟု သူထင်မိ၏။

"ဒါနဲ့ မင်းနာမည်က ဘယ်သူလဲ"

"ဘုန်းစကြာ"

ဝေယံ ကြားက ဝင်ပြီးဖြေတော့ သူ မျက်ခုံးတွေတွန့်သွား၏။ နာမည်ကလည်း တကယ့်ကို စားပါလား။

"ကဲ ဘယ်လိုလဲ တံတိုင်း၊ မင်းရဲ့အင်တာဗျူးပြီးရင် ဘုန်းစကြာကို လက်ခံ,မခံ ငါသိချင်တယ်"

ဝေယံကတော့ စိတ်မရှည်စွာ ပြောနေသည်။ သူ့ရှေ့က ဘုန်းစကြာဆိုသော ချာတိတ်ကလည်း သူ့မျက်ဝန်းတွေထဲ စိုက်ကြည့်ကာ အဖြေကို ငံ့လင့်နေသလို ရှိသည်။

လူပုံကတော့ တကယ့်ကို မာကျောကျော ဂျစ်ပေပေပုံပါပဲ၊ ဒါပေမဲ့ သူ့အတွက် စားသောက်မှုကအစ ကူညီပေးနိုင်မည့်သူ ဖြစ်နေတော့လည်း ငြင်းစရာမရှိတာ အမှန်။



www.burmeseclassic.com

www.burmeseclassic.com



''အင်း စိတ်တော့မရှိနဲ့ကွာ၊ ငါ တစ်လလောက် အစမ်းခန့်ကြည့်မယ်၊ အဆင်ပြေတယ်ဆိုရင် ပြီးပြီပေါ့''

သူ ပြောတော့ ဝေယံက ဘုန်းစကြာကို လှည့်ကြည့်သည်။ ဘုန်းစကြာကလည်း ချက်ချင်း ခေါင်းညိတ်ပြသည်။

''ဖြစ်ပါတယ် ကိုတံတိုင်း မကြိုက်ရင် ဖြုတ်နိုင်ပါတယ်၊ ကျွန်တော့်ဘက်က လိုအပ်တာ တာဝန်ကြေစေရမယ်''

ရဲရဲဝံ့ဝံ့ ကတိပေးတော့ သူ ကျေနပ်သွားသည်။ ဝေယံကလည်း ခေါင်းညိတ်ထောက်ခံရင်း

''ဒါဆို ပြီးပြီပေါ့၊ ညီဘုန်း ဘယ်တော့ တံတိုင်းဆီ စလာမှာလဲ''

''ကျွန်တော့်ဘက်က အသင့်ပဲ ကိုဝေယံ၊ ဒီနေ့ဆိုလည်း ဒီနေ့ဖြစ်တယ်''

''ဟုတ်ပြီ တံတိုင်းဘက်က ဖြစ်ချင်တာပြော''

ဝေယံက သူ့ဘက်လှည့်ပြီးမေးတော့ သူ ခေါင်းညိတ်ပြရင်း

''ရတယ်လေ အဆင်ပြေမယ်ဆို ဒီနေ့ပဲ လာခဲ့ပေါ့၊ ဒီအိမ်မှာနေတာ ကိုယ်တစ်ယောက်တည်းပါ၊ မင်းအတွက် နေဖို့ထိုင်ဖို့ ပြဿနာမရှိဘူး။ ကြိုက်တဲ့အခန်းမှာ နေနိုင်တယ်''

''ကျေးဇူးတင်ပါတယ် ကိုတံတိုင်းကျော်''

သူ့နာမည်ကို အပြည့်အစုံကြီး ခေါ်လိုက်တာမို့ ပခုံးတွန့် မျက်နှာရှုံ့သွားမိသည်။

''ညီဘုန်း မင်းကိုလည်း ကိုယ် ညီဘုန်းလို့ခေါ်မယ်၊ မင်းကလည်း ကိုယ့်ကို ကိုတိုင်းလို့ပဲခေါ်ကွာ ဟုတ်လား''

''ဟုတ်ကဲ့ ကိုတိုင်း၊ ဒါဆို ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး၊ တည်းခိုခန်းက ကျွန်တော့်ပစ္စည်းတွေသိမ်းပြီး နှစ်နာရီအတွင်း ပြန်ခဲ့ပါ့မယ်''

ဘုန်းစကြာ သူ့ကိုနှုတ်ဆက်သလို ဝေယံကိုလည်း နှုတ်ဆက်





ကာ ဧည့်ခန်းထဲက ထွက်သွားသည်။ သည်တော့မှပဲ သူ ဝေယံကို ပွင့်ပွင့်လင်းလင်း မေးရတော့သည်။

''ဟော့ကောင် မင်းချာတိတ်က ဘယ်ကလဲ၊ အိမ်ကဆင်းလာတဲ့ အိမ်ပြေးလေးလား''

''အေး ဆိုပါတော့ကွာ၊ သူ့အမေနဲ့ ကတောက်ကဆ ဖြစ်ပြီး အိမ်က ဆင်းလာတာ၊ အခု တည်းခိုခန်းမှာပဲ နေနေတာတဲ့၊ မမျှော်လင့်ဘဲ ငါနဲ့ဆုံပြီး မင်းကလည်း မင်းအိမ်အတွက် ချာတိတ်တစ်ယောက် ရှာခိုင်းနေတော့ စကားစပ်မိပြီး အဆင်ပြေသွားတာ''

''ကြည့်လည်းလုပ်ဦးနော်၊ ပြဿနာတွေ ပါလာရင် ခက်မယ်''

''ဟာ ဒီအတွက် စိတ်ချပါ၊ ညီဘုန်းနဲ့ငါသိတာ ကြာပြီ၊ ငါသင်တဲ့ ကွန်ပျူတာသင်တန်းကို ညီဘုန်း လာတက်ကတည်းက ခင်မင်တာ၊ တကယ် ဖြူစင်ပြီး အရိုးသားတတ်တဲ့ ချာတိတ်ပါ''

''ပုံစံကတော့ ဂျစ်ပေပေပုံပဲ၊ ဒါနဲ့ အိမ်နဲ့ဒီချာတိတ် ဘာပြဿနာဖြစ်ကြလို့လဲ''

''ဒါတော့ ငါလည်း မမေးလိုက်ဘူး၊ မမေးသင့်ဘူးထင်လို့လေ၊ သေချာတာက ညီဘုန်းရဲ့ရိုးသားမှုနဲ့စိတ်ဓာတ်ကို ငါ အာမခံတယ်၊ မင်းအနေနဲ့ ကူညီပေးလိုက်ပါ၊ ညီဘုန်းအတွက် နေထိုင်နေရေးရော ဝင်ငွေလေးပါရတော့ အဆင်ပြေတာပေါ့ကွာ''

''ကောင်းပြီလေ၊ ငါကလည်း ငါအိမ်မှာမရှိတဲ့အချိန်မှာ အိမ်ကို စောင့်ရှောက်ဖို့နဲ့ လက်တိုလက်တောင်းခိုင်းဖို့ပဲ လိုတာပါ၊ မင်းချာတိတ်က ချက်ပြုတ်တတ်တယ်ဆိုတော့ ပိုအဆင်ပြေတာပေါ့''

''အေး မင်းတို့ချင်း အဆင်ပြေမှာပါ၊ ကဲ ငါပြန်မယ် တံတိုင်း၊ ကိစ္စရှိရင် ဖုန်းဆက်ပေါ့''

''အိုကေ စိတ်ချ ဝေယံ''



www.burmeseclassic.com

www.burmeseclassic.com



ဝေယံ နှုတ်ဆက်ပြန်သွားတော့ သူ နှုတ်ဆိတ်စွာနှင့်ပဲ တစ်ယောက်တည်း ကျန်ရစ်ခဲ့သည်။

ညီဘုန်းကတော့ နှစ်နာရီအတွင်း ပြန်လာမည်တဲ့။ ဘာပဲဖြစ်ဖြစ် ညနေ ဟန်နီ့ဆီ သူ သွားရဦးမည်။ ထိုအချိန်မီ ပြန်ရောက်လာရင် ပြီးပြီ။

အတွေးတို့ မဆုံးခင်မှာပဲ စားပွဲပေါ်က ဟန်းဖုန်းလေးက မြည်လာတာမို့ သူ ကောက်ယူနားထောင်လိုက်မိ၏။

"တိုင်းလား တို့ပါ"

"ဩော် သဇ္ဇာ ပြောလေ"

"မနက်ဖြန် တိုင်း အားလား၊ သဇ္ဇာ ပလာဇာသွားမလို့"

သဇ္ဇာအမေးကို ချက်ချင်းအဖြေမပေးနိုင်ဘဲ မနက်ဖြန်အတွက် အချိန်ဇယားတွေကို ကသောကမျော ပြန်စဉ်းစားကြည့်ရသေး၏။

မနက်ပိုင်းမှာ သီတာဆီသွားစရာရှိသည်။ နေ့လယ်ပိုင်း အားပေမယ့် ညနေမှာ ချစ်စုကို သွားကြိုရဦးမည်။

"ကိုတိုင်း"

"ကိုယ် နားထောင်နေတယ် သဇ္ဇာ"

"နားထောင်နေတယ် မလုပ်နဲ့၊ သဇ္ဇာမေးတာ ဖြေလေ"

မကျေမနပ် အမေးသံလေးကို နွဲ့နွဲ့လေးကြားသည်။ ပလာဇာသွားမည်ဆိုတော့ သူ တစ်နေကုန်အချိန်ပေးရမည့်သဘော ရှိသည်။

"အဲဒါ စိတ်ရှုပ်သွားတာ သဇ္ဇာရဲ့၊ မနက်ဖြန် ကိုယ့်ဦးလေးတစ်ယောက် နေမကောင်းလို့ သွားရမှာ"

"ဟင် လုပ်ပြီ"

"တကယ်ပါကွာ ဦးလေးအရင်းအချာကြီးလေ၊ ပြီးတော့ ကိုယ့်လိုပဲ တစ်ကိုယ်တည်းသမား၊ စောင့်ရှောက်မယ့်သူရှိတာ မဟုတ်ဘူး၊ ကိုယ်ပဲ ဆေးခန်းပို့ပေးရဦးမှာ"





"တော်. တော်ပြီ၊ အကြောင်းပြချက်တွေ မကြားချင်တော့ဘူး"

"ဟာ သဇ္ဇာ သဇ္ဇာ"

သဇ္ဇာ ဖုန်းပိတ်သွားခဲ့သည်။ သူ ကျွတ်ခနဲ စုတ်သပ်ရင်း ဖုန်းကို ပိတ်လိုက်ရ၏။ မိန်းမတွေကို ချစ်စရာဟု သူ မြင်ထားပေမယ့် စိတ်ကောက်တတ်တာကိုတော့ စိတ်ညစ်မိသည်။

ပိုပြီး ခေါမောချစ်စရာကောင်းသူတွေက ပိုစိတ်ကောက်တတ်ကြသည်။ မနက်ဖြန် ချိန်းထားသူတွေထဲမှာ သီတာကတော့ သိပ် စိတ်မကောက်တတ်ပါ။ ဟန်နီကတော့ တကယ့်ပြဿနာအိုးဖြစ်သည်။

ချစ်သူသက်တမ်း တစ်လတောင်မပြည့်သေးဘဲ စိတ်ကောက်တာက လေးငါးကြိမ်မကတော့ပါ။ ပြီးတော့ ချော့ရမော့ရခက်သည်။ သူတွဲနေသော မိန်းကလေးတွေထဲမှာ စိတ်ညစ်စရာအကောင်းဆုံး မိန်းကလေးပါပဲ။

ဒါပေမဲ့ သိပ်ချစ်စရာကောင်းအောင် လှပချောမောတာလည်း အမှန်ပဲဖြစ်၏၊ ရည်းစားသက်တမ်းကလည်း မကြာသေးတာမို့ ဟန်နီနှင့်သူ လမ်းမခွဲချင်သေးပါ။

ဒီတော့ သဇ္ဇာကိုပဲ ဥပေက္ခာပြုလိုက်သည်။

တွေ့မှချော့တော့မည်။ ဒါကိုမှ လက်မခံချင်လည်း လမ်းခွဲပြတ်စဲရုံပေါ့။ လက်ရှိချစ်သူ သုံးယောက်တည်းက သဇ္ဇာထွက်သွားတော့လည်း နှစ်ယောက်ကျန်သေးသည်။ ဘာဖြစ်တာမှတ်လို့။

တစ်ခါတစ်ရံမှာတော့ ရည်းစားတွေအများကြီးထားရတာကို သူ စိတ်ကုန်ချင်ပေမယ့် ရင်ဘတ်ကြီးထဲက နှလုံးသားအချစ်မရှိဘဲ မနေတတ်တော့ အခက်သား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

*မာမီ*

*ကျွန်တော် တစ်ယောက်တည်း အေးအေးဆေးဆေးနေချင်လို့ အိမ်ကခဏထွက်သွားခဲ့တာပါ မာမီ၊ ကျွန်တော်မရှိဘဲ ဘာအစီအစဉ်မှ မာမီ မလုပ်ပါနဲ့လို့ တောင်းပန်ပါတယ်။*

သူမအတွက် ထားရစ်ခဲ့သော သားရဲ့စာလေးက တိုတိုလေးပဲ ဖြစ်သည်။ သား ထွက်သွားခဲ့တာ ငါးရက်ရှိပြီ၊ အခုထိလည်း ဖုန်းလေးတောင် မဆက်သွယ်ပါ။

သူ မရှိချိန်မှာ ဘာအစီအစဉ်မှ မလုပ်ဖို့ တောင်းပန်ထားပေမယ့် ဒါ စိန်ခေါ်စကားဆိုသွားခြင်းဆိုတာ ဒေါ်မိမိနိုင် သိပါသည်။

ကိုယ်မွေးထားတဲ့သားအကြောင်း ကိုယ်အသိဆုံးလေ။ လူက ငယ်သလောက် စိတ်ဓာတ်က မာကျောပြီး တစ်ဖွတ်ထိုးဆန်သည်။ ဒီလို မာထန်သည့်စိတ်ကြောင့်လည်း သား သူမကို ဆန့်ကျင်သွားခဲ့၏။

မိသားစုအရေးကိစ္စဟု သူမဘက်က ဘယ်လိုပဲ ဖြေရှင်းပြပြ သား က လက်မခံခဲ့ပါ။ သူမဘက်ကလည်း နောက်ဆုတ်ဖို့ ခက်နေသည့် အခြေ





အနေဆိုတာ သား သိသည်။

အခုတော့ သား ထွက်သွားသည်။ အိမ်က ခဏထွက်သွားသည် ဆိုတာ သားရည်ရွယ်ချက်က တစ်ဘဝဖြစ်သွားမှာတော့ သူမ ကြောက်ပါ သည်။

တွေးရင်း ရင်ထဲမှာ မောနှိုးလာကာ ဆိုဖာထိုင်ခုံမှာ သူမအရပ် ကြိုးပြတ် ထိုင်ချလိုက်မိသည်။

သားအသက်က နှစ်ဆယ်ကျော် သူမအသက်က လေးဆယ်ကျော် လေးပဲ ရှိသေးသည်။ သားတစ်ယောက်မိခင်ဆိုပေမယ့် အရွယ်တင်နုပျိုမှု နှင့်အလှတရားတွေက ယောကျ်ားတွေကို ဆွဲဆောင်နိုင်တုန်း ရှိသေးသည်။

"ကိုယ့်ကို လက်ထပ်ခွင့်ပေးပါတော့ ခိုင်ရယ်၊ ဒီအရွယ် အိမ်ထောင်ပြုမှ ကိုယ်တို့တာဝ ကောင်းမှာပေါ့၊ အခုပဲ နိုင့်အသက်လေးဆယ့်နှစ်၊ ကိုယ်က လေးဆယ့်ခြောက် ဖြစ်နေပြီလေ"

ကိုသက်နိုင်ဘက်က အချက်ကျကျ ပြောလာတော့လည်း မငြင်း နိုင်အောင် မှန်နေသည်။ တကယ်ဆို ဒီအရွယ်ရောက်မှ အချစ်ကို ရင်ခုန် ခံစားရမည့်အရွယ် မဟုတ်ဟု စိတ်က သိသည်။

ဒါပေမဲ့

ကိုယ့်ကိုစွန့်ပြေးကာ တစ်ပါးသော မိန်းမတစ်ယောက်ရင်ခွင်မှာ ပျော်နေသည့် သူ့ကိုလည်း စိတ်နာသည်။ ကိုသက်နိုင်ရဲ့သံယောဇဉ်နှင့် နှောင်တွယ်မှုတွေကိုလည်း သူမ ယုံကြည်ကိုးစားပါသည်။

ပြီးတော့ အခြေအနေတွေက သူမအတွက် အားကိုးရာဖြစ်နေခဲ့ ပြီဆိုတာလည်း မငြင်းနိုင်သောအခြေအနေ ရောက်နေတာ သူမသိ၏။

ပွဲရုံလုပ်ငန်းတွေက အရှုံးပေါ်သည်။ သစ်စက်ကလည်း မထင်မှတ် ဘဲ အနုတ်လက္ခဏာပြနေ၏။ အသုံးအဖြုန်းကြီးတာ မဟုတ်ပါဘဲ ကျဆင်း လာသော စီးပွားရေးအခြေအနေတွေက သူမစိတ်တွေကို တွန်းအားပေးနေ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာလည်း ပါသည်။

ဒီလိုအခြေအနေတွေမှာ ကိုသက်နိုင်သည် သူမအတွက် အားကိုးရာ ယောကျ်ားတစ်ယောက်ဆိုတာ မငြင်းပယ်နိုင်သည့် အနေအထားမို့ သားနှင့်တိုင်ပင်ကြည့်တော့

"ဟာ မာမီကလည်း ဒီအရွယ်ရောက်မှ ပထွေးကို ဖအေ မခေါ်ချင်ဘူး။ ဒယ်ဒီနေရာမှာ ဘယ်သူ့ကိုမှ သားမမြင်ချင်ဘူး။ မာမီတကယ်လို အပ်တယ်ဆိုရင် ဒယ်ဒီကိုပဲ ပြန်ခေါ်သင့်တယ်"

"အဓိပ္ပာယ်မရှိတာ မပြောနဲ့ သားရယ်၊ ဟိုက အသစ်တောင် တွေ့နေပြီလား မသိဘူး၊ သူ့ဘက်ကတောင် ကင်းကင်းရှင်းရှင်း နေတာ၊ မာမီ့ဘက်က ပြန်ဆက်စရာလား၊ မာမီ့ဒေါသကို လာမဆွနဲ့နော်"

"ဒါဆို ကျွန်တော်လည်း ဒီအကြောင်းတွေ မပြောဘူး။ မာမီလည်း မပြောနဲ့ဗျာ"

"မပြောလို့ ရမလား သားရယ်၊ မာမီတို့စီးပွားရေးအခြေအနေက ကျဆင်းနေတာ သားမသိဘူး၊ ဒီအတွက် ကိုသက်နိုင်က တကယ်အားကိုး ကူညီနိုင်တာ သေချာတယ်"

"သား လက်မခံဘူး မာမီ၊ ပွဲရုံလုပ်ငန်းတွေ အဆင်မပြေရင် တခြားစီးပွားရေး ပြောင်းလုပ်မှာပေါ့"

"အလွယ်မပြောနဲ့ သား၊ စီးပွားရေးလုပ်ငန်းတစ်ခုဆိုတာ သားထင်သလို အလွယ်တကူ ပြောင်းလို့ရတာ မဟုတ်ဘူး"

"မာမီ သားကို အကြောင်းပြချက်တွေ ပေးနေတာလား။ ကျွန်တော်လည်း ယောကျ်ားတစ်ယောက်ပါ၊ စိတ်ချ၊ ကျွန်တော် ဦးဆောင်နိုင်အောင် ကြိုးစားမယ် မာမီ"

သားက ကတိစကားတွေနှင့် အာမခံနေပေမယ့် သူမနားလည်နေခဲ့ပြီးသားပဲ ဖြစ်သည်။ အခုမှ သားအသက်က နှစ်ဆယ့်တစ်စွန်းရုံမျှပဲ ရှိ





သေးသည်။ စိတ်ကနုနု၊ ခံစားချက်လေးက ပျော့ပျော့နှင့် မြန်မာစာဘွဲ့လေး ယူထားသော ဒီကလေးက စီးပွားရေးကို ဦးဆောင်နိုင်မည်တဲ့လား။

မဖြစ်နိုင်သောအခြေအနေကို သူမ သိနေတာမို့လည်း ဖြစ်သင့်တာကိုပဲ ရွေးချယ်မိသည်။

တကယ်ဆို ကိုသက်နိုင်က သားကို သားအရင်းလို သံယောဇဉ်ရှိမှာ သူမ အကြွင်းမဲ့ယုံသည်။ ပြောရလျှင် ကိုသက်နိုင်ဘက်မှာ သံယောဇဉ်အဆွယ်အပွား ဘာမှမရှိတာကဘဲ ပြဿနာဖြစ်စရာအကြောင်းမရှိ။

သူမရဲ့ရွေးချယ်မှု မမှားနိုင်တာမို့ တိတ်တိတ်ကလေး ကျိတ်စီစဉ်နေတုန်းမှာ သားက ဘယ်လိုဘယ်ပုံ ရိပ်မိသိရှိသွားခဲ့သည်မသိပါ။

ခါးခါးသီးသီး ပေါက်ကွဲပြဿနာရှာတော့သည်။

"မာမီက ကျွန်တော့်ကို အားကိုးတာမှ မဟုတ်တာဘဲ၊ သားတစ်ယောက်လုံးရှိရဲ့နဲ့ တခြားသူကိုအားကိုးတာ ကျွန်တော် အသုံးမကျရာ ကျတာပေါ့၊ ကျွန်တော်က ဘာမှအသုံးမကျတဲ့ လူပိုကြီးဖြစ်သွားတာ အသိသာကြီး၊ အိမ်မှာဆက်နေလည်း ဘာတန်ဖိုးမှမရှိတဲ့ကောင်ပဲ"

လူပုံ ပျော့ပျော့၊ စိတ်က နုမည်ထင်ထားသော သားက ဒီကိစ္စမှာတော့ မာထန်လို့နေခဲ့သည်။ ပေါက်ကွဲပြီး ပြီးသွားမည်ထင်မိပေမယ့် သားက ဆုံးဖြတ်သည့်အတိုင်း ယတိပြတ် လုပ်ဆောင်သွားခဲ့သည်။

လွန်ခဲ့သော ငါးရက်ကပဲ သား အိမ်ကထွက်သွားခဲ့သည်။ သူမအတွက် ချန်ထားရစ်ခဲ့တာ စာတိုလေးတစ်စောင်ပဲ ဖြစ်သည်။

သားရဲ့သတင်းကို သူမ စုံစမ်းကြည့်ပေမယ့် ဘာမှမကြားမသိရပါ။ တကယ်ဆို သားမှာက အပေါင်းအသင်း သိပ်မရှိပါ။ သားရဲ့သူငယ်ချင်းမိတ်ဆွေတွေအိမ်မှာ စုံစမ်းကြည့်တော့လည်း ရောက်မလာဟု သိရသည်။

ခံစားချက်တွေ ပေါက်ကွဲပြီး သား ဘယ်ကိုထွက်သွားသည် မသိ တော့ ငါးရက်တောင်ကြာပြီဆိုတော့ မိခင်ဖြစ်သည့် သူမရင်မှာ သောကတွေ



www.burmeseclassic.com

www.burmeseclassic.com



ပိုလာရ၏။ ဒီကလေး စိတ်ထင်ရာ လုပ်သွားရင် အခက်။

တွေးရင်း ရင်ထဲမှာမောလာကာ ပင့်သက်ရှိုက်မိတုန်း ညှော်ခန်း စားပွဲပေါ်က ဖုန်းက မြည်လာသည်။

ညှော်ခန်းထဲမှာ ကြမ်းတိုက် သန့်ရှင်းရေးလုပ်နေသော မိညိုက ဖုန်းကိုကိုင်လိုက်တာ သူမ မြင်သည်။

"ဟယ်လို ရှင်၊ ဟုတ်ကဲ့ ရှိပါတယ် အစ်ကိုလေး"

မိညိုအသံကို ကြားလိုက်တော့ သူမ ဆတ်ခနဲ ထရပ်ပြီး ဖြစ်နေသည်။ မိညိုက သူမဘက်လှည့်ကြည့်ရင်း

"မမလေး အစ်ကိုလေးဆီက ဖုန်းရှင့်"

မိညိုအနားကို သူမ ရောက်နေပြီးဖြစ်ကာ လက်ထဲက ဖုန်းခွက်ကို ကသောကမျော လှမ်းယူလိုက်ပြီး ဖြစ်၏။

"သား ဘုန်း၊ သား ဘယ်ကဆက်နေတာလဲ"

သူမ ဝမ်းသာအားရနှင့် အလောတကြီး မေးလိုက်တာကို ပြန်ဖြေသောအသံကတော့ တည်ငြိမ်လွန်းနေ၏။

"နောက်တော့ သိရမှာပေ့ါ မာမီရာ၊ အခုတော့ မပြောချင်သေးဘူး မာမီ၊ ကျွန်တော် ထားခဲ့တဲ့စာကို တွေ့တယ်မဟုတ်လား"

"တွေ့တယ် သား၊ သားဒီလို ရှောင်ထွက်မသွားသင့်ဘူး၊ မာမီရဲ့ အစီအစဉ်တွေက သားနဲ့မာမီအတွက် အကောင်းဆုံးပါ၊ ဒါကို သားနားလည်စေချင်တယ်"

"ဆောရီးပဲ မာမီ၊ မာမီ့စကားက မာမီ့အစီအစဉ်ကို မပြောင်းလဲဘူးဆိုတဲ့ သဘောလား"

"သားရယ်"

"ရပြီ ကျွန်တော် နားလည်ပြီ မာမီ၊ ဒါဆိုလည်း မာမီနဲ့သား ကိုယ့်ခံယူချက်နဲ့ကိုယ် ဆက်လုပ်ကြတာပေ့ါ"





သားရဲ့စကားတွေက ယတိပြတ် စိန်ခေါ်နေခြင်းဟု သူမ နားလည်လိုက်သည်။ သားနားလည်နိုင်အောင် သူမ ဘယ်လိုပြောရမည်လဲ မသိတော့ပါ။

"သား မာမီ့ဆီပြန်လာခဲ့ပါ"

"ကျွန်တော် အိမ်ကထွက်ခဲ့တာ တစ်ပတ်တောင် မပြည့်သေးပါဘူး မာမီ"

သားလေသံတွေက မာဆတ်ဆတ်နိုင်လွန်းနေသည်။

ကလေးဆန်ပြီး မိခင်အပေါ် အနိုင်ယူတတ်သော ဉာဉ်က မပျောက်သေးပါလား။ တကယ်ဆို သားအပေါ်မှာ သူမဘက်က အမြဲတမ်း အလိုလိုက်ခဲ့မိတာကပဲ အမှားကြီးလား။

ချော့မော့ စည်းရုံးမရသောသားကို သူမ တိုက်ကွက်ပြောင်း စည်းရုံးဖို့ ကြိုးစားမိပြန်သည်။

"သား မင်းမာမီ့ဆီ ပြန်သင့်တယ်၊ သားကို ဘယ်သူက ရေရှည် အင်ကျေးထားနိုင်မှာလဲ၊ အခု ကြည်ဖြူတောင် နောက် ဘယ်လောက်ထိ တာဝန်ယူထားနိုင်မှာမို့လဲ"

"မာမီ ကျွန်တော့်ကို တော်တော့်အထင်သေးတာပဲ၊ ဘုန်းကြော်ဆိုတဲ့ယောကျ်ားတစ်ယောက်က ဘယ်သူ့ကိုမှ မှီခိုမရပ်တည်ပါဘူး၊ ကျွန်တော့်ဘဝအတွက် ရပ်တည်ပြီး အလုပ်လုပ်နိုင်ပါတယ်"

ကြည့်စမ်း။ ဒီကောင်လေး မာနတွေက သူမထင်ထားတာထက် ကြီးမားနိုင်ကျည်နေပါလား။

"နေပါဦး သား၊ သားက အလုပ်လုပ်မယ်ဆို ဘာလုပ်နိုင်မှာမို့လဲ"

နိမ်ချပြီးပြောတာမဟုတ်ပေမယ့် သားရဲ့ ပေ့ါပေ့ါပါးပါး စိတ်ကူးယဉ်တွေကိုတော့ မြင်လာအောင် သူမ မေးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မာမီထင်သလို ကျွန်တော့်ရဲ့အတတ်ပညာက ဘာမှ အသုံးမကျဘူးပဲ ထားပါ။ ကျွန်တော့်ရဲ့ခြေတွေလက်တွေကတော့ အသုံးကျ ပါသေးတယ် မာမီ၊ ပတ္တေးလောင်းရိပ်အောက်မှာ နိုစားနေရလောက်အောင် ဘုန်းစကြာ မညှိုးဖျင်းသေးပါဘူး မာမီ"

သားလေသံတွေက သူမအပေါ်မှာ မကျေမနပ်ဖြစ်နေတာ သိသာ လွန်းသည်။ ဒီအရွယ်ဒီအချိန်ထိ သားအပေါ်မှာ သူမဘက်က မေတ္တာတို့ ပုံအပ်ပြီး စောင့်ရှောက်ကျွေးမွေးခဲ့တာ သား မေ့ပစ်လိုက်ပြီလား မသိ။

ကိုယ်ကတော့ သားလေးနောင်ရေးအတွက် စဉ်းစားလိုက်ရတာ၊ စီစဉ်လိုက်ရတာ။ သင်းကတော့ မိခင်ဒုက္ခတွေကို တစ်ခုမှ မျှဝေခံစား နားလည်ပေးဖော်မရပါလား။

"မာမီ"

"မာမီ"

"ဘာလဲ သား"

"ကျွန်တော် ပြောနေတာတွေကို မာမီ ကြားရဲ့လား"

"ကြားတယ် မင်းက မာမီထင်တာထက် ဆိုးနေလို့ ဘာပြောရ မှန်းမသိ ဖြစ်နေတာ"

"မာမီက ကျွန်တော့်ကို ဆိုးတယ်လို့ ထင်နေလို့လား"

"ပြောစကား နားမထောင်ဘဲ အိမ်ကဆင်းသွားတာ ဆိုးတာပဲ သား၊ သားနဲ့မာမီ နှစ်ယောက်ပဲရှိတာ၊ မင်းက အိမ်ကဆင်းသွားတယ်၊ မာမီ့စကားကို နားမထောင်ဘူး"

"ကျွန်တော့်ကို မာမီ အနားမှာရှိစေချင်ရင် မာမီ့အစီအစဉ်တွေ အကုန်ဖျက်လိုက်ပါလား မာမီ၊ ဒါဆို သားအမိနှစ်ယောက်စလုံး အရင်အတိုင်း ပြန်နေလို့ရတယ်၊ စီးပွားရေးကျဆင်းနေတာတွေက ဘာမှပြဿနာမရှိပါဘူး ငွေကြေးချမ်းသာမှုထက် စိတ်ချမ်းသာမှုကိုပဲ သားလိုချင်တာ"





သူမ ပင့်သက်ရှိုက်မိသည်။ သားကတော့ ပြောချင်တာတွေကိုပဲ တ်ပြောလို့နေသည်။ စိတ်ချမ်းသာမှုဆိုတာ ငွေကြေးမရှိဘဲနဲ့တော့ ရနိုင်မှာ ဘဲလား။ ပြီးတော့ အခု သူမစီစဉ်နေတာတွေက သားရဲ့အနာဂတ်က ဆိကဖြစ်သည်။

ဒါကို ရှင်းပြနေလျှင်လည်း ဒီကောင်လေး လက်ခံမှာမဟုတ်။ ဖြစ်ချင်တာပဲသိပြီး ဖြစ်သင့်တာကို မတွေးတတ်သော သားကို သူမ ဘယ်လို ချောင်းဖျရမည်မသိတော့ပါ။

"မာမီ"

"မာမီ နားထောင်နေတယ် သား"

"ကျွန်တော်ပြောတာကို မာမီ ဘယ်လိုသဘောရလဲ"

"မဟုတ်သေးဘူး သားရယ်၊ ဒီမှာ မာမီက အားလုံးစီစဉ်ပြီးနေပြီ၊ မို့ဘက်က ခေါင်းညိတ်လက်ခံပြီးမှ ပြန်ငြင်းတော့ မျက်နှာဘယ်လိုပြရ မလဲ သား"

"ဒါဆို ကျွန်တော်လည်း မာမီ့ဆီ ပြန်လာဖြစ်မှာ မဟုတ်ဘူး၊ ကျွန်တော့်အတွက် ဘာမှမပူနဲ့ မာမီ ဒီမှာ ကျွန်တော်လုပ်စရာလေးရှိသေးလို့"

ပြောချင်တာပြောပြီး သား ဖုန်းပြန်ချသွားသည်။ သူမ ငူငူငိုင်ငိုင် နှင့် ရင်မောစွာကျန်ခဲ့သည်။

ပြတ်သားသည့်သားရဲ့စိတ်က ဒီနေရာမှာတော့ သူမနဲ့ တူသည် ပဲ သတ်မှတ်ရတော့မည်ထင်သည်။

ဒါပေမဲ့ သူမဘက်ကတော့ မပြတ်သားနိုင်ခဲ့ခြင်းဟာ ဘုန်းစကြာ သော သားကို သူမဘဝဟု သတ်မှတ်ထားခဲ့ခြင်းကြောင့်ပါပဲ။

ဒါကို သားကတော့ သိနိုင်မည် မထင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

ဖုန်းဆိုင်လေးထဲက ထွက်ခဲ့ချိန်ထိ သူ့ရင်ထဲမှာ ဝမ်းနည်းကြေကွဲနေမိဆဲရှိသည်။ မာမီ့ဘက်က သူ မျှော်လင့်ထားသလို မဟုတ်ခဲ့ပါ။

သူ မျှော်လင့်ထားမိသည်က မာမီ သူ့ကို နားလည်စွာ ဦးသက်နိုင်နှင့်အစီအစဉ်ကို နောက်ဆုတ်ပစ်မည်ဟု ထင်ထားခဲ့မိ၏။ အခုတော့ မာမီ့ဘက်က နောက်ဆုတ်ဖို့လမ်းမမြင်ပါ။

တကယ်ပဲ မာမီ သူ့ကိုစွန့်ပစ်ဥပေက္ခာပြုရက်နိုင်ပြီလား။ တွေးရင်းရင်ထဲမှာ ကြေကွဲဝမ်းနည်းချင်လာ၏။

မာမီ့အတွက် သူသည် တစ်ဦးတည်းသောသားတစ်ယောက် ဖြစ်သလို သူ့အတွက်လည်း မာမီသည်သာ အားကိုးရာ မိခင်တစ်ယောက်ပါပဲ။ ဒယ်ဒီက သူတို့မိသားစုကို စွန့်ခွာသွားခဲ့ချိန်မှာ သူ့အတွက် မာမီ့အပေါ်မှာ အချစ်ပိုခဲ့သည်။

မာမီနှင့်သူတို့နှစ်ယောက်ဘဝလေး တစ်သက်တာ ရှည်ကြာမည်ဟုပဲ ယုံကြည်ခဲ့သည်။ အခုတော့ မာမီက နောက်အိမ်ထောင်ပြုဖို့ စီစဉ်နေပြီ





ဦးသက်နိုင်ဆိုတာ မာမီရဲ့စီးပွားရေးပါတနာ မိတ်ဆွေတစ်ဦးဟုပဲ သူ သိထားခဲ့သည်။

"ဦးသက်နိုင်က မာမီ့စီးပွားရေးလုပ်ငန်းတွေကို အကြံပေးကူညီနေတဲ့သူလေ သားရဲ့၊ မာမီ့အပေါ်မှာ ကျေးဇူးတွေရှိတယ်၊ ပွဲရုံလုပ်ငန်းတွေ ပြန်ခေါင်းထောင်လာအောင် သူပဲ ကူညီခဲ့တာ"

မာမီက သူ့ကိုပြောပြခဲ့စဉ်တုန်းက ရိုးသားစွာပဲ သူ ခေါင်းညိတ်နားထောင်ခဲ့မိသည်။ မာမီစကားတွေကြောင့်လည်း ဦးသက်နိုင်ကို ကျေးဇူးတင်ခဲ့မိသည်။ အိမ်ကို ရောက်လာတိုင်း သူ့ဘက်က လေးစားခင်မင်စွာ ဆက်ဆံခဲ့သည်။

ဒါတွေက မာမီရဲ့မိတ်ဆွေ ကျေးဇူးရှင်အဖြစ်ကြောင့်သာ တစ်ချိန်မှာ သူ့ရဲ့ပထွေးတော်လာမည်ဟု လုံးဝ ထင်မထားခဲ့ပါ။

သူ ထင်မှတ်မထားသော အခြေအနေတွေကို မာမီ ဖွင့်ပြောလာတော့ သူ့ဘက်က ခါးခါးသီးသီး ငြင်းခဲ့သည်။ မာမီက နားချစည်းရုံးတော့ သူ အိမ်ကိုစွန့်ခွာခဲ့သည်အထိ ဆန္ဒကို ထုတ်ပြခဲ့သည်။

ရည်ရွယ်မိသည်က သူ အိမ်ကိုစွန့်ခွာဖို့ကြံလျှင် မာမီ့ဘက်က နောက်ဆုတ်သွားမည်ဟု။ အခုတော့ အခြေအနေတွေက ထင်သလိုမဟုတ်ဘာ သေချာနေ၏။

သူ့ဘက်က လက်မြှောက်အရှုံးပေးကာ မာမီ့အရိပ်အောက် ပြန်ခိုဝင်ရမည်လား။ ဟင့်အင်း ဒီလိုတော့ မဖြစ်သင့်ဟု ထင်သည်။ ဦးသက်နိုင်ဆိုသော လူကြီးကို သူ အရှုံးပေး ခေါင်းငုံ့သလိုပဲ ဖြစ်လိမ့်မည်။

လက်ရှိမှာ ကိုဝေယံကျေးဇူးကြောင့် သူ့အတွက် နေစရာစားစရာသည်း အဆင်ပြေနေသည်။

အသေအချာ တွေးကြည့်ရင်တော့ တော်တော်ရှက်စရာကောင်းသည့်အလုပ်ပဲ ဖြစ်သည်။ သူ့လို ယောကျ်ားတစ်ယောက်က တစ်ပါးသူအိမ်



www.burmeseclassic.com

www.burmeseclassic.com



မှာ ချက်ပြုတ်ရေးကိစ္စနှင့် စေခိုင်းတာလုပ်ဖို့ တာဝန်ယူရသည့်အဖြစ်။

ဒါပေမဲ့ တစ်ဖက်က ပြန်တွေးကြည့်တော့လည်း သူ့အတွက် နေထိုင်စားသောက်ရေးအတွက် ပူစရာမရှိသော အခြေအနေတစ်ခုမို့ အဆင် ပြေသည်။

မာမီ့ဘက်က ဦးသက်နိုင်ကိစ္စမှာ နောက်မဆုတ်ခဲ့လျှင် သူ ဘာ ဆက်လုပ်ရမည်လဲ။ အိမ်ကထွက်လာကတည်းက နောက်ဆုတ်ဖို့ သူ့မှာ ရည်ရွယ်ချက် မရှိခဲ့ပါ။

မာမီကလည်း အိမ်က တစ်ခါမှ မခွာဖူးသည့်သူ အိမ်အရိပ်ကို ပြန်ခိုလှုံလာမည် ထင်ထားမှာမလွဲ။ ဒီတော့ သူ့ဘက်က နောက်ဆုံးအချိန်ထ တော့ မာမီ့ကို ဆန့်ကျင်ပြဖို့လိုသည်။ ဒါ မာမီ့ကိုမချစ်လို့ ဆန့်ကျင်ပြနေတာ မဟုတ်ဘဲလေ။ ဘယ်သားသမီးမဆို ပတွေးဆိုတာကို အလိုရှိမှာမဟုတ်

ဒယ်ဒီနှင့်မာမီအခြေအနေက နှစ်ဦးပြန်အရင်တိုင်းနေဖို့ ခက်ခဲ သည့်တိုင် မာမီ့ကိုတော့ ဒယ်ဒီ့လို တစ်ပါးသူနှင့်သံယောဇဉ်တစ်နွယ်တိုးမှ သူ မမြင်ချင်ပါ။

အတွေးစတွေက တံတိုင်းကျော်တို့ရဲ့ ခြံကြီးရှေ့ရောက်မှ လွင့်ပြယ် ကုန်သည်။ ချက်ဖို့ပြုတ်ဖို့ ဝယ်လာသော ဈေးဆွဲခြင်းကိုဆွဲပြီး သူ ခြံတံခ ဖွင့်ဝင်ခဲ့သည်။

သူ ဈေးထွက်ခဲ့တုန်းက တံတိုင်းကျော် မနိုးသေးပါ။ ဒါကြောင် လည်း ညှော်ခန်းတံခါးရော ခြံဝင်းတံခါးပါ သူ သော့ခတ်ခဲ့ရတာ ဖြစ်သည်

ညှော်ခန်းတံခါးဆီအရောက်မှာပဲ ညှော်ခန်းဆိုဖာထိုင်ခုံပေါ်မှာ ငုတ် တုတ်ထိုင်နေသော တံတိုင်းကျော်မျက်နှာ မှုန်ကုပ်ကုပ်ကို တွေ့ရသည်

သူ ညှော်ခန်းတံခါးသော့ကို ဖွင့်ဝင်လိုက်ရင်း

"နိုးနေပြီလား ကိုတံတိုင်း"

"နာရီငက်တောင် မကာတော့ဘူး။ မင်းဈေးသွားတာ ကြာလိုတ်





တာ''

''လမ်းလျှောက်သွားရတာပဲဗျာ ကြာမှာပေါ့၊ ဝယ်တာလည်း တစ် ပတ်စာ ဝယ်တာလေ''

''ဟုတ်ပါပြီ ဒါနဲ့ စားပွဲပေါ်က ခွက်ဘူးထဲက ကော်ဖီတွေက မင်းဖျော်ခဲ့တာလား''

''ဟုတ်တယ်လေ ကိုတံတိုင်းနိုးရင် စားဖို့ပါ၊ ပေါင်မုန့်မီးကင်နဲ့ ယိုဘူးလည်း ထားခဲ့တယ်လေ''

သူ့စကားကြောင့် တံတိုင်းကျော်မျက်နှာ မဲ့ကျသွားကာ ပခုံးကျုံ့ ပစ်ရင်း

''ဘာလဲ မီးတူးပြီးမည်းနေတဲ့ ပေါင်မုန့်လေးချပ်ကို ပြောတာလား။ ကော်ဖီကလည်း သကြားတွေ ဘယ်လောက်ထည့်ထားတာလဲ မသိဘူး။ ချိုရဲနေတာပဲ ငါ ဘာမှစားလို့မရဘူး''

သူ မျက်နှာပျက်သွားရသည်။ ကော်ဖီကို သူ့အကြိုက် အချိုပဲ ဖျော်ခဲ့ကာ ပေါင်မုန့်မီးကင်ကတော့ သူ မတတ်တာမို့ မီးကျွမ်းသွားသော နှစ်ချပ်တောင် လွှင့်ပစ်ခဲ့ရသေးသည်။

''ဟို ကော်ဖီအချိုကြိုက်တယ်ထင်လို့ပါ၊ ပေါင်မုန့်က ဟိုဗျာ နည်းနည်းမီးပြင်းသွားလို့ ဆောရီးနော်၊ ကိုတံတိုင်း ဘာမှမစားရသေးရင် ဈေးထဲက နန်းကြီးသုပ်ဝယ်ခဲ့တယ်၊ ကျွန်တော် ပြင်ပေးမယ်''

''အေး နန်းကြီးသုပ်တော့ ငါကြိုက်တယ်၊ ဒါပေမဲ့ စားချိန်ရမှာ မဟုတ်တော့ဘူး၊ ငါအခုပဲ အပြင်သွားရတော့မှာ၊ မင်း သော့ခတ်ခဲ့လို့ ထိုင်စောင့်နေတာ''

တံတိုင်းကျော် စကားမဆုံးသေးခင် ဟန်းဖုန်းက ထမြည်တာ ကောက်ယူနားထောင်နေပြန်၏။

''ဟဲလို''



www.burmeseclassic.com

www.burmeseclassic.com



"..."

"ဩော် သဇ္ဈာ ကိုယ် အခုပဲ လာမလို့၊ ဒီမှာ ကားသော့ပျောက်လို့ ရှာနေတာ"

"..."

"ဟာ နေ နေ၊ လာမခေါ်နဲ့တော့၊ အခုပဲ တွေ့ပါပြီ၊ စိတ်ချ ဆယ်မိနစ်အတွင်းရောက်မယ်၊ စိတ်မကောက်နဲ့နော် အဟွန်း"

စကားပြောပုံ၊ ရယ်ပုံကအစ တံတိုင်းကျော်အသံက ယောကျ်ားတန်မဲ့ ညှုတုတုနိုင်လွန်းနေသည်။ မျက်နှာက အပြုံးရိပ်တွေဖြတ်နေပေမယ့် ဖုန်းပိတ်ပြီး သူ့ကိုမော်ကြည့်တော့ အပြုံးတွေပျောက်ကုန်၏။

"မင်းလုပ်ပုံနဲ့ သဇ္ဈာက စိတ်ကောက်နေလောက်ပြီ၊ ဟိုတစ်ခါ ချိန်းတုန်းက ပျက်ထားလို့ နှာကစ်နေရတဲ့အထဲ"

သူ့ကို အပြစ်တင်သလိုပြောရင်း တံတိုင်းကျော် ထရပ်သည်။ စမတ်ကျကျ ရှိုးထုတ်ဝတ်ဆင်ထားတာကို အခုမှပဲ သူ သတိထားမိ၏။

"နောက်ကျရင် မင်းနဲ့ငါ သော့တစ်ယောက်တစ်ချောင်း ယူထားမှ ဖြစ်မယ်၊ ကဲ ငါလစ်ပြီ၊ မနက်စာတော့ ငါ မစားဖြစ်ဘူးနော်၊ ညနေစာပဲ စားတော့မယ်"

ပြောရင်း စတိုင်လ်ဘောင်းဘီထဲ ထည့်ဝတ်ထားသော ရှပ်အင်္ကျီကို အသာဆွဲချပြင်ဆင်သည်။ ပြီးမှ ကားသော့ကိုကောက်ယူပြီး ကသောကမျော ထွက်သွား၏။

ဆင်ဝင်အောက်ရောက်မှ သူ့ကို ပြန်လှည့်ကြည့်ရင်း မှာသေးသည်။

"ညီဘုန်း ငါ့ဆီ ဖုန်းလာရင် မင်းကြည့်ပြောထားနော်"

ကားတံခါးဖွင့် မောင်းထွက်သွားသော တံတိုင်းကျော်ကို ကြည့်တော့ သူ ပြုံးမိသည်။ စောစောက ဖုန်းဆက်သော ကောင်မလေး စိတ်





ကောက်မှာကြောက်ပြီး နန်းကြီးသုပ်တောင် စားမသွားနိုင်ရှာသည့်အဖြစ်။

ဒါလည်း ကောင်းသည်။ သူမစားတော့ ကိုယ်ပဲစားရတာပေါ့၊ စားသောက်ခန်းထဲဝင်ကာ နန်းကြီးသုပ်ပွဲကို တစ်ယောက်တည်း အားပါးတရ ထိုင်စားပစ်လိုက်သည်။

စားနေရင်းက အတွေးထဲမှာ ဒီမနက်စာအတွက် စဉ်းစားသည်။ ဝယ်လာသော အသားစိမ်းတွေကို ရေခဲသေတ္တာထဲ ထည့်သိမ်းရမည်။ တံတိုင်းကျော် မနက်စာ မစားဘူးဆိုတော့ သူ့တစ်ယောက်တည်းနဲ့ မချက်ပြုတ်ချင်တော့ပါ။

ကြက်ဉနှင့် ဝက်အူချောင်းကြော်လိုက်လျှင် သူ့အတွက် အဆင်ပြေ၏။ နေ့ခင်းရောက်မှ ညနေစာ စီစဉ်တော့မည်။

"တူ တူ တူ တူ တူ တူ"

ဧည့်ခန်းထဲက တတူတူ မြည်လာသော ဖုန်းကြောင့် စားလက်စ နန်းကြီးသုပ်ပန်းကန်ကို ထားခဲ့ပြီး ပြေးကိုင်ရပြန်သည်။

"ဟဲလို ပြောပါ"

"တိုင်းလား"

ချိုနွဲ့နွဲ့ မိန်းမတစ်ယောက်ရဲ့အသံဖြစ်သည်။ နားထဲမှာ အဆင်မပြေလှတာမို့ တိုင်းမဟုတ်ဘူး ပြည်နယ်ဟု ရွဲ့ပြောလိုက်ချင်သည်။ ဒါပေမဲ့

"မဟုတ်ပါဘူး ဘုန်းစကြာပါ"

"ဟင်"

အံ့ဩသွားဟန်နှင့် တစ်ဖက်က စကားသံတိတ်သွားတာ အတော်ကြာသည်။ ပြီးမှ

"ဟို တံတိုင်းကျော် အိမ်က ဟုတ်ပါတယ်နော်၊ ဖုန်းမမှားပါဘူး"

"မမှားပါဘူး၊ ဟုတ်ပါတယ်၊ ကိုတံတိုင်း မရှိဘူး၊ စောစောကပဲ အပြင်ထွက်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ဟုတ်လား။ ဘယ်ကိုသွားတာလဲဟင်"

"မသိဘူးလေ၊ သူ့ဟန်းဖုန်းဆက်ကြည့်ပေါ့"

"ဆက်ပြီးပြီ၊ မရလို့ အိမ်ဖုန်းလှမ်းဆက်တာ၊ ဒါနဲ့ အခုပြောနေတာ ဘယ်သူလဲဟင်"

"ဘုန်း ဘုန်းစကြာ"

"နာမည်မေးတာ မဟုတ်ဘူး၊ တိုင်းနဲ့ ဘာတော်သလဲ မေးတာ"

"ဘာမှမတော်ပါဘူး၊ သူ့အိမ်မှာနေဖို့ ရောက်နေတဲ့သူ"

"ဟင် တိုင်း ဘာမှမပြောဖူးပါဘူး၊ ဘယ်ကရောက်နေတာလဲ"

တော်တော်စပ်စုလွန်းသည့် မိန်းကလေးကို သူ စိတ်မရှည်တော့ပါ။ ဒါပေမဲ့ တံတိုင်းကျော်နှင့်ပတ်သက်နေတာမို့ တိုနေသောစိတ်ကို ဆွဲဆန့်ထားရ၏။

"ကျွန်တော်က သူ့ညီဝမ်းကွဲပါ"

"သြော် ဟုတ်လား၊ တို့ကနေရီပါ၊ တိုင်း ပြောမပြထားဘူး ထင်တယ်"

"ဘာမှ မပြောထားဘူးဗျ၊ ကဲ ဒါပဲနော်၊ ဟို ကျွန်တော် အိမ်သာ တက်ချင်လို့"

ပြောပြီး တယ်လီဖုန်းခွက်ကို ဆောင့်ချပစ်လိုက်သည်။ စားသောက်ခန်းထဲရောက်တော့ ပွသယောင်းထကုန်သော နန်းကြီးသုပ်တွေကို စားချင်စိတ်တောင် မရှိတော့ပါ။

တော်တော် ဖယားရှုပ်ထွေးသည့် တံတိုင်းကျော်ပါလား။ ကြာရင်တော့ ဒီလူရဲ့များပြားလှသော ကောင်မလေးတွေနှင့် သူနဲ့ လွယ်မှာမဟုတ်။

ထွက်သွားတာ နာရီဝက်တောင် မပြည့်သေး။ ဖုန်းထဲက တစ်ယောက်ကို ရင်ဆိုင်ရှင်းရပြီ။ ဒီတစ်နေ့လုံး နောက်ထပ် ဘယ်သူတွေထပ် နှောင့်ယှက်ဦးမည်မသိ။





မိန်းကလေးတွေနှင့် ကင်းကင်းရှင်းရှင်း နေတတ်သော သူ တွေးရင်းပင့်သက်မောကြီးကိုပဲ မှုတ်ထုတ်လိုက်မိတော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

"အား လား လား"

ပါးစပ်ထဲကို ထမင်းတစ်လုတ်ပဲ ထည့်ဝါးရသေးသည်။ လျှာဖျားပေါ်မှာ ပူလောင်စပ်ဖျင်းသွားသည်။ ကသောကမျော မျိုချပစ်ရင်း နံဘေးမှာရပ်နေသော ဘုန်းစကြာကို သူ မော့ကြည့်မိ၏။

"ဘာလို့လဲ ကိုတံတိုင်း"

"စပ်လိုက်တာကွာ၊ မင်း ငရုတ်သီးတွေ ဘယ်လောက်ထည့်လိုက်တာလဲ အား လား လား"

"ဟို အဲ ကြက်သားအစပ်ချက်ထားတာပါ ကိုတံတိုင်းရဲ့"

"အစပ်၊ သေစမ်းကွာ ငါက အစပ်ဆို အသေကြောက်တာ၊ အား ရှူးရှဲ"

တရှူးရှူးတရှဲရှဲဖြစ်နေသော တံတိုင်းကျော်မျက်နှာကြီး နီလာကာ ချက်ချင်း ချွေးတွေပြန်လာတော့ သူ မျက်စိပျက် မျက်နှာပျက်နှင့်။

"ကိုတံတိုင်း အစပ်ကြောက်တာ မသိလို့ ဆောရီးဗျာ၊ အရမ်းစပ်နေရင် ချဉ်ပေါင်ဟင်းချိုလေး သောက်လိုက်ပါလား"





ချဉ်ပေါင်ဟင်းချိုပန်းကန်ကို တံတိုင်းကျော်အနား ရွှေ့ပေးတော့ ဇွန်းနှင့်ခပ်ယူသောက်၏။

"အ ကျွတ်"

"သက်သာသွားပြီလား"

"ချဉ်တူးနေတာပဲကွာ၊ ဘာ ဘာတွေ ထည့်ချက်တာလဲ"

"ရှောက်သီးချဉ်ရည်ဟင်းပါ"

"ဗုဒ္ဓေါ"

"ရှောက်သီးက လေကြေတယ် ကိုတံတိုင်းရဲ့"

တံတိုင်းကျော် မျက်နှာကြီး ရှုံ့မဲ့သွားကာ ကြက်ဥချောင်းကြော်တစ်ဖတ်ကို ခက်ရင်းနှင့် ထိုးစားပြန်၏။

"ဟာ ထွီ"

ဒီတစ်ခါတော့ ဘယ်လိုမှ သည်းမခံနိုင်တော့ဘဲ သူ ထွေးပစ်လိုက်မိသည်။ ကြက်ဥချောင်းကြော်ကို ငန်တူးနေအောင် ဘုန်းစကြာ ဘယ်လိုကြော်သည်မသိတော့။

"ငန်လိုက်တာကွာ မင်း မြည်းစမ်း၊ မြည်းကြည့်စမ်း"

"ဗျာ ဟုတ် ဟုတ်ကဲ့"

တံတိုင်းကျော် မျက်နှာကြီးနီကာ ပြောတော့ ဘုန်းစကြာ ကြက်ဥချောင်းတစ်ဖက်ကို ကောက်ဝါးသည်။ လျှာဖျားမှာ ငန်ကျသွားပေမယ့် မျက်နှာကို မရှုံ့ရဲဘဲ

"ဒီလောက်ကြီး မဟုတ်ပါဘူး၊ ကိုတံတိုင်း အငန်ကြောက်လို့ထင်တယ်"

"တော်တော့ ဘုန်းစကြာ၊ ဒီလောက် ငန်ချဉ်စပ် ဟင်းတွေ မင်းပဲစားတော့"

ချုပ်ထိန်းမရသော ဒေါသတွေနှင့် ဟစ်အော်ပြောရင်း တံတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော် ထမင်းဝိုင်းက ရှုံးရှုံးရှားရှား ထွက်သွားခဲ့သည်။ ဘုန်းစကြာ မျက်နှာက ဆီးရှက်လောက်ပဲ ရှိတော့သည်။

ဟုတ်လည်း ဟုတ်သည်။ သူ့ဟင်းတွေက အစပ်အဟပ်မတည့် အောင် ဆိုးရွားသွားခဲ့သည်။ အဆင်ပြေအောင် ကြိုးစားချက်ပေမယ့် ဟင်းချက် ပြုတ်ရတာ သူ ထင်သလို လွယ်သောကိစ္စမဟုတ်တာတော့ လက်ခံရတော့ မည်။

တံတိုင်းကျော် စိတ်ဆိုးပြီး အိမ်ပေါ်က ချက်ချင်းမောင်းချခဲ့ရင်တော့ သူ့ဘဝသွားပြီ။ မာမီ့အိမ်ပေါ်ကို ခေါင်းငုံ့ပြီး ပြန်ခိုဝင်ဖို့ဆိုတာတော့ မဖြစ်။ ဘယ်လိုမှ မဖြစ်။

သူ မဝံ့မရဲနှင့် ဧည့်ခန်းထဲထွက်သွားသော တံတိုင်းကျော်နောက်ကို လိုက်ခဲ့သည်။

ဧည့်ခန်းဆိုဖာထိုင်ခုံမှာ စိတ်ပျက်လက်ပျက် ထိုင်နေသော တံတိုင်း ကျော် မျက်မှောင်ကြီးကုတ်ကာ သူ့ကိုကြည့်နေ၏။

''တောင်း တောင်းပန်ပါတယ် ကိုတံတိုင်း''

''ဘာတောင်းပန်တာလဲ ဘုန်းစကြာ၊ မင်းရဲ့လက်ရာမြောက်ဟင်း လျာတွေကို ငါ့ကိုကျွေးမလို့လား''

''ဟို ဟို ကျွန်တော်''

''ငါ အမှန်ပဲ ကြားချင်တယ်ကွာ၊ မင်း ထမင်းဟင်းတွေ မချက် တတ်ဘူး မဟုတ်လား၊ မညာဘဲ ပြောကွာ''

တံတိုင်းကျော် ယတိပြတ်မေးနေတော့ သူ ဆက်မညာချင်တော့ ပါ။ ဒေါသတွေ ပိုဆွပေးမိသလိုဖြစ်ရင် အခက်။

''ထမင်းတော့ ချက်တတ်ပါတယ်၊ ဟင်းက သိပ်မကျွမ်းဘူး ဒါပေမဲ့ မပူပါနဲ့ ကျွန်တော် ဟင်းချက်နည်းစာအုပ်ဝယ်ပြီး ကြိုးစားချက်ကျွေး ပါ့မယ်ဗျာ''





သူတောင်းပန်နေတော့ တံတိုင်းကျော် ပင့်သက်ရှိုက်ကာ ခေါင်း ညိတ်၏။

''အင်း မင်းက ယောက်ျားပဲကွာ၊ ထမင်းဟင်းချက် မကျွမ်းကျင် တာ ငါ နားလည်ပါတယ်၊ အမှန်မပြောဘဲ ချက်တော့ ငါ စိတ်ဆိုးတာအမှန် ပဲ၊ ထားပါ၊ ပြဿနာမရှိဘူး၊ ထမင်းဟင်းက အပြင်က ဝယ်စားလို့ရတယ်၊ ငါ့အတွက်လိုတာ အိမ်မှာ အဖော်လူရှိဖို့ပါကွ၊ မိန်းကလေးတွေ ခေါ်ထားဖို့ ဆိုတာ မသင့်ဘူးလေကွာ''

''ဟုတ်ကဲ့ ကိုဝေယံ ပြောပြပါတယ်၊ ကျွန်တော့်အတွက်လည်း အားလုံးအဆင်ပြေမယ့် အခြေအနေမို့ပါ''

''ငါ သဘောပေါက်တယ် ညီဘုန်း၊ ထားတော့ ဒါနဲ့ ညနေ ငါ ပြန်မလာခင်အထိ ဘယ်ကဖုန်းတွေ လာသလဲ''

တံတိုင်းကျော် အာရုံပြောင်းကာ မေးနေတော့ သူလည်း လာသမျှ ဖုန်းတွေကို ရှင်းပြရ၏။

''ကိုတံတိုင်း ထွက်သွားပြီး အရင်ဆုံးလာတာ နေရီတဲ့''

''နေရီ ဟုတ်လား၊ ငါမေ့နေတာ ပြဿနာပဲ၊ မင်း ဘာပြောလိုက် သလဲ ညီဘုန်း''

''အပြင်ထွက်သွားတယ်ပဲ ပြောလိုက်ပါတယ်''

''တော်သေးတာပေါ့ကွာ၊ နောက် ဘယ်သူတွေ ဆက်သေးသလဲ''

တစ်နေ့လုံး တတွတ်တွတ်မြည်ကာ သူ့ကို ဒုက္ခပေးလာကြကုန်သော မိန်းကလေးငါးယောက်အမည်တွေကို သူ ရေရွတ်ပြရင်း အဆင်ပြေပြေ ရှင်းပြခဲ့တာတွေ ပြောပြတော့ တံတိုင်းကျော်မျက်နှာက ကျေနပ်စွာ ပြုံးသွား ၏။

''အိုကေ မင်းတော်တယ် ညီဘုန်း၊ ငါ့အတွက်လိုတာက ငါ အိမ်မှာမရှိချိန်၊ ဆက်လာ[illegible]န်းတွေနဲ့ ရောက်လာတဲ့သူတွေကို အဆင်ပြေ

www.burmeseclassic.com



အောင် ပြောပြတတ်တဲ့လူပဲ လိုတာ၊ အဓိကက ကောင်မလေးတွေပဲ''

သူ ခေါင်းညိတ်ပြရင်း တံတိုင်းကျော် မျက်နှာကို အကဲခတ်ကြည့်နေမိ၏။ ရုပ်ရည်ကတော့ မင်းသားရှုံးအောင် ချောသည့် တံတိုင်းကျော် အနားမှာ ကောင်မလေးတွေ အများကြီးရှိနေတာကို သူ သိခဲ့ရ၏။

တော်တော်မျက်နှာများတဲ့လူ။ ဒဿဂီရိထက်တောင် တံတိုင်းကျော်ရဲ့မျက်နှာက ပိုနေလောက်၏။

''ကဲ ညီဘုန်း၊ ငါတော့ ဗိုက်ဆာနေပြီ၊ တို့ညီအစ်ကို ဆိုင်မှာ သွားစားကြရအောင်''

''ဟာ ကိုတံတိုင်း သွားပါ၊ ကျွန်တော် မလိုက်ဘူး၊ ချက်ထားတာတွေ နှမြောစရာဗျာ''

''စားလို့မရတာကို နှမြောမနေပါနဲ့ကွာ၊ ကဲ အဝတ်အစားလဲစမ်းပါ၊ မင်းကို ငါ ပြုစုကျွေးမွေးချင်လို့ပါကွ''

ငြင်းမရတော့တာမို့ သူ ခေါင်းညိတ်ကာ ထွက်ခဲ့ရသည်။ တံတိုင်းကျော်ဆိုသည့် သူကတော့ စိတ်ရင်းစေတနာတော့ ကောင်းပါသည်။

ခက်တာက ဥာဉ်ဆိုးလေးပဲ ဖြစ်သည်။ မိန်းမရှုပ်သည့် စိတ်ဓာတ်ကတော့ ဆိုးသည်၊ သူ ဒီရောက်တာ ရက်ပိုင်းပဲရှိသေးသည်။ တံတိုင်းကျော်ရဲကကောင်မလေးတွေကို သိနေပြီ။

မိဘနှစ်ပါးစလုံး မရှိတော့ဘဲ တစ်ယောက်တည်းနေသည့် တံတိုင်းကျော်ဘဝက ပူပန်စရာမရှိအောင် ပြည့်စုံသည်။

ရှယ်ယာဝင်ထားသည့် စီးပွားရေးလုပ်ငန်းတွေရဲ့ ဝင်ငွေနဲ့ တံတိုင်းကျော် ဘာမှလုပ်စရာမလိုအောင် အေးချမ်းနေတော့လည်း ထင်ရာကြဲနိုင်သည်ပေါ့။

■ ■ ■



## အခန်း (၈)

''ရိပ် မင်းလုပ်ရပ်က ဘာသဘောလဲ''

မာတင်းခက်ထန်နေသော ဆက်နိုင်ရန် မျက်နှာကိုကြည့်ကာ ရိပ်မျက်မှောင်လေး တွန့်ကုပ်မိ၏။

''ဘာလဲ ဘာကိုမေးတာလဲ နိုင်နိုင်''

''မင်း ငါ့ကို အရူးမလုပ်နဲ့၊ ငါ့ကိုချိန်းပြီး အရူးလို မင်းစောင့်ခိုင်းခဲ့တာ နှစ်ခါရှိပြီ''

''ဪ ဒါလား၊ အဲဒီနေ့က ရိပ် လာမလို့ပဲ ရတီရှေ့မှာ ချိန်းမိတော့ တို့အန်တီမေ သိသွားပြီး ဘယ်မှကိုမလွှတ်တော့တာ''

''မင်းအကြောင်းပြချက်က ပေါ့ပါးလိုက်တာ''

မင်းတွေ ငါတွေနှင့် ဆက်နိုင်ရန် လာပြောနေတော့ ရိပ် သည်းခံစိတ်တွေ ကုန်ဆုံးသွားခဲ့၏။ တကယ်ဆို ကိုယ့်ဘက်က ဘာမှအရိပ်အယောင်ပြခဲ့တာ မဟုတ်။

တစ်ခုပဲရှိသည်။ ရတီရှေ့မှာမို့ တမင်အရွဲ့တိုက် ပြောမိတာကို သူက တကယ်ထင်သွားတာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းတွေ ငါတွေနဲ့ လာရှိင်းစိုင်းပြမနေနဲ့ ဆက်နိုင်ရန်၊ အဲဒီကို ကို နင်မကျေနပ်လည်း ငါ မတတ်နိုင်ဘူး"

သူက အစွယ်ထုတ်ပြနေတော့ ရိပ်ဘက်ကလည်း ဘာမှခေါင်း နေဖို့ မရှိပါ။ ကိုယ့်အချစ်ကို သူ တောင်းခံနေတာ ကြာပြီ။ ဒါပေမဲ့ ကိုယ့်တင် က အဖြေပေးခဲ့တာမှ မဟုတ်ဘဲ။

"အပြောက ရင့်လှချည်လား ရိပ်၊ ဒီမှာ မင်းကြောင့် ကိုယ်အရှ ဖြစ်ခဲ့တာ နှစ်ခါနော်"

"အဲဒါ နင့်သမိုင်းလေ"

"ဘာ"

ဆက်နိုင်ရန် အော်သံကြောင့် ပလက်ဖောင်းပေါ်ကလူတွေ လှည့် ကြည့်သည်။ ဆက်နိုင်ရန်က ဥပေက္ခာပြုပြီး ဆက်ပြောသည်။

"မင်း ငါ့ကို ကစားနေတာလား ရိပ်၊ ဒီမှာ ဆက်နိုင်ရန်ဆိုတဲ ယောကျ်ားက ကြောင်လေးမဟုတ်ဘူးနော်၊ မင်းထက်သာတဲ့သူတွေက တောင် ခါချပစ်ခဲ့တာ"

"လဲသေလိုက်ပေါ့"

ပြောပြီး ရိပ် လှည့်ထွက်ခဲ့သည်။ ကားတံခါးမှာ မှီရပ်နေသော ဆက်နိုင်ရန် ရှူးရှူးရှားရှား ဖြစ်ကာ နောက်က ပြေးလိုက်လာ၏။

"ရိပ်"

အနောက်က လက်ကိုလှမ်းဆွဲတော့ ရိပ် ပုတ်ထုတ်ပစ်ရင်း မျက် နှာချင်းဆိုင် ရင်ဆိုင်ပစ်လိုက်သည်။

"နင် လိုက်မနှောင့်ယှက်နဲ့နော် ဆက်နိုင်ရန်"

"နှောင့်ယှက်ခဲ့တာ မင်းလေ၊ ငါ့ကို အရှုံးလုပ်သွားတဲ့အတွက် ငါ မကျေနပ်ဘူး၊ အဲဒီအတွက်"

ပြောရင်း ဆက်နိုင်ရန် မျက်ဝန်းတွေက ပတ်ဝန်းကျင်ကို ဝေ့





အကဲခတ်ကြည့်သည်။ လမ်းမပေါ်မှာ အသွားအလာတော့ ရှင်းလင်းနေ၏။ ဒါကို ရိပ်မိလိုက်သော ရိပ် ရင်ထဲမှာလည်း ထိတ်ခနဲတော့ ဖြစ်သွားခဲ့၏။

ဒါပေမဲ့ ဟန်ကိုယ့်ဖို့နှင့် ရိပ် မျက်နှာကို မာတင်းပစ်ရင်း

"နင် ငါ့ကို ထိရဲရင် ထိကြည့်လေ၊ ဘာဖြစ်သွားမယ် ထင်လဲ"

"ပြဿနာမရှိဘူး၊ မင်းရဲ့အရှက်သိက္ခာကို လဲရဲတယ်ဆိုရင် လုပ် လိုက်"

"ဟင်"

ဆက်နိုင်ရန် ဆင်ခြင်ချက်ကင်းမဲ့စွာ ရှေ့တိုးလာလျှင်တော့ ခက်ပြီ။ ရိပ် မျက်ဝန်းမှာ စိုးရိမ်ရိပ်တို့ လွှမ်းသွားခဲ့၏။

"ဟော မမ၊ ဘယ်လာတာလဲ"

"ဟင်"

ရိပ်အနားကို ရောက်လာကာ အပြုံးနှင့် နှုတ်ဆက်လာသော သူကို ရိပ် မသိပါ။ ရိပ်ထက် အသက်ငယ်ပုံရသော လူရွယ်ကတော့ ရိပ် ကို ခင်မင်နှစ်လိုဖွယ် ပြုံးပြရင်း လက်ထဲက ဆွဲခြင်းကြီးကိုမြှောက်ပြရင်း

"ဒီမှာ မမတို့အိမ်အတွက် မာမီက ပို့ခိုင်းလိုက်တာလေ၊ ပြန်မှာ မဟုတ်လား အတူသွားကြမယ်လေ"

ဆက်နိုင်ရန် မမြင်အောင် မျက်လုံးတစ်ဖက် မှိတ်ပြရင်း ပြောမှ ရိပ် သဘောပေါက်သွားသည်။

"ဟုတ်လား ဘာတွေလဲ မောင်လေးရဲ့"

"မန္တလေးပြန်လက်ဆောင်တွေလေ၊ ထိုးမုန့်တွေရော လက်ဖက် အကြော်စုံတွေပါအများကြီး"

"ဟုတ်လား အန်တီမေ အကြိုက်တွေပေါ့လေ၊ ကဲ လာလေ မမတို့ အတူသွားတာပေါ့"

ရိပ်ကိုယ်တိုင် ထိုချာတိတ်ပခုံးကိုပုတ်ကာ ပြောတော့ ဆက်နိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အံကြီးကြိတ်ကာ ကျိန်ရစ်ခဲ့သည်။

"ကျေးဇူးတင်ပါတယ် မောင်လေး"

"ရတယ်၊ မမတို့ ပြောနေတာတွေကို ကြားလို့ ဝင်ကူညီတာပါ"

"ဟိုကောင် ရပ်ကြည့်နေတုန်းပဲ၊ မမတို့ ဟိုရှေ့က အအေးဆိုင်လေး ခဏဝင်ထိုင်ကြရအောင်နော်"

ရိပ်ပြောတော့ ချာတိတ် ခေါင်းညိတ်ပြီး အအေးဆိုင်လေးထဲအထိ လိုက်လာသည်။

"ဘာသောက်မလဲ မောင်လေး"

"တစ်ခုခုပေါ့၊ ရတယ် ဘာဖြစ်ဖြစ်"

ရိပ် လီမွန်နှစ်ပုလင်းမှာလိုက်ချိန်မှာပဲ ဆိုင်လေးရှေ့က ဆက်နီ ရန်ရဲ့ဆလွန်းကားဖြူလေး မောင်းထွက်သွားခဲ့သည်။

"ဟိုလူကား ထွက်သွားပြီ၊ ကျွန်တော် သွားတော့မယ်"

"အို နေပါဦးလေ၊ အအေးတွေ သောက်ပါဦး"

"ကျွန်တော် မကြိုက်ဘူး"

"အို နေဦးလေ"

ရိပ် မတားလိုက်နိုင်ခင်မှာဘဲ ချာတိတ် ဆွဲခြင်းကြီးဆွဲကာ ထွက် သွားခဲ့၏။ ဂျင်းပြာဘောင်းဘီ တစ်ပတ်နွမ်းနှင့် တီရှပ်နက်ပြာလက်တို ဝတ်ထားသော ချာတိတ်ကျောပြင်ကို ရိပ် ငေးကြည့်နေမိသည်။

ရိပ်ကသာ သူ့ပုံရိပ်လေး ပျောက်သွားသည်အထိ ကြည့်နေခဲ့ ကာ သူကတော့ တစ်ချက်လေးတောင် လှည့်မကြည့်ခဲ့ပါ။

ဘယ်လိုချာတိတ်လဲ မသိ။ ရိပ်ရဲ့အခက်အခဲဒုက္ခကို ဝင်ကူညီ သည်။ ပြီးတော့ ချက်ချင်းပဲ ထွက်သွားခဲ့သည်။

နာမည်လေးတောင် မေးခွင့်မရလိုက်ပါလား။

စားပွဲထိုးလေးက အအေးပုလင်းနှစ်ပုလင်းနှင့် ဂူဂူလေးထိုင်နေသော





နိုင်ကို အံ့ဩစွာကြည့်နေသည်။ ရိပ် ရင်ထဲမှာတော့ ချာတိတ်ပုံရိပ်လေးက မပျောက်ဖို့ခက်ခက်။

သူ အိမ်ပြန်ရောက်တော့ တံတိုင်းကျော်က အပြင်ထွက်ဖို့ စမတ် ကျကျ ပြင်ဆင်ပြီးနေပြီ။

"သွားတော့မလို့လား ကိုတံတိုင်း၊ ဒီမှာ ကျွန်တော် မုန့်ဟင်းခါး တွေ ဝယ်လာတယ်"

"မင်းပဲ စားလိုက်တော့ ညီဘုန်း၊ ဒီနေ့ ငါအပြန်မိုးချုပ်မယ်နော်၊ ဆူနဲ့ ရောက်အောင်တော့ ပြန်ခဲ့မယ်၊ အဟဲ ပဲခူးထိ လစ်မှာကွ"

ရေမွှေးရနံ့တွေ သင်းပျံ့လျက် အနီရောင်စပို့ရှပ်နှင့် အပြာနုရောင် ဘောင်းဘီနှင့် တွဲဝတ်ဆင်ထားသော တံတိုင်းကျော်က ရယ်ဟဟပြောသည်။ ကျက်ဝန်းထဲက အရိပ်တွေကို ယောကျ်ားချင်းမို့ သူ နားလည်ပါသည်။

"လစ်ပြီ ညီဘုန်း၊ ထုံးစံအတိုင်း လာတဲ့ဖုန်းတွေ ကြည့်ရှင်းထား ကွာ၊ ငါ အလုပ်ကိစ္စနဲ့ သွားတယ်ပဲပြော"

ခေါင်းညိတ်ပြရင်း တံတိုင်းကျော် ကားမောင်းထွက်သွားတော့ ခြံတံခါးကို လိုက်ပိတ်ပေးလိုက်မိသည်။

ပြီးသည်နှင့် အိမ်ထဲပြန်ဝင်ခဲ့ရင်း အရင်ဆုံးလုပ်မိတာ ဧည့်ခန်းထဲက ဖုန်းကို ပလပ်ကြိုးဖြုတ်ထားခြင်းပဲ ဖြစ်သည်။ မိုးချုပ်မှ ပြန်လာမည်ဆိုသော တံတိုင်းကျော်ထံ ရောက်လာမည့်ဖုန်းတွေကို မကြားချင်ပါ။

အာပေါက်အောင်ဖြေရ ပြောရတာနဲ့ တစ်နေ့လုံး အေးအေးနေလို့ ရမှာမဟုတ်တာ။ တစ်ယောက်တည်းဆိုတော့ စားသောက်ဖို့အတွက်လည်း ပူစရာတော့ မရှိပါ။ တစ်နပ်စာအတွက် အဆင်ပြေသလို သူစားတတ်သည်။

ချက်ပြုတ်နည်းစာအုပ်ကြီးကြည့်ကာ ချက်ရပြုတ်ရတာကိုလည်း သူ စိတ်ကုန်နေပြီ။

ဝယ်လာသောပစ္စည်းတွေ ရေခဲသေတ္တာထဲ ထည့်သင့်တာထည့်



www.burmeseclassic.com

www.burmeseclassic.com



သိမ်းရင်း အာရုံထဲမှာ ဖျတ်ခနဲ သတိရမိတာ ရိပ်ဆိုသော မမမျက်နှာလေးပဲ ဖြစ်သည်။

နှစက်ဝင်းဖန့်နေအောင်လှသလို အသံလေးကလည်း ချိုသာလွန်းသည်။ ဒီလို အလှတရားကပဲ ပြဿနာတစ်ခု ဖြစ်စေသည်လား မသိပါ။ သူမ ရင်ဆိုင်နေရသော ပြဿနာကို သူ သတိထားမိတာလည်း လှပသော မျက်နှာလေးကြောင့်ပဲ ဖြစ်သည်။

ထိုမျက်နှာလေးက ဒေါသနှင့်စိတ်ရှုပ်ထွေးခြင်းတွေ အရိပ်ထင်နေတော့ သူ မသိမသာ နားစွင့်ကြည့်ရင်း သူတို့ပြဿနာတွေကို ကြားခဲ့ရခြင်း ဖြစ်သည်။

မမရဲ့နာမည်က ရိပ်ဟု သူ သိလိုက်သည်။ ဂျစ်ကန်ကန်နှင့် ပြဿနာရှာနေသော သကောင့်သားအန္တရာယ်က မမကို သူ အကြောင်းရိုက်ဝင်ကူညီပေးဖြစ်သည်။

တကယ်ဆို မမနှင့်အတူထိုင်ကာ ကျေးဇူးတင်စကားတွေ နားထောင်ပြီး ခင်မင်ရင်းနှီးမှုတွေ ယူခဲ့သင့်သည်။ ဒါပေမဲ့ ဘာကြောင့်မှန်းမသိ၊ သူ ဖွတ်ထွက်ခဲ့မိ၏။

တစ်ခါမှ မိန်းကလေးတစ်ယောက်နှင့်အတူ ထိုင်ဖူးခြင်းမရှိသော သူ ရှုံ့ကြောက်နေတာလည်း ပါသည်။ မမကတော့ သူ့ကို အရိုင်းလေးဟု သတ်မှတ်သွားမည်လား မဆိုတတ်ပါ။

ရင်းနှီးခွင့်ကို ရှောင်ဖယ်ခဲ့ပြီးမှ ဘာကြောင့် ပြန်တောင့်တနေမိပြန်သည်မသိပါ။ ပြန်ဆုံခွင့် ရခဲ့လျှင်တော့။

"ဟင်"

ခြံတံခါးဆီက ဘဲလ်သံကိုကြားမှ သူ့အတွေးတွေ ပြတ်တောက်သွားကာ မီးဖိုထဲက ထွက်ခဲ့မိသည်။

ခြံဝမှာ မြင်လိုက်ရတာ အနီရောင်ကားလေးတစ်စီး ခြံတံခါးမှာ





ရပ်နေတာက ပန်းနုရောင်ဝမ်းဆက်နှင့် မိန်းကလေးတစ်ယောက်။

ပြဿနာက ဖုန်းနှင့်မလာဘဲ လူကိုယ်တိုင်ရောက်လာပြီထင်ရဲ့။ သူ ခြံတံခါးဆီ မှုန်ကုပ်ကုပ်မျက်နှာနှင့် လျှောက်ခဲ့၏။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ"

"မင်းက ဘယ်သူလဲ"

ကိုယ့်မေးခွန်းကို သူမကလည်း မေးခွန်းနှင့်ပဲ ပြန်တုံ့ပြန်တာမို့ ဘုပ်ထားသော မျက်လုံးတွေကို ပိုပြီးတွန့်ကုပ်ပစ်ရင်း

"ဒီအိမ်မှာတွေ့တာပဲဗျာ၊ ဒီအိမ်ကပေါ့၊ ခင်ဗျားက ဘယ်သူလဲ ဘာကိုစွလဲ"

ကာလာရောင်စုံမျက်နှာနှင့် အလှတွေကို မှုန်ညက်အောင် ခြယ်သထားသော သူမ နှုတ်ခမ်းရဲရဲတွေ မဲ့သွားရင်း

"တို့နာမည်က ဟန်နီမောင်၊ ဒီအိမ်က တံတိုင်းကျော်နဲ့ တွေ့ချင်လို့"

"မရှိဘူး ခရီးသွားတယ်"

"ခရီးသွားတယ်၊ တို့ကို ဘာမှမပြောသွားပါလား"

"အဲဒါတော့ မသိဘူး၊ အလုပ်ကိစ္စနဲ့သွားတာ"

မယုံသလို မျက်ဝန်းတွေက အိမ်ထဲကို လှမ်းကြည့်နေတာကို သူ ဥပေက္ခာပြုလိုက်ရင်း

"အိမ်ထဲမှာ ဂတ်စ်မီးဖိုကြီး ဖွင့်ရက်သား ထားခဲ့လို့ ခွင့်ပြုပါဦး"

"နေ နေပါဦး၊ တိုင်း ဘာမှ မှာမသွားဘူးလား"

"မှာသွားတဲ့အထဲမှာ ဟန်နီမောင်ဆိုတဲ့နာမည် မပါတာတော့ သေချာတယ်"

"ဟင်"

ရဲခနဲဖြစ်သွားသော မျက်နှာက ကာလာရောင်စုံတွေကြောင့် မပေါ်



www.burmeseclassic.com

www.burmeseclassic.com



လွင်ပေမယ့် မျက်ခုံးတွေ တွန့်ချိုးသွားတာတော့ သေချာသည်။

သူ ချာခနဲ လှည့်ထွက်ခဲ့တာ ဆင်ဝင်အောက် မရောက်သေးခင်မှာပဲ ဝူးခနဲ ပြန်မောင်းထွက်သွားသော ကားသံကို ကြားလိုက်ရသည်။

ကိုတံတိုင်းကျော်သိရင်တော့ ဘာတွေဖြစ်မည်မသိ။

■ ■ ■

ထိုညက ရှစ်နာရီကျော်မှ တံတိုင်းကျော် ပြန်လာသည်။ ယမကာနံ့က တသင်းသင်း လူက ယိုင်ထွေထွေ။

သူ တံခါးဖွင့်ပေးတော့ ဆိုဖာထိုင်ခုံမှာ ခြေပစ်လက်ပစ် ထိုင်ချရင်း

"ဟူး တကယ့်ကျိုင်ပဲ"

ဘာတွေဖြစ်လာသည်လဲ သူ မမေးပေမယ့် တံတိုင်းကျော် တစ်ယောက်တည်း ရေရွတ်သလို ပြောနေပြန်၏။

"တော်တော်စိတ်ညစ်ဖို့ကောင်းတဲ့ မိန်းမတွေပဲ၊ တံတိုင်းဆိုတဲ့ကောင်ကို ချုပ်နှောင်ဖို့ ကြိုးစားချင်ကြတယ်၊ နီး ဆောရီးပဲ ငနဲ့ အေမှ မဟုတ်တာ"

ကြည့်ရတာ ခပ်ရှုပ်ရှုပ်ပြဿနာတွေပဲ ဖြစ်ဟန်တူသည်။ လည်လွန်းသည့်ဘီး ဟိုဟာသင့်ဆိုတာ တံတိုင်းကျော် မေ့နေသည်လားမသိ။

"တကယ်ပဲ ညီဘုန်းရာ၊ အရှုပ်ထဲက ရုန်းထွက်နိုင်ခဲ့လို့ကွာ၊ နို့မို့ကတော့ မင်းအစ်ကို ဒီနေ့ပဲ မိန်းမတစ်ယောက် ယူရတော့မလိုဘဲ၊ ဟား ဟား ဟား"

ပြောရင်း ဆံပင်တွေကို လက်ချောင်းတွေနှင့် ထိုးဖွပြီး ဆိုဖာထိုင်ခုံမှာ ခေါင်းမှီထိုင်နေ၏။

"ကိုတိုင်း၊ ထမင်းစားဦးမှာလား"

"နီး တော်ပြီ၊ မစားတော့ဘူး၊ စားခဲ့ပြီးပြီ"

သူ ထပ်မမေးတော့ဘဲ ခြံတံခါးကို ဆင်းပိတ်သည်။ ပြီးတော့





ညှေ့ခန်းထဲ ပြန်လာခဲ့သည်။ တံတိုင်းကျော်က ဆိုဖာထိုင်ခုံမှာ ထိုင်နေတုန်း

"ဘယ်သူတွေ ဖုန်းဆက်သေးလဲ ညီဘုန်း"

"မဆက်ဘူး၊ အဲ ဟန်နီမောင်ဆိုတဲ့ မိန်းမတစ်ယောက်တော့ ရောက်လာတယ်"

"ဟင် မင်း ဘာပြောလိုက်သလဲ"

"ကိုတိုင်း မှာခဲ့တဲ့အတိုင်း ပြောလိုက်တာပဲ၊ ကျေနပ်ပုံမရဘဲ ဆောင့်အောင့်ပြန်သွားတယ်"

"ကောင်းတယ် ချော့ရမော့ရတာတွေကို ငါ စိတ်ကုန်နေပြီ၊ ရည်းစားတွေ အများကြီးထားတာ ကြာရင် အသက်တိုမှာကွ၊ မဖြစ်ဘူး ဖြတ်သင့်တာတွေ ဖြတ်ပစ်ဦးမှ"

တကယ်ပဲ နောင်တရနေတာလား။ ရင်ဆိုင်နေရသော ပြဿနာကြောင့် တဒင်္ဂနောင်တ အသိဝင်လာတာလားတော့ မသိပါ။ ဖုတ်သိုက်ဆံပင်တွေကို ခါရမ်းပစ်ရင်း ထရပ်သည်။

"ကဲ အိပ်တော့မယ်ကွာ မနက်ဖြန် ငါအိမ်မှာ တစ်နေ့လုံးရှိမယ်၊ ဘယ်သူလာလာ မရှိဘူးလို့ မင်း ရှင်းထား ညီဘုန်းရာ"

ပြောပြီး တံတိုင်းကျော် အိပ်ခန်းဘက် လှမ်းသွားသည်။ သည်တော့မှ သူ အိမ်တံခါးပိတ်ကာ ကိုယ့်အခန်းဆီ လှမ်းခဲ့သည်။

ကိုတံ့တိုင်းကျော်ကတော့ ရည်းစားတွေ အများကြီးထားပြီး ချာလပတ်ရမ်းကာ စိတ်ကုန်နေပုံပါပဲ။ ဒါကို တွေးရင်း မဆီမဆိုင် သူ့အတွေးထဲကို ဝင်ရောက်လာတာ မမရဲ့ပုံရိပ်ကလေး။

ရိပ် တဲ့။

နာမည်နဲ့လိုက်အောင် သူ့ကို စိုးမိုးနေတဲ့ အရိပ်ကလေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

ဆက်နိုင်ရန် ပြဿနာနောက်ပိုင်းမှာတော့ ရိပ် နောင်တတော့ ရချင်သွားတာ အမှန်။ လူကြားထဲမှာ တွန်းလားရှန်းလားဖြစ်လျှင် ကိုယ်ပဲ အရှက်ရမယ့်အဖြစ်လေ။

ဒီအကြောင်းကိုတွေးမိတိုင်း အာရုံထဲရောက်လာတာ မှာယ်တင်ရှင် ချာတိတ်မျက်နှာပဲ ဖြစ်သည်။

နုဖတ်သောမျက်နှာမှာ မျက်ခုံးနှစ်ဖက်က ထင်းနေသည်။ တိုစိတ် စိတ်မျက်တောင်တွေ ဝန်းရံထားသော မျက်ဝန်းတွေက ရိုးသားတည်ကြည် သည်။ ရိပ်ထက် အသက်ငယ်ရွယ်ပုံရပေမယ့် ယောက်ျားပီသသော မျက်နှာ က ရင့်ကျက်ပါသည်။

တွေးရင်း စိတ်ထဲမှာ တထင့်ထင့်ဖြစ်ရတာ ရိပ်ကို တစ်ယောက် တည်း ဆိုင်ထဲမှာ ထားပစ်ခဲ့သည့်အဖြစ်။ ဘာကြောင့်လဲ၊ ယောက်ျားတစ် ယောက်နှင့် ပြဿနာရှုပ်နေသော ရိပ်ကို အထင်သေးသွားတာကြောင့်လား။

တကယ်ဆို ရိပ်က ဘယ်ယောက်ျားလေးကိုမှ ချစ်ပါတယ်ဟု ခေါင်းညိတ်အဖြေပေးခဲ့ဖူးသူ မဟုတ်ပါ။ ရိပ်အလှ ရိပ်အနားမှာ ရစ်ဝဲနေသူတွေ





အများကြီးရှိသည်။

ရိပ်နဲ့အတူ စကားပြောခွင့်လေးအတွက် ခယနေသူတွေ အများ ကြီး။ ဒါပေမဲ့ အဲဒီအထဲမှာ ချာတိတ်မပါဝင်ပါ။

ဒါကိုတွေးပြီး ခံရခက်တာမျိုး မဖြစ်မိပေမယ့် စိတ်ထဲမှာတော့ ထင့်ထင့်လေး ဖြစ်မိတာအမှန်။ လူကို မတူမတန်သလို လုပ်သွားတာတော့ ခံစားရပါသည်။ ဒါပေမဲ့လည်း ကိုယ့်အရှက်သိက္ခာကို ကယ်တင်ခဲ့တာ ကြောင့် ကျေးဇူးတော့ တင်မိပါသည်။

"ရိပ်"

အသံနှင့်အတူ အခန်းထဲဝင်လာသော အန်တီမေကြောင့် ခေါင်း မော့ကြည့်ရင်း ခုတင်ပေါ်မှာ မှောက်လှဲနေရာက လူးလဲထထိုင်လိုက်မိ၏။

"ဘာလဲဟင် အန်တီမေ၊ ဘာပြောစရာရှိလို့လဲဟင်"

"ဒီရက်တွေမှာ သမီး အပြင်သိပ်မထွက်လို့ အန်တီမေ အံ့သြနေ တာ"

အန်တီမေနှုတ်က ထုတ်မေးလာသည်အထိတောင်မှ ရိပ်ဘက်က တည်ငြိမ်နေခဲ့တာ အမှန်။ ရိပ် နှုတ်ခမ်းလေးတွေ ကွန့်ကွေးပြုံးပြရင်း

"အပြင်ထွက်ရတာ ပျင်းလာလို့ အန်တီမေရေ"

"အဟင်း ကောင်းတာပေါ့၊ သမီးအပြင်မထွက်တော့ အန်တီမေ စိုးရိမ်ပူပန်ရ သက်သာသွားတာပေါ့"

"ဟာ အန်တီမေကလည်း သမီးက ဘာတွေလုပ်နေလို့လဲ"

"အဟင်း ဟင်း သမီးရိပ်ကို အန်တီမေက အလိုလို စိုးရိမ်နေတာ ကိုယ့်တူမ ကိုယ့်သမီးမို့ပါကွယ်"

အန်တီမေက ရိပ်နဖူးပေါ်က ဆံနွယ်လေးတွေကို သပ်တင်ပေးရင်း ဆိုသည်။

တစ်ခါတစ်ရံမှာတော့ အန်တီမေရဲ့ ကြီးမားနှောင်တွယ်လွန်းသော



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်တွေကို ရိပ် စာနာသနားမိပါသည်။ တကယ်ဆို အန်တီမေသည် ရိပ်အတွက်တော့ မိခင်တစ်ဦးရဲ့မေတ္တာ အပြည့်အဝပေးခဲ့သူပဲ ဖြစ်သည်။

မိဘတွေ ဆုံးပါးပြီးကတည်းက အန်တီမေ့အရိပ်မှာပဲ ရိပ်ဘဝလေး ရှင်သန်ကြီးပြင်းခဲ့ရသည်။ ဒီကျေးဇူးတွေက ရိပ်တစ်သက် ဆပ်မကုန်ဘူးဆိုတာလည်း နားလည်ပါသည်။

"သမီး"

"ရှင် အန်တီမေ"

"သမီးကို အန်တီမေ အသိပေးတိုင်ပင်စရာရှိလို့"

"ဘာလဲဟင် အန်တီမေ"

"တခြားမဟုတ်ပါဘူးကွယ်၊ သမီးမှာ အချိန်ပိုတွေနဲ့ ပျင်းစရာကောင်းနေတာကို အကျိုးရှိအောင် ဆိုင်လေးတစ်ဆိုင် ဖွင့်စေချင်လို့"

အန်တီမေ့အစီအစဉ်ကို ရိပ် စိတ်ဝင်စားသွားမိသည်။ အန်တီမေကလည်း ရိပ် မျက်ဝန်းတွေထဲကို အကဲခတ်ကြည့်နေရင်း

"ဆိုင်အတွက် အရင်းအနှီးနဲ့ လိုအပ်တာမှန်သမျှ အန်တီ စိုက်ထုတ်ကူညီမယ်၊ သမီးနဲ့ရတီလေးတို့နှစ်ယောက်ပေါင်းပြီး တာဝန်ယူနော်"

အန်တီမေ့အစီအစဉ်က သူမတစ်ယောက်တည်း မဟုတ်ဘဲ ရတီပါ ပါဝင်လာတာမို့ နည်းနည်းတော့ မျက်ခနဲ ဖြစ်သွားမိ၏။ ဒါပေမဲ့ ရိပ် တိတ်ဆိတ်စွာပဲ နားစွင့်နေလိုက်ပါသည်။

"အခုခေတ်လူငယ်တွေ နှစ်သက်မယ့် ဖန်စီပစ္စည်းလေးတွေရောင်းတဲ့ အရောင်းဆိုင်လေးလေ၊ သမီး ဘယ်လိုသဘောရသလဲ"

ရိပ် ချက်ချင်းပဲ သဘောကျသွားမိသည်။ အလှဆင် ဖန်စီပစ္စည်းလေးတွေတဲ့။ လှပလိုက်တဲ့ အန်တီမေရဲ့ စိတ်ကူးပါပဲ။

"တကယ် စိတ်ဝင်စားစရာကောင်းတယ် အန်တီမေ၊ သမီးထင်တောင်မထင်ဘူး။ အရမ်းကောင်းတဲ့ ဆိုင်လေးပဲ"





"သမီး စိတ်ဝင်စားသွားပြီလား"

"တကယ် စိတ်ဝင်စားတယ် အန်တီမေ"

"ဒါဆိုရင် အန်တီမေ စီစဉ်လိုက်တော့မယ်၊ သမီးနဲ့ရတီလေးတို့နှစ်ယောက် ဦးဆောင်ပြီး ဆိုင်ကိုတာဝန်ယူကြပေါ့"

အန်တီမေ့အစီအစဉ်လေးက နှစ်သက်ကျေနပ်စရာကောင်းနေတာမို့ ရတီနှင့်ပူးပေါင်းလုပ်ဖို့ကို ရိပ် မငြင်းချင်ပါ။ ရိပ် ငြင်းလိုက်လျှင် ရတီပဲ လုပ်ခွင့်ရသွားနိုင်သည်။

ဒါဆိုရင် မဖြစ်သေး။ ရိပ် ယုံကြည်နေသော ဒီဆိုင်လေးက အောင်မြင်နိုင်သည်။

"အန်တီမေ့ အစီအစဉ်ကို ရိပ် သဘောတူလက်ခံပါတယ်၊ ရတီ စိတ်မဝင်စားရင်တောင် ရိပ် တစ်ယောက်တည်း လုပ်မှာပေါ့"

"ရတီလေးက စိတ်မဝင်စားဘဲ နေမှာလားကွယ်၊ ဒီ ဖန်စီရှော့ ဆိုင်လေးဖွင့်ဖို့ ရတီကပဲ အန်တီမေကို အကြံပေးတာ"

"ဟင်"

အန်တီမေစကားကြောင့် ရိပ် မျက်ခုံးတန်းတန်းလေးတွေ ကုပ်ကျသွားခဲ့သည်။ လှပပြီး စိတ်ကူးဆန်းသော ဒီအစီအစဉ်က အန်တီမေ့စိတ်ကူး မဟုတ်ဘဲ ရတီ့စိတ်ကူးတဲ့လား။

ဒီလိုမှန်းသိရင် ရိပ်အစောကြီးကတည်းက ငြင်းမိမှာ သေချာသည်။ အခုတော့ ရိပ် ကတိပေးပြီးနေပြီ။

"သမီး လက်ခံလို့ အန်တီမေ ဝမ်းသာတယ်၊ ဒီအစီအစဉ်ကို အန်တီမေ စီစဉ်လိုက်မယ်နော် သမီး"

"ဟို ရတီ့စိတ်ကူးဆိုတော့ ဒီဆိုင်ကို ရတီတစ်ယောက်တည်းပဲ လုပ်ပါစေ အန်တီမေ"

"ဟင် ဘာဖြစ်လို့လဲ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"သူ့စိတ်ကူးနဲ့သူဆိုတော့ ပိုကောင်းတာပေါ့၊ ရိပ်လည်း ကိုယ့်ဘာသာတစ်ခုခုလုပ်ချင်တယ်"

"ဒီဆိုင်အတွက် အစိက အန်တီမေ ရည်ရွယ်ထားတာ သမီးအတွက်ပဲလေ၊ ဒါကြောင့် အရင်းအနှီးကအစ အန်တီမေ စိုက်ထုတ်ပေးတာပေါ့ကွယ်၊ ရတီလေးအတွက်ကတော့ ပူစရာမှမရှိဘဲ၊ သူလေး အသက်နှစ်ဆယ့်ငါးနှစ်ပြည့်ရင် သူ့မိဘတွေပိုင်တဲ့ ကုမ္ပဏီမှာပဲ ဝင်လုပ်ရုံပဲလေ"

အန်တီမေ့စကားတွေက ရိပ်ရင်ထဲကို ထိရှစေခဲ့သည်။ ရတီဘဝနှင့် နှိုင်းယှဉ်တိုင်း ရိပ်ဘဝက အမြဲနိမ့်ကျတာ ကံဆိုးမှုတစ်ခုလား။

"အင်းလေ ရိပ်က ရတီ့ဘဝထက် ကံဆိုးခဲ့သူပဲ အန်တီမေ၊ ဒီဆိုင်က ရိပ်အနာဂတ်ဆိုရင်တောင် ရိပ် လက်မခံနိုင်တာ အန်တီမေရဲ့စိတ်ကူးမဟုတ်ဘဲ ရတီ့စိတ်ကူးဖြစ်နေလို့ပါ၊ တစ်ချိန်မှာအောင်မြင်သွားခဲ့ရင်တောင် ရတီရဲ့လောင်းရိပ်ကြီး မိုးနေတာ ရိပ် မခံနိုင်ဘူး အန်တီမေ"

ရင်ထဲက ခံစားချက်အတိုင်းပဲ ရိပ် ဆိုတော့ အန်တီမေ မျက်နှာပျက်သွားခဲ့သည်။

"သမီးရယ် မဆိုင်ပါဘူးကွယ်၊ သမီးရဲ့ကြိုးစားမှု အရည်အချင်းက သမီးအတွက်ပဲလေ၊ ဘာပဲဖြစ်ဖြစ် ဒီတစ်ခါတော့ အန်တီမေစကားကို သမီး နားထောင်ပေးပါနော်"

ရိပ် ခေါင်းမညိတ် ခေါင်းမခါမိပါ။ အန်တီမေစကားတွေကို မဆန့်ကျင်လိုပေမယ့် ရင်ထဲမှာတော့ ညစ်ညူးနေတာ အမှန်။

ဒီဆိုင်လေးကို ရိပ် စိတ်ဝင်စားပေမယ့် ရတီရဲ့စိတ်ကူးအစီအစဉ်ဆိုသောအချက်က လက်မခံချင်စရာ ဖြစ်နေ၏။

ဒါ ရိပ်ရဲ့အတ္တမာနတွေလို့ပဲ ဆိုချင်ဆို၊ ရတီရဲ့လောင်းရိပ်ကြီးက ရိပ် လွတ်ချင်ပါသည်။

■ ■ ■





သမီးရိပ် ခေါင်းညိတ်လက်ခံခဲ့ပေမယ့် စိတ်ထဲက လိုလားကြည်ဖြူမှုမရှိမှာတော့ သူမ စိုးရိမ်ပါသည်။ ဒါကိုလည်း ရတီကလည်း ရိပ်မိနေခဲ့၏။

"ဒီဆိုင်ကို ရတီ အကြံပေးတာဆိုပေမယ့် ရိပ်တစ်ယောက်တည်းပဲ လုပ်ပိုင်ခွင့်ပေးလိုက်ပါ အန်တီမေ၊ တော်ကြာ ရတီနဲ့အတူတွဲလုပ်ရမှာမို့ ရိပ်က ကျေနပ်မှုမရှိမှာ ရတီ စိုးရိမ်တယ်"

ရိပ်လေးကသာ ရတီ့ကို ပြိုင်ဘက်လို့ရှုမြင်ပြီး မာနအတ္တတွေကင်းနေခဲ့တာ ဖြစ်သည်။ ရတီကတော့ အမြဲတမ်း နားလည်ပေးတတ်တာ သူမအသိဆုံး။ အခုလည်း ဆိုင်ကိစ္စကို ရတီလေး ပြောလာ၏။

"သမီးရယ် ရိပ်လေးကို နားလည်ပါကွယ်၊ အန်တီမေအစီအစဉ်က သမီးကိုလည်း ဆိုင်မှာရှိစေချင်တယ်၊ သမီးနဲ့ရိပ်တို့အတူလက်တွဲပြီး လုပ်ရင်းချစ်ခင်မှု တိုးစေချင်တယ်၊ ရိပ်လေးကို သမီးက အကြီးပီပီ လိုအပ်တာကူညီပေးစေချင်တာ"

"ရိပ်ဘက်က ကြည်ဖြူလက်ခံမှ ကောင်းမှာပေါ့ အန်တီမေ"

"ဘာပဲဖြစ်ဖြစ် သမီးစေတနာကို သူလေး နားလည်လာမှာလို့ အန်တီမေ ယုံကြည်တယ် သမီး"

ရတီ ခေါင်းလေးညိတ်ကာ နာခံသည်။ ထပ်တူ သံယောဇဉ်တွယ်ရသော မွေးစားသမီးတွေဆိုပေမယ့် ရတီလေးကတော့ သူမအတွက် အမြဲတမ်း နာခံလွယ်သော သမီးသာဖြစ်ခဲ့သည်။

"ရတီ အန်တီမေ့စကားအတိုင်း သည်းခံပါ့မယ်၊ ရတီ သွားတော့မယ်နော် အန်တီမေလည်း အိပ်တော့"

အပြုံးနွေးနွေးလေးနှင့် နှုတ်ဆက်ကာ အခန်းထဲက ထွက်သွားသော ရတီ့ကျောပြင်လေးကို ငေးရင်း သူမစိတ်တွေ အတိတ်ငယ်လေးဆီ မျောသွားခဲ့သည်။

သူမဘဝတစ်ခုလုံးကို သံယောဇဉ်ကြိုးတွေထဲက ရုန်းထွက်ခွင့်ထိုင်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ နှလုံးသားမရှိလို့ မဟုတ်ပါ။ နှလုံးသားက အချစ်ဆိုတာ ပေါ်ပေါက်ခဲ့ဖူးတာ ဘယ်သူမှ မသိခဲ့ပါ။

တကယ်ဆို သူမနှလုံးသားက မြတ်နိုးချစ်ခဲ့ရသူဆိုတာကလည်း သူမရဲ့မိဘတွေ မွေးစားခဲ့သော အစ်ကိုအောင်ပဲ ဖြစ်သည်။ သွေးရင်းချာ မောင်နှမတွေမဟုတ်သော ကိုကိုအောင်ကို သူမ သံယောဇဉ်တွေ နှယ်ခဲ့သည်။

ငယ်စဉ်တုန်းကတော့ ဆိုးနွဲ့စရာ အစ်ကိုတစ်ယောက်လို နှလုံးသားက ဖြူစင်စွာ တွယ်ငြိခဲ့ပေမယ့် အရွယ်လေးရောက်တော့ အရောင်ပြောင်းသော သူမနှလုံးသားက ကိုကိုအောင်အပေါ် တိတ်တခိုးတိမ်းမက်ခဲ့သည်။

ဒါပေမဲ့ ကိုကိုအောင်က ညီမရင်းချာလိုပဲ သံယောဇဉ်ရှိခဲ့သလို မေမေတို့ပေးစားသော မိန်းကလေးကိုပဲ လက်ထပ်ဖို့ ခေါင်းညိတ်ခဲ့တော့ သူမနှလုံးသားတွေ လူမသိသူမသိ ခံစားပူလောင်ခဲ့ရ၏။

နှလုံးသားက ဆုံးရှုံးခဲ့ရသော အချစ်အတွက် မေမေတို့က ကြည်ဖြူသူမှန်သမျှကိုလည်း သူမ ခေါင်းခါခဲ့သည်။

သူမဘဝကို အပျိုကြီးဘဝနဲ့ပဲ ရှင်သန်ခဲ့သည်အထိပါပဲ။

ဒါပေမဲ့ သံသရာရေစက်က မဆုံးခဲ့ပါ။ ချစ်ရိပ်ထင်လေးလိုပဲ ကိုကိုအောင်ရဲ့သမီး နှင်းရတီကို စောင့်ရှောက်မွေးစားဖို့ ဖြစ်လာခဲ့သည်။

ကိုကိုအောင်ရဲ့ကိုယ်ပွားအရိပ်ကလေးကို သူမ သမီးရင်းချာလို စောင့်ရှောက်ခဲ့သည်။ တူမအရင်းအချာ ရိပ်နှင့်ထပ်တူရှိခဲ့၏။

ဒါပေမဲ့ ရိပ်ကလေးကတော့ သူမ ကြည်ဖြူသလို ရတီလေးကို မကြည်ဖြူနိုင်ခဲ့ပါ။ အစစအရာရာ သူ့ထက်အလွန်သာသော ရတီကို မခံချင်မာနလေးနှင့် ရိပ်က တုံ့ပြန်တတ်သည်။

သူမရဲ့အချစ်ကို ခွဲဝေယူသွားသူဟုစွပ်စွဲကာ အမြင်မကြည်လင်ခဲ့။





ဒါတွေကို သူမ ဘယ်လိုသဘောပေါက်အောင် ပြောရမည်မသိပါ။

အခုတော့ ဒီကလေးနှစ်ယောက်ကြားမှာ သူမရင်တွေမောရ၏။ အချိန်တန်ရင်တော့ ရတီရဲ့ဘဝလေးက အေးချမ်းစိတ်ချရမှာ ယုံသည်။ ရိပ်ဘဝလေးကိုတော့ သူမ ပိုင်ဆိုင်သမျှနှင့် ပေးဆပ်ပေးမှာပဲဖြစ်၏။

လောကကြီးထဲမှာ မရှိတော့ချိန်မှာတော့ ဒီသမီးလေးနှစ်ယောက် ညီမရင်းချာတွေလို ရှိစေချင်ပါသည်။

သံယောဇဉ်နှင့်နှယ်သော ခံစားချက်တွေက အပူမီးတွေပါလား။ ဒီအပူမီးတွေကိုပဲ သူမ နှောင်တွယ်နေခဲ့ခြင်းဟာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၀)

ဦးသက်နိုင် မျက်နှာမကောင်းဖြစ်နေတာ သိပေမယ့် ပြောရာ[illegible] ကြောင်း မပြောနိုင်။ သူမမှာလည်း သူမသောကတွေနှင့် သူမလေ။ ပင့်သ[illegible] တွေပဲ အခါခါချကာ တိတ်ဆိတ်နေတော့ ဦးသက်နိုင် မနေနိုင်တော့ပါ။

''နိုင်''

လှည့်ကြည့်တော့ မျက်နှာမှာ သောကရိပ်တွေ ဝေနေတာ[illegible] မြင်သည်။ ဒီသောကတွေက သူ့ရင်ထဲထိ ကူးစက်နေတာလည်း အသေ[illegible] ချာ။

''ကိုယ့်ကို ဘာမှပြောစရာစကား မရှိတော့ဘူးလား''

ဘယ်နှကြိမ်မြောက်မှန်းမသိသော ပင့်သက်ကို နိုင့်ဆီမှ ကြား[illegible] ပြန်၏။ ပြီးမှ လေသံတိမ်တိမ်လေးနှင့် ပြော၏။

''ကိုနိုင်ရယ်၊ နိုင် တကယ်ပဲ စိတ်ညစ်ရှုပ်ထွေးနေတာ''

''ကိုယ် သိပါတယ် နိုင်၊ နိုင်စိတ်ရှုပ်သလို ကိုယ်လည်း စိတ်[illegible] ကောင်းပါဘူး။ အမှန်ပြောတာပါ၊ အခုချိန်မှာ ကိုယ်တို့ လူကြီးတွေကိစ္စထ[illegible] နိုင်ရဲ့သားလေးကိစ္စပဲ ကိုယ်ပူနေတာ''





''နိုင်လည်း အရမ်းစိတ်ပူနေတယ် ကိုနိုင်၊ သားက တကယ်ပဲ နိုင့်ကို စိတ်နာသွားသလား မသိဘူး''

''နိုင်ရယ် မိဘနဲ့သားသမီး စိတ်နာနိုင်မလား၊ မစိုးရိမ်ပါနဲ့ သူ နိုင့်ဆီ ပြန်လာမှာပါ''

''အခုပဲ နှစ်ပတ်နီးပါးရှိနေပြီ နောက်ထပ်လည်း ဖုန်းတောင်မဆက်တော့ဘူး''

ဒေါ်မိမိနိုင်ပြောရင်း ငိုသံစွက်လာသည်။ သူ့ရင်ထဲမှာ မချိပါ။ ဒီပြဿနာမှာ သူ့ပယောဂတွေ မကင်းတာသိသည်။ နိုင့်ကို မြတ်နိုးစိတ်နှင့် သက်ထပ်ချင်သည်။

အခုတော့ ဒါကြောင့်ပဲ နိုင့်ရဲ့သား ဘုန်းစကြာက ဆန္ဒပြ အိမ်က ထွက်သွားခဲ့သည်တဲ့။

''ကိုယ့်ဘက်က လိုက်စုံစမ်းနေပါတယ် နိုင်၊ မောင်ဘုန်းစကြာ အဝေးကြီး ထွက်သွားတာ မဖြစ်နိုင်ပါဘူး''

''နိုင်လည်း ဒီလိုပဲ ထင်တယ်၊ ဝေးဝေးသွားစရာ ဆွေမျိုးရင်းချာ ရှိတာ၊ သူ့အဖေဆီလည်း သွားမှာမဟုတ်ဘူး''

''သူ အဆင်ပြေတဲ့တစ်နေရာရောက်နေလို့ နိုင့်ဆီ ဖုန်းမဆက်တာပဲ ဖြစ်မှာပါ''

''သားက နိုင်ထင်ထားတာထက် နိုင်မာပြတ်သားနေခဲ့တာ ကိုနိုင်၊ သူ့တစ်ဝမ်းတစ်ခါးအတွက် သူ့ခြေလက်တွေရှိတယ်တဲ့၊ နိုင်ဆီ ပြန်မလာဘူး ဆိုပြီး ပင်ပင်ပန်းပန်း ရှန်းကန်နေတယ်ထင်တယ်''

နိုင့်စကားကြောင့် သူ တွေဝေသွားရသည်။ ဘုန်းစကြာ အသက် ငယ်သေးသည်။ လောကဓံရဲ့အတွေ့အကြုံတွေကို မခံစားဖူးပါ။ ပင်ပင်ပန်း ပန်းအလုပ်လည်း လုပ်နိုင်မည်မဟုတ်ပါ။

ဒါပေမဲ့ ရှိသမျှ အပေါင်းအသင်း သူငယ်ချင်းတွေအိမ်မှာလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းစကြာ မရှိနေတာက အံ့ဩစရာတော့ ကောင်းလို့နေသည်။

သူတို့ကပဲ မျက်စိမှောက်နေတာလား။ ဘုန်းစကြာကပဲ အပုန်း ကောင်းနေတာလား။ တစ်ခုခုတော့ တစ်ခုခုပါပဲ။

''နိုင့်သားလေး အိမ်ကို အမြန်ဆုံး ပြန်လာစေချင်တယ် ကိုနိုင် ရယ်''

''နိုင် စိတ်ချမ်းသာစေရမယ်ကွာ၊ စိတ်ချပါ''

''ကိုနိုင့်ကို နိုင် အားကိုးပါတယ်၊ အရေးကြီးတာက သားလေး နိုင့်အရိပ်အောက် ပြန်ရောက်ဖို့ပါ၊ သားလေး နားလည်အောင် နိုင် စည်းရုံး မှာပါ''

ဒါ နိုင်ရဲ့ သူ့အတွက် နှစ်သိမ့်စကားလား။ မောင်ဘုန်းဘက်က ပတွေးဆိုတဲ့ အမြင်ကြီးကို သူ ဘယ်လိုရှင်းလင်းပြောရမည်လဲ။

နိုင့်ကို သူချစ်ခဲ့တာ သန့်စင်ြဘာစိတ်နဲ့ ဖြစ်ခဲ့သော မေတ္တာတရားဖြစ် သည်။ ဘယ်မိန်းမကိုမှ စိတ်မဝင်စားဘဲ သူနေခဲ့တာ ဒီအရွယ်အထိပါပဲ။ နိုင်နှင့်ဆုံတော့မှ နှလုံးသားက ခံစားတတ်ခဲ့သည်။

ကလေးတစ်ယောက်မိခင် နိုင့်ကိုယူဖို့အတွက် သူ့ဘက်က ခြိမ်း ဆိုဖျက်ဆီးမည့် သူမရှိပါ။ သူ့ရဲ့တစ်ဦးတည်းသောတူကတောင် ကြည်ဖြူ ခဲ့၏။

''လေးလေးသက် ကြွေသွားတယ်ဆိုတော့ တော်တော်ဆွဲဆောင် မှုရှိတဲ့မိန်းမပဲ ဖြစ်ရမယ်၊ စိတ်ချ ကျွန်တော်ကတော့ အားပေးတယ်၊ လေးလေး သက် မင်္ဂလာပွဲကျရင် ကျွန်တော် သတို့သားအရန် လုပ်မယ်ဗျာ''

အဲဒီလောက်အထိတောင် သူ့တူက ကြည်ဖြူလက်ခံခဲ့သည်။ နိုင့်ရဲ့သားတော်မောင်ကျမှပဲ ပြဿနာက တက်တော့သည်။ ပထွေးဆိုတာ ရာဇဝင်အစဉ်အဆက် မကောင်းခဲ့ဘူးတဲ့လား။

တကယ်ဆို ဖခင်ရင်းဖြစ်တဲ့ မောင်ဘုန်းအဖေကတောင် သူ့





သားအမိကို စွန့်ခွာကာ သူစိမ်းမိန်းမတစ်ယောက် ရင်ခွင်ထဲ ခိုဝင်သွားခဲ့တာပဲ။

''ကိုနိုင် ဘာတွေစဉ်းစားနေတာလဲ''

နိုင် အသံကြားမှ လွင့်သွားသော သူ့အတွေးတွေကို ပြန်ထိန်းချုပ် ရင်း ပင့်သက်ရှိုက်မိပြန်သည်။

''ဟင်း ဘာရယ်မဟုတ်ပါဘူး နိုင်ရယ်၊ နိုင့်သားက ကိုယ့်ကို ပထွေးဆိုတဲ့အမြင်နဲ့ မြင်နေတာကို စိတ်မကောင်းလို့ပါ''

''ကိုနိုင်ရယ် အရမ်းငယ်ပါတယ်၊ အဖေရင်းနဲ့ပတ်သက်တဲ့ဒဏ်ရာ ကလည်း နက်ရှိုင်းနေတော့ မိခင်ကို တခြားယောက်ျားရင်ခွင်ထဲ ဘယ်ထင်မြင် ချင်မှာလဲ''

''အင်း ကိုယ်က ကံဆိုးလွန်းတာပေါ့''

''ကိုနိုင် မေတ္တာစေတနာကို နိုင် အကြွင်းမဲ့ ယုံပါတယ်၊ သားကို လည်း နိုင်ယုံသလို ယုံစေ မြင်ချင်တယ်''

''အင်း ကိုယ့်ဘက်က အစွမ်းကုန်ကြိုးစားမှာပါ၊ အခုလည်း နိုင်ရဲ့ သားသတင်းကို အမြန်ဆုံး စုံစမ်းပေးမှာပါ''

''နိုင် အားကိုးပါတယ် ကိုနိုင်''

နိုင့်ကို နှုတ်ဆက်ပြန်ခဲ့ပေမယ့် စိတ်တွေက ရှုပ်ထွေးနောက်ကျို နေခဲ့၏။ ဒီအချိန်မှာ သတိရမိတာ တူတော်မောင်ကိုပဲ ဖြစ်သည်။ ဘာပဲဖြစ် ဖြစ် ရင်ထဲကခံစားချက်တွေကို ရင်ဖွင့်ရလိုက်လျှင် ကောင်းမည်။

ဒီကောင်က ပျော်ပျော်နေတတ်သူပီပီ သူ့ရင်ကို ပေါ့ပါးသွားအောင် သည်း ပြောတတ်သည်။ အိတ်ထဲက ဟန်းဖုန်းလေးထုတ်ကာ ခေါ်ကြည့် တော့ တော်တော်နှင့် ဖုန်းမကိုင်။

လေးငါးကြိမ်လောက် ခေါ်တော့မှ ဖုန်းကိုကိုင်သည်။

''ဟဲလို ပြောပါ''

''ခွေးကောင် ငါ လေးလေးသက်ပါကွ၊ တကယ်တည်း မင်း



www.burmeseclassic.com

www.burmeseclassic.com



ဖုန်းခေါ်ရတာ တစ်ကမ္ဘာလောက်ကြာတယ်''

''ဆောရီး လေးလေးသက်ရေ၊ ဖုန်းသံကြားရင် ကြောက်နေလို့ တမင်ပိတ်ထားတာ''

''ဘယ်ကအကြွေးရှင်က အကြွေးတောင်းနေလို့လဲကွ''

''ကြွေးရှင်ထက်ဆိုးတဲ့ ရည်းစားဟောင်းတွေကြောင့် လေးလေးသက်ရဲ့ အားလုံးကို စိတ်ကုန်လွန်းလို့ ပစ်ထားတာ၊ ဖုန်းနဲ့နှိပ်စက်နေလို့ ဖုန်းသံကြားရင် ကြောက်နေတာ ဟား ဟား''

''မင်းက တကယ့်အရှုပ်ထုပ်ပဲ၊ အဲဒါ ထားဦး အခု ငါဒုက္ခရောက်နေတယ်၊ အဲဒါ မင်းနဲ့တွေ့ချင်လို့''

''ဗျာ ဘာဖြစ်ပြန်ပြီလဲ လေးလေးသက်ရာ''

''ငါ ရင်ဖွင့်ချင်လို့ကွ၊ အခု မင်းဘယ်မှာရှိသလဲ၊ ငါလာခဲ့မယ်''

''အိုကေ မဟူရာရိပ် ရက်စတောရင့်မှာ''

''ဟုတ်ပြီ ငါရောက်နေတဲ့နေရာနဲ့ ဘာမှမဝေးဘူး၊ ဆယ်မိနစ်အတွင်း အရောက်လာခဲ့မယ်''

ဖုန်းကိုပိတ်ပြီး သူ့ကားကို မဟူရာရိပ်ဘက် ဦးတည်လိုက်သည်။ ဒီနေ့တော့ သူတို့ တူဝရီး ဘီယာချောင်းမှာ မျောကြမည်ထင်သည်။

သီးသန့်အခန်းထဲမှာ သူ့တူတော်မောင်တစ်ယောက်တည်း ရှိနေတာမို့ အဆင်ပြေသည်။

''လေးလေးသက်ရဲ့ မင်္ဂလာပွဲအကြို ပြုစုမှာလား''

''မပြောနဲ့ကွာ ရင်မှာ ခံစားရလွန်းလို့ အဲဒါ ရင်ဖွင့်ဖို့ လာခဲ့တာကွ''

သူ့ရင်ထဲမှာ မွန်းကျပ်နေသော ခံစားချက်တွေအတွက် တူတော်မောင်ကိုပဲ ရင်ဖွင့်ပြောပြမိသည်။ သူ့စကားတွေကို နားထောင်ရင်း တူတော်မောင်က မေးခွန်းထုတ်ပြန်၏။

''လေးလေးသက်ရာ ဒီလောက် ကိုယ့်ဘက်က နားလည်ပေးနေ





တာကို ဒီချာတိတ် နားမလည်ရင် လေးလေးသက် ဘာလုပ်သင့်သလဲ သိလား''

''မသိလို့ ငါ မင်းကို အကူအညီတောင်းနေတာကွ''

''ရှင်းရှင်းလေးပဲဗျာ လေးလေးမိန်းမကြီးကို နိုးပြေးဗျာ၊ ဟား ဟား''

''ဟာကွာ မနောက်ပါနဲ့''

''စတာပါဗျာ၊ ဒါနဲ့ အဲဒီချာတိတ်က အခု အိမ်ကဆင်းသွားတယ် ပေါ့ ဟုတ်လား''

''အေး နှစ်ပတ်ကျော်ပြီ၊ အခုထိ ပြန်မလာသေးတော့ ခိုင့်မှာ သောကတွေဝေနေတယ်၊ မောင်ဘုန်းကို ငါ ရှာပေးနေရတယ်''

''မောင်ဘုန်းဆိုတာ ဘယ်သူလဲ''

''ခိုင့်ရဲ့သား နာမည်ပါ၊ ဘုန်းစကြာတဲ့''

''ဗျာ''

သူ့စကားကြောင့် ဘီယာခွက်ကို မော့သောက်ဖို့ ခွက်ကောက်ကိုင်ပြီးမှ တူတော်မောင် ပြန်ချရင်း မျက်လုံးကြီးပြူးကြည့်သည်။

''ဘာဖြစ်တာလဲ မင်းသိလို့လား၊ ဘုန်းစကြာလေကွာ''

''ဟာ သိရုံဘယ်ကမလဲ လေးလေးရာ၊ အဲဒီ လေးလေးသက်ရဲ့ မိန်းမကြီးသား ကျွန်တော့်အိမ် ရောက်နေတာဗျ''

''ဘာ ဘာကွ၊ တံတိုင်းကျော်''

''အသေအချာပဲ ဒီနာမည်မျိုး နှစ်ယောက်မရှိဘူး၊ အဲဒီညီဘုန်းက အမေနဲ့ ကတောက်ကဆဖြစ်ပြီး အိမ်ကဆင်းလာတာတဲ့''

''ဟေ ဟုတ်လား၊ နေဦး ပုံစံက ဘယ်လိုလဲပြောပြစမ်း''

တံတိုင်းကျော် ရှင်းပြသည့်ပုံက ဘုန်းစကြာမှ ဘုန်းစကြာပဲဖြစ်နေပြီ။ သူ မယုံနိုင်စွာ အံ့သြနေမိရင်း



www.burmeseclassic.com

www.burmeseclassic.com



"သေ သေချာပြီ၊ ပြဿနာပဲ မင်းဆီမှရောက်နေရတယ်လို့၊ မင်း နဲ့ငါ တူဝရီးတွေမှန်း သူမသိလို့ သိရင်နေမှာတောင် မဟုတ်ဘူး"

"အဲဒီလောက်အထိ ဒီကောင်က လေးလေးသက်ကို မုန်းနေသလားဗျာ"

"ပထွေးဆိုတဲ့အသိနဲ့ မုန်းနေတာကွ"

"ဒီကောင်က ဒီလိုလား၊ ရတယ်လေ၊ ဒါဆိုလည်း ကျွန်တော်အိမ်က မောင်းထုတ်လိုက်ရုံပေါ့ဗျာ"

"ဟာ မလုပ်နဲ့ကွ၊ ဒီကိစ္စက အရေးကြီးတယ်၊ သိပ်အရေးကြီးတယ်ကွ၊ နေဦး သူ့ကို မင်းဆီမှာပဲ ဆက်ထားကွာ၊ တစ်ခုတော့ရှိတယ်၊ မင်းနဲ့ငါ တူဝရီးတော်တာ မသိစေနဲ့၊ ငါ နိုင့်ကိုပြောပြပြီးမှ ဘယ်လိုစီစဉ်သင့်သလဲဆိုတာ စဉ်းစားမယ်"

"တကယ့်အရှုပ်ထုပ်ပဲဗျာ၊ ကျွန်တော်က ဘာကူညီပေးရမလဲ၊ ဒီကောင် နားလည်သဘောပေါက်အောင် ပြောပြပေးရမှာလား"

"မလုပ်နဲ့ အခုချိန်မှာ သိကြားမင်းဆင်းပြီး ပြောရင်တောင် ဒီကောင်လက်ခံနိုင်ဦးမှာ မဟုတ်ဘူး၊ မင်းကဆက်ပြီး ထိန်းသိမ်းထား၊ သူ မင်းအိမ်က ထွက်မသွားစေနဲ့"

"ဟာ ဒါတော့ ကတိပေးလို့ရတဲ့ကိစ္စမှ မဟုတ်တာ၊ သူ့စိတ်ကို ကျွန်တော် မပိုင်ဘူး"

"မပိုင်လို့ မရဘူး၊ ရအောင်ကြိုးစားကွာ၊ လေးလေးအတွက် အရေးကြီးတယ်၊ ဒါတော့ မင်းကူညီမှဖြစ်မယ်"

သူ ကသောကမျော တောင်းပန်နေတာကိုကြည့်ပြီး တံတိုင်းကျော် ပင့်သက်ချ ခေါင်းညိတ်သည်။

"သဘောပေါက်ပြီ ဘုန်းစကြာ အိမ်မှာ ပျော်အောင် ကျွန်တော်ထားရမယ်ပေါ့၊ ကောင်းပြီ လေးလေးသက် လက်ရှိမှာတော့ ကျွန်တော့်အိမ်





မှာ သူအလုပ်လုပ်ရတာ ပျော်နေပါတယ်"

"သူက ဘာလုပ်တာလဲကွ"

"ထမင်းချက်၊ သန့်ရှင်းရေး၊ ခြံမာလီ၊ လက်တိုလက်တောင်း ကျွန်တော် အကုန်ခိုင်းတယ်"

"ဟာကွာ ရက်စက်လိုက်တာ၊ အဲဒီလောက်အထိ မင်းခိုင်းရသလား"

"ပြဿနာပဲဗျာ အလုပ်သမားအဖြစ် ခေါ်ထားတာပဲလေ၊ မိန်းကလေးအိမ်ဖော်မလိုချင်လို့ ယောကျ်ားအိမ်ဖော် ရှာထားတာပါ"

တံတိုင်းကျော်စကားက သူ့နားထဲမှာ ကန့်လန့်ကြီးပါပဲ။ နိုင်သာ သိရင်တော့ ရင်ကွဲသွားမလားတောင် မသိပါ။ သူ့ဘက်ကတော့ ဒီကိစ္စကို အကောင်းဆုံးဖြစ်အောင်တော့ စီစဉ်ရမည်။

"မင်းလုပ်ရပ်က လူကြားလို့ မကောင်းဘူးကွာ၊ သူ့အမေသိရင် တကယ့်ပြဿနာ ဒီလိုလုပ်၊ မင်း သူ့ကို အဲဒီအလုပ်တွေ မခိုင်းနဲ့"

"ဟင် ကျွန်တော်က ဘာမှမခိုင်းရတော့ဘူးလား၊ အိမ်ဦးခန်းမှာ တင်ထားရအောင် သက်ကြီးရွယ်အိုလည်း မဟုတ်တာ"

"ဟာ ငါပြောတာ ဒီအလုပ်တွေ မခိုင်းသင့်ဘူးလေ၊ ဒီလိုလုပ်စမ်းပါ၊ မင်းအိမ်မှာ ချက်ပြုတ်ရေးကိစ္စအတွက် လေးလေးအိမ်က ဒေါ်ကျင်ကို လွှတ်ပေးမယ်၊ မောင်ဘုန်းကို မခိုင်းနဲ့၊ သူမရိပ်မိအောင် မင်းစောင့်ရှောက် ခေါ်ထားပေး၊ ပြီးတော့ ဘာဆက်လုပ်သင့်သလဲ လေးလေးနဲ့နိုင် တိုင်ပင် စီစဉ်မယ်၊ မင်း ဒါတော့ လေးလေးကို ကူညီကွာ"

တံတိုင်းကျော် ခေါင်းညိတ်သည်။ မောင်ဘုန်း တံတိုင်းထံရောက်နေခြင်းက သူ့အတွက် ကံကောင်းခြင်းတစ်ခုပါပဲ။ နိုင် သိရင် ဝမ်းသာမှာ သေချာ၏။

ကံမကောင်းခြင်းက သူ့အိမ်က စားဖိုမှူး ဒေါ်ကျင်ကို ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



မောင်အိမ်ပို့လိုက်ရတာကြောင့် သူ့အတွက်တော့ ဆိုးသည်။ မတတ်နိုင်တော့ပါ။ ဝမ်းရေးအတွက် ဆိုင်မှာရှင်း။ လှျော်ဖွပ်ကိစ္စအတွက်တော့ ဒိုဘီဆိုင်ကိုပဲ အားကိုးရတော့မည်။

အရေးကြီးတာက နိုင်နှင့်သူ မဝေးဖို့ပဲ ဖြစ်သည်။

နိုင်ရဲ့သား ဘုန်းစကြာက တူတော်မောင် အိမ်ရောက်နေတာ နိုင်သိရင် အံ့ဩသွားတော့မှာ သေချာ၏။

ကံကြမ္မာက ဆန်းကြယ်လိုက်ပါဘိ။

■ ■ ■



## အခန်း (၁၁)

''ဗျာ အိမ်မှာ ချက်ပြုတ်ဖို့အတွက် လူရှာလာပြီ ဟုတ်လား ကိုတိုင်း''

သူ့စကားကြောင့် ဘုန်းစကြာ မျက်နှာပေါ်မှ စိုးရိမ်ပူပန်ရိပ်တွေ ချက်ချင်း အရိပ်ထင်သွားခဲ့သည်။ သူ့အစီအစဉ်ကို တစ်မျိုးထင်သွားမှာစိုးရိမ်စွာ သူ လက်ကာပြရင်း

''ဟုတ်တယ် တခြား ဘာအကြောင်းမှ မဟုတ်ဘူး။ မင်းချက်ပြုတ်စီစဉ်နေရတာကို ငါစာနာလို့ စီစဉ်လိုက်တာပါ''

''ဒါဆို ကျွန်တော် အလုပ်လုပ်စရာ မလိုတော့ဘူးပေါ့''

''မဟုတ်ဘူးလေ၊ မင်းက ငါ့အတွက် လိုအပ်တယ်၊ ငါမရှိရင် အိမ်မှာ မင်းရှိဖို့လိုတယ်၊ ငါ့ပြဿနာတွေ မင်းဖြေရှင်းပေးနိုင်တယ်၊ မင်းလုပ်ပေးရမှာ ဒါပဲ''

''အဲဒီအတွက်နဲ့ ကျွန်တော် လခတစ်သိန်းကြီးတော့ မယူပါရစေနဲ့''

ဒီလိုကျတော့လည်း ဘုန်းစကြာဆိုသော ချာတိတ်က ရိုးသားလွန်းသည်။ သူ ကျေနပ်စွာပြုံးရင်း



www.burmeseclassic.com

www.burmeseclassic.com



"ယူပါကွာ ငါ သဒ္ဒါလို့ပေးတာပဲ။ မင်းကို ငါညီအစ်ကိုလိုခင်မင်ပါတယ်၊ မင်းရဲ့ရိုးသားမှုကိုလည်း ကြိုက်တယ်"

သူ့စကားကို ဘုန်းစကြာ ယုံသွားခဲ့သည်။ အရေးကြီးတာက လေးလေးဖြစ်စေချင်သည့်အတိုင်း ဘုန်းစကြာ အဝေးကို ထွက်မသွားဖို့ပဲ ဖြစ်သည်။

"ကျွန်တော် ကျေးဇူးတင်ပါတယ် ကိုတိုင်း။ ကျွန်တော့်ကို ပေးထားတဲ့လခနဲ့ ထိုက်တန်အောင်တော့ ကျွန်တော် လုပ်ပေးပါရစေ၊ ခြံထဲမှာ လိုအပ်တာတွေ ကျွန်တော် လုပ်ပေးမယ်"

"ဟာ မလုပ်ပါနဲ့၊ ခြံအတွက် နှစ်ပတ်တစ်ခါ လာရှင်းပေးတဲ့သူ ငါမှားထားတာပဲကွာ"

"အဲဒါ အပိုငွေကုန်ပါတယ်ဗျာ၊ ဘာများထူးထူးခြားခြား ရှင်းလင်းရလို့လဲ၊ ကျွန်တော့်တာဝန်ထား၊ ကျွန်တော် အလကားမတန်မဆ လခ မယူချင်ဘူး"

တော်တော့်ခေါင်းမာသည့် ချာတိတ်ပါလား။ ဒါကြောင့်လည်း လေးလေးသက် ဒုက္ခရောက်နေတာ ဖြစ်မည်။

"အေး မင်းဆန္ဒရှိတယ်ဆိုရင် လုပ်ကွာ၊ မနက်ဖြန်စပြီး ချက်ပြုတ်ရေးကိစ္စအတွက် ဒေါ်ကျင် ရောက်လာလိမ့်မယ် ဟုတ်လား မင်းဘာမှ မလုပ်နဲ့တော့"

ဘုန်းစကြာ ခေါင်းညိတ်ပြီး ထွက်သွားသည်။ သူ ပင့်သက်မောချရင်း နာရီကိုငုံ့ကြည့်မိသည်။ မွေးနေ့ပွဲတစ်ခုတော့ သွားရဦးမည်။ နန်းသီတာရဲ့မွေးနေ့ပွဲကို သူရှောင်လွှဲလို့ မဖြစ်ပါ။

သူ့အနားက အန်းတိတ်ရည်းစားတွေ အကုန်ဖြုတ်တောက်ပြီးမှ နန်းသီတာနှင့် ဆုံတွေ့ခင်မင်ခဲ့တာ ဖြစ်သည်။ ပါးအိုနီနီလေးတွေနှင့် ချစ်စရာကောင်းသော နန်းသီတာကို ဆုံလိုက်ချိန်မှာ သူ့စိတ်တွေ ပြန်နိုးကြားလာ





သည်ဟုပဲ ဆိုရမည်။

အင်း ရည်းစားမရှိတော့လည်း ပျင်းစရာကောင်းလိုက်သည့်အဖြစ်။

"ညီဘုန်း ညီဘုန်း"

"လာပြီ ကိုတိုင်း၊ ဘာခိုင်းစရာရှိလို့လဲဟင်"

"တခြားမဟုတ်ပါဘူးကွာ၊ ဒီမှာ ငါမွေးနေ့ပွဲတစ်ခု သွားရမှာမို့ မင်းကို အကူအညီတောင်းချင်လို့"

"ဘာလဲ ကျွန်တော် အစားသွားပေးရမှာလား၊ အဲဒါတော့ မလုပ်နဲ့ဗျာ"

"ဟာ မဟုတ်ပါဘူးကွ၊ ဒီပွဲက ငါကိုယ်တိုင်သွားမှ ဖြစ်မှာကွ၊ အဟဲ အရေးကြီးတယ်၊ ဒီမှာလေ ဘယ်လောက်ချောသလဲ နန်းသီတာတဲ့"

စားပွဲပေါ်က မွေးနေ့ဖိတ်စာလေးကို ကောက်ယူပြီး ဘုန်းစကြာကို သူထောင်ပြလိုက်မိသည်။ နုညက်အောင်လှနေသော နန်းသီတာရဲ့ပုံလေးကို မြင်ပေမယ့် ဘုန်းစကြာမျက်နှာက မှုန်ကုပ်သွားရင်း

"ဘယ်လိုဖြစ်တာလဲဗျ၊ ကိုတိုင်းပြောတော့ မိန်းမတွေကို စိတ်ကုန်ပြီဆို"

"အာ မိန်းမတွေကိုစိတ်ကုန်တာ မဟုတ်ပါဘူး၊ ရည်းစားတွေကို စိတ်ကုန်တာ၊ ဒါကြောင့် အားလုံးဖြတ်ပစ်လိုက်တာလေကွာ၊ အဟဲ ဒီတစ်ယောက်ကတော့ ငါ့အတွက် Love new ပေါ့ကွာ"

သူ့စကားကြောင့် ဘုန်းစကြာ နှုတ်ခမ်းတွေ ယွဲ့ယွဲ့ပြုံးသည်။

"ဘာပြုံးတာလဲကွ"

"သဘောကျလို့ပါဗျာ၊ ကိုတိုင်းက ရည်းစားတွေ စိတ်ကုန်တယ်ဆိုပြီး အခုရက်ပိုင်းမှာပဲ စိတ်ပြောင်းသွားတာ အံ့သြလို့"

"အချစ်ဆိုတာ ဘယ်တော့မှ ကုန်ဆုံးတယ်မရှိဘူးကွ ညီဘုန်း၊ ဒါနဲ့ မင်းရော ရည်းစားတွေ မထားဖူးဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကိုမဝင်စားတာ"

"ဟား အခ်ဆန်းပဲ အေးလေ မင်းနှလုံးသားက ရင်မခုန်တတ်သေးလို့ပါ။ ကဲ ငါ့ကို မင်းကူညီရမှာ နန်းသီတာမွေးနေ့ပွဲကျရင် ပေးဖို့လက်ဆောင်တစ်ခု ဝယ်ပေးကွာ"

"ဟင် ဘာဝယ်ရမှာလဲ"

"ဟာကွာ မိန်းကလေးအကြိုက် ဖန်စီအလှပစ္စည်းတစ်ခုပေါ့၊ လက်ပတ်ကြိုးဖြစ်ဖြစ် ဖုန်းချိန်းပဲဖြစ်ဖြစ်ပေါ့၊ မင်း ကားမောင်းတတ်သလား"

"မောင်းတတ်ပါတယ်"

"အိုကေ ဒါဆို ငါ့ကားယူသွား။ အခု နာမည်ကြီးနေတဲ့ TWO HEARTS ဆိုတဲ့ ဖန်စီရှော့ဆိုင်လေးက သွားဝယ်ကွာ၊ သိပ်မဝေးပါဘူး"

သူ ကားသော့ကိုကမ်းပေးတော့ ဘုန်းစကြာ လှမ်းယူသည်။

"ရော့ ငွေနှစ်သိန်းယူသွား။ တန်ဖိုးရှိရှိ လှလှပပလေး ဝယ်ခဲ့ကွာ"

ခေါင်းတစ်ချက်ညိတ်ကာ ဘုန်းစကြာ ထွက်သွားတော့ သူ ထမင်းစားခန်းထဲ ဝင်ခဲ့သည်။ တစ်ရေးလောက်အိပ်ပြီး ညနေ ခြောက်နာရီကျင်းပမည့် နန်းသီတာရဲ့ဘတ်ဒေးပါတီ သွားရမည်။

ဘုန်းစကြာကတော့ လက်ဆောင်ဝယ်ဖို့ ထွက်သွားခဲ့ပြီ။

■ ■ ■

အပြီးကောက် ကျည်တောက်စွပ်ဆိုတာ ဒါမျိုးပဲ ဖြစ်လိမ့်မည်ထင်သည်။

ဟိုးရက်ပိုင်းကပဲ မိန်းမဆိုရင် တော်ပါပြီဟု ကြွေးကြော်ခဲ့သူက အခုပဲ နောက်ထပ်အသစ်ကို ချိန်နေပြန်သည်။

ငွေနှစ်သိန်း ရက်ရက်ရောရောပေးကာ မွေးနေ့လက်ဆောင် ဝယ်ခိုင်းလိုက်သည်။ တံတိုင်းကျော်ကို စိတ်ထဲမှာ အမြင်ကပ်နေမိတာ အမှန်။ ကိုယ်တိုင်မဝယ်ဘဲ သူ့ကိုဝယ်ခိုင်းတာမို့ ပညာတော့ပြဖို့ ဆုံးဖြတ်မိသည်။





သူ လမ်းညွှန်လိုက်တာ TWO HEARTS ဖန်စီရှော့ဆိုင်လေးရှေ့မှာ ကားကိုထိုးရပ်လိုက်သည်။

ဆိုင်လေးထဲမှာ လူရှင်းနေတာပဲ ကံကောင်းပါသည်။

"ဘာအလိုရှိပါသလဲရှင်"

ပန်းဆီရောင်ယူနီဖောင်းလေးနှင့် ကောင်မလေးက သူ့ကို ဆီးကြိုရင်းမေးတော့ သူ မှန်ရိုးကေ့စ်ထဲက ဖန်စီပစ္စည်းလေးတွေကို ကြည့်ရင်း

"မွေးနေ့လက်ဆောင်ပေးချင်လို့ ပစ္စည်းတစ်ခုလောက် လိုချင်လို့"

"ဟုတ်ကဲ့ ဟန်းချိန်း၊ ဖုန်းချိန်း၊ ဆံညှပ်အစုံရှိပါတယ်ရှင်၊ စိတ်ကြိုက်ကြည့်ပါနော်"

အရောင်းစာရေးမလေးက အလှပဆုံးပစ္စည်းတွေကို ထုတ်ပြသည်။ ရောင်စုံကျောက်ပွင့်တွေနှင့် ဖန်စီရတနာမျိုးစုံက တစ်မျိုးစီလှသည်။ ဒါမေမဲ့ သူ စိတ်တိုင်းမကျအောင် ဖြစ်နေ၏။

"ကျွန်တော် လိုချင်တာ ဒါမျိုးမဟုတ်ဘူး"

"စိတ်ကြိုက်ရွေးပါရှင်၊ ဒီထက်လှတာတွေ အများကြီးပါ"

"မဟုတ်ဘူး လှတာကိုရွေးတာ မဟုတ်ဘူး"

"ရှင်"

အရောင်းစာရေးမလေး အူတူတူဖြစ်သွားကာ သူ့ကိုကြည့်သည်။ သူ့မျက်ဝန်းတွေက ရှိုးကေ့စ်ထဲမှာ ရှာသည်။ ထိုအခိုက်မှာပဲ အသံချိုချိုလေး သူ့နားထဲ စီးဝင်လာ၏။

"ဘယ်လိုပစ္စည်းမျိုး အလိုရှိလို့ပါလဲရှင်"

"ဟင်"

ဖျတ်ခနဲ မော့အကြည့်မှာ သူ့မျက်ဝန်းတွေ ဝိုင်းစက်အံ့သြသွားမိသလို သူမကလည်း မှတ်မိစွာ မျက်နက်ဝန်းလေးတွေသာမက နှုတ်ခမ်းဖူးဖူးလေးပါ ခပ်ဟဟလေး ပွင့်သွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



မှတ်မိစရာမရှိအောင် သူမမျက်နှာလေးက လှပနုညက်အိစက်နေသည်။ မျက်ခုံးတန်းတန်းလေးတွေ မျက်နက်ဝန်းလေးတွေ၊ နှုတ်ခမ်းဖူးဖူးလေးတွေအားလုံးဟာ ပန်းဝဲဆံညှိလေးတွေနှင့် အပြစ်ဆိုစရာမရှိအောင် လှပလွန်းနေသည်။

ရိပ်ဟု သူ့ရင်ထဲကပဲ ရေရွတ်မိ၏။

"မင်း မင်းနော်"

"ဗျာ"

"မမကို မှတ်မိတယ်မဟုတ်လား၊ မမနာမည်က ချစ်ရိပ်ထင်ပါ၊ တစ်ခါတုန်းက မင်းကူညီခဲ့ဖူးတယ်လေ"

အပြုံးရိပ်တွေ ဖြာလဲ့ပြီး မျက်နက်ဝန်းလေးတွေက အံ့ဩရိပ်တွေ ထင်လျက် ကသောကမျောလေး ပြောလာသည်။ တကယ်ဆို သူ ခေါင်းညိတ်လိုက်သင့်သည်။ ဒါပေမဲ့ ယောင်ယမ်းပြီး ခေါင်းခါမိ၏။

"ဟင်"

အရယ်တို့ ပြယ်လွင့်သွားသော မျက်နှာလေးသည်လည်း မြတ်နိုးစုံမက်စရာ ကောင်းနေခဲ့သည်။ ဒါပေမဲ့ သူ ခါရမ်းမိသောအဖြေကြောင့် ရှက်သွားသော မျက်နှာလေးက ချက်ချင်း နီမြန်းသွားခဲ့ကာ

"ဆောရီး ဒါဆို တို့ လူမှားတာထင်တယ်၊ ကဲ ရှင့်ဘာယူမှာလဲ"

"ဟို အဲ မွေးနေ့လက်ဆောင် ပေးချင်လို့ပါ"

"ဒီမှာ တို့ဆိုင်ကအကောင်းဆုံးနဲ့ တန်ဖိုးအရှိဆုံးပစ္စည်းတွေပဲလေ၊ ရှင် ဘာကြိုက်သလဲ စိတ်ကြိုက်ရွေးပါ"

စကားသံတွေက ချိုသာနေပေမယ့် မာထန်နေသည်ဟု သူထင်ပါသည်။ အရောင်းစာရေးမလေးရှေ့မှာ သူ ခေါင်းခါမိတာကြောင့် သူမ ရှက်သွားသည်လား။

"ဟို အဲ ဒါ ဒါလေးပဲ ပေးပါ"





ယောင်ယောင်အအနှင့်ပဲ မျက်စိရှေ့မှောက်မှာတွေ့သော ဟန်းချိန်းလေးကို သူ လက်ညှိုးထိုးပြလိုက်မိ၏။

"ငြိမ်းစု ရောင်းပေးလိုက်ပါကွယ်"

မမက စာရေးမလေးကို တစ်ချက်ပြောကာ ချက်ချင်းလှည့်ထွက်သွားခဲ့၏။ သူ့ရင်ထဲမှာ စိတ်မကောင်းဖြစ်သွားခဲ့သည်။ တကယ်ဆို ကိုယ်သည်းမှတ်မိနေလျက်နဲ့ ဘာကြောင့် ခေါင်းခါလိုက်မိတာလဲ မသိပါ။

ပြန့်မြင်တွေ့လိုသော မျက်နှာလေးကို ထပ်ပြီး မြင်ခွင့်မရခဲ့တော့ပါ။ အနောက်ဘက်အခန်းထဲကို မမ ဝင်သွားခဲ့သည်။

လက်ဆောင်ပစ္စည်းဘူးလေးကို ကိုင်ကာ သူ ခေါင်းငုံ့ထွက်ခဲ့မိသည်။ ရင်ထဲမှာ လစ်ဟာသော ဝေဒနာကြီးကတော့ စူးစူးနစ်နစ် တိုးဝင်လို့နေသည်။

တကယ့်ကို အသုံးမကျတဲ့ကောင်ပါလား ဘုန်းစကြာ။

မိန်းမသားတစ်ယောက်ရဲ့အရှက်နဲ့သိက္ခာတရားကို မငဲ့ညှာဘဲခင်းလုပ်လိုက်တဲ့လုပ်ရပ်က ဆိုးလိုက်တာ။ မိန်းမတစ်ယောက်နဲ့ ပတ်သက်ပြီးအတွေ့အကြုံမရှိတဲ့ကောင်ရဲ့ ယောင်ယောင်မှားမှား အမှားတစ်ခုက ဖြစ်သင့်ခဲ့လား။

မမရယ် ခွင့်လွှတ်ပေးပါ။

ကယောင်ကတမ်းနှင့် တုန်ခါနေတဲ့ ရင်ခုန်သံတွေကြားက ယောင်ယမ်းခေါင်းခါရမ်းလိုက်မိတာပါ။ မမရိပ်ရဲ့သိက္ခာကို စော်ကားသလို ဖြစ်သွားရှင်။

■ ■ ■

"ဟာကွာ အနက်ရောင်ကျောက်တွေနဲ့ဟာကြီး ဝယ်လာရသလား"

"ဗျာ ဒါ မဟူရာကျောက်လေ ကိုတိုင်းရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လှတော့လှတယ်၊ ဒါပေမဲ့ အနက်ရောင်က နိမိတ်မကောင်းဘူ
ကွ၊ တခြားကျောက်ပွင့်နဲ့ ပစ္စည်းတွေ မရှိဘူးလား"

"အများကြီးရှိပါတယ်၊ ဘာအရောင်လိုချင်လို့လဲ"

သူ ခေါင်းကိုခါရမ်းရင်း မဟူရာကျောက်ပွင့်လေးတွေနှင့် ဟန်းချိန်း
ကို ဘူးထဲပြန်ထည့်လိုက်သည်။

"နေပါတော့ကွာ၊ ငါစိတ်ကြိုက်ပဲ သွားရွေးဝယ်လိုက်တော့မယ်"

ဟန်းချိန်းဘူးလေးကို ကောက်ယူကာ သူထွက်ခဲ့သည်။ ဘုန်းစကြ
ကို အားကိုးပြီး ဝယ်နိုင်းမိခါမှ ဆိုင်ကိုနှစ်ခေါက်ပြန်ရသည့်အဖြစ်။

အင်းလေ သူကိုက မှားတာပါ။

ကိုယ်တိုင်ပဲ သွားသင့်တဲ့ကိစ္စ။ ဘုန်းစကြာလိုကောင်က ဒါမျိုးကိ
တွေ နားလည်မှာမှမဟုတ်တာ။

TWO HEARTS ဖန်စီရှော့ဆိုင်လေးကို သူရောက်တော့ အရင်ဆ
သတိထားမိတာ ကောင်တာအနောက်က ငွေလက်ခံကောင်တာမှာထိုင်နေ
သော မိန်းကလေးကိုပဲဖြစ်သည်။

လှပလိုက်တဲ့မျက်နှာကလေး။ နုညက်နေသော အသားအရေလေ
က ထိရက်စရာတောင် မရှိပါ။ စားပွဲမှာ လက်လေးနှစ်ဖက်တင်ကာ ငေးေ
လေးထိုင်နေပုံက တစ်နေကုန် ထိုင်ကြည့်ချင်လောက်အောင် လှသည်

"ဘာအလိုရှိပါသလဲရှင်"

ကောင်တာက အရောင်းစာရေးမလေး အမေးသံနှင့်အတူ သူ
မျက်နှာလေးက သူ့ဆီအာရုံလွင့်လာသည်။ သူ့ရင်ထဲ လိုက်ခနဲဖိုသွားအော
မျက်နက်ဝန်းလေးတွေက ဖမ်းစားနိုင်သည်။

ဝတ်ဆင်ထားသောအနီရဲရဲဝတ်စုံလေးထက် သူမရဲ့အလှတွေ
ပိုလို့ထင်ရှားတောက်ပလွန်းသည်။

"ကြည့်ပါရှင် ဘာများလိုအပ်ပါသလဲ"





ထပ်မေးနေသော အရောင်းစာရေးမလေးရှေ့ကို သူ ဗိုင်ဘာဘူး
လေးကို တင်လိုက်ရင်း

"စောစောက ကိုယ့်ညီတစ်ယောက် ဝယ်သွားတဲ့ပစ္စည်းလေး
ပြန်လဲခွင့်ရရင် လဲချင်လို့"

"ရှင် ဝယ်ပြီးသွားပစ္စည်း ပြန်လဲမပေးပါဘူးရှင်၊ စိတ်မရှိပါနဲ့"

"ပြဿနာမရှိပါဘူး၊ ဒါဆိုလည်း ကိုယ်လိုချင်တဲ့ ပစ္စည်းအသစ်
ထပ်ဝေးပါ့မယ်၊ ပြပေးပါဦး"

အရောင်းစာရေးမလေးက ကောင်တာထဲက ပစ္စည်းတွေ ထုတ်ယူ
နေတုန်းမှာ အလှနတ်သမီးလေးက သူ့ဆီလှမ်းလျှောက်လာရင်း

"ပစ္စည်းလဲချင်လို့ဆိုတာ စောစောကပဲ ဝယ်သွားတဲ့ပစ္စည်းလား
ရှင်"

"ဟုတ်တယ် ကျွန်တော့်ညီ ဝယ်လာတာ မဟူရာရောင်ဖြစ်နေ
လို့ဗျာ၊ အရောင်မကြိုက်လို့ လဲမရလည်း အသစ်ဝယ်မလို့"

"ရပါတယ် တစ်ဆိတ်လောက်ပြပါ၊ ကျွန်မ စစ်ဆေးကြည့်ပြီး
လက်ခံပါ့မယ်၊ လဲခွင့်ပေးပါ့မယ်၊ ဘာမှမကြာသေးတာ ကျွန်မ မှတ်မိနေ
တယ်"

ပြောပြောဆိုဆို ကောင်မလေးက မဟူရာကျောက်ပွင့်နှင့်ဟန်းချိန်း
လေးကို ဖွင့်ယူကြည့်သည်။ သွေးကြောစိမ်းလေးတွေတောင် မြင်တွေ့နေရ
သော သူမရဲ့ဖော့ဖယောင်းနှယ် လက်ချောင်းသွယ်သွယ်လေးတွေကို သူ
ဆုပ်ကိုင်ထားလိုက်ချင်မိတဲ့အထိပါပဲ။

"စောစောက ဝယ်သွားတာက"

"ကျွန်တော့်ညီလေးပါ"

"အင်း မှတ်မိတယ်၊ ဘောက်ချာထဲမှာ တံတိုင်းကျော်ဖို့တဲ့
နာမည်နဲ့လေ"



www.burmeseclassic.com

www.burmeseclassic.com



"အပွန်း တံတိုင်းကျော်က ကျွန်တော့်နာမည်ပါ၊ စောစောက ကျွန်တော့်ညီက ဘုန်းစကြာ၊ ကျွန်တော်ဝယ်နိုင်းလိုက်လို့ ကျွန်တော့်နာမည် ပေးခဲ့တာပါ"

"ဩော် ဟုတ်ကဲ့ ရပါတယ်၊ ကြိုက်တဲ့ပစ္စည်းနဲ့လဲနိုင်ပါတယ်ရှင်၊ ငွေပိုရင် ပြန်အမ်းပါ့မယ်၊ လိုရင် ရှင်ပေးပါ၊ စိတ်ကြိုက်ရွေးပါ"

အရောင်းစာရေးမလေးတွေ ဘာတစ်ခုမှ ဝင်မပြောတာမို့ အလှနှတ်သမီးလေးက ဆိုင်ပိုင်ရှင်ပဲဖြစ်မည်ထင်သည်။ သူ နီလာရောင် ဟန်းချိန်းလေးနှင့်ပဲ လဲလှယ်ယူလိုက်သည်၊ လိုအပ်သောကျသင့်ငွေကို ထပ်ရှင်းပေးရင်း

"ကျေးဇူးတင်ပါတယ်ဗျာ၊ ဒါ ကျွန်တော့်ညီမဝမ်းကွဲမွေးနေ့အတွက် လက်ဆောင်ပေးမလို့"

မလုံမလဲနှင့် သူရှင်းပြတော့ အလှနှတ်သမီးလေးက အပြုံးလှလှလေးနှင့် တုံ့ပြန်ရင်း

"ဟုတ်ကဲ့ နောက်အလိုရှိရင်လည်း လာခဲ့ပါရှင်၊ စိတ်တိုင်းကျ ဖန်စီပစ္စည်းတွေ ရှိပါသေးတယ်"

"အိုကေ လိုအပ်ဦးမှာပါ၊ ဖန်စီပစ္စည်းတွေကို ကျွန်တော်ကလည်း နှစ်သက်တယ်ဗျ၊ မကြာခဏ ရောက်မှာပါ၊ ကျွန်တော့်နာမည် မှတ်ထားလေ တံတိုင်းကျော်ပါ"

"ဟုတ်ကဲ့ပါ ကိုတံတိုင်းကျော်"

"အာဗျာ နားထဲမှာ ကန့်လန့်ကြီးဗျာ၊ တံတိုင်းလို့ပဲ ခေါ်ပါ၊ ကိုတိုင်းဆိုလည်း ဖြစ်ပါတယ်၊ အပွန်း ဒီဆိုင်ရဲ့ဖောက်သည်တစ်ဦးအဖြစ်သာ ယုံကြည်ထားတော့"

ဆိုင်လေးက ပြန်ခဲ့တော့ TWO HEARTS က အသည်းလေး တစ်ခုက သူ့ရင်မှာတွယ်ငြိပါလာခဲ့သည်။ နန်းသီတာအတွက် ရည်ရွယ်ရင်း ငြိခဲ့သော အလှနှတ်သမီးလေးကိုတော့ သူ မေ့မရပြီ။





"ဟား တကယ် ဟုတ်ထိတဲ့အလှဆိုတာ ဒါမျိုးပဲ ညီဘုန်းရေ၊ အဲဒီဆိုင်ကို ငါ ခဏခဏ ရောက်တော့မှာ သေချာတယ်"

"ဘယ်လို ကိုတိုင်း"

"ဆိုင်ရှင်နှတ်သမီးလေး အလှမှာ ငါငြိသွားပြီကွ"

ဘုန်းစကြာ ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားခဲ့တာ တံတိုင်းကျော်ကတော့ သိမှာမဟုတ်ပါ။ တံတိုင်းကျော် အာရုံက ချက်ချင်းပဲ ပြောင်းလဲလွှယ်လိုက်တာ။ မမဆိုတဲ့ ရိပ်ကို သူတွေ့ခဲ့ပြီပေါ့။

"ကိုတိုင်းပြောတာ ဘယ်သူလဲ"

"နာမည်တော့ မသိဘူး၊ အနီရဲရဲလေးနဲ့ နှတ်သမီးလေကွာ၊ ဟားခင်းက အလှအပကို မခံစားတတ်တော့ ခက်တယ်"

အလှအပကို မခံစားတတ်ဘူးတဲ့လား။ ထင်ရက်လိုက်တာ တံတိုင်းကျော်ရယ်။ တကယ်ဆို မမကို တစ်ခါမြင်ရုံနဲ့ ဒီကောင်ရင်က လှုပ်ခတ်ခဲ့တာပါ။ ဒါပေမဲ့ ခင်ဗျားလို အတွေ့အကြုံမရှိတော့။

ခက်နေပြီ မမရိပ်ရေ။ ဒီကောင်ရဲ့ညံ့ဖျင်းမှုကြောင့် နောက်ကောက်ကျရပြီလား။

ဟင့်အင်း မမကို ဆုံးရှုံးမှာကြောက်တယ်၊ အထူးသဖြင့် တံတိုင်းကျော်ဆိုတဲ့လူလက်ထဲမှာ မမဘဝလေး မကြေမွစေချင်ဘူး။

ဒါ မမကိုချစ်နေတဲ့စိတ်ကြောင့် စိုးရိမ်မိတာလား။ စဉ်းစားပေးပါဦးဗျာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"ဘာ ဘာရယ် ကိုနိုင်၊ သား သားလေးကိုတွေ့ပြီ ဟုတ်လား"

"ဟုတ်တယ် နိုင်၊ နိုင့်သားလေးကို ဘယ်မှာရှိတယ်ဆိုတာ ကိုယ်သိခဲ့ပါပြီ"

"ဘယ် ဘယ်မှာလဲ ကိုနိုင်၊ ပြောစမ်းပါ"

"ကိုယ့်တူရဲ့အိမ်မှာပါ နိုင်"

ဒေါ်မိမိနိုင် အံ့ဩနားမလည်နိုင်စွာ မျက်ဝန်းတွေဝိုင်းစက်သွားသည်။ ဦးသက်နိုင်က အားလုံးကို ရှင်းပြသည်။

"ဒါ ဒါဆို သားလေးကို ဘာလို့ ပြန်ခေါ်မလာတာလဲ ကိုနိုင်ရယ်"

"နိုင် စိတ်အေးအေးထားပါ။ အခုချိန်မှာ မောင်ဘုန်းကို ဘယ်သူမှ ပြန်ခေါ်လို့ မရနိုင်ဘူးလေ၊ သူက နိုင့်ကို စိတ်ဆိုးပြီး ထွက်သွားခဲ့တာဆိုတော့ နိုင်မသိအောင် ပုန်းနေတဲ့သဘောပဲ၊ အခု သူဘယ်မှာရှိတယ်ဆိုတာ နိုင်သိနေပြီပဲ၊ ဘာမှစိတ်ပူစရာ မလိုတော့ပါဘူးကွာ"

ဦးသက်နိုင်က အခြေအနေအားလုံးကို ဒေါ်မိမိနိုင် သဘောပေါက်နားဝင်အောင် ရှင်းပြသည်။





"သူ့အတွက် အားလုံးအဆင်ပြေပါတယ်၊ ကိုယ့်တူကိုလည်း ကိုယ်အားလုံးပြောပြထားတယ်၊ သူ့အတွက် ဘာမှလိုလေသေးမရှိအောင် ကိုယ်ဆိုပေးနိုင်းထားပါတယ်"

"နိုင် သားနဲ့တွေ့ချင်တယ် ကိုနိုင်၊ မတွေ့နိုင်ရင်လည်း ဖုန်းနဲ့ပဲဖြစ်ဖြစ် စကားပြောချင်တယ်"

"နိုင် အဲဒီလိုကြိုးစားရင် မောင်ဘုန်းက ရှောင်ထွက်သွားမှာပေါ့၊ အခု ကိုယ့်တူအိမ်မှာ အားလုံးအဆင်ပြေတယ်၊ သူ ဘာမှသိမထားဘူး။ သိသွားခဲ့ရင် တခြားတစ်နေရာကို ထွက်သွားမှာစိုးရတယ်၊ အဲဒီကျမှ ကိုယ်တို့ရှာဖွေရခက်မှာ နိုင်စဉ်းစားပါဦး"

သူပြောတော့ နိုင် ပင့်သက်လေးရှိုက်ရင်း ခေါင်းညိတ်လက်ခံသည်။ ဘာပဲဖြစ်ဖြစ် သားလေးရှိနေနိုင်သောနေရာကို သိလိုက်ရတာမို့ ဝမ်းသာကျေနပ်စိတ်ချသွားတာတော့ အမှန်။

"သားက သူအခုနေနေတာ ကိုနိုင်ရဲ့တူအိမ်ဆိုတာ မသိဘူးပေါ့"

"ဘယ်သိမှာလဲ နိုင်ရဲ့၊ မောင်ဘုန်းသိရင် အဲဒီက ရှောင်ထွက်သွားမှာစိုးလို့ ကိုယ်တောင် တမင်ရှောင်ပေးနေခဲ့တာပါ"

ဒေါ်မိမိနိုင် ငေးငေးလေး ငြိမ်သက်သွားခဲ့သည်။ တကယ်ပဲ သားက သူမနဲ့အဝေးဆုံးမှာ နေနိုင်ဖို့ ကြိုးစားနေနိုင်ပြီလား။

"နိုင် ဘာဆက်လုပ်ရမှန်းတောင် မသိတော့ဘူး ကိုနိုင်ရယ်"

"လောလောဆယ်တော့ ဘာမှဆက်လုပ်စရာ မလိုဘူးလေ နိုင်၊ မောင်ဘုန်းအတွက် ပူပန်နေတဲ့စိတ်တွေ လျှော့လိုက်တော့၊ သူ့အတွက် အားလုံးအဆင်ပြေနေတာပဲ၊ သူ ကိုယ့်ကို စာနာနားလည်နိုင်အောင် ကိုယ်ကြိုးစားချင်တယ်"

"ကိုနိုင်ရယ်"

"ဟုတ်တယ် နိုင်၊ နိုင်နဲ့ကိုယ့်အပေါ် သား နားလည်နိုင်မှ ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဘဝတွေ နီးစပ်နိုင်မှာလေ''

ကိုသက်နိုင်ကတော့ စိတ်ရင်းအတိုင်း ရိုးသားစွာပဲ ပြောသည် ဒါပေမဲ့ နိုင့်စိတ်ထဲမှာတော့ မောလို့နေသည်။

သူမအရိပ်ကပဲ သားထွက်သွားခဲ့တာ တစ်လနီးပါးရှိနေပြီ၊ တစ်ခါ ဖုန်းဆက်ခဲ့ကာ လုံးဝ အဆက်အသွယ်ဖြတ်ထားခဲ့သည်။ အခုတော့ သား သတင်းကို ကိုသက်နိုင်က သယ်ဆောင်လာသည်။ သား အဆင်ပြေ ရှိနေသည်ဆိုသည့်အတွက် ကျေနပ်ဝမ်းသာမိပေမယ့် သူမကို လုံးဝ အဆက် အသွယ်ဖြတ်တောက်ထားတာတော့ ရင်ထဲမှာ ဝမ်းနည်းမိ၏။

အားလုံး သည်သားအတွက်ပဲ ရည်မှန်းပြီး အကောင်းဆုံး သူမ ကြိုးစားခဲ့တာဖြစ်သည်။ ဒါပေမဲ့ သားရင်ထဲမှာ အထင်လွဲနေတာတော သူမ မရှင်းနိုင်ပါ။

''နိုင် ဘာတွေ တွေးနေတာလဲ''

''ရှင် ဘာမှ မတွေးပါဘူး၊ သားအကြောင်းပဲ စဉ်းစားနေမိတာပါ''

''အေးကွာ မောင်ဘုန်းသာ လက်ခံမယ်ဆိုရင် ကိုယ် အပျော်ဆုံး ဖြစ်မှာ သေချာတယ်''

ဦးသက်နိုင် ဝမ်းနည်းလှိုက်သံနှင့် ညည်းညည်းကလေး ဆိုသည် သံယောဇဉ်တွေနှင့် နိုင်တို့သားအမိအပေါ်မှာ နှောင်တွယ်မိပေမယ့် သူ သံယောဇဉ်ကို မောင်ဘုန်းက နားမလည်နိုင်တော့ အခက်သား။

သားအတွက်နှင့် ပူလောင်နေသော နိုင့်မျက်နှာလေးကိုကြည့်က သူ သနားမိပါသည်၊ ပြီးတော့

သူ့အဖြစ်ကိုလည်း သူ သနားဖို့မေ့နေသည့်အဖြစ်မှာ။

■ ■ ■



## အခန်း (၁၃)

ဆိုင်ရှေ့မှာ ရပ်ထားသော ပရာဒိုနက်ပြာရောင်ကားကြီးကို မြင်လိုက်တော့ ရိုပ်ရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားသည်။

ကားတံခါးဖွင့်ဆင်းလာသူက တံတိုင်းကျော် ဖြစ်နေသည်။ ရိုပ် ပင့်သက်လေး ရှိုက်လိုက်မိပြန်သည်။ ရိုပ်တွေ့လိုတာက တစ်ယောက် ရောက် လာတာက တစ်ယောက်ဖြစ်နေ၏။ ဒါပေမဲ့ ဆိုင်ထဲက အရောင်းစာရေးမ လေးတွေအားလုံးအကြည့်တွေကတော့ တံတိုင်းကျော်ဆီမှာ ငေးမောသွားခဲ့ သည်။

ဂျင်းနက်ပြာဘောင်းဘီကို စပို့ရှပ်အနက်စင်းနှင့် တွဲဝတ်ဆင်ထား သော တံတိုင်းကျော်ပုံစံကတော့ ဘာကယ့်ကို စမတ်ကျ ငေးကြည့်လောက်ပါ သည်။

ကုပ်မထောက်တထောက် ဆံပင်တွေကို တစ်ချက်သပ်တင်ပြီး တပ်ထားသော မျက်မှန်နက်ကို ချွတ်လိုက်ပုံကအစ စတိုင်ကျလွန်းသည်။ ဝင်းမွတ်နုညက်နေသော မျက်နှာနှင့် မြင့်မားသော အရပ်အမောင်းက ဘယ် မိန်းကလေးကိုမဆို နှစ်ခါပြန်ငေးစေလောက်၏။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်ထဲအထိ လှမ်းလျှောက်လာသော တံတိုင်းကျော်အရိပ်မှာ နစ်မျှောငေးနေကြတာ အရောင်းစာရေးမလေးသုံးယောက်တင်မကဘဲ ရတီပါ ပါနေမှန်း ရိပ် သတိထားလိုက်မိသည်။

ဆိုင်ထောင့်စားပွဲလေးမှာ စာရင်းဇယားတွေ တွက်မှတ်နေသော ရတီမျက်ဝန်းတွေက တံတိုင်းဆီမှာ မမှိတ်မသုန် ငေးမောလို့ပါလား။

ရိပ် နှုတ်ခမ်းလေး တွန့်ကာ ပြုံးလိုက်မိသည်။

''ဘာအလိုရှိပါသလဲရှင်''

စုလှိုင်က အပြုံးလေးနှင့် နှုတ်ဆက်ရင်းမေးတော့ ကောင်တာကို ကျော်ပြီး လှမ်းကြည့်သော တံတိုင်းကျော်မျက်ဝန်းတွေက ရိပ်ဆီကို ဖြစ်သည်။

''အင်း လက်ဆောင်ပစ္စည်းလေးတချို့ ဝယ်ချင်လို့ပါ''

တံတိုင်းကျော် မျက်ဝန်းအကြည့်တွေက ရိပ်ဆီက မခွာသေးဘဲ ပြောနေ၏။ ရိပ် ကောင်တာဆီကို လှမ်းလျှောက်ခဲ့ရင်း

''ယူပါ ကိုတိုင်း၊ ဘာလိုချင်လို့လဲ၊ စုလှိုင် ပစ္စည်းလေးတွေ ထုတ်ပြလိုက်ပါ''

''ကိုယ့်ကိုမှတ်မိတဲ့အတွက် ကျေးဇူးတင်ပါတယ်''

သူ့အမည်ကို ရိပ် မှတ်မိနေသည့်အတွက် ကျေနပ်သွားသလို ပြုံးပြုံးလေး ပြောသည်။

''မှတ်မိပါတယ် ကိုတိုင်း၊ မနေ့ကပဲ လက်ဆောင်ပေးဖို့ ဟန်းချိန်း တစ်ခု လာဝယ်သွားခဲ့တာပဲ၊ အဟင်း အခုတော့ရော ဘာလက်ဆောင်ပေး ဖို့ လိုပြန်ပြီလဲ''

ရိပ် ပြုံးပြုံးလေးမေးတော့ တံတိုင်းကျော် အပြုံးရိပ်တွေ မပြယ်သေး သော မျက်နှာနှင့်

''မနေ့က ညီမဝမ်းကွဲမွေးနေ့မို့ လက်ဆောင်ဝယ်ပေးတာ၊ ကျန်တဲ့





ညီမတွေ၊ တူမတွေကပါ ပိုင်းပြီးတောင်းကြလို့ ဝယ်ပေးဖို့ ရောက်လာတာ၊ လုပ်ပါဦး ဒီဖိုင်းလှလှ ဟန်းချိန်းလေး သုံးခုလောက် ရွေးပေးစမ်းပါ မ အဲ''

ရိပ်အမည်ကို သိချင်လို့ တံတိုင်းကျော် စကားရောဖောသော မေးနေမှန်း ရိပ် ချက်ချင်းသိပါသည်။ ရိပ်တို့ကို မျက်တောင်မခတ်တမ်း ငေးကြည့်နေသော ရတီကိုလည်း ရိပ် သတိထားမိနေ၏။

ဘယ်ယောက်ျားကိုမှ စိတ်မဝင်စား မပတ်သက်သည့် ရတီ၊ တံတိုင်းကျော်ကို အာရုံဝင်စားနေပြီလား။

''ရိပ်နာမည်က ချစ်ရိပ်ထင်ပါ''

''ချစ်ရိပ်ထင်''

တံတိုင်းကျော်နှုတ်က ရိပ်အမည်ကို တိုးတိုးလေး ရေရွတ်သည်။

ရိပ် မသိကျိုးကျွန်ပြုရင်း စုလှိုင်ထုတ်ပေးထားသော ဟန်းချိန်းလေး တွေထဲက သုံးခုကို ရွေးထုတ်ပေးလိုက်သည်။

''ဟောဒီဟန်းချိန်းလေးတွေဆိုရင် အဆင်ပြေမလား ကိုတိုင်း''

''အဆင်ပြေတယ် ချစ်ရိပ်၊ ချစ်ရိပ်ရွေးပေးထားတာလေးတွေကို ကိုယ့်ညီမလေးတွေ သဘောကျမှာ သေချာပါတယ်''

''ဒီဖိုင်းလှလှလေးတွေ ရွေးပေးထားတာလေ ကိုတိုင်းရဲ့၊ စုလှိုင် အသေအချာ ထည့်ပေးလိုက်နော်''

''ဟုတ်ကဲ့ မမရိပ်''

စုလှိုင်က ဟန်းချိန်းလေးတွေကို ဘူးလေးတွေထဲ ထည့်ပေးပြီး ကျသင့်ငွေကို ဘောက်ချာဖွင့်ရေးပေးနေသည်။ တံတိုင်းကျော် အကြည့်တွေ က ရိပ်ဆီက မခွာနိုင်သေးဘဲ

''ချစ်ရိပ် ကိုယ့်ကို ချစ်ရိပ်ရဲ့မိတ်ဆွေသူငယ်ချင်းတစ်ယောက်အဖြစ် သတ်မှတ်ပေးနိုင်မလားဟင်''

ဇာတ်လမ်းကတော့ စနေပြီဟု ချစ်ရိပ်သိနေသည်။ ရတီကလည်း



www.burmeseclassic.com

www.burmeseclassic.com



တံတိုင်းကျော်စကားတွေကို မကြားနိုင်ပေမယ့် အကဲခတ်ကြည့်နေခဲ့ဆိုတာ ရိပ် သိနေသည်။

"အဟင်း ခင်မင်နိုင်ပါတယ် ကိုတိုင်း၊ ဆိုင်ကိုလာအားပေးတဲ့ ဖောက်သည်တစ်ယောက်ပဲဟာ၊ ရိပ် ခင်မင်ပါတယ်"

"ဟား ကိုယ် အရမ်းဝမ်းသာတယ်ကွာ၊ ကြုံရင်လာလည်မယ်နော်"

"လာလည်နိုင်ပါတယ် ကိုတိုင်း"

ကျသင့်ငွေကို ရှင်းပြီး တံတိုင်းကျော် နှုတ်ဆက်ပြန်သွားသည်။

အားလုံးရဲ့အကြည့်တွေ တံတိုင်းကျော်ဆီ လွင့်ပါသွားပေမယ့် ရိပ်ကတော့ တမင်မကြည့်ဘဲ ကြိတ်ပြုံးလိုက်မိသည်။

ကံကြမ္မာက နည်းနည်းတော့ ခွေပတ်နေပြီ။

ရိပ် စိတ်အာရုံက ပတ်သက်ချင်နေတာ ဘုန်းစကြာကိုပါ။

ဒါပေမဲ့ ရိပ်ကို လာရစ်ခွေနေတာက တံတိုင်းကျော် ဖြစ်လို့နေသည်။

တံတိုင်းကျော် ပြောတာတော့ သူ့ရဲ့ညီတဲ့။ အရင်းအချာတော့ မဟုတ်နိုင်ဟု ထင်သည်။

ဘာပဲဖြစ်ဖြစ် ဘုန်းစကြာရဲ့အကြောင်းတွေကို သိနိုင်ဖို့အတွက်တော့ တံတိုင်းကျော်က လိုအပ်သည်။

ရိပ် အာရုံထဲမှာ နစ်ဝင်နေတာ ဘုန်းစကြာဆိုတဲ့ ကောင်လေးပါပဲ။

ရိပ်ကို မှတ်မိနေလျက်နဲ့ တမင်မသိကျိုးကျွန် ပြုသွားခဲ့တာ ဘာသဘောလဲ။

ရိပ်ကို ကူညီခဲ့တဲ့ ကျေးဇူးတရားတစ်ခုရှိပေမယ့် ဘုန်းစကြာရဲ့ အပြုအမူတွေကတော့ ရိပ်ကို ခံရခက်စေတာ အမှန်ပဲဖြစ်သည်။

မင်းရဲ့အကြောင်းတွေကို တို့ သိချင်နေတယ် ဘုန်းစကြာ။

■ ■ ■



## အခန်း (၁၄)

"နာမည်လေးက ချစ်ရိပ်ထင်တဲ့ကွာ၊ တကယ် လူနဲ့နာမည် လိုက်တယ်၊ သူနဲ့ ဆုံစည်းခွင့်ပေးလာတဲ့ ကံကြမ္မာကိုတော့ ငါ တကယ် ကျေးဇူးတင်သွားပြီ"

ထမင်းဝိုင်းမှာ စထိုင်ကတည်းက ဒီအကြောင်းတွေပဲ တံတိုင်းကျော် မနားတမ်းပြောနေတာ ဖြစ်သည်။ နားမထောင်ချင်ပါဘဲ နားထောင်နေရသော ဝဋ်ဒုက္ခဆိုးကြီးကို သူ ခံစားနေရ၏။

စားနေရသည့် ထမင်းနဲ့ဟင်းရဲ့ အရသာကို မခံစားနိုင်ပါဘဲ သူ မျိုချနေရသည်။

"ငါ ပတ်သက်ဖူးတဲ့ ကောင်မလေးတွေနဲ့ မတူအောင် သူက ထူးခြားတယ် ညီဘုန်း၊ သိလား"

ကြက်အသည်းတစ်ဖတ်ကို ခက်ရင်းနဲ့ထိုးစိုက်ပြီး ကောက်ယူစားနေသော တံတိုင်းကျော်ကိုကြည့်ကာ သူ အမြင်ကတ်လာမိသည်။ မိန်းကလေးများစွာရဲ့အသည်းကို ခွဲခဲ့သူက ဒီစကားပြောတာ ဘယ်လိုယုံရမှာလဲ။

"အခုကိစ္စမှာ မင်းရဲ့ကျေးဇူးလည်းပါတယ် ညီဘုန်း၊ မင်းသာ



www.burmeseclassic.com

www.burmeseclassic.com



ငါ ဝယ်နိုင်းတဲ့လက်ဆောင် အရွေးမမှားခဲ့ရင် ငါတွေ့ဖို့ ဖြစ်လာမှာမဟုတ်ဘူး ကွ၊ မင်းမှားလာတော့ ငါနဲ့ဆုံဖို့ ဖြစ်လာတာလေ''

သူ့ရင်ထဲအထိ ထိရှစေသော စကားကို တံတိုင်းကျော် ပြောနေပြန်သည်။ ဒီအကြောင်းကိုတွေးမိတိုင်းလည်း ကိုယ့်ကိုယ်ကိုယ် ဒေါသဖြစ်ရသည်။

ရိုပ်ဆိုတဲ့ မမကို တံတိုင်းကျော်နှင့် ဆုံတွေ့နိုင်အောင် သူကပဲ ဖူးစာရေးနတ်လုပ်လိုက်ရသလို ဖြစ်နေသည်။

''အဒီ ကျေးဇူးအတွက် မင်းကို ငါ လက်ဆောင်တစ်ခုပေးမယ် ညီဘုန်း''

''ရပါတယ် ကျွန်တော် ဘာမှမလိုချင်ပါဘူး ကိုတိုင်း''

ဒီအတိုင်း ငြိမ်နားမထောင်ချင်တာမို့ ပြောမိတော့လည်း မရပါ။

''မလိုချင်လို့မရဘူးကွာ၊ ငါက ကျေးဇူးတင်လို့ ဝယ်ပေးမှာ၊ မင်းအတွက် လက်ဆောင်ဝယ်ပေးရင်း ချစ်ရိပ်လေးဆိုင်ကို ထပ်သွားနိုင်တယ်လေ ကွာ''

ကြည့်စမ်း ကိုယ့်နာမည်ကို အသုံးချပြီး ဇာတ်လမ်းဆက်ဖို့ ကြံစည်နေသည့်အဖြစ်က ဘယ်လောက်ထိ ခံရခက်လိုက်ပါသလဲ။

''ဘာလုပ်မလို့လဲ ကိုတိုင်း။ ကျွန်တော်က အဲဒီဆိုင်က ဘာပစ္စည်းကိုမှ မကြိုက်တာ၊ မိန်းမအသုံးအဆောင်တွေပါဗျာ''

''ဖန်စီပစ္စည်းတွေဆိုတာ မိန်းမအသုံးအဆောင် မဟုတ်ပါဘူးကွ ယောကျ်ားလေးတွေလည်း ဆင်လို့ရပါတယ်''

''ကျွန်တော် အဲဒါတွေမှ ဝါသနာမပါတာ''

သူ ယတိပြတ် ငြင်းဆိုနေတော့ တံတိုင်းကျော် စိတ်ပျက်သလို ခေါင်းကို ခါရမ်းနေသည်။

''ညီဘုန်းရာ မင်းက လူငယ်တစ်ယောက်ဖြစ်ပြီး လူငယ်မဆန်





လိုက်တာ၊ မင်းကို ငါ ဘယ်လိုပြောင်းလဲအောင်လုပ်ရမလဲ''

''ဘယ်လိုမှ ပြောင်းလဲအောင်မလုပ်ပါနဲ့ ကိုတိုင်း၊ ကျွန်တော် ဒီလိုပဲ နေတတ်တယ်''

''နေပါဦး ညီဘုန်း၊ မင်း ငါ့အိမ်ကိုရောက်နေတာ တစ်လတောင် ကျော်နေပြီ၊ မင်းအကြောင်းကို ငါ ဘာမှမသိရသေးဘူး''

ပြဿနာက ကိုယ့်ဘက်ကို ပြန်ဦးလှည့်လာသည်။ ကိုယ့်မိသားစု အရေးကိစ္စတွေကို ဘာမှမပြောချင်။ ဒါပေမဲ့ အလိုက်ကမ်းဆိုးမသိသော တံတိုင်းကျော်ကတော့ မေးဖို့ ကြံစည်နေ၏။

''ညီဘုန်း မင်းမှာ မိသားစုရှိလား''

''မရှိဘူး ကိုတိုင်း၊ ကျွန်တော့်အမေပဲ ရှိတာ''

မေးနေတော့လည်း မပြောလို့မဖြစ်ပြန်ပါ။ လတ်တလောမှာ ကိုယ်က သူ့အိမ်မှာ နိုကပ်နေရသည့်သူ။ သူ့ရဲ့အလုပ်သမားလို့ပဲ ပြောရမည်။ အလိုက်အထိုက်တော့ ပြန်ဖြေရ၏။

''ဟုတ်လား ဒါဆို မင်းကံကောင်းတာပဲ၊ ငါ့မှာဆို အဖေအမေ မိသားစု ဘာမှမရှိဘူး၊ တကယ့် တစ်ကောင်ကြွက်ပဲ၊ အဲ ဦးလေးတစ်ယောက် ပဲရှိတာ''

ကိုယ့်အကြောင်းတွေမေးရင်း ကိုတိုင်းက သူ့အကြောင်းတွေပါ ပြောနေပြန်သည်။ ဘာပဲဖြစ်ဖြစ် ရိပ်ဆိုသော မမဆီက အာရုံပြောင်းသွားတာကိုပဲ ကျေးဇူးတင်ရတော့မည်။

နို့မို့ ကိုယ့်မှာ နာကျင်ခံရခက်စွာနှင့် ငြိမ်နားထောင်နေရတာ ဆိုးသည်။

''မင်းအမေဆီ မင်းမပြန်ဘူးလား ညီဘုန်း၊ မင်းငွေလေးဘာလေး ထောက်ပံ့ချင်ရင် ငါ့ဆီက လစာငွေ ကြိုထုတ်သွားလေ''

''ဟင့်အင်း ရတယ်၊ ကျွန်တော့်အမေက ကျွန်တော့် ထောက်ပံ့



www.burmeseclassic.com

www.burmeseclassic.com



စရာမလိုအောင် အဆင်ပြေပါတယ်''

''ဟင် ဒါဆို မင်းက ဘာလို့ ငါ့ဆီလာပြီး ဒီအလုပ်တွေလုပ်နေတာလဲ''

''ကျွန်တော် အိမ်မှာမနေချင်လို့ ဆင်းလာတာ ကိုတိုင်း''

''ဟုတ်လား ဘာဖြစ်တာလဲကွာ၊ အမေဆိုတာ တကယ်ကြီးမြတ်တာနော်၊ အနန္တဂိုဏ်းဝင်ပဲ၊ ငါ့မှာ မိဘတွေမရှိတော့ မိဘမေတ္တာကို အမြဲငတ်မွတ်တောင့်တခဲ့တာကွ''

ပြောရင်းနှင့် သူ့ခံစားချက်တွေကို တံတိုင်းကျော် ဝေးနေပြန်သည်။ သူ ငြိမ်သက်စွာနားထောင်ရင်း မာမို့ကို သတိရလာပြန်သည်။ မာမို့ကို သူ ဥပေက္ခာပြုခဲ့တာ ကြာပြီ။

''ညီဘုန်း ဘယ်တော့မှ အမေကို စိတ်ဆင်းရဲအောင်မလုပ်နဲ့ကွ၊ ကိုယ် မင်းကို ကိုယ့်ညီတစ်ယောက်လို ခင်မင်လို့ပြောတာနော်၊ ဒါနဲ့ မင်းက ဘာလို့ အိမ်ကဆင်းလာရတာလဲ''

မပြောချင်သောအဖြေကို မေးခွန်းထုတ်နေပြန်သည်။ သူ စားလက်စ ထမင်းပွဲကို လက်စသတ်လိုက်ရင်း

''ကျွန်တော် တောင်းပန်ပါတယ် ကိုတိုင်း၊ အဲဒီအကြောင်းတွေ မပြောချင်လို့ပါဗျာ၊ ကျွန်တော့်မှာလည်း ကျွန်တော့်ခံစားချက်နဲ့ပဲ''

ပြောပြီး သူ ထမင်းစားပွဲဝိုင်းက ထထွက်ခဲ့တော့ တံတိုင်းကျော် တစ်ယောက်တည်း တိတ်ဆိတ်စွာ ကျန်ရစ်ခဲ့သည်။

ထင်ချင်သလို ထင်စေတော့၊ မာမီနှင့်ပတ်သက်သော ဝေဒနာတွေကို မေ့ထားချင်ပေမယ့် ကိုတိုင်းကြောင့် အသစ်ပြန်ဖြစ်လာတာ အမှန်။

ညှော်ခန်းထဲအထိ ဆင်းခဲ့ရင်း တယ်လီဖုန်းကိုမြင်တော့ မာမို့ကို သတိရစိတ်က ရင်ထဲမှာ တရိပ်ရိပ်တိုးလာသည်။ ခြေလှမ်းတွေက မရည်ရွယ်ပါဘဲ ဖုန်းအနားကို ရောက်ခဲ့သည်။





ဖုန်းခွက်က နံပါတ်တွေကိုနှိပ်ပြီး တစ်ဖက်ကအသံကို နားထောင်ိုက်မိသည်။

''ဟဲလို''

''မိညိုလား ငါ ကိုဘုန်းပါ''

''ဟင် အစ်ကိုလေး၊ အစ်ကိုလေးလား၊ ခဏကိုင်ထားနော် မေမေကြီး အခန်းထဲမှာရှိတယ်''

''နေဦး မိညို၊ မခေါ်နဲ့ ငါ မေးစရာရှိလို့၊ မာမီနေကောင်းလား''

''ဟုတ်ကဲ့ အဲ အစ်ကိုလေးမရှိတော့ မေမေကြီး မျက်နှာမကောင်းဘာတော့ အမှန်ပဲ အစ်ကိုလေး''

မိညိုစကားကြောင့် ရင်ထဲမှာတော့ မကောင်းပါ။ ပင့်သက်ကိုင်းမျှင်းနိုးချရင်း မိညိုကို မှာရ၏။

''မာမို့ကို နင် ဂရုစိုက်နော် မညို''

''ဟုတ်ကဲ့ အစ်ကိုလေး၊ ပြန်မလာသေးဘူးလားဟင်''

''ငါ ပြန်လာလို့ မရသေးဘူး၊ ဒါနဲ့ အိမ်ကို အန်ကယ်ဦးသက်နိုင်ဘာသေးလား မိညို''

''မနေ့က ခဏလာတယ်၊ မေမေကြီး နေကောင်းလား လာမေးဘာတဲ့''

ဒါဆို မာမီနှင့်ဦးသက်နိုင် စာရင်းမပြတ်သေးတာ သေချာသည်။ လုပ်ငန်းကိစ္စ၊ လူမှုရေးကိစ္စ အပြီးပြတ်အောင် မာမို့ကိုပြတ်စေချင်သမယ့် မာမီအခြေအနေက ခက်ခဲနေမှာတော့ သူ နားလည်ပါသည်။

''မိညို ငါ ဖုန်းဆက်တာ မာမီ မသိစေနဲ့နော်''

''ရှင် ဟုတ်ကဲ့၊ ဟို အစ်ကိုလေးရော နေကောင်းလားဟင်''

''ကောင်းတယ် ငါ့အတွက် ဘာမှမပူနဲ့၊ မာမို့ကိုပဲ ဂရုစိုက်၊ ကဲဒီ''



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး ဖုန်းကို ပြန်ချပစ်လိုက်သည်။ မာမီနေကောင်းတာ သိလိုက်ရတာမို့ စိတ်ထဲက ကျေနပ်အေးချမ်းသွားတာတော့ အမှန်။

မအိပ်ချင်သေးပေမယ့် အိပ်ခန်းထဲ လှမ်းဝင်ခဲ့သည်။ ကိုတိုင်းနှင့်ဆုံလျှင် မကြားချင်တာတွေ ကြားနေရဦးမည်။ တကယ်ဆို ကိုယ့်မှာကကိုယ့်ဘဝနှင့်ကိုယ်ပဲ ဖြစ်သည်။

တံတိုင်းကျော်ရဲ့ဘဝနဲ့ကိုယ်က တူညီတာမှ မဟုတ်တာ။ အသေးအချာတွေးကြည့်တော့ ကိုယ့်ဘဝက ကံဆိုးလွန်းသည်ဆိုရမည်။

မာမီနှင့်ပတ်သက်ပြီးတော့လည်း အလိုမကျမှုတွေ ပိုင်ဆိုင်ခဲ့သည်။ တစ်သက်မှာတစ်ခါ ရင်ထဲက ငြိတွယ်ချင်မိသော မိန်းကလေးနှင့်ပတ်သက်လာပြန်တော့လည်း အခုတော့ သူ့အဖြစ်က နောက်ကျရပြန်ပြီလား။

အချစ်ဆိုတာ ဘာလဲ။

ဘဝမှာ တစ်ခါမှ မကြုံမခံစားဖူးပါ။

ရိပ်ဆိုသော မမနှင့်ဆုံလိုက်တော့မှ သူ့နှလုံးသားက လှုပ်ခတ်ဖူးတာတော့ အမှန်။

ဒါ အချစ်ဆိုသောအရာပဲလား။

သူ အသေအချာ နားမလည်နိုင်သေးတာတော့ အမှန်ပဲဖြစ်သည်။

■ ■ ■



## အခန်း (၁၅)

နက်ပြာရောင် ပရာဒိုကားကြီး ဆိုင်ရှေ့ကို ထိုးရပ်လာကတည်းက ရတီ့ရင်ထဲ လှိုက်ခနဲ ခုန်သွားသည်။

ကားတံခါးဖွင့်ဆင်းလာသော သူ့ကို မြင်လိုက်တော့ ရတီ့ရင်တွေ ဒိုင်းဒိုင်း ခုန်သွားတာ ချုပ်ထိန်းမရတော့ပါ။

တံတိုင်းကျော်တဲ့။

နာမည်က ထူးခြားသလို သူ့စတိုင်နှင့် ရုပ်သွင်ကလည်း ဖမ်းစားနိုင်စွမ်းပါသည်။

အမြဲတမ်း စမတ်ကျနေသော ဝတ်စားဆင်ယင်မှုနှင့်အတူ သူ့မျက်နှာပေါ်က အပြုံးတွေကလည်း အစဉ်ချိုမြနေတတ်တာကိုပဲ ရတီ နှစ်သက်နေမိသည်။

ဆိုင်ထဲကို တစ်လှမ်းချင်း လှမ်းဝင်လာသော သူ့ကို ရတီ ငေးကြည့်နေတုန်းမှာ အခန်းထဲက ရိပ် ထွက်လာတာ မြင်သည်။ ခုန်နေသော ရတီ့ရင်ခုန်သံတွေ တွန့်ခနဲဖြစ်ကာ မလုံမလဲ အကြည့်တို့ ပြန်ရုပ်သိမ်းမိ၏။

''ဟော ကိုတိုင်း ဘယ်ကလှည့်လာတာလဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီကိုပဲ တမင်လာတာ၊ ကိုယ့်ညီအတွက် ဖန်စီလက်ဆောင်တစ်ခု လောက် လိုချင်လို့ပါ"

တံတိုင်းကျော်ကတော့ ရောက်လာတိုင်း အကြောင်းပြချက်က နိုင်လုံပြီးသား ဖြစ်၏။

"ကိုတိုင်းညီအတွက် ဟုတ်လား"

"ဟုတ်တယ်လေ ချစ်ရိပ်ရဲ့၊ ဟိုးတစ်ခါ ဒီဆိုင်ကို အရင်ဆုံး လာတဲ့သူလေ၊ ချစ်ရိပ် မှတ်မိပါ့မလားမသိဘူး"

"မှတ်မိပါတယ် ကိုတိုင်းရဲ့၊ တကယ့် အူတူတူလေးလေ၊ တစ်ဆိုင် လုံးက ပစ္စည်းတွေ စိတ်ကြိုက်ကြည့်ပြီး ရွေးဝယ်သွားတာတောင် နောက် တစ်ခေါက်ပြန်လာရအောင် လုပ်သွားတဲ့သူမဟုတ်လား"

"အဟွန်း ဟုတ်တယ် ဟုတ်တယ် ချစ်ရိပ်၊ ဒီကောင်က တကယ့် လူရိုးလူအေး အူတူတူပဲ"

ရိပ်နှင့်တံတိုင်းကျော်တို့ကတော့ ရင်းနှီးစွာ စကားတွေပြောနေကြ သည်။ ရတီမှာသာ သူတို့နှစ်ယောက်စကားတွေကို နားထောင်ရင်း ငြိမ်သက် နေရသည်။

"ဒါနဲ့ ကိုတိုင်းနဲ့သူက ညီအစ်ကိုရင်းတွေလားဟင်"

"မဟုတ်ဘူး ရိပ်ရဲ့၊ ဘာမှမတော်ဘူး"

"ဘယ်လို ဘာမှမတော်ဘူး"

ရိပ်က စိတ်ဝင်စားသွားသလို မေးသည်။ တံတိုင်းကျော်ကလည်း လာရင်းကိစ္စကို မေ့သွားသလို အားလုံးရှင်းပြနေသည်။ သည်တော့မှ ဘုန်းစကြာဆိုသော ကောင်လေးတစ်ယောက်ကို တံတိုင်းကျော် ကျည် စောင့်ရှောက်ပေးထားမှန်း သိလိုက်ကြရတာ ဖြစ်သည်။

"ဒါဆို ကိုတိုင်းက အိမ်ပြေးကောင်လေးတစ်ယောက်ကို ကျည် လက်ခံပေးထားတာပေါ့လေ"





"ဖာတ်လမ်းတွေက အဲဒီထက် ရှုပ်ထွေးတယ် ချစ်ရိပ်ရဲ့၊ နောက်မှပဲ ပြောပြတော့မယ်"

"မမရိပ် ဒီမှာ ဘယ်ပစ္စည်းယူမှာလဲဟင်"

"ကိုတိုင်းညီအတွက်ဆိုတော့ ရိပ် လိုက်ဖက်မယ့်အရောင်နဲ့ ဒီဇိုင်း ရွေးပေးမယ်နော်"

"အင်း ချစ်ရိပ် စိတ်ကြိုက် ရွေးလိုက်ပါ"

ရိပ်က တံတိုင်းကျော်လိုချင်သော ဖန်စီလက်ပတ်လေးကို ရွေးချယ် ပေးနေသည်။ ရတီမျက်ဝန်းတွေက တံတိုင်းကျော်ကို စိုးကြည့်နေမိဆဲ။

အပြစ်ဆိုရက်စရာမရှိအောင် ချောမောလွန်းသည့် မျက်နှာက ရတီကို ယောင်လို့တောင် လှည့်မကြည့်ဘဲ ရိပ်ကိုပဲ အာရုံရောက်နေသည်။ ဘာကြောင့်မှန်းမသိ ရတီရင်ထဲမှာ ရိပ်အပေါ် ပထမဆုံး မနာလို ဝန်တိုခြင်း တွေ ဖြစ်သွားမိ၏။

"ကျေးဇူးပဲ ရိပ်၊ ကိုယ်ဝယ်တိုင်း ချစ်ရိပ်က အဆင်ပြေအောင် ရွေးပေးတတ်တဲ့ ကျေးဇူးအတွက်တော့ တစ်ခုခုတော့ ကျွေးပါရစေ၊ ဟို ချစ်ရိပ် အားတယ်မဟုတ်လားဟင်"

"အားပါတယ် ဒါပေမဲ့ ကိုတိုင်း ပြုစုစရာ မဟုတ်ဘူးလေ၊ ချစ်ရိပ် ကပဲ ကျွေးမွေးရမှာပေါ့"

နှစ်ယောက်သား တစ်ယောက်နှင့်တစ်ယောက် အတိုင်အဖောက် ညီညီ ပြောနေကြတာကြည့်ရင်း ရတီကတော့ ပွဲကြည့်ပရိသတ်လို ဖြစ်နေ၏။

"ရတီ ရိပ် အပြင်ခဏလိုက်သွားဦးမယ်နော်"

ခေါင်းညိတ်လိုက်မိသလား၊ ခေါင်းခါလိုက်မိသလား ရတီကိုယ်တိုင် တောင် မသိလိုက်ပါ။ ပိုက်ဆံအိတ်လေး ကောက်ယူကာ ရိပ်ကတော့ တံတိုင်းကျော်နှင့်အတူ ပါသွားခဲ့သည်။

အရောင်းစာရေးမလေးသုံးယောက်စလုံး အားကျသလို ငေးကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေကြချိန်မှာ ရတီရင်ထဲမှာ လစ်ဟာသွားသလိုပါပဲ။

ယောက်ျားလေးတွေနှင့်ပတ်သက်လျှင် အမြဲတမ်း ရိပ်က ကံကောင်းလွန်းသည်ထင်သည်။

ဒီတစ်ခါတော့ ရိပ်ကို ရတီ ပထမဆုံးအကြိမ် အားကျမိခဲ့ပြီ။

■ ■ ■

ဆင်ဝင်အောက်ကို တံတိုင်းကျော်၏ ပရာဒိုကားကြီး ထိုးရပ်တော့ သူ ညှော်ခန်းထဲက ဆိုဖာပေါ်မှာ ထိုင်နေချိန်ဖြစ်သည်။

ကားတံခါးဖွင့်ဆင်းလာသော တံတိုင်းကျော်နှုတ်က လေချွန်သံလေး တရှီရှီနှင့် အပျော်တွေဝေနေသည်။ ထိုင်နေသော သူ့ကိုမြင်တော့ လေချွန်သံ တိခနဲရပ်သွားပြီး အပြုံးရိပ်တွေ လွှမ်းသောမျက်နှာနှင့် လျှောက်လာ၏။

"ညီဘုန်း ဒီမှာ မင်းအတွက်"

ကမ်းပေးနေသော ဘူးနက်လေးကို သူ မျက်မှောင်ကုတ်မော့ကြည့်ရင်း

"ဘာလဲ ကိုတိုင်း"

"ဖန်စီ လက်ပတ်လေးပါကွာ၊ မင်းအတွက် ငါဝယ်လာပေးတာ"

"ကျွန်တော် မယူချင်ဘူး။ ကျွန်တော် ဒါမျိုးတွေမှ မသုံးတတ်တာ"

တံတိုင်းကျော် ပခုံးတစ်ချက်တွန့် ခေါင်းခါရင်း သူ့ဘေးမှာ ဝင်ထိုင်သည်။ ပြီးတော့ ဘူးလေးကို သူ့ရှေ့စားပွဲပေါ် လှမ်းတင်ပေး၏။

"မင်း မသုံးတတ်လည်း အမှတ်တရတော့ ယူထားကွာ၊ အဲ ချစ်ရိပ်ကိုယ်တိုင် ရွေးပေးလိုက်တာ"

မမကိုယ်တိုင် ရွေးပေးလိုက်သည်ဆိုတာကြောင့် သူ အံ့ဩသွားသည်။ တံတိုင်းကျော်ကတော့ ဆိုဖာထိုင်ခုံမှာ ကျောမှီထိုင်ချပစ်လိုက်ရင်း

"အဟား ဒီနေ့ကတော့ ငါ့အတွက် တကယ့်ကို မင်္ဂလာနေ့လေး





ညီဘုန်းရေ၊ ချစ်ရိပ်နဲ့အတူ ကော်ဖီဆိုင်လေးမှာ စကားပြောဖြစ်တာ အမြတ်ပဲကွ"

သူ့ရင်ထဲကို ထိတ်ခနဲ ဖြစ်စေသော စကားပါပဲ။ အချိန်တိုလေးအတွင်းမှာ တံတိုင်းကျော်နှင့် မမရဲ့ ရင်းနှီးကျွမ်းဝင်မှုက နိုင်ကျည်သွားခဲ့သည်လား။

"ငါ့အတွက်တော့ အားလုံးအဆင်ပြေနေတယ် ညီဘုန်း၊ နောက်ကျရင် မင်းနဲ့မိတ်ဆက်ပေးဖို့ ငါ ချစ်ရိပ်ကို ခေါ်လာမယ်၊ သူကလည်း မင်းကိုတွေ့ချင်တယ်တဲ့၊ ငါက မင်းအကြောင်းတွေ ပြောပြထားတယ်"

"ကျွန်တော့်အကြောင်းတွေ ဘာတွေပြောပြတာလဲ ကိုတိုင်း"

"မင်းက ငါ့ညီပဲကွာ၊ အခုချိန်အထိ ရည်းစားမရှိဖြစ်နေလို့ ကြော်ငြာပေးတာပါ၊ ချစ်ရိပ်မှာ နှင်းရတီဆိုတဲ့ အစ်မတစ်ယောက်ရှိတယ်ကွ၊ မင်းအတွက် ငါရည်ရွယ်ထားတာ"

သူ တွန့်ခနဲ ဖြစ်သွားတော့ ကိုတိုင်း ပြုံးရင်း

"အစ်မဆိုလို့ မင်းက တွန့်သွားတာလား၊ ချစ်ရိပ်ထက် လပိုင်းလေးပဲကြီးတာကွ၊ ချစ်ရိပ်လောက် မချောပေမယ့် အလှပဂေးလေးပါပဲ၊ မင်း သဘောကျသွားမှာပါကွ၊ တည်တည်ငြိမ်ငြိမ် ရိုးရိုးအေးအေးလေးကွ"

လမ်းကြောင်းတွေက သူ့ဘက်ကိုတောင် ဦးလှည့်ပြောင်းလာသည်။ ဒီကိစ္စကို သူ စောစောစီးစီး ရှောင်တိမ်းထားတာ အကောင်းဆုံး။

"ကျွန်တော် စိတ်မဝင်စားပါဘူးဗျာ၊ ကိုယ့်ပြဿနာတွေနဲ့ကိုယ်တောင် ရှုပ်ထွေးနေတာကို"

"မင်း ပြဿနာတွေ အေးဆေးပါကွာ၊ ဘာမှ ပူပန်စရာမရှိဘူး၊ သူငယ်ဝီဝီ အေးအေးဆေးဆေး လွတ်လွတ်လပ်လပ် နေစမ်းပါကွာ"

"ကျွန်တော့်ဘာသာ အေးအေးနေပါရစေ၊ ဘယ်မိန်းမကိုမှ စိတ်ဝင်စားဘူးဗျာ၊ ကိုတိုင်းဖာတ်လမ်း ကိုတိုင်းဘာသာကပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟား မင်းကတော့ တကယ့်ကောင်ပဲကွာ၊ ငါ့အတွက် မစိုးရိမ်နဲ့ ငါ့ဖာတ်လမ်း ငါနိုင်တယ်၊ နိဒါန်းကတော့ ငြိမ်းနေပြီ၊ ကဲ ရေချိုးလိုက်ဦးမယ် ကွာ"

တံတိုင်းကျော် ပြောပြီး ထိုင်ခုံက ထထွက်သွားတော့ သူ တစ် ယောက်တည်း ကျန်ရစ်ခဲ့သည်။

စားပွဲပေါ်က ဘူးလေးကို ကောက်ယူပြီး သူ ဖွင့်ကြည့်လိုက် တော့ အနီရောင်ကျောက်ပွင့်လေးတွေနှင့် ဒီဇိုင်းဆင်ထားသော ဖန်စီလက် ပတ်ကလေးတစ်ခုကို တွေ့လိုက်သည်။

မမကိုယ်တိုင် ရွေးချယ်ပေးလိုက်သော လက်ပတ်ကလေးဆိုသော အသိက သူ့ရင်ကို လှုပ်ခတ်စေခဲ့သည်။

ရိပ်ဟုပဲ သူ သိထားသော မမအမည်က ချစ်ရိပ်ထင်တဲ့။ ဒါကို ကိုတိုင်းက သိသွားခဲ့သည်။ ပြီးတော့ ခင်မင်ရင်းနှီးမှုတွေရယူပြီးသွားပြီ တကယ်ဆို မမကို သူအရင်ဆုံးတွေ့ခဲ့တာ ရင်းနှီးခင်မင်ဖို့ အခွင့်အရေးတွေ ရနိုင်ခဲ့သည်။

ဒါပေမဲ့ မိုက်မဲစွာ ရှောင်ထွက်ခဲ့မိသည့်အဖြစ်။

အခုတော့ ကိုတိုင်းနှင့်မမရိပ်တို့ ဇာတ်လမ်းကို ရင်တထိတ်ထိတ် နှင့် စောင့်ကြည့်နေရသည့် သူ့အဖြစ်က ရင်မောစရာကောင်းလှသည်။

တံတိုင်းကျော်ဆိုတာ မိန်းကလေးတွေရဲ့နှလုံးသားကို ကစားတတ် သူ၊ ခြွေရွေးတတ်သူ ယောကျ်ားတစ်ယောက်။ မမရိပ်ကိုရော သူ ဒီလို ခြွေရွေးသွားခဲ့လျှင်

တွေးကြည့်ရုံနှင့် သူ ရင်တွေ ပူလောင်စိုးရိမ်လာမိပြန်သည်။

မရက်စက်လိုက်ပါနဲ့ ကိုတိုင်းရယ်။ မမရဲ့ဘဝလေးကို မခြွေရွေးရက် လိုက်ပါနဲ့လို့ တောင်းပန်နေလို့ရော ကိုတိုင်းနှလုံးသားက စာနာသနားတတ် ရဲ့လား။

■ ■ ■



## အခန်း (၁၆)

"လေးလေးချာတိတ်က တကယ့်ပြဿနာကောင် ထင်တယ်"

"ဟင် ဘာလို့လဲ တိုင်းရ၊ ဘာပြဿနာဖြစ်လို့လဲ"

ဖုန်းထဲမှ ကြားရသော လေးလေးသက်အသံမှာ စိုးရိမ်မှုတွေ စွက် လို့နေသည်။ သူဆိုလိုသည့်အဓိပ္ပာယ်ကို သဘောမပေါက်ဘဲ လေးလေး နားလည်မှု လွဲသွားတာ ဖြစ်မည်။

"ပြဿနာက ဘာမှမဖြစ်ဘူး၊ ကျွန်တော်ဆိုလိုတာက အပြောရ အဆိုရခက်နေတာကို ပြောတာ"

"အဲဒါတော့ အမှန်ပဲ၊ အခုပဲကြည့်လေ၊ သူ့အမေစကားကို နား မထောင်ဘဲ အိမ်ကထွက်သွားတာ သက်သေပဲ"

"လေးလေးနဲ့ အဆင်ပြေချင်လို့ ကျွန်တော် သူ့ကို ပြောင်းလဲဖို့ ကြိုးစားကြည့်တယ်ဗျ၊ မရဘူး၊ ဒီကောင် နားလည်ခံစားတတ်အောင် ရည်းစား ထားဖို့ တိုက်တွန်းတယ်၊ ခါးခါးသီးသီးပဲဗျာ"

"အေး ဒီကောင် ရည်းစားရပြီးတစ်ခါတည်း ယူသွားရင်လည်း ကောင်းတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်ရဲ့ စိတ်ရှုပ်ညစ်ညူးစွာပြောသော စကားသံကို နားထောင်ပြီး သူ ပြုံးမိသည်။ အသက်ကြီးမှ ဝက်သက်ပေါက်ချင်သည့် လေးလေးသက်ခမျာ ရင်ဆိုင်နေရသည့်ဒုက္ခတွေက မသေးပါလား။

"လေးလေးသက်"

"ဟေ"

"အခု ကျွန်တော် ဘာဆက်လုပ်ပေးရမှာလဲ ပြော"

"ဘာမှ ဆက်မလုပ်နဲ့ဦးကွာ၊ သူ့ကိုပဲ မင်းဆက်စောင့်ရှောက်ထားပါ၊ နိုင်ကလည်း သူ့သားကို တွေ့ချင်နေတယ်"

"ဒါဆိုလည်း လာတွေ့နိုင်းလိုက်ပေါ့ဗျာ"

"ဟာ မလုပ်နဲ့၊ ပြဿနာတွေ ရှုပ်ကုန်မှာပေါ့ကွာ၊ မင်းအိမ်မှာ မနေတော့ဘဲ တခြားလစ်သွားမှခက်မယ်"

"ဟား လေးလေး ဒုက္ခကြီးကလည်း မသေးပါလားဗျာ"

တကယ်ပဲ လေးလေးရဲ့အဖြစ်ကို စာနာကာ သူဆိုမိသည်။ လေးလေးခမျာ မိန်းကလေးတစ်ယောက်ရဖို့ ရင်ဆိုင်နေရသော အခက်အခဲဒုက္ခတွေက ကြီးမားလှသည်။

မတော်ချင်သည့် ဝမ်းမနာသားအတွက် စေတနာတွေထားကာ စီမံပေးနေရတာတွေပဲကြည့်။ အိမ်က ထမင်းချက်ဒေါ်ကျင်ကို သူ့အိမ်ပို့ပေးခဲ့ရသည်။

ညီဘုန်းကို ချက်ပြုတ်နိုင်းနေတာ မသင့်ဟုဆိုကာ သူ ဒုက္ခအရောက်ခံပြီး ဒေါ်ကျင်ကို လွှတ်ပေးခဲ့တာဖြစ်သည်။ သူ့မှာလည်း ညီဘုန်းကို မခိုင်းရက်မစေရက်ဘဲ အိမ်ပေါ်ခေါ်တင် လစာပေးထားရ၏။

အငြိမ့်သား သက်သောင့်သက်သာနေပြီး အိမ်က ထွက်သွားမှာကိုတောင် စိုးနေရသည့်အဖြစ်။

"တိုင်း ဒီမှာ လေးလေးပြောထားတဲ့အတိုင်း ဆက်ကူညီပါကွာ၊





အခု အရေးကြီးတာ နိုင့်ကိစ္စ၊ နိုင်က မင်းနဲ့တွေ့ချင်နေတယ်"

"အာ ပြဿနာပဲ လေးလေး။ မိန်းမကြီးက ဘာကြောင့် ကျွန်တော်နဲ့ တွေ့ချင်နေရပြန်တာလဲ"

"သူ့သားအတွက် မင်းကို မေးမြန်းချင်တာကြောင့် ဖြစ်မှာပေါ့ကွာ"

ဖာတ်လမ်းတွေကတော့ ပိုပြီး ရှုပ်သထက်ရှုပ်လာဖို့ ထင်သည်။ လေးလေးကို စာနာစိတ်နှင့် ကူညီနေတာ သူပါ တစ်နွယ်ငင်လို့ တစ်စင်ပါနေပြီ။

"တိုင်း ဖုန်းနံပါတ်ကို လေးလေးပေးထားတယ်၊ နိုင်က သူ့သားအကြောင်း ဖုန်းဆက်မေးရင် သူ စိတ်ချမ်းသာအောင် မင်းဖြေပေးနော်"

"လေးလေးကတော့ လုပ်ချလိုက်ပြန်ပြီ"

"ကူညီလက်စနဲ့ ကူညီပေးပါ တိုင်းရာ၊ လေးလေး မင်းကျေးဇူးကို တစ်သက်မမေ့ပါဘူး"

"ပြဿနာပဲ၊ တူဝရီးချင်း ကျေးဇူးစကား ပြောစရာလား လေးလေးရဲ့၊ စိတ်ချ လေးလေးရဲ့နိုင် ဖုန်းဆက်ရင် ပြောပေးမယ်၊ ဒါပဲနော်"

"အေး နေဦး မောင်ဘုန်းကိုတော့ မင်းအိမ်က ထွက်မသွားအောင် မင်းကူညီပေးနော်၊ အဲဒါ အရေးကြီးတယ်"

"လေးလေးကောင်က ကုတ်နဲ့ကော်ချတောင် ထွက်သွားမှာမဟုတ်ဘူး၊ သေချာတယ် စိတ်ချ"

ပြောပြီး သူဖုန်းကို ချလိုက်သည်။ အခန်းထဲက ထွက်ကာ ဧည့်ခန်းထဲရောက်တော့ ညီဘုန်းကို မတွေ့ပါ။ မီးဖိုခန်းဘက် သူလှမ်းခဲ့တော့ ဒေါ်ကျင်တစ်ယောက်တည်း ချက်ပြုတ်နေ၏။

"ဒေါ်ကျင် ညီဘုန်းရော"

"အပြင်ခဏသွားတယ် မောင်တိုင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား ဘယ်သွားတာလဲ ဒေါ်ကျင်"

"လမ်းထိပ်လို့ပဲ ပြောသွားတာ၊ ဘယ်သွားလဲ မသိဘူး"

သူ့စိတ်ထဲ ထင့်ခနဲ ဖြစ်သွားတာ အမှန်။ ညီဘုန်း အပြင်သွားလျှင် သူ့ကိုပြောသွားနေကျ ဖြစ်သည်။ အခုတော့ ဘာမှ ပြောမသွားတာ မဟုတ်သေးဟု ထင်သည်။

အာရုံထဲမှာ ထင်းခနဲ ပေါ်လာတာ လေးလေးရဲ့မျက်နှာ။ ညီဘုန်းကို သူ့အိမ်က ထွက်မသွားစေဖို့ လေးလေး အသေအချာမှာထားသည်။

စိတ်က စိုးရိမ်ပူပန်စွာနှင့် ဆင်ဝင်အောက်မှာ ရပ်ထားသောကားပေါ် လှမ်းတက်မောင်းထွက်ခဲ့သည်။ ညီဘုန်း တာဝန်ကြီးက သူ့ပခုံးပေါ် ရောက်နေတာ တစ်ဒုက္ခ။ ကားကို လမ်းထိပ်အထိ မောင်းလာရင်း မျက်ဝန်းတွေကို အနားမပေးတမ်း ရှာဖွေရသေးသည်။

ကိုယ်တော်ချောက လမ်းထိပ်လက်ဖက်ရည်ဆိုင်ထဲမှာ တစ်ယောက်တည်း ငုတ်တုတ်ထိုင်နေသည်။

သူ့ကားကို ထိုးရပ်ပြီး တစ်ယောက်တည်း ထိုင်နေသော ညီဘုန်း စားပွဲဝိုင်းဆီ လှမ်းခဲ့သည်။ သူ့ကိုမြင်တော့ ညီဘုန်း မော့ကြည့်ရင်း

"ဘာခိုင်းစရာရှိလို့လဲ ကိုတိုင်း"

"မရှိပါဘူး၊ မင်းအပြင်ထွက်သွားတယ်ဆိုလို့ ဒီမှာ ဘာလာလုပ်နေတာလဲ"

"ဘာမှမဟုတ်ပါဘူး ကိုတိုင်းရာ၊ ကျွန်တော် စိတ်ပြေလက်ပျောက် လာထိုင်နေတာ၊ အခုပဲ ပြန်တော့မလို့"

အခုတစ်လော ညီဘုန်း ထူးခြားနေတာ သေချာသည်။ အိမ်မှာလည်း ငူငူငိုင်ငိုင်ကြီး ဖြစ်နေတတ်သည်။ ဘာတွေ ကြံစည်နေတာလဲဟု သူ သံသယဖြစ်မိသည်။ သူ့အိမ်မှာ မနေချင်တော့တာကြောင့်လား။

ဒါဆိုရင်တော့ လေးလေးပဲ ဒုက္ခရောက်ဦးမည်။





"ထိုင်ပါဦးကွာ ငါလည်း လက်ဖက်ရည်တစ်ခွက်လောက် သောက်ချင်သေးလို့၊ ပြီးမှ အတူပြန်တာပေါ့"

"ကိုတိုင်း အိမ်မှာမသောက်ခဲ့ဘူးလား"

"မသောက်ခဲ့ဘူး၊ တစ်ခါတလေ ဆိုင်မှာသောက်ရတာ အရသာတစ်မျိုးပဲ၊ ဒါနဲ့ မင်းက ဘာဖြစ်နေတာလဲ"

"ဟင် ဘာဖြစ်လို့လဲ၊ မဖြစ်ပါဘူး"

ညီဘုန်းက သူ့ကို မျက်တောင်ပုတ်ခတ်ကြည့်ရင်း ဖြေသည်။ သူ ညီဘုန်းမျက်နှာကို အကဲခတ်ကြည့်နေရင်း

"မသိပါဘူး မင်းတစ်ခုခု ညစ်နေသလားလို့ ပြဿနာရှိရင် ငါ့ကို ပြောနော်၊ တိုင်ပင်စရာရှိရင်လည်း တိုင်ပင်လို့ရတယ် ငါက မင်းကိုညီအစ်ကိုလို သဘောထားတာကွ"

စကားလမ်းကြောင်းခင်းပြီး မေးတော့လည်း ညီဘုန်း ခေါင်းရမ်းသည်။

သူ ဘယ်လို အစ်အောက်မေးရမည်လဲ စဉ်းစားရင်း စားပွဲထိုးလေး လာချပေးသော လက်ဖက်ရည်ခွက်ကို ဖျော်နေလိုက်၏။

ထိုအခိုက်မှာပဲ ဆိုင်ထဲကို လှမ်းဝင်လာသော အရိပ်လေးက သူ့မျက်ဝန်းတွေကို မင်တက်အံ့သြသွားစေသည်။

"ချစ်ရိပ်"

သူ့နှုတ်က ရေရွတ်သံကြောင့် ဘုန်းစကြာလည်း ဆိုင်ရှေ့ကို ဆတ်ခနဲ လှည့်ကြည့်သည်။

နီပြာရောင် ဘလောက်စ်အင်္ကျီလေးနှင့် အရောင်တူ ထဘီစကပ်လေး ဝတ်ဆင်ထားသော ချစ်ရိပ်ထင်၊ သူတို့ဝိုင်းဆီ တန်းတန်းမတ်မတ် လျှောက်ဝင်လာ၏။

"ချစ်ရိပ် ဘယ်လာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဒီဘက်ပိုင်းက သူငယ်ချင်းတစ်ယောက် အိမ်လာတာ၊ ကိုတိုင်း ကားတွေ့လို့လား"

"ထိုင် ချစ်ရိပ်၊ ထိုင် ဘာသောက်မလဲ"

"အအေးပဲ သောက်မယ်"

သူတို့စားပွဲဝိုင်းမှာ ဝင်ထိုင်ရင်း ချစ်ရိပ်အကြည့်တွေက သူ့ဘေးက ညီဘုန်းဆီ ရောက်နေတာ သူ သတိထားမိသည်။ ညီဘုန်းကတော့ ခေါင်းကြီးငုံ့ကာ ဘာမှမရှိတော့သော လက်ဖက်ရည်ဖန်ခွက်ထဲ ငုံ့ကြည့်နေ၏။

"ချစ်ရိပ် ဒါ ညီဘုန်းလေ ဘုန်းစကြာ"

"ဟုတ်လား ကိုတိုင်းရဲ့မွေးစားညီလား၊ အခုမှ အသေအချာမြင်ဖူးတယ် အဟင်း ဟင်း"

"ညီဘုန်း ချစ်ရိပ်လေကွာ၊ TWO LOVE ဖန်စီရှော့ဆိုင်လေးက မင်း မှတ်မိလား"

သူမိတ်ဆက်ပေးတော့ ညီဘုန်း ခေါင်းဆတ်ခနဲ ညိတ်ပြီးမှ ပြန်ပြီး ခေါင်းကို ခါရမ်းပြန်သည်။ ညီဘုန်း၏ အူတူတူလုပ်ရပ်ကြောင့် သူရော ချစ်ရိပ်ပါ သဘောကျစွာ ရယ်မိကြ၏။

"ဟား ဟား မင်းကလည်း ခေါင်းညိတ်တာတွေရော ခါတာတွေပါ စုံသွားတာပဲ ညီဘုန်းရာ"

"ဟို ကျွန်တော်မှမသိဘဲ"

"တကယ် မသိတာလား၊ မင်းကိုတော့ တို့သိတယ်နော်၊ အဟင်း ဟင်း"

"ဟာ တကယ် မသိတာပါဗျာ"

ချစ်ရိပ် ရယ်ဟဟာလေး နောက်ပြောင်တာကိုပင် ညီဘုန်းဆိုသည့် ကောင်က ပြန်ဖြေရှင်းနေတော့ သူတို့ရယ်မိကြပြန်သည်။

ညီဘုန်းကတော့ မျက်နှာကြီးရဲရဲနီလျက် ခေါင်းကြီးငုံ့လို့ ထားသည်။





ရယ်လည်း ရယ်ချင်စရာကောင်းသည့် ညီဘုန်း။

ဒါပေမဲ့ ညီဘုန်းဆိုသည့်ကောင်က သူ့အတွက်တော့ တကယ့် လပ်ကီးကောင်ပါပဲ။

အခုလည်း ကြည့်

ညီဘုန်းကိုလိုက်ရှာရင်း ဒီဆိုင်လေးကို ရောက်ခဲ့တာကြောင့် ချစ်ရိပ်နှင့် မထင်မှတ်ဘဲ လာဆုံနေရသည်။

ကျေးဇူးတင်တယ် ညီဘုန်းရေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

သူ့အပေါ် မကျေမနပ် ဖြစ်တည်နေခဲ့သော စိတ်လေးတွေ ရိပ်ရင်ထဲက ပျောက်ဆုံးသွားခဲ့တာတော့ အမှန်ပဲဖြစ်သည်။

သူ့အကြောင်းတွေ မသိခင်ကတော့ ရိပ် စိတ်ထဲက အလိုမကျနိုင်ခဲ့တာ အသေအချာဖြစ်သည်။ တံတိုင်းကျော် ပြောပြမှပဲ သူ့ဘဝလေးကို ရိပ် သိခွင့်ရခဲ့သည်။

မိခင်ကို စိတ်ဆိုးပြီး အိမ်ပေါ်ကဆင်းလာသော ချာတိတ်လေးတဲ့လား။ တကယ်ဆို ဖြူဖြူနုနုမျက်နှာလေးကြောင့်သာ ချာတိတ်လေးဟု ရိပ် ကင်ပွန်းတပ်မိခဲ့တာပါ။

ရိပ်နှင့်ဘုန်းစကြာတို့ အသက်က ဒီလောက်အထိ ကွာခြားတာတော့ မဟုတ်ပါ။ အလွန်ဆုံးကွာ နှစ်နှစ် သုံးနှစ်ပဲဖြစ်မည်။

''ကိုယ်သိထားသလောက်တော့ ညီဘုန်းက သူ့အမေနောက်အိမ်ထောင်ပြုမှာကို စိတ်ဆိုးပြီး အိမ်က ဆင်းလာတာ ချစ်ရိပ်ရဲ့''

တံတိုင်းကျော် ပြောပြကတည်းက သူ့ခံစားချက်တွေကို ရိပ် စာနာ နားလည်ပေးနိုင်ခဲ့တာဖြစ်သည်။





သိမ်ငယ်စိတ်၊ အားငယ်စိတ်တွေနဲ့ သူ့မျက်ဝန်းလေးတွေကို ရိပ်သနားသည်။ တစ်ခါတုန်းက ရိပ်ကို ကယ်တင်ခဲ့တာကိုလည်း ရိပ် မမေ့ပါ။ အခုချိန်ထိတော့ သူက ရိပ်ကို မမှတ်မိဟန်ဆောင်နေသေးသည်။

ဒါပေမဲ့ သူ့မျက်ဝန်းတွေက မညာတတ်တာ ရိပ် မြင်သိခဲ့ပြီးပြီလေ။

''ရိပ်''

ခပ်အုပ်အုပ်ခေါ်သံကြောင့် ရိပ် လှည့်ကြည့်တော့ တံခါးဝမှာရပ်နေသော ရတီကိုမြင်သည်။

''ဘာလဲ ရတီ ဘာပြောမလို့လဲ''

''ရိပ် မအိပ်သေးဘူးဆိုရင် မေးစရာလေးရှိလို့''

''မေးလေ ဘာမေးမလို့လဲ မအိပ်သေးပါဘူး''

ရတီ အခန်းထဲကို လှမ်းဝင်လာတော့ ရိပ် ခုတင်ပေါ်က ထကာခြေချထိုင်လိုက်သည်။ ရတီက ရိပ်နံဘေးမှာ ဝင်ထိုင်ရင်း ဘာမှမမေးသေးဘဲအခံတော့ တိတ်ဆိတ်နေသည်။

မျက်ဝန်းတွေက ရိပ်ကို အကဲခတ်ကြည့်နေတာတော့ သေချာ၏။

''ရတီ မေးစရာရှိတာက ဘာလဲ''

''ဩော် တခြားမဟုတ်ပါဘူး။ ဆိုင်ကို ခဏခဏလာနေတတ်တဲ့ တံတိုင်းကျော်နဲ့ ရိပ် ဘယ်အခြေအနေ ရောက်နေပြီလဲ သိချင်လို့ပါ''

ရိပ် အံ့သြသွားမိသည်။ ရတီ နှုတ်ကထွက်လာမည့် စကားက ဆိုင်နှင့်ပတ်သက်သော ကိစ္စပဲ ဖြစ်မည်ဟု ထင်ထားခဲ့မိသည်။ အခုတော့ ထင်ထားတာနှင့် တခြားစီဖြစ်နေသည်။

မထင်မှတ်သော မေးခွန်းအတွက် ရိပ် ချက်ချင်းပြန်မဖြေနိုင်ဘဲ သူ့မျက်နှာကိုပဲ စေ့စေ့ကြည့်နေတော့ ရတီ ရင်မဆိုင်ရဲစွာ မျက်နှာလွှဲသွား၏။

''ရတီ ဘာလို့မေးတာလဲ၊ ဘာသိချင်လို့လဲ''

''မဟုတ်ပါဘူး မနေ့က ရိပ် ဆိုင်မှာမရှိတုန်း ရောက်လာပြီး



www.burmeseclassic.com

www.burmeseclassic.com



မေးနေလို့ပါ''

ရိပ်နှင့် မျက်ဝန်းချင်းရင်မဆိုင်ရဲဘဲ ရှောင်နေသော ရတီရင်ထဲကို ရိပ် မြင်သိနေသလိုလို ရှိသည်။

''ဟုတ်လား ရိပ်နဲ့တော့ ချိန်းမထားပါဘူး။ သူတွေ့ချင်လို့လာတာ နေမှာပေါ့၊ ဘာပြောသွားသေးလဲ''

''ဟင့်အင်း ဘာမှတော့ မပြောပါဘူး။ ရိပ် ခဏနေရင် ပြန်လာမယ်ထင်လို့ ရတီ ပြောလိုက်တာ၊ ခဏစောင့်နေသေးတယ်၊ မလာတဲ့အဆုံးမှ ပြန်သွားတာ''

ရိပ်ကိုတွေ့ဖို့လာသော ယောကျ်ားတစ်ယောက်ကို စောင့်နေ ရတီက ပြောသည်တဲ့။ ဒါ အံ့ဩစရာတော့ အလွန်ကောင်းသည်။ ရိ ရတီရင်ထဲကိုတော့ မြင်နေသလိုပါပဲ။

''အဲဒီလို ကိုတိုင်း စောင့်နေမှန်းသိရင် ရိပ် စောစောပြန်ခဲ့တာ ပေါ့''

နံရံဆီကို ငေးနေသော ရတီမျက်နှာက ရိပ်ဘက် ဖျတ်ခနဲ လှည့် လာသည်။ ရတီ မျက်ဝန်းတွေထဲမှာ ညှိုးရိပ်တို့သမ်းနေ၏။

''ဪ ရိပ်နဲ့သူက ပတ်သက်နေကြတာကိုး''

''ဟင့်အင်း မပတ်သက်သေးပါဘူး။ မိတ်ဆွေတွေလို ခင်မင်ကြ သဘောပါ ရတီရယ်''

လက်ခနဲ ဖြာသွားသော မျက်ဝန်းထဲက အရိပ်တွေက မျှော်လ ချက်အရိပ်တွေပဲလား။

''ရတီ သွားတော့မယ်နော်၊ ရိပ် အိပ်ချင်အိပ်တော့''

ပြောပြီး ချက်ချင်းပဲ ရတီ အခန်းထဲက လှည့်ပြန်သွားခဲ့သည် ကျန်ရစ်ခဲ့သော ရိပ်မှာသာ အတွေးတွေ လှိုင်းခတ်သွားခဲ့သည်။

ရတီ ရည်ရွယ်ချက်က ဘာလဲ။ ရိပ်နှင့်ကိုတိုင်းတို့ရဲ့ခင်မင်ရင်း





တွေက ရတီကို ခံစားမှုလောင်နေစေသည်လား။ ဒါဆို ရတီနှလုံးသားက တိုင်းရဲ့အပေါ်မှာ ကြွေဆင်းသွားခဲ့ပြီပေါ့။

ဒါဆိုရင်တော့ ဒီပွဲမှာ နင်ပဲ ရှုံးနိမ့်ဦးမှာပေါ့ ရတီရယ်။ စိတ်တော့ ကောင်းပါဘူး ရတီ။

ကိုတိုင်းကို ငါ့နှလုံးသားက အလိုမရှိပေမယ့် မင်းကိုအနိုင်ယူဖို့ တွက်တော့။

■ ■ ■

အခန်းထဲ ပြန်ရောက်သည်အထိ မျက်ဝန်းတွေက အိပ်စက်ခြင်းကို က်မခံနိုင်ကြဘာ သေချာနေသည်။ မျက်လုံးတွေသာမကဘဲ ရတီစိတ်တွေ သည်း အနားယူဖို့ ငြင်းဆန်နေခဲ့ကြသည်။

အံ့ဩစရာကောင်းလောက်အောင်ပဲ အချစ်ကို ရတီ နှလုံးသားက ဘာတတ်သွားခဲ့တာ ကိုယ်တိုင်တောင် မသိလိုက်ခဲ့ပါဘူး။

တံတိုင်းကျော်တဲ့၊ စမြင်တွေ့လိုက်ရတဲ့ အချိန်မှာပဲ ရတီ နှလုံးသား ထိ ရှင်က ထိုးဖောက်နေရာယူသွားခဲ့တာ ဝန်ခံပါတယ်။ ဒါပေမဲ့ ရှင့် ဝန်း၊ ရှင့်အာရုံတွေက ရတီဆီမှာ ရှိမနေခဲ့ဘူးဆိုတာ ရတီ သိတယ်။

ရိပ်ဆီမှာပဲ ရှင့်ရဲ့ဦးတည်ချက်တွေအားလုံးက ဆုံမှတ်တစ်ခုဖြစ်နေ ။ ဒါ ရိပ်ရဲ့အလှတရားတွေကြောင့်ပဲလား။ ရိုးသားစွာ ဝန်ခံရရင် ရိပ်ရဲ့ ကို ရတီ မယှဉ်နိုင်ဘူးလေ။

ဒါပေမဲ့ နှလုံးသားကတော့ ရှင့်ကိုမြတ်နိုးစွာ ချစ်သွားတာပါ။ တစ် မှာ တစ်ခါပဲ ချစ်ဖူးတဲ့ချစ်ခြင်းနဲ့ ချစ်မိခဲ့တာပါ တိုင်းရယ်။

ရိပ်ဆီမှာပဲ ရောက်နေတဲ့ ရှင့်အာရုံတွေကတော့ ရတီရင်ထဲကို င်ဖို့ ခက်ခဲ့က်ပါပဲ။ အမှန်တရားတစ်ခုကို သိချင်တာကြောင့် ရိပ်ကိုပဲ မှင့်မေးပြီးပြီ တိုင်း။

ရိပ်နဲ့တိုင်းကြားမှာ ရတီထင်သလို နှောင်တွယ်မှုတွေ မရှိကြသေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးတဲ့လားဟင်။ ဒါဆိုရင် ရတီအတွက် မျှော်လင့်ချက်တစ်ခုတော့ ရှိနေ... သဘောပေါ့။

အဲဒီမျှော်လင့်ချက်လေးနဲ့ပဲ ရတီကို မျှော်လင့်ခွင့်ပေးပါ တိုင်းရ... ရတို့ဘဝမှာ ဒါ ပထမဆုံး အချစ်ဦးရယ်ပါ။

အချစ်ကို မခံစားတတ်သေးတဲ့ နှလုံးသားအတွက် ဆုံးရှုံးခြင်းဆို... သဘောတွေနဲ့တော့ ဝေးချင်တယ် တိုင်းရယ်။

တိုင်း နားလည်ပေးပါကွယ်။

■ ■ ■



## အခန်း (၁၈)

ခြံထဲမှာ ရှင်းလင်းစရာတွေကို ရှင်းလင်းပြီး အိမ်ထဲပြန်အဝင်မှာ ...းလိုက်ရတာ စားပွဲက အဆက်မပြတ် မြည်နေသော ကိုတိုင်းရဲ့ဟန်းဖုန်း ...ပဲ ဖြစ်သည်။

ကိုင်မည့်သူလည်း မရှိ။ ကိုတိုင်း ရေချိုးခန်းထဲ ဝင်နေသလား။ ...အိမ်တက်နေသလား မသိပါ။ မတတ်သာတော့သည့်အဆုံး သူ ဖုန်းကို ...ကောက်ကိုင်လိုက်ရ၏။

''ဟဲလို''

''မောင်တံတိုင်းကျော်လားကွဲ့''

''ဟင်''

နားထဲကို စီးဝင်လာသောအသံက မာမီ့အသံဆိုတာ သူ ချက်ချင်း ...သိလိုက်တာမို့ တွန့်ခနဲ ဖြစ်သွားသည်။

''မောင်တံတိုင်းကျော်လား''

ထပ်မေးသည့်အသံက မာမီ့အသံဆိုတာ သေချာနေ၏။ ဖုန်း ...တ်လေးကို သူချက်ချင်းပဲ နှိပ်ပိတ်လိုက်သည်။ ကိုတိုင်း ဖုန်းလေးကို



www.burmeseclassic.com

www.burmeseclassic.com



စားပွဲလေးပေါ် ပြန်တင်ရင်း ဆိုဖာမှာ ဝင်ထိုင်မိ၏။

မာမီနှင့်တံတိုင်းကျော် ဘယ်လိုဆက်သွယ်မှု ရှိသည်လဲ ဒ
မသိပါ။ ဘယ်လိုမှ ဆက်သွယ်ပတ်သက်စရာမရှိဟု ထင်ထားမိသည်။

ဘာတွေလဲ။ သူ ဒီမှာရှိနေတာကို မာမီ သိထားပြီလား။ ကိုတံ
နှင့်ရော ချိတ်ဆက်မှု ရှိနေသည့်လား။ အတွေးတွေက ရှုပ်ထွေးလာသ
စိတ်ကလည်း မွန်းကျပ်လာ၏။

"ညီဘုန်း"

အသံကြောင့် မော့ကြည့်တော့ မွေးပွသဘက်ကြီးခြုံပြီး ရော
လာသော ကိုတိုင်းကို တွေ့လိုက်ရ၏။

"ငါ ရေချိုးခန်းဝင်နေတုန်း ဖုန်းလာသေးလား မသိဘူး ဒီ
အလုပ်ကိစ္စအတွက် ဖုန်းလာမှာ"

"ဗျာ အဲ ကျွန်တော်ထိုင်နေတုန်းတော့ မလာဘူး"

"ဪ အေး အရေးကြီးလို့ကွ၊ ငါ ရှယ်ယာဝင်ထားတဲ့လုပ်ငန်း
တွေဆီက ဖုန်းလာမှာမို့"

တံတိုင်းကျော်က ပြောရင်း ခေါင်းကရေတွေကို ပြောင်စင်အော
သဘက်နှင့်ပွတ်သုတ်နေသည်။ သူကတော့ မာမီရဲ့ဖုန်းကိုပဲ အတွေးထဲ
မထုတ်နိုင်အောင် ဖြစ်နေမိဆဲ။

မာမီက တံတိုင်းကျော်နှင့် လုပ်ငန်းကိစ္စ ပတ်သက်မှုတွေ ရှိ
သည့်သဘော ထင်ပါရဲ့။ ဒါဆိုရင် တော်သေးသည်။ မာမီ့နာမည်ကို ဒ
ဘယ်သူ့ကိုမှ ပြောပြဖူးတာမဟုတ်တော့ ပြဿနာမရှိပါ။

"တီ တီ"

ခြံတံခါးဆီက ကားဟွန်းသံကြောင့် သူရော ကိုတိုင်းပါ ခြံ
လှမ်းမျှော်ကြည့်မိ၏။ လှမ်းမြင်နေရတာ ဆလွန်းကားအနီရောင်လေး။

"ဟာ ပြဿနာပဲ"





ကိုတိုင်းနှုတ်က ရေရွတ်သံ ထွက်လာ၏။ ပြီးတော့ သူ့ကိုအားကိုး
တကြီးပုံစံနှင့် လှည့်ကြည့်ရင်း

"ညီဘုန်း သွား အမြန်သွားလိုက်၊ ငါမရှိဘူး ပြောကွာ နော်"

စားပွဲပေါ်က ဟန်းဖုန်းကို ကောက်ယူပြီး ကသောကမျော မှာ
သည်။ ပြီးတော့ သုတ်ခြေနဲ့ အိမ်ခန်းထဲ အပြေးတစ်ပိုင်း ဝင်သွား၏။

သူ ဘာမှမမေးလိုက်နိုင်ဘဲ ကျန်ခဲ့၏။ နောက်ထပ် ကားဟွန်းသံ
ကြားတော့ သူပဲ ဧည့်ခန်းထဲက ခပ်သုတ်သုတ်ထွက်ခဲ့ရသည်။

သေချာတာက ကိုတိုင်းရဲ့မရှင်းလင်းသော ပြဿနာတစ်ခုပဲ ဖြစ်
သိမ့်မည်။ ကြားထဲက သူ မလိမ်ချင်ဘဲ လိမ်ညာရဦးမည့်အဖြစ်။

ခြံတံခါးဆီ သူရောက်တော့ စိတ်မရှည်နိုင်စွာ ရပ်စောင့်နေသော
မိန်းကလေးတစ်ယောက်။

"ဘယ်သူနဲ့တွေ့ချင်လို့လဲ ခင်ဗျာ"

"ကိုတံတိုင်းကျော် မရှိဘူးလားဟင်"

"ခရီးသွားတယ် ခင်ဗျ၊ မရှိဘူး"

"ဟင်"

ညှိုးကျသွားသော မျက်နှာလေးပေါ်မှ စိတ်ပျက်ညစ်ညူးခြင်းတွေ
က အထင်းသား ပေါ်လွင်သွားခဲ့၏။

"ဟို ဘယ်တော့လောက် ပြန်လာမလဲဟင်၊ ဘယ်ကိုသွားတာ
လဲ"

"အဲဒါတော့ မသိဘူးခင်ဗျ၊ အလုပ်ကိစ္စနဲ့ ပြောတာပဲ၊ ကျွန်တော်
က သူ အိမ်စောင့်ထားခဲ့လို့ နေရတဲ့သူပါ"

"အင်း သူပြန်လာရင် မေသူ လာသွားတယ်လို့ ပြောပေးပါ၊
ဆောက်တာနဲ့ ဖုန်းဆက်ပါလို့"

"ဟုတ်ကဲ့"



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာညိုညိုလေးနှင့် ပြန်လှည့်သွားကာ ကားလေးကို မောင်းထွက်သွားသည်အထိ သူ ရပ်ကြည့်နေမိသည်။

ကိုတိုင်းအရိပ်မှာ ခိုနေရသောဘဝက ကိုတိုင်းပြဿနာတွေကို မုသာဝါဒကတွေနှင့် လိမ်ညာပေးနေရသလို ဖြစ်နေ၏။ ဒီပြဿနာတွေက ကိုတိုင်း ရှုပ်ထွေးခဲ့တာမို့ ဘာတွေလဲ သူ မသိပါ။

ကြာရင်တော့ မကောင်းဘူး ထင်သည်။

ခက်တာက သူ့အခြေအနေကလည်း ဒီအရိပ်အောက်က လွတ်အောင် ထွက်မသွားနိုင်သေးတာ ပြဿနာ။ စိတ်ညစ်ညူးစွာ ပင့်သက်ရှိုက်ရင်း ပြန်ခဲ့တော့ ဧည့်ခန်းထဲမှာ အဝတ်အစားလဲပြီး ဖြစ်နေသော ကိုတိုင်းနှင့် ဆုံ၏။

''ပြန်သွားပြီလား ညီဘုန်း''

''သွားပါပြီ မေသူတဲ့၊ ခရီးက ပြန်လာတာနဲ့ ဖုန်းဆက်ဖို့ မှာသွားတယ် ကိုတိုင်း''

''ဟုတ်လား ထားလိုက်ပါကွာ၊ တကယ့် ဂျပန်ဝက်အူတွေ အပြတ်ပြောထားလည်း လာရစ်နေကြတာ၊ ကဲ ငါသွားစရာရှိတယ်၊ ချစ်ရိုးတို့နဲ့ ချိန်းထားလို့ကွ''

ဒီအမည်ကို ကြားတိုင်းရင်ထဲမှာ နင့်ခနဲ ဖြစ်သွားရသည်။

သူ့ရှေ့က သုတ်ခနဲ ထွက်သွားသော ကိုတိုင်းဆီက သင်းပျံ့သော ရေမွှေးရနံ့တွေက လွင့်ကျန်ရစ်ခဲ့သည်။

ငူငူကြီးရပ်နေမိတာ ကိုတိုင်းကား ခြံဝက ထွက်သွားခဲ့တဲ့အထိ။ ရင်ထဲမှာတော့ နုံးချိနေဆဲ။

■ ■ ■



## အခန်း (၁၉)

ဆိုင်အတွက် လိုအပ်သောပစ္စည်းတွေဝယ်ဖို့ တံတိုင်းကျော်က လိုက်ပို့ပေးမည်ဟုပြောတော့ ရတီလည်း ဝမ်းသာမိသည်။

ရိပ်နှင့်ရတီတို့နှစ်ဦး တံတိုင်းကျော်ရဲ့ကားနှင့်ပဲ လိုအပ်သော ပစ္စည်းတွေဝယ်ဖို့ ထွက်ခဲ့ကြသည်။

''ပစ္စည်းတွေဝယ်ပြီးရင် ပလာဇာကို ခဏဝင်ချင်တယ် ကိုတိုင်း''

''ဝင်လေ ဒီနေ့ တစ်နေ့လုံး ကိုယ်အားပြီးသား''

ရိပ် အစီအစဉ်ကို သူမ အခုမှ သိရတာဖြစ်သည်။ ပလာဇာဝင်မည်ဟု အိမ်မှာတုန်းက မပြောခဲ့ပါ။ တံတိုင်းကျော်ကတော့ ရိပ်ဆန္ဒတွေကို ဖြည့်စွမ်းပေးဖို့ အသင့်ရှိနေသည့်ပုံ။

ဗိုလ်ချုပ်ဈေးထဲမှာ ပစ္စည်းတွေဝယ်ပြီးတော့ ရိပ်ဆန္ဒအတိုင်း ပလာဇာကို ဆက်ဝင်ဖြစ်ကြသည်။

''ရတီရော ဘာဝယ်စရာရှိလဲ၊ ဝယ်လေ''

''ဟင့်အင်း ဘာမှမရှိဘူး၊ ကိုတိုင်း''

''ဒါဆို ကားထဲမှာပဲ ခဏထိုင်စောင့်လေ၊ ရိပ်ဝယ်တာကို ကိုယ်



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းသယ်ပေးလိုက်ဦးမယ်''

''ရှင် ဟုတ် ကဲ့''

ကိုယ့်စကားနှင့်ကိုယ်မို့ ရတီ မငြင်းနိုင်တော့ဘဲ ကားထဲကပဲ ထိုင်စောင့်နေလိုက်ရသည်။ ရတီနှင့်ကိုတိုင်းတို့ကတော့ အတူယှဉ်တွဲကာ ပလာဇာထဲ လှမ်းဝင်သွားကြသည်။

ပင့်သက်လေးတွေ အခါခါချရင်း ရတီ ထိုင်စောင့်လိုက်ရတာ တစ်နာရီနီးပါး ကြာသည်။

ပြန်ထွက်လာကြတော့ ရိပ်လက်ထဲမှာရော တံတိုင်းလက်ထဲမှာပါ လက်ဆွဲအိတ်တွေ တစ်ပွေ့တစ်ပိုက်နှင့်ဖြစ်သည်။ အပျော်မျက်နှာတွေက ဝင်းပကြည်လင်နေသည်။

''စောင့်နေတာ ကြာပြီလား ရတီ၊ ဆောရီး ဝယ်လိုက်တာလေးတွေ များသွားလို့၊ အဟင်း ပိုက်ဆံမလောက်လို့တောင် ကိုတိုင်းဆီက ချေးရတယ်''

''ဟာကွာ ချေးရတယ် မလုပ်နဲ့လေ၊ အဲဒါ ကိုယ့်ကို လုံးဝ ပြန်ပေးစရာမလိုဘူး ပြောထားတယ်လေ၊ ချစ်ရိပ်အတွက် လက်ဆောင်ဝယ်ပေးတယ်လို့ သဘောထား''

''အားနာစရာကောင်းလိုက်တာ ကိုတိုင်းရယ်''

''အားနာစရာ လူတွေလား ချစ်ရိပ်ရယ်၊ ကဲ ဗိုက်ထဲက အချက်ပေးနေပြီ၊ တစ်ခုခု သွားစားကြရအောင်''

အစီအစဉ်တွေက ရိပ်နှင့်တံတိုင်းတို့ရဲ့ အစီအမံတွေအတိုင်းပဲ ဖြစ်နေသည်။ ရတီမှာတော့ လူပိုကြီးတစ်ယောက်ဖြစ်လို့။ တံတိုင်းက မနက်စာ ကျွေးဖို့ ဆိုင်ရွေးတော့ ရိပ် စိတ်တိုင်းကျဆိုင်။

ရတီ ဖြစ်နိုင်လျှင် ကားပေါ်က ချက်ချင်းဆင်းကာ တက္ကစီငှားပြီး ပြန်ပြေးချင်ပြီ။ ဒါပေမဲ့





အသိ၊ သိကွာတွေနှင့် ထိန်းသိမ်းကာ ဝဲတက်လာသော မျက်ရည်တွေကိုပဲ ရတီ အံကြိတ်တင်းခံထားရသည်။

တကယ်ဆို ရိပ် ဒီလိုမလုပ်သင့်ပါ။ အခုတော့ ရတီ ခံစားချက်တွေကို ဥပေက္ခာပြုကာ တံတိုင်းနှင့် ရယ်ကာမောကာ ရတီ ရှိနေတာကိုတောင် မေ့ထားသည့်ပုံစံ။

''ရတီ စားနော်၊ ဘာမှဦးမလဲ''

မကောင်းတတ်၍မေးသည့်ပုံမျိုးနှင့် တံတိုင်းက မေးဖော်ရသည်။ ရတီ ခေါင်းလေး ခါရမ်းပြရင်း တို့ကနန်းဆိတ်ကနန်းပဲ စားဖြစ်သည်။

''ဘယ်သွားချင်ကြသေးလဲ''

တံတိုင်းမေးတော့ ရတီ ကြားထဲကပဲ ကသောကမျော ဝင်ပြောရ၏။

''ပြန်မှဖြစ်မယ် ထင်တယ်၊ ဆိုင်မှာက ကောင်မလေးတွေနဲ့ပဲ ထားခဲ့ရတာ''

ကိုယ့်ရှေ့မှာ ကိုယ့်ကို သက်မဲ့စက်ရုပ်တစ်ရုပ်လို ထားပြီး ကြည်နူးပျော်ရွှင်နေတာကိုတော့ ရတီ မကြည့်နိုင်တော့ပါ။

''အင်းလေ ပြန်ကြရအောင်၊ နောက်မှ ကိုတိုင်းကို ကောင်းကောင်း ညှဉ်းဆဲမယ် အဟင်း ဟင်း''

ရိပ်စကားက ဘာစကားလဲ။ ရတီ နားမလည်နိုင်တော့ပါ။

ဘာမှ မပတ်သက်သေးပါဘူးဆိုသော စကားကို ဆိုခဲ့သည့် ရိပ်မျက်ဝန်းတွေထဲမှာ အနိုင်ယူသူတစ်ယောက်ရဲ့အောင်နိုင်မှုတွေ အရိပ်နိုတွယ်နေကြ၏။

ရိပ်ရယ် နှင် ဒီလောက်အထိ မရက်စက်သင့်ပါဘူး။

တကယ်ဆို နင့်ဘက်က ဝန်ခံချက်တစ်ခုပေးခဲ့ရင် ငါ နောက်ဆုတ် အရှုံးပေးလိုက်မှာပါ။

www.burmeseclassic.com



အခုတော့ ငါ့ရဲ့မျက်ရည်တွေကိုမှ နှင်က အရသာခံကြည့်ချင်လွန်း နေခဲ့တော့လည်း။

နှင့်ကို ငါ အမြဲ အရှုံးပေးခဲ့သူပါ ရိပ်ရယ်။

■ ■ ■



## အခန်း (၂၀)

"မေးရက်လိုက်တာ ချစ်ရိပ်ရယ်၊ တွေ့ချင်လို့ ဖုန်းဆက်တာပေါ့ကွာ"

နားထဲ ဆောင့်ဝင်လာသည့်အသံကြောင့် သူ တွန့်ခနဲ ဖြစ်သွားသည်။ လှည့်ကြည့်တော့ ခြံထဲအထိ ဆင်းလာကာ ဖုန်းပြောနေသော တံတိုင်းကျော်ကို တွေ့ရ၏။

"ဆိုင်ကိုလာရင် ခဏလေးပဲ တွေ့ရတယ်လေကွာ၊ ကိုယ်က ချစ်ရိပ်ကို အကြာကြီးတွေ့ချင်တာ၊ စကားတွေ အများကြီး ပြောချင်တာ"

ဒီအသံ ဒီစကားတွေကို မကြားချင်တာမို့ တတ်နိုင်သလောက် ကိုတိုင်းကို သူ ရှောင်သည်။ ထမင်းဝိုင်းမှာ အတူထိုင်မိရင်တောင် မမရိပ် အကြောင်းပြောမှာ ကြောက်စိတ်နှင့် အတူမစားဖြစ်တဲ့အထိ။

ကိုယ်က အရင်စားလိုက်တာမျိုး၊ ဒါမှမဟုတ် ကိုတိုင်းစားပြီးမှ စားလိုက်တာမျိုး ရှောင်ခဲ့သည်။

အခုလည်း ကိုတိုင်း အိမ်မှာရှိနေသည့်အချိန်မို့ ခြံထဲမှာ ဘာမှ လုပ်စရာမရှိပါဘဲ ပန်းပင်တွေကြားက ပေါင်းတွေနုတ်နေခဲ့၏။ ဒါကိုမှ ခြံထဲ အထိ ဆင်းလာကာ ဖုန်းပြောနေတော့ ပြဿနာ။



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ တကယ်လား။ ဒါဆိုရင် တို့ဘက်က လှိုက်လှိုက်လှဲလှဲ ကြိုဆိုမှာပေါ့ ချစ်ရိပ်ရဲ့ အဖွဲ့နှင်း"

ခွဲပျစ်နေသော တံတိုင်းကျော်ရဲ့စကားသံတွေကို ကြားရတာ နားကြားပြင်းကပ်လာတဲ့အထိပါပဲ။ မိန်းကလေးတွေကို ဒီလိုအပြောတွေနဲ့ စွဲဆောင်နေခဲ့တာပဲ ထင်သည်။

အခုလည်း ချစ်ရိပ်ထင်တစ်ယောက် ကိုတိုင်းရဲ့မာယာတွေထဲမှာ ပိတ်လှောင်နေပြီလားမသိ။

"အိုကေ အိုကေ လုံးဝယုံတယ်၊ ကိုယ့်ကိုလည်း ယုံပါ"

ဘာတွေယုံပြီး ဘာကိုပြန်ယုံနိုင်းသည်မသိပါ။ ဆက်ပြီး နားထောင်နေရတာ အကုသိုလ်များသည်။ သူ အလုပ်တွေကို လက်စသပ်ကာ ရေဘုံဘိုင်မှာ ရေဆေးသည်။

ပြီးတော့ အိမ်ထဲဝင်ပြီး အပေါ်က ရှပ်အင်္ကျီကောက်ဝတ်လိုက်သည်။ လမ်းထိပ်လက်ဖက်ရည်ဆိုင်လေးမှာပဲ ထိုင်နေတာ ကောင်းမည်။

"ဟော့ ညီဘုန်း ဘယ်လဲ"

"လမ်းထိပ်လက်ဖက်ရည်ဆိုင် ခဏသွားထိုင်မလို့"

"ဩော် အေး အေး သွား"

ဖုန်းပြောနေရင်း သူ့ကို လှမ်းမေးတာမို့ ဖြေလိုက်ရသေးသည်။ သူတို့အသံတွေကို ဖုန်းထဲက ကြားသွားသည်ထင်၏။ ကိုတိုင်း ဖြေရှင်းပြနေသံကိုလည်း ကြားလိုက်ရသေးသည်။

"ဩော် ညီဘုန်းပါ။ လက်ဖက်ရည်ဆိုင်ထွက်သွားတာ၊ အဲဒါထား ချစ်ရိပ်နဲ့ကိုယ် ဘယ်တော့ဆုံမှာလဲ"

မကြားလိုသော စကားတွေကို ခြံအပြင်ရောက်တော့ ဆက်မကြားရတော့ပါ။ ဒါပေမဲ့ ရင်ထဲမှာတော့ ငြိုပါလာသည်။

ကိုယ့်ဘဝ ကိုယ့်အဖြစ်ကိုတွေးပြီး စိတ်နာချင်သည်။ ဘဝမှာ





ဘာတစ်ခုမှ အဆင်မပြေပါလား။ မာမီနှင့်သူ့ကြားမှာလည်း ပြဿနာ။ ရင်မှာတစ်ခါပဲပေါက်ဖွားဖူးသော အချစ်ကလည်း

ဒါ သူ ဝဋ်လည်တာလားလို့တောင် တွေးမိတဲ့အထိ။

မာမီ့ကိုဆန့်ကျင်တာမဟုတ်ပေမယ့် ပထွေးတစ်ယောက်ကို လက်ခံဖို့ အသိစိတ်က လက်မခံနိုင်တာ မာမီ နားလည်နိုင်မည်လား။

"ဘာသောက်မလဲ အစ်ကို ထုံးစံအတိုင်းပဲလား"

တစ်ယောက်တည်း စိတ်ညစ်တိုင်း လာထိုင်နေမိတတ်သည့် ဆိုင်လေးက စားပွဲထိုးလေးတွေတောင် သိနေပြီ။ သူသောက်နေကျ ရှယ်ပေါ့ဆိမ့်တစ်ခွက် လှမ်းမှာနေသည်။

လက်ဖက်ရည်ကို ကြိုက်နှစ်သက်လှတာ မဟုတ်ပေမယ့် အိမ်ထဲမှာပဲ မနေချင်တာမို့ လာထိုင်ဖြစ်နေတာ ဖြစ်သည်။

လက်ဖက်ရည်တစ်ခွက်ကို အရသာခံသောက်ရင်း သူ့စိတ်တွေကို လွှင့်မျောထားခိုက်မှာပဲ အရိပ်တစ်ခုက အုပ်မိုးလာသည်။

"ဟင်"

ဘယ်လိုမှ ထင်မှတ်မထားသော သူ။ သူ့စားပွဲရှေ့မှာ ပြုံးပြုံးလေးကြည့်ရင်း သူ့ကို တုန်လှုပ်ချောက်ချားစေသူက မမရိပ်ပဲ ဖြစ်သည်။

"ရိပ် ခဏလောက် ထိုင်ခွင့်ရှိမလား ဘုန်းစကြာ"

သူ မင်တက်ကြောင်တွေနေရာမှ ခေါင်းကိုညိတ်ပြရင်း

"ဟုတ်ကဲ့ ထိုင်ပါ မမရိပ်"

သူ့အသံတွေက တုန်ခါနေပေမယ့် ချစ်ရိပ်ထင်ဆိုသော မမကတော့ အပြုံးရိပ်တို့ ပြိုပျက်မသွားဘဲ မျက်နှာချင်းဆိုင် ထိုင်ခုံလေးမှာ ဝင်ထိုင်သည်။

သူ့စိတ်ထဲမှာ အံ့ဩနေမိတာ စောစောကပဲ ကိုတိုင်းနှင့်ဖုန်းပြောနေသော သူမ အခုတော့ သူ့ရှေ့မှာ ရောက်နေတာကြောင့်ပဲ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘာဖြစ်တာလဲ၊ ကိုတိုင်းနှင့် ချိန်းထားတာများလား။

ဇဝေဇဝါ အတွေးတွေနှင့် သူ ကြောင်တွေနေဆဲမှာပဲ သူမက သူ့ကို ငေးစိုက်ပြုံးကြည့်နေရင်း

"ညီဘုန်းကို ရိပ် မေးချင်နေတဲ့ မေးခွန်းတစ်ခုရှိလို့ ဒီဆိုင်ကို လာခဲ့တာပါ"

"ဗျာ"

"ဟုတ်တယ် စောစောက ဖုန်းထဲမှာ မင်းလက်ဖက်ရည်ဆိုင်ထွက်သွားတယ်ဆိုလို့ ရိပ် တမင်ထွက်လာတာ"

သူ တကယ်ပဲ နားမလည်နိုင်အောင် ဖြစ်သွားမိသည်။ ဒါဆို သူ့ဆီကိုပဲ ချစ်ရိပ်ထင် တမင်လာတာပေါ့။ ဘာကြောင့်လဲ။

"မင်း အံ့ဩနေသလား ညီဘုန်း၊ တို့ရင်ထဲမှာ မတင်မကျရှိနေတဲ့ အရာတစ်ခုကို မေးချင်လို့"

"ဗျာ ဘာလဲ၊ ဘာကိစ္စလဲ မချစ်ရိပ်ထင်"

အပြည့်အစုံပဲ ခေါ်လိုက်တော့ နာမည်ကြောင့်ထင်သည်။ သူမ မျက်နှာ မဲ့ခနဲဖြစ်သွားသည်။ စူးစူးနစ်နစ် မျက်ဝန်းအကြည့်တွေက သူ့ဆီမှ ခွာထွက်မသွားသေးတာတော့ အသေအချာ။

"ညီဘုန်း အမှန်အတိုင်းဖြေပါ၊ မင်းနဲ့တို့ ဆုံခဲ့ဖူးသလား"

"ဟင်"

သူမျက်မှောင်ကုတ်ကာ တဒင်္ဂတော့ ငွေဝေသွားခဲ့သည်။ တကယ်ဆို ရိုးသားစွာပဲ ခေါင်းညိတ်ဝန်ခံလိုက်သင့်သည်။ ဒါပေမဲ့ သူမကိုကြည့်ရင်း အာရုံထဲမှာမြင်လာတာ တံတိုင်းကျော် မျက်နှာပဲဖြစ်နေသည်။

ဒီကိစ္စကို သူ သိုဝှက်ထားခဲ့သည်။ ကိုတိုင်းကိုတောင် ဖွင့်မပြောခဲ့သောကိစ္စ။ ရိပ်ကိုလည်း လိမ်ညာခဲ့ပြီးပြီ။ အခုမှ ဘာကြောင့် သူ အမှန်ကို ဝန်ခံရမည်လဲ။





ကြားနေ မြင်နေသော အတွေ့အသိတွေအရတော့ ချစ်ရိပ်ထင်နှင့် တိုင်းကျော် အခြေအနေက သူကြားက ဝင်နှောင့်ယှက်လို့တောင်မသင့် ည့်အခြေအနေတစ်ခု ဖြစ်နေသည်။

ပြီးတော့ တံတိုင်းကျော်ဆိုတာ ဘာပဲဖြစ်ဖြစ် သူ့ရဲ့ကျေးဇူးရှင် စ်ယောက်ပါပဲ။

"ညီဘုန်း တို့မေးတဲ့မေးခွန်းက စဉ်းစားစရာဖြစ်နေလို့လား"

"ဗျာ မဟုတ်ပါဘူး"

"ဒါဆို ဖြေလေ"

ပြုံးယဲ့ယဲ့နှုတ်ခမ်းတွေနှင့် မေးလာသော သူမမျက်နှာကို သူ မျက်နှာ စ်ရင်း တိတ်တခိုး ပင့်သက်ရှိုက်မိသည်။

"ဟင့်အင်း ခင်ဗျား အထင်မြင်မှားနေတာ သက်သက်ပဲ၊ ကျွန် ာ်နဲ့ခင်ဗျား မဆုံဖူးပါဘူး"

"ဟင် ဘယ်လို"

"ဟုတ်တယ် ကျွန်တော် ချစ်ရိပ်ထင်ကို တစ်ခါမှမဆုံခဲ့ မသိခဲ့ ကိုတိုင်းနဲ့ပတ်သက်ပြီးမှ သိခွင့်ရတာ"

တုံ့ပြန်စကားမဆိုဘဲ တိတ်ဆိတ်နေသော သူမမျက်နှာကို သူ ကြည့်မိသည်။ အပြုံးရိပ်တွေ ကွယ်ပျောက်သွားသော နှုတ်ခမ်းလေးတွေ င်းတင်းစေ့ထားသည်။

သူ မျက်စိမှိတ် လိမ်ညာနေမိသော အမှန်တရားကြီးကို သူမ နေတာတော့ သေချာသည်။ ဒါပေမဲ့ သူ့နှုတ်က ငြင်းဆိုခဲ့ပြီးပြီ။

"ဆောရီးပဲ ဘုန်းစကြာ၊ တို့မှားသွားတယ်၊ သိပ်ကို မှားယွင်းသွား ယ်၊ တကယ်ဆို ပထမတစ်ကြိမ်ကတည်းက မင်းရဲ့ငြင်းဆိုမှုကို တို့ ခံသင့်ခဲ့တာပါ၊ အခုတော့"

နာကြည်းသွားတာလား၊ နောင်တနှင့် ခံရခက်သွားတာလားတော့



www.burmeseclassic.com

www.burmeseclassic.com



မသိ။ ချစ်ရိပ်ထင် နှုတ်ခမ်းလေးတွေ တုန်ခါနေသည်။ တင်းတင်းစေ့
သော သွားအစုံကြောင့် မေးရိုးလေးတွေ တင်းနေသည်။

"ခွင့်ပြုပါဦး ဘုန်းစကြာ"

ခွင့်တောင်းစကားအဆုံးမှာ သူမ ဆတ်ခနဲ ထထွက်သွားခဲ့သည်
သူ ကယောင်ကတမ်းနှင့် လှမ်းခေါ်မိတော့မည့် နှုတ်ခမ်းတွေကို အံ
ဘရိတ်အုပ်ပစ်လိုက်ရသည်။

ရှိစေတော့ ပြီးဆုံးခဲ့ပြီဖြစ်သည့် ဇာတ်လမ်းကို သူ မဆက်လို
ပါ။ တံတိုင်းကျော်နှင့် သူ့ဘဝအခြေအနေက သိပ်ကိုကွာခြားလွန်းသည်

ချစ်ရိပ်ထင်ရဲ့အမြင်မှာ ဘုန်းစကြာဆိုသော သူသည် တံတိုင်း
ရဲ့အရိပ်မှာ ခိုလှုံနေရသော သူတစ်ယောက်ပဲ ဖြစ်သည်။ ရုပ်ရည်၊ ဂုဏ်
ဘာပဲယှဉ်ယှဉ် သူက တံတိုင်းကျော်ထက် အစစအရာရာ နိမ့်ကျရှုံးနိ
သားကောင်တစ်ယောက်။

ဘာအတွက်ကြောင့်များ သူ ကြားထဲက ဝင်နှောင့်ယှက်
လဲ။

ချစ်ရိပ်ထင် တစ်စက်လေးတောင်မှ မသောက်ဘဲ ကျန်ရစ်ခဲ့
အအေးပုလင်းလေးကို သူ ငေးစိုက်ကြည့်နေမိသည်။

အအေးပုလင်းလေးမှာ ရေစက်ပွင့်လေးတွေ သီးခိုနေသည်။ သူ
လက်ဖက်ရည်ခွက်ကလည်း အေးစက်ကာ အပေါ်ယံသား တင်းမာ

ရင်ထဲမှာတော့ ဝေဒနာ အစိုင်အခဲတို့ အေးစက်မာတင်းနေခဲ့
လား။

■ ■ ■



## အခန်း (၂၁)

မနေ့ကတည်းက ခြံထဲက ကြက်တောင်ကွင်းကို ရှင်းလင်းပေးဖို့
တိုင်းကျော် စေခိုင်းခဲ့သည်။ ဘာကြောင့်လဲဟု သူ မသိခဲ့ပါ။ မြေသား
ထဲက ထိုးဖောက်ထွက်နေသော မြက်ပင်တွေ သူ နုတ်သည်။

ကွင်းစည်းဟု သတ်မှတ်ထားသော သစ်သားစည်းတွေကို ဆေး
င်ပြန်သုတ်ရသည်။ ဘာမှပင်ပန်းသော အလုပ်မဟုတ်ပေမယ့် သူရောက်
တည်းက တစ်ခါမျှ ကြက်တောင်ရိုက်မကစားသော ကိုတိုင်းကိုတော့
သြမိ၏။

"ကိုတိုင်း ဘာလုပ်မလို့လဲ၊ အားကစား ပြန်လုပ်မလို့လား"

"ဟုတ်တယ်ကွ၊ မနက်ဖြန်ကျ ငါ့ရဲ့အထူးဧည့်သည်တော်တစ်
ယာက် ရောက်လာမယ်၊ သူနဲ့ ကစားမလို့ကွ"

ကိုတိုင်းက ထိုမျှပဲ ပြောသည်။ သူကလည်း ဆက်မမေးခဲ့ပါ။
ခိုင်းသည့်အတိုင်း ကြက်တောင်ကွင်းကိုပဲ ရှင်းသန့်သွားအောင် ပြင်ဆင်
ခဲ့၏။ နောက်တစ်နေ့မနက်ရောက်တော့မှပဲ ကိုတိုင်း သူ့ကို အသိပေး
ည်။



www.burmeseclassic.com

www.burmeseclassic.com



''ညီဘုန်း ဒီနေ့ ငါနဲ့ ကြက်တောင်ရိုက်လာကစားမှာ ဘယ် လို့ မင်းထင်သလဲ''

''ဗျာ ဒါကတော့ ကျွန်တော် ဘယ်သိမှာလဲ''

ပဟေဋ္ဌိဆန်သော ကိုတိုင်းမေးခွန်းကို နားမလည်နိုင်သလို ပြန်မဖြေတော့ ကိုတိုင်း နှုတ်ခမ်းတွေ ကျေနပ်စွာ ပြုံးရယ်ရင်း

''ချစ်ရိပ်လေ ချစ်ရိပ်၊ ဒီနေ့ အိမ်ကိုလာမှာကွ''

''ဟင်''

''မင်း အံ့သြသွားပြီမဟုတ်လား၊ အေး မင်းအံ့သြစေချင်လို့ တ မပြောဘဲ သိုဝှက်ထားတာ''

သူ အံ့သြစေချင်လို့တဲ့။ ဘာမှတော့ အံ့သြစရာမရှိသည့်အ ပါပဲ။ ဒါပေမဲ့ သူ မထူးခြားသလို ဟန်ဆောင်ပြုံးရင်း

''ဘာ အံ့သြစရာလဲဗျာ၊ ကိုတိုင်းတို့ ကစားပေါ့၊ ကျွန်တော်က ကစားလည်း မကစားတတ်ဘူး၊ ဝါသနာလည်း မပါဘူး''

''အေး မင်းမကစားတတ်တာ ဝါသနာမပါတာတွေ အသာ ငါတို့ကစားပွဲကိုတော့ မင်း ပရိသတ်အဖြစ် အားပေးရမယ်''

''ဟာဗျာ ကျွန်တော် ဘာမှ နားမလည်ဘူး''

''နားလည်စရာမလိုဘူးလေကွာ၊ မင်းက အားပေးကြည့်ရုံသ သက်ပဲ၊ ငါကလည်း အနိုင်ကစားမှာမဟုတ်ဘူး၊ ချစ်ရိပ် ငါ့အိမ်ကိုလာ တာကိုပဲ ငါ ကျေနပ်တာကွ''

သူ ဘယ်လိုမှ ငြင်းပယ်မရအောင် တံတိုင်းကျော်က ပြောနေ သူ့မှာ ငြင်းဆိုဖို့ အခွင့်မရှိခဲ့။ တကယ်ဆို ထိုအချိန်မှာ သူ လက်ဖက် ဆိုင်ထွက်ပြီး ရှောင်တိမ်းနေချင်သည်။

ဒါပေမဲ့ ဖွတ်တောင်းဆိုနေသော ကိုတိုင်းကြောင့်ပဲ အူလည် နှင့်ခေါင်းညိတ်လိုက်ရ၏။





မနက်ကိုးနာရီလောက်မှာ ဆလွန်းကား အညိုရောင်လေးနှင့် ချစ် ထင် ရောက်လာ၏။

''ချစ်ရိပ် ကိုယ်က မလာတော့ဘူးထင်လို့ အခုပဲ ဖုန်းဆက်မလို့''

''ပြောပြီးပြီပဲ ကိုတိုင်းရယ်၊ ရောက်အောင်လာမှာပေါ့''

ကားတံခါးဖွင့်ဆင်းလာသော ချစ်ရိပ်ထင်က အနက်ရောင်စပို့ရှပ် က်တိုလေးနှင့် အနက်ရောင် စကတ်တိုလေးကိုပဲ ဝတ်ထားသည်။ အက်ဒီး စ် အားကစားဝတ်စုံလေးနှင့် မမရိပ်ကို သူ တဒင်္ဂတော့ ငေးမောသွားမိ သည်။

''အံ့မယ် ချစ်ရိပ်က ကိုယ့်ကိုအပြတ်ယှဉ်ပြိုင်ဖို့ ရည်ရွယ်လာပုံပဲ''

''ဒါပေါ့ ရိပ်တို့က သွေးမကြောင်ဘူး၊ ယှဉ်မယ်ဆိုရင် အစွမ်းရှိ လောက် ယှဉ်ပြိုင်မှာပဲ၊ အရှုံးပေးတတ်တဲ့စိတ် လုံးဝမရှိဘူး''

ချစ်ရိပ်ထင်စကားတွေက သူ့ကိုရည်ညွှန်းပြောနေခဲ့တာလား မသိ။ ဲ ဆံပင်တွေကို ကုပ်ပိုးအထက်မှာ စည်းနှောင်လျက် အနီရဲရဲဦးထုပ်လေး မမရိပ်မျက်နှာလေးက ပိုလို့လှပနေသလို ရှိသည်။

''အိုကေ ချစ်ရိပ်ဘက်က အသင့်ဖြစ်ပြီဆိုရင် ကစားရအောင်လေ၊ ဘုန်း မင်းက ဘယ်သူ့ဘက်က အားပေးမှာလဲ၊ ပြော''

ကိုတိုင်းက သူ့ဘက်လှည့်ကာ မမရိပ် မမြင်အောင် မျက်စိတစ် မှိတ်ရင်းမေးသည်။ သူ ဘာမှ ပြန်မဖြေနိုင်ခင်မှာဘဲ

''အားပေးတဲ့ပရိသတ် မလိုပါဘူး ကိုတိုင်းရဲ့၊ လိုအပ်တာက တို့နားရင် သောက်ဖို့ အအေးနဲ့ ရေပုလင်းတွေပဲ ညီဘုန်း စီစဉ်ပေးပေါ့''

သူ့ဘက်လှည့်ကြည့်ကာ မမရိပ် ဆိုသောစကားကြောင့် ကိုတိုင်း နှာ ပျက်သွားသည်။ သူ့အိမ်မှာ အလုပ်သမားတစ်ယောက်ပေမယ့် တိုင်းဆက်ဆံမှုတွေက ပျော့ပျောင်းနေတာ အမှန်။

''ရပါတယ် ကျွန်တော် အားလုံးစီစဉ်ပေးပါ့မယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို အရင်ဆုံး အအေးလေး စီစဉ်ပေးပါ ညီဘုန်း၊ တို့မကစား ခင် ခဏလောက် နားချင်လို့"

"ညီဘုန်း ဒေါ်ကျင့်ကို စီစဉ်ခိုင်းပြီး ယူခဲ့ကွာ၊ ဟုတ်လား"

သူ ခေါင်းညိတ်ကာ လှည့်ထွက်ခဲ့တော့ မမရိပ်နှင့်ကိုတိုင်း ကြက်တောင်ကစားကွင်းဘက် ထွက်သွားကြသည်။

နှစ်ယောက်စလုံးကတော့ တကယ့်ကို လိုက်ဖက်ညီကြသည်။ ကိုတိုင်းကလည်း အပြာရောင်အားကစားဝတ်စုံနှင့် နဖူးစည်းအဖြူရောင် စည်းထားသေး၏။

မမရိပ် တောင်းဆိုသော အအေးဘူးတွေကို လင်ပန်းလေးနဲ့ ယူဆောင်ကာ သူ ပြန်ရောက်တော့ ကစားကွင်းဘေးက ခုံတွေမှာ နှစ် ယောက်သားထိုင်ကာ စကားဖောင်ဖွဲ့နေဆဲ။

နှစ်ယောက်ရှေ့က စားပွဲလေးပေါ်ကို သူ အအေးဗန်းလေးချ တော့ ကိုတိုင်းက အအေးဘူးလေးကိုဖောက်ကာ မမရိပ်ထံ ကမ်းပေးသည်။

"ချစ်ရိပ် သောက်လေ"

မမရိပ် ဘူးလေးကို လှမ်းယူပြီး တစ်ငုံသောက်သည်။ ပြီးမှ သူ့ကို မျက်လွှာပင့်ကြည့်ရင်း

"ညီဘုန်း ရှင် ကြက်တောင်ရိုက်တတ်သလား"

"ဟင့်အင်း ကျွန်တော် မရိုက်တတ်ပါဘူး"

"ညံ့လိုက်တာ၊ ဒါဆိုရင် ရှင် ဒီမှာပဲထိုင်ပြီး ရှင့်အစ်ကိုဘက်က အားပေးပေါ့၊ ကဲ ကိုတိုင်း ပွဲစလိုက်ရအောင်"

"အိုကေ ချစ်ရိပ်၊ စကြစို့"

အဖြူရောင် ပိုက်တန်းကြီး၏ တစ်ဖက်စီမှာ ချစ်ရိပ်ထင်နှင့်ကိုတိုင်း တို့ နေရာယူလိုက်ကြသည်။ သူကတော့ စေလိုရာစေခိုင်းခံဖို့အသင့် စောင့်နေလိုက်သည်။





အနက်ရောင်ဝတ်စုံလေးနှင့် မမရိပ်ကို သူ မင်တက်စွာ ငေးမော နေမိဆဲ။ ဆံပင်တွေသိမ်းကာ လျှာထိုးဦးထုပ်လေးဆောင်းထားသော မျက်နှာ လေးက ဝင်းစက်ကြည်လင်နေသည်။

ဘာမှ အခြယ်အသမပါဘဲနှင့်လည်း မမရိပ်အလှက တစိမ့်စိမ့် ငေးကြည့်ချင်စရာကောင်းသည်။

ပေါင်လယ်ခန့်ထိသာ ရှည်သော စကပ်တိုလေးကြောင့် သွယ်တန်း ဖြူဖွေးသော ပေါင်တံလေးတွေနဲ့ အလှကိုလည်း မြင်တွေ့နေရ၏။ တကယ်ဆို သူတစ်ယောက်တည်း မြင်တွေ့ခံစားခွင့်ရှိတာ မဟုတ်ပါ။

ကိုတိုင်းကိုယ်တိုင်လည်း မမရိပ် အလှတွေထဲမှာ နစ်မျောသွားခဲ့ တာ သေချာ၏။

ဒါကြောင့်ပဲ ထင်သည်။ ပထမတစ်ပွဲမှာပဲ အမှတ်အပြတ်နှင့် ကိုတိုင်း ရှုံးနိမ့်နေခဲ့ပြီ။

"ဘယ်လိုလဲ ကိုတိုင်း၊ ဒီလက်ရည်နဲ့ဆို မဖြစ်ဘူးနော်၊ နောက်နေ့ တွေ ဆက်ရိုက်ဖို့ လက်ပျက်တယ်"

"အဟွန်း အခုမှ တစ်ပွဲပဲရှိသေးတယ်လေ ချစ်ရိပ်ရဲ့၊ ကိုယ်က ချစ်ရှင့်မို့ လျှော့ပေးထားတာ"

"လေသေနတ်နဲ့ မပစ်နဲ့လေ၊ ကိုတိုင်းလက်ရည်အမှန်ကို ဒီတစ်ပွဲ စောင့်ကြည့်မယ်"

တစ်ခဏနားပြီးတော့ ဒုတိယပွဲငယ် ယှဉ်ပြိုင်ကြသည်။ ဒီတစ်ခါ တော့ ကိုတိုင်း ရိုက်ချက်တွေက သိသိသာသာ သာလွန်နေခဲ့၏

ဘယ်ညာမောင်းကစားသော ရိုက်ချက်တွေကြောင့် မမရိပ် အသည်းအသန် လိုက်ဆယ်နေရ၏။

အလှနတ်သမီးလေးရဲ့ လှုပ်ရှားမှုတွေမှာ သူ နစ်မျောမင်တက်နေ ခဲ့မိတုန်း။



www.burmeseclassic.com

www.burmeseclassic.com



"အိုး အမေ့"

ဘေးစည်းနား ကပ်ချသော ကြက်တောင်လေးကို လိုက်ဆယ်ရင်း မမရိပ် ခြေခေါက်လဲကျသွားတော့ သူ ထိုင်နေရာမှ ယောင်ယမ်းထရပ်သည်အထိပါပဲ။

"ဟာ ချစ်ရိပ် ဘာဖြစ်သွားသေးလဲဟင်"

သူ့ထက်ဦးစွာ အနားကိုပြေးရောက်သွားသူက ကိုတိုင်းပဲ ဖြစ်၏။ လက်ထဲက ဘက်တံကို ပစ်ချပြီး ခွေခွေလေးလဲကျနေသော မမရိပ်ထံကို ကိုတိုင်း ရောက်သွားခဲ့သည်။

မမရိပ်မျက်နှာလေး ရှုံ့မဲ့ကာ ညာဘက်ခြေထောက်ကို ဆုပ်ကိုင်ထားသည်။

"အား ကျွတ် ကျွတ်"

"ချစ်ရိပ် ဘာဖြစ်တာလဲ၊ ခြေခေါက်သွားတာ ထင်တယ်"

"ဟုတ်တယ် အား နာလိုက်တာ"

"ညီဘုန်း သွား သွား ဒဏ်ကြေလိမ်းဆေးယူခဲ့၊ စာကြည့်ခန်းထဲက နံရံကပ်ဗီရိုထဲမှာရှိတယ် သွား အမြန်သွား"

ကိုတိုင်း စိုးရိမ်တကြီးနှင့် စေခိုင်းတော့ သူ ခေါင်းညိတ်ရင်း ဆေးဘူးကို အပြေးသွားယူရသည်။ သူ ပြန်ထွက်လာတော့ ခြေဆစ်ခေါက်လဲသွားသော မမရိပ်ကို ဖေးမတွဲပြီး ကိုတိုင်းက ထိုင်ခုံဆီခေါ်လာတာ မြင်သည်။

"ချစ်ရိပ် ကိုယ့်ကိုတွဲထားနော်၊ နာနေတဲ့ခြေထောက်ကို မထောက်မိစေနဲ့"

မြင်ရသော မြင်ကွင်းက သူ့ရင်ထဲ ထိရှစေ၏။ ဒါပေမဲ့ ရှုံ့မဲ့နာကျင်နေသော မမရိပ်မျက်နှာကိုကြည့်ကာ သူ စိတ်မကောင်းနိုင်ပါ။

"ထိုင် ထိုင်လိုက် ချစ်ရိပ်၊ ပေး ဆေးဘူးပေး"





သူ့ထက်ပိုပြီး ယှယကြင်နာရိပ်တွေ လွှမ်းနေသော ကိုတိုင်းက ဆေးဘူးကို သူ့လက်ထဲက လှမ်းဆွဲယူသည်။ ပြီးတော့ မို့မို့လေးရောင်ကိုင်းနေသော မမရိပ် ခြေကျင်းဝတ်ကို ဆေးလူးပေး၏။

"အ ဖြည်းဖြည်းလုပ် ကိုတိုင်း၊ နာတယ်"

"ဆောရီး ဦးဖွ ဦးဖွ၊ ကိုယ် စိုးရိမ်သွားလို့ကွာ"

နာကျင်မှုနှင့် ရှုံ့မဲ့နေသော မမရိပ်မျက်နှာလေးကိုကြည့်ကာ သူ့ရင်ထဲမှာ သနားမိသည်။ ဖြစ်နိုင်လျှင် မမရိပ်ဝေဒနာတွေကို သူပဲ ခံယူလိုက်ချင်သည်။

ဒါပေမဲ့ တကယ်တမ်းကျ သူကိုယ်တိုင် ပြုစုကြင်နာခွင့်မရသော မမရိပ်ကို ကိုတိုင်းကပဲ ပြုစုနေတာကို ငေးကြည့်နေရသည့်အဖြစ်။

ဘုန်းစကြာဆိုတဲ့ကောင်ဘဝက အမြဲတမ်း အရှုံးတွေနဲ့ပဲ ရင်ဆိုင်နေခဲ့ရတဲ့ကောင်ပါ မမရိပ်ရယ်။

ဒါပေမဲ့ ရင်ထဲမှာ ချစ်တတ်တဲ့နှလုံးသားက သိုဝှက်စွာ ရှိနေခဲ့တာ မမရိပ် သိနိုင်မှာလား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

ချစ်ရိပ်ထင် ရရှိသွားသော ဒဏ်ရာကိုအကြောင်းပြုပြီး နေ့စဉ်ရောက်သွားတတ်သူက ကိုတိုင်းပဲ ဖြစ်သည်။ သူ့အတွက်တော့ ကိုတိုင်းဆီက သတင်းစကားတွေကိုပဲ နားထောင်ရုံမျှသာ။

"ခြေဆစ်ခေါက်သွားတာတဲ့၊ အခုတော့ အတော်သက်သာနေပါပြီကွာ၊ ဘာပဲဖြစ်ဖြစ် ချစ်ရိပ် ဒဏ်ရာရသွားတာပဲ ငါ့အတွက်တော့ ကောင်းသွားတယ်"

"ဘယ်လိုဗျ"

"ဟုတ်တယ် အခုဆို ချစ်ရိပ်ရဲ့အန်တီမေနဲ့တောင် ငါရင်းနှီးနေပြီကွ အဘွားကြီးက အိုကေပါတယ်"

တကယ့်ကို အတ္တဆန်လွန်းသည့်သူဟုပဲ သူ့စိတ်ထဲက မှတ်ချက်ပြုမိသည်။ မမရိပ်ရဲ့ဒဏ်ရာအတွက် သူ့မှာသာစိုးရိမ်နေခဲ့ရတာ။ ကိုတိုင်းအတွက်တော့ အခွင့်အရေးတစ်ခု ပိုင်ဆိုင်ခွင့်ရသွားတဲ့အဖြစ်တစ်ခုတဲ့လား။

ဒဏ်ရာ သက်သာသွားသည့်ရက်မှာတော့ မမရိပ်မျက်နှာလေးကို သူ မြင်ခွင့်ရနဲ့သည်။





မနက်ခင်းတိုင်းမှာ မမရိပ်ကတော့ ပုံမှန်ရောက်လာတတ်သည်။ ကိုတိုင်းနှင့် ကြက်တောင်ကစားသည့်အချိန်တိုင်း သူက ကွင်းနံဘေးက အအေးဗန်းအသင့်စီစဉ်ပေးကာ ပွဲကြည့်ပရိသတ်။

ကွင်းထဲမှာ ဘယ်ညာပြေးကာ မမရိပ် ကစားနေတာကို ကြည့်ရင်း ဒဏ်ရာအနာတရ မရသွားအောင် ကြိတ်ဆုတောင်းနေရသော သူ့အဖြစ်ကိုတော့ မမရိပ် သိနိုင်မည်မဟုတ်။

ကစားပွဲပြီးဆုံးလျှင်တော့ မမရိပ်ကို ချွေးသုတ်ဖို့ တဘက်လေး သူ ကမ်းပေးဖို့အသင့်ရှိတတ်စမြဲ။

တကယ်ဆို ချွေးစလေးတွေ ခိုသီးနေသော မမရိပ်နှုတ်ခမ်းပြင်နုနုလေးကို သူကိုယ်တိုင် ညင်သာစွာ ပွတ်သုတ်ပေးချင်မိသည်၊ ဒါပေမဲ့ သူ့ဘဝက ရင်ထဲက ခံစားချက်တွေကို မျိုသိပ်ထားရသည့်ဘဝ။

"ညီဘုန်း ချစ်ရိပ်ကို မင်းဘယ်လိုမြင်လဲ"

"ဟင်"

ကိုတိုင်းမေးလာတော့ သူ ဘာပြောရမှန်းမသိအောင် ဖြစ်သွားရသည်။ ကိုတိုင်းက သူ့ရှေ့ထိုင်ခုံမှာ ဝင်ထိုင်ရင်း သံပုရာရည်ကို အရသာခံသောက်နေရင်း

"ငါမေးတာ မင်းသဘောမပေါက်ဘူး၊ ဒီလိုကွာ ချစ်ရိပ်ရဲ့စိတ်ကို မင်းဘယ်လိုမြင်သလဲ၊ သူ ငါ့အပေါ် ဘယ်လိုသဘောထားသလဲမေးတာ"

"ဒါတော့ ကျွန်တော် ဘယ်သိမှာလဲ ကိုတိုင်းရဲ့၊ သူပဲအသိဆုံးဖြစ်မှာပေါ့"

သံပုရာရည်၏အချဉ်ဓာတ်ကြောင့် ကိုတိုင်းမျက်နှာ တစ်ချက်မဲ့သွားခဲ့ရင်း ကျွတ်ခနဲ စုပ်သတ်သည်။

"အေး ငါလည်း အခုချိန်အထိ ချစ်ရိပ်ရဲ့စိတ်ကို နားမလည်နိုင်သေးဘူး၊ သူ့ကိုငါ ချစ်ခွင့်ပန်ထားတာ ကြာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

"ဒါပေမဲ့ သူ့ဆီက တိကျသေချာတဲ့အဖြေကို ငါမပိုင်ဆိုင်ရသေးဘူးကွ"

ကိုတိုင်း မချင့်မရဲဆိုသော စကားအတွက် သူ့စိတ်ထဲကတော့ ကြိတ်ပြီး ကျေနပ်သွားမိသည်၊ မမရိပ်ကို ဖွင့်မပြောရက်အောင် မြတ်နိုးပေမယ့် တစ်ပါးသူလက်ထဲ ပါသွားမှာတော့ စိုးမိသည်။

"အဲဒီကိစ္စကြီးက ငါ့စိတ်ထဲမှာ အခုချိန်ထိ မချင့်မရဲဖြစ်နေတယ်၊ ချစ်ရိပ် ငါ့အပေါ် အခွင့်အရေးတွေ ပေးနေတာတော့ မင်းလည်းအမြင်ပဲလေ၊ နေ့တိုင်း နေ့တိုင်း ငါ့အိမ်ကိုလာတယ်၊ တကယ့်ကို ရင်းရင်းနှီးနှီး ခင်ခင်မင်မင် ရှိတယ်၊ ဒါပေမဲ့ ငါ့ဘက်က အဖြေတောင်းတိုင်း ရေရေရာရာ မဖြေသေးဘူး"

လက်ကျန်သံပုရာရည်ခွက်ကို မျက်စိစုံမှိတ်မော့သောက်ရင်း ကိုတိုင်း ခံစားချက်တွေကို ဖွင့်အံနေသည်။ ဘာတစ်ခွန်းမှ ခွန်းတုံ့ပြန်မဝေဖန်ဖြစ်ပေမယ့် သူ့စိတ်ထဲမှာတော့ ကြိတ်ကျေနပ်နေမိဆဲ။

"ငါ တော်တော် ခံရခက်တယ်ကွာ၊ ဘယ်မိန်းကလေးကိုမှ ငါ ဒီလောက်အထိ စိတ်မရှည်ဘူး၊ ချစ်ရိပ်နဲ့ကျမှကွာ"

ဒီလိုပါပဲလေ၊ အလွယ်တကူ မရနိုင်သောအရာကိုမှ လူတွေက တန်ဖိုးထားတတ်ကြတာ ကိုတိုင်း မေ့နေခဲ့ပြီလား။ ဘာပဲဖြစ်ဖြစ် မမရိပ်နှင့် ကိုတိုင်းတို့ အခြေအနေမှန်ကို သိလိုက်ရခြင်းက သူ့အတွက်တော့ ကျေနပ်စရာပါပဲ။

"ငါ ဘာဆက်လုပ်သင့်သလဲ ညီဘုန်း"

"ဗျာ ဒါတော့ ကျွန်တော်လည်း မသိဘူးလေ"

"ပြဿနာပဲ၊ မင်းကလည်း ဘာမှအားမကိုးရဘူး၊ အေးလေ မင်းက ဘာအတွေ့အကြုံမှ မရှိတဲ့ကောင်ကိုး။ မိန်းမတစ်ယောက်ကို ချစ်တတ်တဲ့နှလုံးသားလည်း မင်းမှာ မရှိဘူးထင်ပါရဲ့ကွာ"





သူ့ကို စိတ်ပျက်သလိုကြည့်ကာ ဝေဖန်သော ကိုတိုင်းစကားကိုတော့ ဖြေရှင်းချက်မထုတ်ချင်တော့ပါ။

အချစ်ဆိုတာကို မခံစားတတ်ဘူးလို့ ထင်နေခဲ့သည်လား။ သူ့ဘဝမှာ နှလုံးသားကို ပထမဆုံးရိုက်ခတ်လှုပ်ခတ်စေခဲ့တာ မမရိပ်ပါ။

တကယ်ဆို ကိုတိုင်းထက် ဦးစွာ မမရိပ်ကို ကံကြမ္မာက သူနှင့် ဆုံစည်းခွင့်ပေးခဲ့သည်။ ရင်းနှီးပတ်သက်ခွင့်တွေလည်း ပေးခဲ့သည်။ ဒါပေမဲ့ သူကတော့ မိုက်မဲစွာ ငြင်းပယ်ခဲ့သည်။

နောက်ထပ်ပြန်ဆုံရချိန်မှာ ကိုတိုင်းက သူနှင့်မမရိပ်ကြားထဲမှာ ရောက်နေခဲ့ပြီ ဖြစ်သည်။

အရာရာကို ချင့်ချိန်တွက်ဆပြီး သူ နေမြဲအတိုင်းနေခဲ့သည်၊ ဒါပေမဲ့ နှလုံးသားက ချစ်ခြင်းတွေက အလွယ်တကူ ပျောက်ဆုံးမသွားခဲ့တာကို သူ သိခဲ့ရသည်။

မမရိပ်ကို မြတ်နိုးနှောင်တွယ်သော နှလုံးသားက ပိုလို့တောင် ရစ်နှောင်စေခဲ့အောင် ကံကြမ္မာက ဖန်တီးပေးနေခဲ့သည်။

အခုချိန်မှာ မမရိပ်ကို စွန့်လွှတ်ရမှာတွေးပြီး သူ စိုးရိမ်ကြောက်လန့်နေခဲ့သည်။

ဒါကို ကိုတိုင်း မမြင်မသိနိုင်တော့လည်း။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

တကယ့်ကို နားလည်ရခက်ပါလား ဘုန်းရယ်။

တို့မြင်ချင်တာ မင်းရင်ထဲက ခံစားချက်တွေ ပွင့်ထွက်လာတဲ့ အခြေအနေတစ်ခုကိုပါ။ ဒါကြောင့်လည်း မင်းနဲ့နီးစပ်နိုင်ခွင့်ကို တို့ဘက်က ဖန်တီးယူခဲ့တာပေါ့။

ကိုတိုင်းနဲ့တို့ ပတ်သက်နေခဲ့တာ မင်းနဲ့နီးစပ်တွေ့ချင်လို့။ ပြီးတော့ ရတီကို အနိုင်ယူချင်စိတ်ကြောင့်ပါပဲ။

ရတီအပေါ်မှာ တို့အနိုင်ရခဲ့ပေမယ့် မင်းနဲ့ပတ်သက်တဲ့ရည်ရွယ်ချက်ကတော့ အခုချိန်အထိ မတင်မကျ မသေမချာကြီးပါပဲ။

မင်းကပဲ ဟန်ဆောင်ကောင်းလွန်းနေတာလား။ တို့ကိုယ်တိုင်ကပဲ ကံဆိုးလွန်းနေခဲ့တာလား ဘုန်းစကြာ။ တို့ဘဝမှာ ချဉ်းကပ်လာခဲ့ဖူးသမျှ ယောကျ်ားလေးတိုင်းကို ရင်ခုန်မလှုပ်ခတ်ခဲ့တာ အသေအချာပါပဲ။

အချစ်ဆိုတာကို ရင်ခုန်လှုပ်ခတ်မှုရှိမှ လက်ခံချင်တဲ့တို့ တကယ်ထမ်း ရင်ခုန်လှုပ်ခတ်ခဲ့ရသူကျတော့။





မင်း သိပ်ရက်စက်တယ် ဘုန်းစကြာ။

တို့ကို သိနေရက်နဲ့ မင်းငြင်းဆိုခဲ့တာ နှစ်ကြိမ်တိတိပဲနော်။ ရင်ထဲမှာ ခံပြင်းခဲ့ရပေမယ့် မင်းကို တို့ မနာကြည်းရက်ဘူး။ ဒါချစ်တဲ့စိတ်တစ်ခုကြောင့်ပဲ ဖြစ်လိမ့်မယ်ထင်တယ်။

မင်းကပဲ နေရက်နိုင်လွန်းတာလား။ တို့ကပဲ မိုက်မဲလွန်းတာလား ဘုန်းရယ်။ တစိမ့်စိမ့်တွေးရင်း တို့ ကြောက်ရွံ့လာမိတာ အမှန်ပဲ။

မင်းရဲ့နှလုံးသားမှာ မရှိနိုင်မှန်းသိလျက်နဲ့ ကြိုးစားနေမိတဲ့အဖြစ်က ရူးသွပ်မိုက်မဲခြင်းတစ်ခု ဖြစ်နေပြီလား။

ချဉ်းကပ်လာသမျှ ယောကျ်ားလေးတွေကို ဟန်ဆောင်မှုတွေနဲ့ သိမ်းသွင်းအသုံးချခဲ့တာကြောင့်ပဲ တို့ ဝဋ်လည်နေတာလား။

သစ္စာဆို ဆုတောင်းခွင့်ရရင် တောင်းလိုက်ချင်တယ် ဘုန်း။ တို့နှလုံးသားထဲမှာ တကယ်ပဲ လှုပ်ခတ်ချစ်ခဲ့သူက တစ်ယောက်တည်းရယ်ပါ။ အဲဒီသူက

မဆုံးသေးသော အတွေးတွေကို ပြတ်တောက်စေတာ မပိတ်ဘဲထားမိသော ရိပ်ရဲ့ဟန်းဖုန်းလေးအော်သံကြောင့် ဖြစ်သည်။

ခေါင်းဦးဘေးက ဟန်းဖုန်းလေးကို ရိပ် လှမ်းယူကြည့်တော့ ကိုတိုင်းဆီက ဖုန်းဖြစ်နေသည်။

''သေလိုက်စမ်း''

တကယ့်ကို စိတ်ပျက်ညစ်ညူးစွာ နှုတ်က ရေရွတ်မိရင်း ဟန်းဖုန်းလေးကို ရိပ် အပြီးတိုင် ပိတ်ပစ်လိုက်မိသည်။ ထိုအတွက် ကိုတိုင်း စိတ်ပျက်သွားမည်လား။

မတတ်နိုင်ဘူးလေ။ ရိပ် ရင်ထဲမှာ ဘယ်လိုမှ လက်မခံနိုင်တဲ့ကိစ္စအတွက် နားလည်စာနာပေးပါ ကိုတိုင်း။

အချစ်ဆိုတာ သိပ်ကို အံ့ဩဆန်းကြယ်ပါတယ်။ ရိပ်အနားမှာ



www.burmeseclassic.com

www.burmeseclassic.com



ရွေးချယ်စရာချစ်သူတွေ များနေပေမယ့် ရိပ် ငြိတွယ်ခဲ့သူက တစ်ယောက် တည်းပါပဲ။

အဲဒီတစ်ယောက်က ဘုန်းစကြာပဲလေ။

■ ■ ■



အခန်း (၂၄)

''ဒီနေ့ ရိပ် ဆိုင်မလာဘူး ကိုတိုင်း''

ရတီစကားကြောင့် စိတ်ထဲမှာ မျက်ခနဲ ဖြစ်သွားရသည်။ မနေ့တုန်း ...ပဲ သူ ရိပ်ဆီ ဖုန်းဆက်ခဲ့သည်။ အသေအချာကို ချိန်းဆိုထားခဲ့၏။

''ဒီနေ့ ကိုယ့်မွေးနေ့မို့ ရိပ်ကို တစ်ခုခုကျွေးပါရစေ''

''ဟင် အဲဒါမှ ဒုက္ခပဲ၊ ရိပ် ဒီနေ့မအားဘူး ကိုတိုင်းရဲ့''

''ဟာကွာ အဲဒီလိုတော့ မလုပ်နဲ့၊ ကိုယ်က ရိပ်ကို သီးသန့်ပြုစု ...လို့ပါ''

''နောက်နေ့ကျမှ ကိုတိုင်းမွေးနေ့ကို အားပေးမယ်လေ၊ ဒီနေ့ ... တကယ်မအားတာ၊ သူငယ်ချင်းတစ်ယောက်နဲ့ ချိန်းပြီးနေလို့''

''မရဘူးကွာ ရိပ်ကိစ္စကို ဖျက်ပစ်လိုက် ဒါပဲ၊ ကိုယ် မနက်ကျရင် ...ထွက်ခဲ့မယ်''

အသေအချာပြောပြီး သူ ဖုန်းချခဲ့သည်။ ဘာပဲဖြစ်ဖြစ် ရိပ် ဆိုင်က ...င့်နေမည်ဟုပဲ ယုံကြည်ခဲ့သည်။ အခုတော့ ရိပ် ဆိုင်ကိုတောင် လိုက် ...ခဲ့ဘူးဟု ရတီ ဆိုလာ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုတိုင်းနဲ့ ချိန်းထားလို့လား"

"အသေအချာ ဖုန်းဆက်မှာထားတာ၊ ဒီနေ့ ကိုယ့်မွေးနေ့မို့လေ"

"ဟင် ဟုတ်လား၊ ရိပ် ဘာမှတောင်မပြောသွားဘူး၊ သူ့သူငယ်ချင်းသီတာက ပလာဇာသွားဖို့ ခေါ်ထားတယ်လို့ ပြောတယ်"

ရတီစကားက သူ့ရင်ကို ထိရှစေသည်။ သူငယ်ချင်းနှင့်ပလာဇာသွားသည့်ကိစ္စက သူ့အရေးကိစ္စထက်တောင် အရေးပါနေသည်လား။ သူ့အပေါ် ရိပ်ရဲ့အလေးထားမှုတွေက ခံရခက်စရာကောင်းနေသည်။

"ကိုတိုင်းမွေးနေ့လား ဘာကျွေးမှာလဲ"

"ဟုတ်တယ်နော် စုလှိုင်တို့ကိုတော့ တစ်ခုခု ကျွေးသင့်တယ်"

အရောင်းစာရေးမလေးတွေက တစ်ယောက်တစ်ပေါက် ပြောလာသည်။ ရတီကလည်း သူ့ကို ငေးငေးလေးစိုက်ကြည့်ရင်း

"ကိုတိုင်းတို့များ မွေးနေ့ဆိုတာတောင် ရတီတို့ကို မပြောဘူးနော်တကယ် နေရက်လိုက်တာ"

မျက်နှာညှိုးညှိုးလေးနှင့်ဆိုသော ရတီမျက်ဝန်းထဲက အရိပ်တွေကိုသူ ဘာသာပြန်တတ်ခဲ့တာ ကြာပြီ။ တကယ်ဆို ရတီရဲ့အပြုအမူ ဆက်ဆံမှုတွေက သူ့အပေါ်မှာ လိုတာထက် ပိုကဲနေ၏။

ဒါကိုသိပေမယ့် သူ့စိတ်က ချစ်ရိပ်ထင်မှ ချစ်ရိပ်ထင်ဆီမှာဖြစ်နေခဲ့သည်။

တကယ်ဆို မိန်းမတစ်ယောက်အပေါ်မှာ တံတိုင်းကျော်ဆိုသည့်ကောင်က ဘယ်တုန်းကမှ အောက်ကျမခံဖူးပါ။ ထားခဲ့ဖူးသည့်ရည်းစားတွေအများကြီးပါပဲ။

စိတ်ကုန်ပြီး ပြတ်ဆဲတော့လည်း စာဖွဲ့လောက်အောင် မလွမ်းဖူးပါ။ ချစ်ရိပ်ထင်နဲ့ကျမှ

ဒါကိုသိနေတာကြောင့် ချစ်ရိပ် ပညာပြနေတာလား။ တွေးရင်း





ရင်ထဲမှာ မလုံနှင့် ခံပြင်းချင်လာ၏။

ရတယ် ချစ်ရိပ်၊ တံတိုင်းကျော်ဆိုတဲ့ကောင်အတွက် မရှားပါဘူးဆိုတာ မင်းက လက်တွေ့ပြမှ ယုံကြည်မယ်ဆိုရင်

"ကဲ ကဲ ကျွန်တော့်မွေးနေ့မှာ စုလှိုင်တို့ နဒီတို့အားလုံးကို ပြုစုကျွေးမွေးမယ်ဗျာ၊ ဒီမနက်စာအတွက် ဘယ်ဆိုင်က စားချင်သလဲပြော၊ အချိန်မီ ရောက်စေရမယ်"

"တကယ်နော် ဒါဆို စုလှိုင်တို့ကလည်း ကိုတိုင်း ဘတ်ဒေးအတွက် ဆုတောင်းပေးရမှာပေါ့"

စုလှိုင်က မျက်ရိပ်ပြတော့ နဒီနှင့်ကြည်ပြာပါ သူ့အနားရောက်လာသည်။ ပြီးတော့ သုံးယောက်သား လက်ခုပ်လေးတွေ စည်းချက်ညီညီတီးရင်း

"ဟက်ပီးဘတ်ဒ်ဒေး တူးယူ၊ ဟက်ပီးဘတ်ဒ်ဒေးတူး ယူ ဟက်ပီးဘတ်ဒ်ဒေး ကိုတိုင်း"

ချစ်ရိပ်နှင့်ပတ်သက်ပြီး ညစ်ညူးနေသောစိတ်တွေကို စုလှိုင်တို့ဆုတောင်းသီချင်းလေးနှင့် သူ ဖြေသိမ့်ဖို့ ကြိုးစားနေတုန်း

"ကိုတိုင်း ဒါ ရတီရဲ့မွေးနေ့လက်ဆောင်"

ဘယ်အချိန်က ပြင်ဆင်ထည့်ယူလာသည်မသိသော အဖြူရောင်ဂိုက်ဘာဘူးလေးကို ရတီက ကမ်းပေးလာသည်။ သူ လှမ်းယူပြီးဖွင့်ကြည့်တော့ အနီရောင်ကျောက်ပွင့် အသည်းပုံလေးမှာ အဖြူရောင်မြားလေးထိုက်ဝင်နေသော ရင်ထိုးလေး။

"ဟက်ပီးဘတ်ဒ်ဒေးပါ ကိုတိုင်း"

ရတီမျက်ဝန်းတွေ လက်ဖြာတောက်ပလျက် သူ့အတွက် လှိုက်လှဲစွာ ဆုတောင်းပေးသည်။

"သင့်ခယူပါ ရတီ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး ကိုတိုင်းရယ်၊ ကိုတိုင်းမွေးနေ့ရက်လေး



www.burmeseclassic.com

www.burmeseclassic.com



မှာ ဆုတောင်းပေးရလို့ ရတီ ဂုဏ်ယူပါတယ်''

ဒီစကားတွေကို သူကြားလိုတာ ချစ်ရိပ်ရဲ့နှုတ်ဖျားကပဲဖြစ်သည်။ ဒါပေမဲ့ သူ့ရှေ့မှောက်မှာ ရောက်နေတာ ရတီ ဖြစ်နေ၏။ သူ ကျေနပ်စွာ ပြုံးလိုက်ရင်း

''ရတီ လက်ဆောင်အတွက် တကယ်ကျေးဇူးပါ ရတီ၊ ရတီ အားမယ်ဆိုရင် ရတီကို ကိုယ် ဖိတ်ခေါ်ပါရစေ၊ ကိုယ်နဲ့အတူ ဘုရားလိုက်ခဲ့လို့ရမလား''

ချက်ချင်း ဝင်းပသွားသော ရတီမျက်နှာလေးမှာ အံ့သြကြည်နူးရိပ်တွေ အထင်းသားပေါ်လွင်သွား၏။

''တကယ်လား ကိုတိုင်း၊ ရတီ လိုက်ခဲ့မယ်လေ''

''တကယ်ပေါ့ ရတီ၊ ကဲ ကျန်တဲ့သူတွေအတွက်မနက်စာ ပို့ပေးလိုက်မယ်နော်၊ ရတီကိုတော့ ကိုယ်ခေါ်သွားခွင့်ပြုပါ''

စုလှိုင်တို့အားလုံးက ကျေနပ်ကြည်ဖြူစွာ ခေါင်းညိတ်ပြသည်။

ရတီကတော့ သူ့အနားက ပျော်ရွှင်စွာ လိုက်ပါလာသည်။

မင်း ဘယ်လိုခံစားမလဲဆိုတာ ကိုယ်သိချင်တယ် ချစ်ရိပ်ထင်။

ကိုယ့်မွေးနေ့ပွဲကို ပျက်ကွက်ငြင်းပယ်ခဲ့တဲ့ မင်းအတွက် ဒါ ကိုယ့်ဘက်က တုံ့ပြန်မှုပဲ။

သူ့ရင်ထဲမှာ ကျိတ်ပြီး ကြိမ်းဝါးလိုက်မိသည်။ တကယ်ဆို ဒီနေ့ တစ်နေ့လုံး ချစ်ရိပ်နှင့်သူ ကုန်ဆုံးချင်သည်။ ဒါပေမဲ့

အခုတော့ ရတီသည်သာ သူ့အနားမှာ။

မင်းရင်ထဲက သိုဝှက်ထားတဲ့ ခံစားချက်တွေကို ကိုယ်မြင်ချင်တယ် ချစ်ရိပ်။ မင်း ဟန်ဆောင်မျက်နှာဖုံးကြီး ခွာချပစ်လိုက်စမ်းပါ။

■ ■ ■

တကယ်တမ်းကျ သူ ထင်မှတ်ထားသည်နှင့် တက်တက်စင်





အောင် လွဲချော်နေခဲ့သည်။

ထိုညမှာပဲ ရိပ်ဆီ သူ ဖုန်းဆက်တော့

''ဟက်ပီးဘက်ဒ်ဒေး ကိုတိုင်း၊ ရိပ် ကြားတယ်၊ ကိုတိုင်းမွေးနေ့ ရက်က ရတီကြောင့် ပြည့်စုံသွားတယ်ဆို''

''ချစ်ရိပ်မရှိလို့ ရတီကိုခေါ်သွားတာလေ၊ ဘုရားလည်းရောက်တယ် ရှင်ပြင်ထဲက ကစားကွင်းရော တိရစ္ဆာန်ရုံရော နဝဒေးမှာပါ ကိုယ်တို့ရုပ်ရှင်ကြည့်ဖြစ်တယ်''

''အင်း ရတီပြောပြလို့ ရိပ် အားလုံးကြားပြီးပြီ၊ တော်သေးတာပေါ့ ရိပ် မလိုက်ဖြစ်လို့ ကိုတိုင်း စိတ်ညစ်သွားမယ်ထင်တာ၊ ရတီကတော့ ဝမ်းသာနေတယ်၊ ရိပ် ဝမ်းသာပါတယ် ကိုတိုင်း''

''ဘာကို ဝမ်းသာတာလဲ ချစ်ရိပ်''

''ဩော် ရိပ်ကိုယ်စား ရတီ ကိုတိုင်းနဲ့အဖော်လိုက်ပေးလို့လေ၊ ဘာပဲဖြစ်ဖြစ် ကိုတိုင်းမွေးနေ့ပွဲလေး ပျော်ပျော်ရွှင်ရွှင် ပြီးသွားလို့ ရတီကို ကျေးဇူးတင်နေတာ''

''ချစ်ရိပ် မင်းရင်ထဲမှာ ဘယ်လိုခံစားနေရသလဲဟင်''

''အိုး ဝမ်းသာတာပေါ့ ကိုတိုင်းရဲ့၊ ဘာပဲဖြစ်ဖြစ် ရတီလည်းပျော်၊ ကိုတိုင်းလည်းပျော်သွားတဲ့ကိစ္စ ရိပ်က အရမ်းကြည်နူးနေတာ''

သူ ဘာစကားမှမဆိုနိုင်အောင် အံတကြိတ်ကြိတ် ဖြစ်နေတုန်းမှာ ချစ်ရိပ်ထင် နှုတ်ဆက်ပြီး ဖုန်းချသွားခဲ့သည်။

''တောက်''

ရင်ထဲက မကျေနပ်မှုတွေကို တက်တစ်ချက်အဖြစ်ပဲ သူပေါက်ကွဲ ထောက်ထုတ်နိုင်သည်။

တကယ့်ကို ခုတ်ရာတလွဲ ရှရာတခြားပါလား။

သူလိုချင်တာ ချစ်ရိပ်ထင်ရဲ့ ဝန်တိုမနာလိုစိတ်ကို ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့ သူမစကားတွေက သူနဲ့ရတီကိုပဲ ကြည်ဖြူကျေနပ်နေသလိုလို ဆိုးရွားလိုက်သည့်အဖြစ်။ ချစ်ရိပ် သိသိကြီးနှင့် တမင် သူ့ကို လမ်းကြောင်းလွှဲနေတာတော့ လက်မခံနိုင်တာ အမှန်ဖြစ်သည်။

မျှော်လင့်ချက်တွေပေးပြီး အပျော့ဆွဲလေးနှင့် သူ့ကို ချည်နှောင်ခဲ့သည်။ အခုမှ ခြေကန်ထုတ်ဖို့ ကြိုးစားတာ ဘာသဘောလဲ။

တံတိုင်းကျော်ရဲ့ဘဝမှာ ဒီလိုလှည့်စားခံရတဲ့အဖြစ်က သမိုင်းမ ပါ။

ချစ်ရိပ်အပေါ်မှာ သူ အများကြီးပေးဆပ်ခဲ့သည်။ မျှော်လင့်ခဲ့သည် ဒါပေမဲ့ သူရရှိခဲ့တာ ဘာမှမရှိ။

ဒီလိုတော့ မင်း ကိုယ့်ကို မလှည့်စားလိုက်နဲ့ ချစ်ရိပ်ထင်။

ငါ့နှလုံးသားက တကယ် တောင့်တတာ မင်းတစ်ယောက်တည်းပ ဒါကြောင့်လည်း ငါ့ဘက်က မျှော်လင့်ချက်တွေနဲ့ စောင့်စားခဲ့တာ မင်းအသိ လေ။

ကိုယ်လိုချင်တဲ့အရာတစ်ခုကိုတော့ ရအောင်ယူရမယ်။ ဒါတံတိုင် ကျော်ရဲ့ခံယူချက်။ ပြီးတော့

အသည်းကွဲဇာတ်လမ်းဆိုတာ ကိုယ့်ဘဝမှာ ဘယ်တုန်းကမှ မ စေရဘူး။ မင်းယုံကြည်လိုက် ချစ်ရိပ်။ ငါချစ်တာ မင်းတစ်ယောက်တည်း ဒါသေချာတယ်။

■ ■ ■



## အခန်း (၂၅)

''ဟာ လေးလေးတို့ ပြဿနာက ရှုပ်နေတာပဲဗျာ''

''. . .''

''ဟုတ်ပြီ ဟုတ်ပြီ ကျွန်တော် လာခဲ့မယ်၊ နာရီဝက်အတွင်း ရောက်မယ်''

တံတိုင်းကျော် ဖုန်းကိုပိတ်ရင်း စိတ်ပျက်သလို ခေါင်းကိုခါရမ်းနေ သည်။ ညှော်ခန်းထိုင်ခုံမှာ ဂျာနယ်ဖတ်နေသော သူ မမြင်ချင်ဘဲ မြင်နေရ မကြားချင်ဘဲ ကြားနေရသည်။

''ညီဘုန်း''

''ဘာခိုင်းစရာရှိလို့လဲ ကိုတိုင်း''

''ခိုင်းစရာရှိလို့ မဟုတ်ဘူး၊ အခု ငါသွားစရာရှိလို့၊ ငါ့လေးလေးက အရေးကြီးလှမ်းခေါ်နေလို့''

''ကျွန်တော် လိုက်ခဲ့ရမှာလား''

''ဟာ မင်းလိုက်လို့မရဘူး၊ လုံးဝမဖြစ်ဘူး၊ ခက်တာက ဒီနေ့ ချစ်ရိပ် အိမ်ကိုလာမှာကွ၊ အဲဒါ မင်းစောင့်ပြီး အကျိုးအကြောင်းပြောပြလိုက် ကွာ''



www.burmeseclassic.com

www.burmeseclassic.com



"ပြန်ခိုင်းလိုက်ရမှာလား"

"အေး သူ့သဘောပဲ၊ ငါက ကြာချင်ကြာမှာ၊ တကယ်

လေးလေးဒုက္ခက ငါ့အတွက် တစ်မှောင့်"

ဘာတွေမှန်းမသိ ညည်းတွားရင်း တံတိုင်းကျော် အခန်းထဲဝင်သ ၏။ သိပ်မကြာခင်မှာဘဲ ပြန်ထွက်လာတော့ အဝတ်အစားလဲပြီးနေပြီ

"ငါလစ်မယ် ညီဘုန်း၊ ချစ်ရိပ်ကို မင်းရှင်းပြလိုက်ကွာ"

"စိတ်ချပါ ကိုဘုန်း"

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားပေါ်တက်ကာ ကိုတ မောင်းထွက်သွားသည်။ သူ့ဦးလေးက ဖုန်းဆက်ခေါ်တာဆိုတော့ ဘာ မှန်း သူလည်းမသိပါ။

ဘာပဲဖြစ်ဖြစ် သူ ကျေနပ်မိတာ တံတိုင်းကျော်နှင့်ချစ်ရိပ်တို့ ချော်သွားတာကောင်းသည်။ နို့မို့ဆို သူတို့ကစားပွဲကို သူ့မှာထိုင်စောင့် ဝေဒနာတွေဖြစ်နေရမည့်အဖြစ်။

ဧည့်ခန်းထဲမှာပဲထိုင်ပြီး မမရိပ် ရောက်လာတာကို သူ စောင့် လိုက်သည်။

မကြာလိုက်ပါ။ ခြံထဲကို မောင်းဝင်လာသော ချစ်ရိပ်ထင်ရဲ့အ ရောင်ဆလွန်းကားလေး ဖြစ်သည်။ ကားတံခါးဖွင့်ဆင်းလာသော မမရိ သူ ငေးကြည့်မိ၏။

အနီရဲရဲ ကိုယ်ကျပ်ဝတ်စုံလေးနှင့် ဂျင်းဘောင်းဘီအကျပ်လေး ခန္ဓာကိုယ်ရဲ့အလှတွေကို ထင်ရှားအောင် ပေါ်လွင်စေ၏။

ဧည့်ခန်းထဲမှာ ထိုင်နေသော သူ့ကိုမြင်တော့ မမရိပ် ပြုံးပြ ဆက်ရင်း

"ကိုတိုင်းရော ညီဘုန်း"

"မရှိဘူး မမရိပ်၊ သူ့ဦးလေး ဖုန်းဆက်ခေါ်လို့ သွားတယ်၊ မေ





လာရင် ပြောဖို့ မှာသွားတယ်"

"ဘာမှာသွားသေးလဲ၊ ဘယ်အချိန်ပြန်လာမှာလဲ"

"နောက်ကျမယ်တဲ့၊ မိုးတောင်ချုပ်မလား မသိဘူး၊ မမရိပ် မစောင့် နဲ့တော့တဲ့"

မြန်မြန်ပြန်စေချင်သည့်စိတ်နှင့် သူ ပိုပိုသာသာ ပြောပစ်လိုက်သည်။ မျက်စိမလွှဲရက်လောက်အောင် လှနေသော မမရိပ်ကို ကိုတိုင်းနှင့်မဆုံတွေ့ စေချင်တော့ပါ။

အခုတစ်လော ဘာကြောင့်မှန်းမသိ။ သူ့စိတ်မှာ ဝန်တိုစိတ်တွေနှင့် ပဲ ကြီးစိုးနေခဲ့သည်။

"တို့ ဒီနေ့ ဆိုင်ပိတ်လို့ အားလပ်နေတာ မပြန်သေးပါဘူး ဘွား ကျင်ရှိတယ်မဟုတ်လား"

"ရှိတယ် မမရိပ်"

"ဒါဆို ဘွားကျင်လက်ရာ မနက်စာစားပြီးမှ ပြန်မှာပေါ့"

ပြောရင်း မမရိပ် မီးဖိုခန်းဘက် လှမ်းဝင်သွားသည်။ သူ့မှာ တားမြစ် ပိုင်ခွင့်မှ မရှိတော့လည်း ရှိစေတော့၊ ခြံထဲဆင်းကာ ပန်းပင်တွေကို ရေလောင်း နေလိုက်၏။

ဆယ်မိနစ်ခန့်ကြာတော့ မမရိပ် ပြန်ထွက်လာသည်။ ဖျတ်ခနဲ လှည့်ကြည့်ပြီးမှ သူ ကပျာကသီ ပြန်မျက်နှာလွှဲရသည်။ မမရိပ် ခန္ဓာကိုယ်မှာ ရစ်ပတ်လွှမ်းခြုံထားတာ မွေးပွတာဘက်ကြီးပဲ ရှိ၏။

"ညီဘုန်း ရေကူးကန်ရေတွေ မနေ့က လှယ်ထားတယ်ဆို"

"ဟုတ်ကဲ့"

"အတော်ပဲ၊ ဒါဆို တို့ ရေကူးမလို့၊ ရေမကူးရတာ ကြာပြီ"

ပြောပြီး ခြံဘေးဘက်က ရေကူးကန်ဆီ မမရိပ် လှည့်ထွက်သွား ခဲ့သည်။ လှည့်မကြည့်ပါဘဲနဲ့တောင် သူ့ရင်တွေ တဒိတ်ဒိတ်ခုန်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန်မှာသာ ကိုတိုင်း ပြန်လာရင်တော့ ခက်ပြီ။ အခုချက်ချင်း မမရိပ်ကို ဆွဲခေါ်ကာ ရေမကူးဖို့ သူ အမိန့်ပေး ပြန်နိုင်းလိုက်ချင်သည်အထိ ဖြစ်သွားသည်။

တစ်ခါတစ်ရံမှာ မမရိပ် လုပ်ရပ်တွေကို သူ ရင်မောမိသည်။ တံတိုင်းကျော်ဆိုတာ ဘယ်လိုယောက်ျားလဲ မမရိပ် မသိလေရော့သလား။

သူကတော့ အနီးကပ်နေခဲ့တာ ကြာပြီမို့ မမရိပ်အတွက် စိုးရိမ်သည်။ မမရိပ်လုပ်ရပ်တွေက အန္တရာယ်ကို လက်ယပ်ခေါ်နေသလို ဖြစ်နေ၏။

အခုချိန်မှာတော့ သူ ဘာမျှ မတတ်နိုင်ပါ။ ကိုတိုင်း မြန်မြန်ဆန်ဆန် ပြန်မရောက်လာပါစေနှင့်ဟုသာ ဆုတောင်းရင်း ခြံတံခါးဝကို မကြာခဏ လှည့်ကြည့်နေမိတော့သည်။

"ညီဘုန်း ညီဘုန်း ကယ်ပါဦး"

ဗလုံးဗထွေး ဟစ်အော်လိုက်သော မမရိပ်အသံကို ရေကူးကန်ဘက်က ကြားလိုက်တော့ စိုးရိမ်စိတ်နှင့် သူ ထူပူသွားသည်။

ဆတ်ခနဲ ကုန်းထပြီးမှ တွေတွေကြီး ရပ်နေမိဆဲ၊ ရေကူးကန်ဘက်က တဗုန်းဗုန်း ရေလှိုင်းသံတွေကို ကြားနေရဆဲ။ သူ ဘာမှစဉ်းစားမနေတော့ဘဲ ပြေးထွက်ခဲ့သည်။

"ဟာ"

သူ စိုးရိမ်မိသည့်အတိုင်းပါပဲ။ ပြာလဲ့ကြည်လင်သော ရေကူးကန်ထဲမှာ မမရိပ် သူ့ကိုမြင်တော့ လက်ကလေးတစ်ဖက် လှမ်းထောင်ရင်း

"တို့ ကြွက် ကြွက်တက်လို့ ဗူး ဟူး"

လှမ်းပြောရင်း ရေထဲကို နစ်မြုပ်သွားခဲ့ပြန်သည်။ သူ ဘာမှ စဉ်းစားမနေတော့ဘဲ ကန်ထဲကို ဒိုင်ဗင်ထိုး ခုန်ဆင်းလိုက်မိ၏။

ပြီးတော့ ရေထဲမှာ နစ်မြုပ်စပြုနေသော မမရိပ်ဆီ ကူးခတ်ကာ ဆယ်မယူလိုက်သည်။





မမရိပ်ခန္ဓာကိုယ်လေးက သူ့လက်ထဲမှာ ပျော့ခွေနေပြီ။

ကန်ပေါင်ပေါ်အထိ မမရိပ်ကို သူ တွဲတင်ရင်း စိုးရိမ်တကြီး ခေါ်မိ၏။

"မမရိပ် မမရိပ်"

ခွန်းတုံ့ပြန်သံမကြားရဘဲ မမရိပ် ငြိမ်သက်နေတော့ သူ ပိုလို့ စိုးရိမ်ထိတ်လန့်သွားမိသည်။ ရေမွန်းပြီး သတိလစ်သွားခဲ့သည်လား။

မမရိပ် ခန္ဓာကိုယ်ကို ပခုံးပေါ် ပွေ့ချီထမ်းပိုးပြီး သူ ခေါက်တုံ့ခေါက်ပြန် ပြေးသည်။

"ဝေါ့"

ပါးစပ်ထဲက ရေတချို့ အံထွက်ကျသွားမှ ကန်ပေါင်ပေါ်က ဒရင်းဘတ်ပေါ် ညင်သာစွာ ပွေ့တင်သည်။ အခုချိန်ထိ မမရိပ်မျက်ဝန်းတွေ ပွင့်မလာသေး။

"မမရိပ် မမရိပ်"

ပခုံးသားနုနုလေးကို ဆုပ်ကိုင်ကာ သူခေါ်သည်။ မထူးပါ။ မှိမောက်နေသော ရင်နှစ်မွှာအောက်နားမှ လက်နှစ်ဖက်နှင့်ဖိကာ ဖိကာ ပြုစုသည်။ မမရိပ် နှုတ်က အင့်ခနဲ ညည်းညူသံလေး ထွက်လာသည်။

"မမရိပ် မမရိပ်"

တကယ်ဆို ပြန်သတိလည်လာဖို့ ကောင်းနေပြီ။ ရင်ဘတ်မှာ သူ အသာနားကပ်ထောင်ကြည့်တော့ နှလုံးခုန်သံက တဒိတ်ဒိတ်တိုးနေ၏။

"မမရိပ် မမရိပ်"

"အင်း အင်း"

နှုတ်ခမ်းဖူးဖူးလေးတွေ ဖွင့်ဟ ညည်းညူလာရင်း မျက်တောင်ကော့ကြီးတွေ ပုတ်ခတ်လာသည်။

"မမရိပ် သတိရပြီလား မမရိပ်"



www.burmeseclassic.com

www.burmeseclassic.com



"အင်း ညီ ညီဘုန်း"

မျက်ဝန်းလေးတွေ ပွင့်လာကာ မမရိပ် သူ့ကိုငေးငေးလေး ကြည့်နေ၏။ ရေစက်လေးတွေ သီးနေသော မျက်နှာလေးက ဝင်းမွတ်သန့်ရှင်းနေသည်။ လည်တိုင်ဝင်းဝင်းလေးက သွေးကြောမျှင်လေးတွေ တုန်ခါနေတာကို ကြည့်ရင်း သူ ဝမ်းသာသွား၏။

"တော်သေးတာပေါ့ဗျာ၊ ကျွန်တော် အရမ်းစိုးရိမ်သွားတာ"

"အင်း ဟို ဟို ခြုံလွှာလေး"

သည်တော့မှပဲ စိုးရိမ်စိတ်တွေနှင့် တဒင် မေ့လျော့နေသော မမရိပ်ရဲ့ဝင်းမွတ်သော အသားစိုင်လေးတွေကို သူ မကြည့်ရဲအောင်ဖြစ်သွား၏။

အနီရောင် ရေကူးဝတ်စုံလေးနှင့် မမရိပ် အလှတရားတွေကို အခုမှ သူ ရင်ခုန်ဖို့ သတိရမိသည်။

ဒရင်းဘတ်ပေါ်မှာ လွှားထားသော ခြုံလွှာလေးကို သူ လှမ်းယူပေးလိုက်တော့ မမရိပ် ရင်ဘတ်ရှေ့မှာ ကွယ်ဝှက်ရင်း ထရပ်သည်။

"ကျေးဇူးတင်တယ် ညီဘုန်း၊ ရေကူးနေရင်း ကြွက်တက်သွားတော့ တို့အရမ်းကြောက်သွားတာ"

မမရိပ်သာ တစ်ခုခုဖြစ်သွားလျှင် သူလည်း တစ်သက်လုံးဖြေနိုင်မှာ မဟုတ်ဟု ပြောလိုက်ချင်သည်။ ဒါပေမဲ့ နှုတ်က တိတ်ဆိတ်နေမိဆဲ။

"ညီဘုန်း"

တိုးလျလျခေါ်သံကြောင့် သူမဝံ့မရဲ ခေါင်းမော့ကြည့်တော့ မမရိပ်မျက်ဝန်းတွေက သူ့ကို စူးစူးနစ်နစ် စိုက်ကြည့်နေဆဲ။

"ဒီတစ်ခါတော့ ညီဘုန်း တို့အသက်ကို တကယ် ကယ်တင်ခဲ့တာနော်၊ အဲဒီအတွက် တို့မမေ့သလို မင်းလည်း မေ့မပစ်လိုက်ပါနဲ့နော်"

"ဗျာ"

မမစကားတွေကို သူ အံ့သြသွားမိသည်။ မမရိပ်က နွေးနွေးလေး





ပြုံးရင်း သူ့ကိုကြည့်နေဆဲ။

"မင်း ဝန်မခံပေမယ့် တစ်ခါတုန်းကလည်း တို့ပြဿနာတစ်ခုကို မင်းဝင်ရှင်းပေးခဲ့တာ မမသိတယ် ညီဘုန်း၊ အဲဒီအတွက်ပါ ကျေးဇူးတင်တယ်ကွဲ တို့ အဝတ်အစားသွားလဲပါရစေဦး"

ပြောပြီး လှည့်ထွက်သွားသော မမရိပ်ကို သူ မင်တက်စွာငေးကြည့်နေမိ၏။ အကာအကွယ်မဲ့နေသော မမကျောပြင်ဝင်းမွတ်မွတ်လေးပေါ်က ရေစက်ပွင့်လေး လျှောခနဲ စီးကျသွားသည်။

သူ့ရင်ထဲမှာ တသိမ့်သိမ့်နွေးနေသော ခံစားမှုနှင့်အတူ ကြည်နူးစိတ်က တဒိတ်ဒိတ် တိုးနေ၏။

သူ ဝန်မခံခဲ့တာကိုလည်း မမရိပ် သိနေသည်လား။

နားလည်ပေးပါ မမရိပ်ရယ်။ ဒီကောင့်နှလုံးသားက အရိုင်းလေးမို့ပါ။ ဝန်ခံချင်ပါတယ် မမရိပ်။

တစ်ဘဝမှာ တစ်ခါပဲ ချစ်ခဲ့ဖူးတယ်။ အဲဒီအချစ်ကလည်း မမရိပ်နဲ့တွေ့မှပါ။

ဘုန်းစကြာဆိုတဲ့ကောင် နှလုံးသားက မမရိပ်ဆိုတဲ့ ရင်ခုန်စက်လေးနဲ့ဆုံမှ လှုပ်ရှားခုန်တတ်ခဲ့တာပါ မမရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၆)

"ရတီ"

"ဟင် ရိပ်"

ခုတင်ပေါ်မှာ မှောက်အိပ်လှဲရင်း ရင်ထဲက ခံစားချက်တွေကို ဒိုင်ယာရီလေးထဲမှာ ရေးနေတုန်း ရောက်လာသော ရိပ်ကြောင့် သူမ ဆတ်ခနဲ တုန်သွားတာတော့ အမှန်။

ကသောကမျောနှင့် ဒိုင်ယာရီစာအုပ်လေးကို ခေါင်းဦးအောက် ထိုးသွင်းပစ်ကာ လူးလဲထထိုင်မိ၏။

"ရိပ် မအိပ်သေးဘူးလား လာလေ"

ကသုတ်ကရိုက်နှင့် သူမရဲ့လုပ်ရပ်အားလုံးကို မြင်တွေ့သွားဟန်တူသော ရိပ်က ယုံ့ယုံ့လေးပြုံးရင်း အခန်းထဲ ဝင်လာသည်။ ရှက်စိတ်တွေကြောင့် သူမ ရိပ်မျက်နှာကိုတောင် ရဲရဲမကြည့်ရဲပါ။

ကိုတိုင်းနှင့်ပတ်သက်သော ရင်ထဲက ခံစားချက်တွေကို ဒိုင်ယာရီ ထဲမှာ အမြဲရေးမှတ်ရင်ဖွင့်မိတာ ရိပ် သိသွားပြီလားမသိ။

"ဆောရီးနော် ရတီ၊ တံခါးက စေ့ထားရုံပဲဆိုတော့ မခေါက်တော့





ဘဲ ဝင်လာမိတာ"

"ဟင် အဲ ရ ရပါတယ်၊ ဘာမှမဟုတ်ပါဘူး ရိပ်ရဲ့"

မလုံမလဲနှင့် ပြင်းမိသည့်စကားတွေက ကတုန်ကယင် ဖြစ်နေသလို ဟန်မဆောင်နိုင်လောက်အောင်လည်း ရတီမျက်နှာက ရဲရဲနီနေခဲ့၏။

"ရတီရယ် တို့ အားလုံးသိပါတယ်၊ ရတီ ရင်ထဲကို တို့ မြင်နေရတာပဲလေ"

ရိပ်လေသံက နူးညံ့ညင်သာနေသည်။ ရတီ မယုံရဲစွာမော့ကြည့်တော့ ရိပ် အပြုံးတွေကလည်း နွေးထွေးနေသည်ပဲ။

"မညာပါနဲ့ ရတီရယ်၊ ရိပ်နဲ့ရတီက အန်တီမေရဲ့သမီးတွေ၊ ညီအစ်မတွေပါ၊ ရိပ်လေ အမြဲတမ်း ရတီကို ဝန်တိုစိတ်တွေနဲ့ ပြိုင်ဖို့ကြိုးစားခဲ့တယ်၊ ကိုတိုင်းကိစ္စမှာပဲ ရတီကို ရိပ်အနှောင့်အယှက်ပေးခဲ့တယ်၊ ဒါပေမဲ့ အခု ရိပ် နောင်တတွေရနေပြီ သိလား"

ရိပ် နှုတ်က ဖွင့်ဟဝန်ခံနေသော စကားတွေအတွက် ရတီ အံ့သြနေမိသည်။ တကယ်ပဲ ရိပ်ပြောနေတာလား။

"ယုံပါ ရတီ၊ အချစ်ကို ရိပ် နှလုံးသားက ခံစားတတ်သွားခဲ့ချိန်မှာ ရတီနှလုံးသားကိုလည်း စာနာတတ်သွားတာ"

"ရိပ် ရိပ်ဘာကိုဆိုလိုတာလဲဟင်၊ ကိုတိုင်းကို"

"ဟင့်အင်း ကိုတိုင်းကို ရိပ် ခင်မင်တာကလွဲလို့ ဘာခံစားချက်မှ မရှိပါဘူး"

"ရိပ် တကယ်ပဲ ပြောနေတာလားဟင်"

ရတီ မယုံသလို ထပ်မေးတော့ ရိပ် အပြုံးမျက်နှာလေးနှင့် ခေါင်းလေးညိတ်ရင်း

"တကယ်ပါ ရတီ၊ ကိုတိုင်းကို ရိပ်မချစ်ပါဘူး၊ ရိပ် နှလုံးသားက တကယ်မြတ်နိုးချစ်မိတဲ့သူ ရှိပြီးသားပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူလဲဟင် ရိပ်"

"ဘုန်းစကြာလေ"

"ဘယ်သူရယ်"

"သူ့နာမည်က ဘုန်းစကြာတဲ့၊ ကိုတိုင်းအိမ်မှာနေတဲ့သူပါ၊ သူနဲ့ ရိပ် ဆုံခဲ့ကြတာ ကိုတိုင်းနဲ့မဆုံခင်ကတည်းကပေါ့"

ရိပ် ရှင်းပြနေတာတွေကို နားထောင်ရင်း ရတီ ပါးစပ်လေး အဟောင်းသားဖြစ်နေခဲ့သည်။ ရိပ် နှလုံးသားက အချစ်ကို ခံစားတတ်နေပြီတဲ့လား။ ဒီလို စကားမျိုးတွေ ရိပ်ဆီက ရတီကြားဖူးတာ ဒါ ပထမဆုံး အကြိမ်။

"ရိပ်လေ သူ့ကိုချစ်တယ်၊ ဒါပေမဲ့ သူ့နှုတ်က ဝန်ခံစကားကို ခုချိန်အထိ ရိပ် မပိုင်ဆိုင်ရသေးဘူး"

"ရိပ်ရယ်"

"သူ့ရင်ထဲက ခံစားချက်တွေကိုတော့ ရိပ် မနေ့ကပဲ မြင်သိခဲ့ပြီးပြီ ရတီ၊ သူ့နှုတ်က ဖွင့်ဟလာချိန်ကိုပဲ ရိပ်စောင့်နေတာ၊ ရိပ် ရတီကို ရင်ဖွင့်ရင်းနဲ့ တောင်းပန်တာပါ၊ ကိုတိုင်းကိစ္စမှာ ရိပ် မှားခဲ့ရင် ခွင့်လွှတ်ပါနော် ရတီ"

"အိုး ရိပ်ရယ် ရိပ်ကို ရတီ အပြစ်မမြင်ပါဘူး။ အဓိကက ကိုတိုင်းပဲလေ၊ အချစ်ဆိုတာ ပေးဆပ်တိုင်းလည်း ရချင်မှ ရတတ်တာမျိုးလေ"

ရတီ ခံစားချက်နှင့်ပြောလာသော စကားကြောင့် ရိပ် စိတ်မကောင်းဖြစ်ရသည်။ တကယ်ဆို ရတီနှလုံးသားကလည်း အချစ်ကို တစ်ခါပဲ ကြုံတွေ့ခံစားဖူးခဲ့တာဆိုတာ ရိပ်အသိဆုံး။

"ကိုတိုင်းအကြောင်းကို ရတီ အားလုံးသိပါတယ်၊ ဟိုးအရင်ကတည်းက ချစ်သူရည်းစားတွေ အများကြီးရှိခဲ့တဲ့သူလေ၊ ဒါပေမဲ့ ရတီအချစ်က ဘယ်လိုနည်းနဲ့မှ လျော့ပါးမသွားဘူး၊ ကိုတိုင်းကို ရတီ တကယ်ချစ်တာ၊





ဒါကြောင့်လည်း ရတီ ပိုင်ဆိုင်ချင်တာ ကိုတိုင်းနှလုံးသားက စစ်မှန်တဲ့အချစ်ပါပဲ"

"ရတီရယ် ရိပ် နားလည်ခံစားလို့ ရပါပြီ၊ ရတီ ကံကောင်းပါစေလို့ ရိပ် ဆုတောင်းပေးမှာပါ"

"အဟင်း ကျေးဇူးတင်ပါတယ် ရိပ်၊ ဒါပေမဲ့ ဆုတောင်းတိုင်းပြည့်တာမှမဟုတ်ဘဲလေ၊ အချစ်ဆိုတာ အံ့ဩစရာကောင်းပါတယ်၊ ကိုယ်က ချစ်နေပေမယ့်လည်း သူက ရင်ခုန်သံတူညီဦးမှလေ၊ ကိုတိုင်းဆီက တုံ့ပြန်မှု မရရင်လည်း ရတီအချစ်က တည်မြဲနေမှာပါ"

ရတီရဲ့ဖြူစင်သော နှလုံးသားလေးကို ရိပ် လေးစားသွားမိသည်။ ဒါကို ကိုတိုင်းမြင်နိုင်လျှင် ဘယ်လောက်ကောင်းမည်လဲ။

ရတီ ပြောသလိုပါပဲ။ ရင်ခုန်သံတွေ တူညီမှ အချစ်ကို ပိုင်ဆိုင်ခွင့်ရမည်တဲ့လား။ ဒါဆိုရင် ရိပ် ရင်ခုန်သံတွေနဲ့ ညီဘုန်း ရင်ခုန်သံတွေ တူညီချင်ပါသည်။

တူညီခွင့်မရှိခဲ့လျှင်ရော ရိပ် ရင်ခုန်သံတွေက ဆိတ်သုဉ်းသွားခဲ့မှာ မဟုတ်ဘူးဆိုတာတော့ သိပ်ကို သေချာသည်။

အချစ်ကို ဝန်ခံဖို့ ခက်ခဲနေရအောင်ပဲ ဘုန်းစကြာအတွက် ဖြစ်နေသည်လား။ ကိုတိုင်းကြောင့်လား။ ရိပ် သိချင်လှသည်။

ဒါပေမဲ့ တကယ်ချစ်ပြီဆိုရင်တော့ အရာရာကို ရင်ဆိုင်ရဲတဲ့သတ္တိတွေ ညီဘုန်းရင်ထဲမှာ အလိုလို ပေါက်ဖွားလာမှာဟု ရိပ် ယုံသည်။

အဲဒီတစ်နေ့ကျရင်တော့။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၇)

သေချာသည်က ချစ်ရိပ် သူ့ကိုရှောင်ဖယ်နေတာ အမှန်ဖြစ်သည် ဖုန်းဆက်တော့လည်း ဖုန်းက ပိတ်ထားသည်။ ဆိုင်ကိုရောက်တော့လည် မတွေ့ရပါ။ တစ်ခါမက နှစ်ခါမကဘဲ လေးငါးရက်ဆက်တိုက်ဖြစ်လာတော သူ ဒေါသတွေ ဆူဝေလာသည်။

ဘာသဘောလဲ။ တံတိုင်းကျော်ဆိုတဲ့ ယောကျ်ားက အဲဒီလော အထိ မာနသိက္ခာတွေကို လွှင့်ပစ်ရအောင် တန်ဖိုးမဲ့နေပြီလား။

မခံချင်စိတ်အဓွေးတွေနှင့်ပဲ သူ တန်ပြန်တိုက်ခိုက်ဖို့ ကြိုးစာ တော့သည်။

ချစ်ရိပ်ထင်က ရှောင်နေသည်ဆိုတော့လည်း သူ့အတွက် မိန်း မရှားပါးကြောင်း သက်သေပြရမည်ပေါ့။ ရတီဆိုတာ ချစ်ရိပ်ထင်ထ မသာ တောင် မနိမ့်ကျဘူးဆိုတာ သေချာ၏။

သူ့ခေါ်တိုင်းလည်း မငြင်းဆိုဘဲ နားလည်ပေးတတ်သော ရတ သူ ဂျေဒိုးနတ်ခ်ရဲ့စားပွဲဝိုင်းလေးကို ခေါ်ဖြစ်ခဲ့၏။

''ရတီ''





''ရှင်''

''မင်းကို ကိုယ်ချစ်တယ်''

''ဟင်''

သူ မျှော်လင့်ထားတာ ရှက်ရိပ်တို့ လွှမ်းကာ ဝမ်းသာကြည်နူးသွား မည့် မျက်ဝန်းတွေကို ဖြစ်သည်။ အခုတော့ ရတီ သူ့ကိုမော့ကြည့်နေသော မျက်ဝန်းတွေက ချောက်ချားထိတ်လန့်နေသည်လား။

''မင်းကို ကိုယ်ချစ်တယ် ရတီ၊ အဲဒီအတွက် မင်းရင်ထဲက အဖြေ ကို ကိုယ်ကြားချင်တယ်''

စိုက်ငေးကြည့်နေသော ရတီမျက်ဝန်းတွေ သူ့မျက်နှာဆီက ဖယ် ခွာကာ ဖန်ခွက်လှလှလေးဆီ ငုံ့ကျိုးသွား၏။

သူ မချင့်မရဲနှင့် စားပွဲပေါ်တင်ထားသော ရတီ လက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း

''မင်း မညာပါနဲ့ ရတီ၊ မင်းမျက်ဝန်းတွေထဲကို ကိုယ်မြင်နေရ တယ်''

''ရတီ မညာပါဘူး ကိုဘုန်း၊ ကိုတိုင်းလည်း ရတီကို မညာပါနဲ့၊ ကိုတိုင်း ရတီကို ဘာလို့ဒီစကားပြောတာလဲဟင်''

''ဟင် ဘာကိုဆိုလိုတာလဲ ရတီ''

''ရတီကို ချစ်တယ်ဆိုတဲ့စကားက ကိုတိုင်းရင်ထဲက ခံစားချက် အစစ်အမှန်မှ ဟုတ်ရဲ့လားဟင်''

''ဟင်''

သူ ထိတ်ခနဲ တုန်လှုပ်သွားခဲ့ကာ ဆုပ်ကိုင်ထားမိသော ရတီ သက်ကလေးကို ဖြေလွှတ်လိုက်မိသည်အထိပါပဲ။

''ရတီ သိနေတယ် ကိုတိုင်း၊ ကိုတိုင်း ဒီစကားကို ပြောခဲ့တာ မိကြောင့်မဟုတ်လားဟင်၊ ရိပ်ကို အရွဲ့တိုက်ချင်လို့ ပြောလိုက်တာမဟုတ်လား''



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲအထိတော်င် ရတီက ဝင်ကြည့်ပြီးပြောနေသလားဟု တောင် ထင်မိသည်။ နှုတ်က ဝန်ခံဖို့မရဲဘဲ သူ တိတ်ဆိတ်ခေါင်းငုံ့နေတော့ ရတီ ယဲ့ယဲ့ကလေး ပြုံးသွားရင်း

"မျက်ဝန်းတွေဆိုတာ စိတ်ရဲ့တံခါးတွေတဲ့၊ ကိုတိုင်းမျက်ဝန်းတွေ ကို ရတီ မြင်နေတယ်၊ ရိပ်ကို အရွဲ့တိုက်ဖို့အတွက်နဲ့ ရတီအချစ်ကို လှည့်စား မပိုင်ချင်ပါနဲ့ ကိုတိုင်း"

သူ ဘာမှ ခွန်းတုံ့မပြန်နိုင်အောင် အာစေးမိနေသည်။ ရတီ စကားသံတွေက တိုးတိတ်စွာ ပေါ်ထွက်နေဆဲ။

"အမှန်အတိုင်း ဝန်ခံရရင် ကိုတိုင်းအချစ်ကို ရတီ မျှော်လင့် တယ်၊ ဒါပေမဲ့ ပိုင်ဆိုင်ခွင့်မရရင်လည်း ရင်ထဲကပဲ ချစ်နေနိုင်တယ် ကိုတိုင်း အရမ်းချစ်တတ်သူအတွက် လွမ်းတတ်အောင်လည်း ကြိုးစားထားပြီးပြီလေ ကာရန်မတူညီတဲ့ နှလုံးသားနှစ်ခု မပေါင်းဆုံနိုင်ပါဘူးလေ၊ ကိုတိုင်းနဲ့ ရိပ်တို့ ဘဝကလည်း အတူတူပဲလေ"

"ဘယ်လို ရတီ၊ ချစ်ရိပ်က ကိုယ့်ကို တကယ်မချစ်ဘဲ ကစားနေ တယ်လို့ ပြောတာလား၊ သူ ကိုယ့်အပေါ် မျှော်လင့်ချက်တွေ အများကြီး ပေးထားခဲ့တာပါ"

"မဟုတ်ဘူး ကိုတိုင်း၊ ကိုတိုင်းကို ရိပ် မျှော်လင့်ချက်တွေပေးနေ တာ မဟုတ်ဘူး၊ သူ့ရင်ထဲက အချစ်အတွက် ကြိုးစားနေတာပါ"

"ဘာ ဘာရယ် ကိုယ် နားမလည်ဘူး"

သူ မယုံနိုင်စွာ မေးမိတော့ ရတီ နူးနူးညံ့ညံ့လေးပြုံးကာ သူ့ကို ကြည့်ရင်း

"ရိပ် ရင်ထဲက ချစ်နေတဲ့သူက ဘယ်သူလဲ၊ ကိုတိုင်း သိသလား"

"ဟင့်အင်း ဘယ်သူလဲ"

"ဘုန်းစကြာ"





"ဘာ"

အံ့ဩလွန်းသောစိတ်ကြောင့် သူ့အသံက ကျယ်လောင်သွား ခဲ့၏။ နံဘေးနားက လူတွေ သူ့ကိုလှည့်ကြည့်၏။

"ရတီ မင်းပြောတာ တကယ်ပဲလား"

"ရိပ်ကိုယ်တိုင် ဝန်ခံတဲ့စကားပါ ကိုတိုင်း"

"ဒါဆို သူတို့နှစ်ယောက်က ချစ်သူတွေပေါ့၊ ကြည့်စမ်း ကိုယ် လုံးဝ မသိဘူး၊ ဟိုကောင် ညီဘုန်းကလည်း လုံးဝမပြောဘူး၊ ကိုယ့်ကို အရူးလုပ်နေကြတာပေါ့"

ရင်ထဲမှာ နာကြည်းခံပြင်းစိတ်နှင့်သူဆိုတော့ ရတီ ခေါင်းလေးခါရမ်း ပြင်းဆိုရင်း

"မဟုတ်ဘူး ရိပ်ရင်ထဲက ဘုန်းစကြာကို ချစ်နေတာပါ၊ ဘုန်း စကြာကတော့ ဘာမှမသိဘူး၊ ရိပ်ကိုလည်း ဖွင့်မပြောဘူးလေ"

သူ နားလည်သဘောပေါက်သွားခဲ့သည်။ ချစ်ရိပ်က တစ်ဖက်သတ် ချစ်နေသည့်သဘောပဲ ဖြစ်ရမည်။

ညီဘုန်းဆိုတဲ့ကောင်က ဘယ်မိန်းမကိုမှ စိတ်ဝင်စားတာမဟုတ်။

တွေးရင်း ရင်ထဲက မခံချင်စိတ်တွေ ရုန်းကြွလာမိသည်။ တံတိုင်း ကျော်ဆိုတဲ့ သူ့ကိုကျော်ကာ ညီဘုန်းကိုမှ ချစ်ရိပ်က ချစ်နေသတဲ့လား။ ဘယ်လိုအခြေအနေနဲ့ပဲယှဉ်ယှဉ် သူက သာလွန်ပြီးသား။

ဒါတောင်မှ ချစ်ရိပ်က ညီဘုန်းမှ ညီဘုန်းတဲ့လား။

ဟင့်အင်း မင်းရဲ့ခပ်ကြောင်ကြောင် စိတ်ကူးတွေ ဘယ်တော့မှ ဖြစ်မလာစေရဘူး ချစ်ရိပ်။

မင်းရွေးချယ်ရမှာ ငါပဲ။

တံတိုင်းကျော်ဆိုတဲ့ ငါ့ဘဝထဲက မင်း ဘယ်တော့မှ ပြေးထွက်လို့ ရဘူးဆိုတာ သေချာတယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၈)

ဆင်ဝင်အောက်မှာ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေသော ကိုတိုင်းကိုကြည့်ကာ သူ နားမလည်နိုင်အောင် ဖြစ်နေသည်။

အရင်က ဒီလိုပုံစံမျိုးနှင့် တံတိုင်းကို သူတစ်ခါမှ မမြင်ဖူးပါ။ ဘာတွေ ဖြစ်နေတာလဲ မသိ။ ဒီနေရာလေးကိုပဲ ခေါက်တုံ့ခေါက်ပြန် လျှောက်နေတာ ဆယ်မိနစ်လောက် ကြာနေပြီ။

တစ်ခါတစ်ရံ တုံ့ခနဲရပ်ပြီး ခြံတံခါးဆီ မျှော်ကြည့်လိုက်သေးသည်။ ဘာကို မျှော်နေတာလဲ။ မမရိပ်ကိုလား။

မဟုတ်နိုင်ဟု ထင်သည်။ မမရိပ် အိမ်ကိုလာမည်ဆိုလျှင် သူ့ကို အမြဲတမ်း ကြိုပြောနေကျ ဖြစ်သည်။ မမရိပ် အိမ်ကို ရောက်မလာတာလည်း တစ်ပတ်လောက်ကြာပြီ။

ကိုတိုင်းကလည်း ဘာကြောင့်လို့ မပြောတော့။ သူလည်း မမေး သင့်တာမို့ မမေးဖြစ်ခဲ့။

''တီ တီ''

ဖွင့်ထားသော ခြံတံခါးဆီက ကားဟွန်းသံနှင့်အတူ မောင်းဝင်လာ





သော ကားလေးက မမရိပ်ရဲ့ကားလေးပဲ ဖြစ်သည်။ လမ်းလျှောက်နေသော ကိုတိုင်းလည်း အခုမှပဲ တုံ့ခနဲ ရပ်သွားကာ မျက်နှာကြီး ဝင်းပသွားခဲ့၏။

မမရိပ်ကိုမျှော်နေမှန်း အခုမှပဲ သူ သိတော့သည်။ စည်းရိုးက ပုံဖျွားရိပ်ပင်တွေကို ကတ်ကြေးနှင့် ကိုက်ဖြတ်နေရာက သူ လှမ်းကြည့် မိသည်။

''မျှော်လိုက်ရတာ ချစ်ရိပ်ရယ်၊ လာမှ လာပါ့မလားလို့''

''လာပါ့မယ်လို့ ဖုန်းထဲက ကတိပေးပြီးပြီပဲ ကိုတိုင်းရယ် လာမှာ ပေါ့''

''ဟုတ်ပါပြီကွာ၊ လာ လာ ဧည့်ခန်းထဲမှာထိုင်ဦး''

ကိုတိုင်းက မမရိပ်ကို ဧည့်ခန်းထဲခေါ်သွားသည်။ မကြာလိုက်ပါ ကိုတိုင်း ချက်ချင်းပြန်ထွက်လာကာ သူ့ကို လက်ရပ်ခေါ်နေတာမို့ သူ လုပ်လက်စအလုပ်ကို ပစ်ထားခဲ့ကာ ထွက်လာခဲ့၏။

''ညီဘုန်း''

''ဘာလဲ ကိုတိုင်း၊ ကျွန်တော် ဘာလုပ်ပေးရမလဲ''

''ရော့ကွာ ဒေါ်ကျင်မရှိတော့ မင်းပဲဈေးသွားဝယ်၊ ကြက်သားနဲ့ ဆိတ်ကလီစာ ဝယ်ခဲ့၊ အချိုသောက်တွေရော စုံအောင်ဝယ်ခဲ့နော်''

သူ မျက်မှောင်ကုပ်သွားသည်။ ဈေးသွားခိုင်းတာ မနက်ကတည်းက ခိုင်းဘဲ အခုမှခိုင်းတာ မဟုတ်သေး။ မနေ့ကတည်းက ဒေါ်ကျင်ကို ကိုတိုင်း က သူ့ဦးလေးအိမ် ပြန်လွှတ်လိုက်တာတော့ သူ သိသည်။

စားသောက်ရေးကိစ္စအတွက် သူတို့နှစ်ယောက် အပြင်ထွက်စား မည်ဟု ပြောထားပြီးမှ ဘာတွေစိတ်ကူးပေါက်သွားသည်မသိ။

''ဒါက ဘယ်လဲကွ''

''ဆွဲခြင်းယူမလို့လေ ကိုတိုင်းရဲ့''

''အေး မြန်မြန်ယူပြီးသွား၊ ငါမှာတာတွေ မမေ့နဲ့နော်၊ သွား



www.burmeseclassic.com

www.burmeseclassic.com



သွား''

ကိုတိုင်းပုံစံက ထူးခြားနေတာတော့ အမှန်။ မမရိပ် ရောက်လာတာကြောင့် သူ့ကို အိမ်မှာမရှိစေချင်သည့်သဘောလား။

မီးဖိုထဲက ဈေးခွဲခြင်းယူကာ သူထွက်ခဲ့တော့ ညှော်ခန်းမရောက်ခင်မှာပဲ မမရိပ် မေးလိုက်သံကို ကြား၏။

''ရွှေတောင်ခေါက်ဆွဲက ဒေါ်ကျင့်လက်ရာလား ကိုတိုင်း''

''ဟုတ်တယ်၊ မီးဖိုထဲမှာ ဒေါ်ကျင် စီစဉ်နေပြီ ချစ်ရိပ်ရဲ့၊ ပြီးမှ အတူစားကြတာပေါ့''

သူ နားမလည်နိုင်အောင် ဖြစ်သွားသည်၊ ဒေါ်ကျင်မရှိပါဘဲ မီးဖိုထဲမှာဟု ကိုတိုင်း မမရိပ်ကို ညာနေ၏။ သူ့ကိုလည်း ဈေးကိုဖွတ်သွားခိုင်းနေသည်။

ဒါ မရိုးသားတာတော့ သိပ်ကို သေချာနေခဲ့ပြီ။

ဆွဲခြင်းကိုင်ဆွဲကာ သူ ညှော်ခန်းကို ဖြတ်ကျော်ထွက်ခဲ့သည်။ ကိုတိုင်း မမြင်ဟန်ဆောင်ကာ ချစ်ရိပ်သင်ကို စကားတွေ ဖောင်ဖွဲ့ပြောနေသည်။

သူ့ရင်ထဲမှာတော့ သံသယတွေနှင့်အတူ မမရိပ်အတွက် စိုးရိမ်စိတ်တွေ တိုးလာရသည်။

ခြံအပြင်ရောက်တော့ ခဏရပ်စောင့်သည်။ ပြီးမှ လှစ်ခနဲ ပြန်ဝင်ခဲ့ကာ ပန်းရုံတွေကြားက တိုးဝှေ့ပြီး အိမ်ဘေးဘက်ကို တိုးကပ်ခဲ့သည်။

ညှော်ခန်းထဲမှာ စကားသံတွေကို သူ အသာကပ်ပြီး နားထောင်ကြည့်၏။

''ချစ်ရိပ် လိမ္မော်ရည်လေးသောက်ထားဦးနော်၊ ခဏနေရင် ဒေါ်ကျင်လက်ရာ ရွှေတောင်ခေါက်ဆွဲ စားကြတာပေါ့''

''အင်း ကျေးဇူးပဲ ကိုတိုင်း''





တံတိုင်းကျော်ရဲ့လုပ်ရပ်တွေကတော့ ဘယ်လိုမှ မရိုးသားတာ သေချာနေပြီ။ သူ ခြေသံဖော့ကာ နောက်ဘေးမီးဖိုထဲက အိမ်ထဲပြန်ဝင်ခဲ့သည်။ ပြီးတော့ ညှော်ခန်းဘက်ဆီကို အသာလှမ်းခဲ့သည်။

စကားသံတွေ တိတ်ဆိတ်နေ၏။ ညှော်ခန်းထဲမှာ မရှိကြတော့ဘူးလား မသိ။

ဘာသံမှ မကြားတာ သေချာမှ ခေါင်းပြူကာ သူ ညှော်ခန်းထဲ လှမ်းကြည့်လိုက်သည်။ ဘယ်သူမှ မရှိတော့ပါ။ စားပွဲပေါ်မှ တစ်ဝက်ကျိုးနေသော လိမ္မော်ရည်ဖန်ခွက်က ဒီအတိုင်းရှိနေ၏။

မမရိပ်နှင့်တံတိုင်းကျော်တို့ ဘယ်ပျောက်သွားတာလဲ။ ခြံထဲဆင်းသွားကြတာတော့ မဟုတ်နိုင်။

သူ စဉ်းစားမရနိုင် ဖြစ်နေဆဲမှာ အပေါ်ထပ်လှေကားက ပြေးဆင်းလာသော ခြေသံကို ကြားလိုက်တာမို့ အခန်းအကွယ်မှာ ကပ်နေလိုက်၏။

သူ့ကို မမြင်ရှာဘဲ တံတိုင်း အိမ်နောက်ဘက်အထိ လှမ်းဝင်သွားသည်။ ရေချိုးခန်းလား၊ ရေအိမ်လား တစ်ခုခုဖြစ်မည် ထင်၏။

ဘာမှစဉ်းစားမနေတော့ဘဲ သူ အပေါ်ထပ် လှေကားထစ်တွေအတိုင်း လှစ်ခနဲ ပြေးတက်ခဲ့သည်။ သူ ခြေလှမ်းတွေ ဦးတည်ရာက ကိုတိုင်းရဲ့အိပ်ခန်းဆီကို။

စေ့ထားသော တံခါးကို သူ ဖျတ်ခနဲ ဆွဲဖွင့်လိုက်တော့

''ဟာ''

ခုတင်ပေါ်မှာ ခွေခွေလေးအိပ်ပျော်နေသော မမရိပ်။ သူ စိုးရိမ်စွာ အနားရောက်ခဲ့သည်။

''မမရိပ် မမရိပ်''

သူခေါ်သံကို မကြားနိုင်အောင် အိပ်မောကျနေသည်ဆိုတော့ ဒါ သွေးရိုးသားရိုး မဟုတ်တာတော့ သေချာနေပြီ။



www.burmeseclassic.com

www.burmeseclassic.com



"တောက် တော်တော်အကြံပက်စက်တဲ့ တံတိုင်းကျော်"

သူ အံတစ်ချက်ကြိတ် ရေရွှတ်ရင်း မမရိပ်ခန္ဓာကိုယ်လေးကို မွေ့ချီလိုက်သည်။ အိပ်မောကျ ငြိမ်သက်နေသော မမရိပ်ခမျာ ဘာမှမသိရှာ။

အိပ်မက်ဆိုးတွေပဲ မြင်မက်နေသည်လား။

■ ■ ■

Bath Tub ထဲမှာ ခန္ဓာကိုယ်ကို ရေစိမ်ချိုးရင်း တံတိုင်းကျော် ကျေနပ်စွာ ပြုံးလိုက်မိသည်။

အစီအစဉ်အားလုံးကတော့ ချောမွေ့အောင်မြင်စွာ ပြီးဆုံးသွားခဲ့သည်။ အခုတော့ သူ့အခန်းထဲမှာ ချစ်ရိပ် နှစ်ခြိုက်စွာ အိပ်ပျော်နေပြီ။

တံတိုင်းကျော်ရင်ခွင်ထဲက ဘယ်လိုပြေးနိုင်တော့မှာလဲ ချစ်ရိပ်ရယ်။ ကိုယ်လိုချင်တဲ့အရာတစ်ခုကို ရဖို့အတွက် ကြိုးစားတာ ရက်စက်ယုတ်မာတာလို့ မင်းပြောချင်ပြော။

ဒါ ငါ့ဘဝတစ်ခုလုံးနဲ့ ရင်းပြီး မင်းကို။

"ဝူး ဝူး"

"ဟင်"

နားထဲမှာ သဲ့သဲ့ကြားလိုက်ရသော ကားစက်သံကြောင့် သူ Bath Tub ထဲက အထိတ်တလန့် ခုန်ထလိုက်မိသည်။ ခန္ဓာကိုယ်မှာ ဆပ်ပြာတွေတောင် မပြောင်သေးပေမယ့် တန်းပေါ်ကမျှော်ကြိုလွှာကို ခန္ဓာကိုယ်ပေါ် အမြန်ရစ်ပတ်လိုက်သည်။

အရေးထဲမှာ ဘယ်ကအနှောင့်အယှက်တွေ ရောက်လာတာလဲ တွေးရင်း ဧည့်ခန်းဆီ သုတ်သုတ်လှမ်းခဲ့တော့

"ဟာ"

ဝေါခနဲ မောင်းထွက်သွားသော ချစ်ရိပ်ရဲ့ကားလေးကို ခြံဝမှာ ရိပ်ခနဲပဲ မြင်တွေ့လိုက်သည်။





သူ့မျက်ဝန်းတွေ ပြူးကျယ်ဝိုင်းစက်သွားခဲ့ကာ အပေါ်ထပ်လှေကားထစ်တွေကို ပြေးတက်ခဲ့သည်။

ဟင်းလင်းပွင့်နေသော အိပ်ခန်းထဲက ခုတင်ပေါ်မှာ ချစ်ရိပ်မရှိတော့။ ချက်ချင်းလက်ငင်း နိုးလာကာ ချစ်ရိပ် ထွက်ပြေးသွားခဲ့တာလား။ မဖြစ်နိုင်ဟု ထင်သည်။ တကယ်ဆို သုံးလေးနာရီလောက်တောင် နှစ်ခြိုက်စွာအိပ်မောကျနေရမှာ။

သွေးရူးသွေးတန်းနှင့် သူ ဧည့်ခန်းထဲကို ဘယ်လိုပြန်ဆင်းလာခဲ့မိသည်တောင် မသိလိုက်ပါ။

ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသော စိတ်တွေကို တည်ငြိမ်အောင်ထိန်းပြီး ဖြစ်နိုင်တာကို တွေးဆကြည့်တော့ အာရုံထဲ အရိပ်ထင်လာတာ ညီဘုန်းမျက်နှာ။

သေချာသည်။ ချစ်ရိပ်ကို ဒီကောင် ခေါ်ထုတ်သွားတာပဲဖြစ်မည်။

"တောက် ဘုန်းစကြာ မင်းကွာ"

ရင်ထဲက ပေါက်ကွဲဒေါသတွေနှင့် သူ မချိတင်ကဲ ရေရွှတ်ရုံမှတစ်ပါး။

■ ■ ■

ကားနောက်ခန်းထဲမှာ ခွေခွေကလေး အိပ်မောကျနေဆဲ မမရိပ်ကတော့ ဘာမှမသိရှာသေး။ သူ့မှာသာ ကားကိုမောင်းနေရင်း ဘာဆက်လုပ်သင့်သည်လဲဆိုတာ ဦးနှောက်တွေ ပူထူမတတ်တွေးနေမိသည်။

ဒီအတိုင်း ခြေဦးတည်ရာ ဆက်မောင်းနေလို့ လုံးဝမဖြစ်တာ သေချာသည်။ အာရုံထဲမှာ ဖျတ်ခနဲ သတိရလိုက်မိတာ ဦးစံမောင်ရဲ့ယာတဲလေး။

မင်္ဂလာဒုံဘက်က ပေါက်တောရွာလေးထဲမှာရှိသော ဦးစံမောင်အိမ်လေးကိုရောက်ခဲ့သည်အထိ မမရိပ် မနိုးသေး။ တံတိုင်းကျော်ရဲ့လက်ဆ



www.burmeseclassic.com

www.burmeseclassic.com



က ပြင်းလွန်းပါလား။

"ဟာ မောင်ဘုန်း၊ ပျောက်နေတာ ကြာပြီ၊ ဘယ်က လှည့်လာတာတုံး"

"ဦးစံဆီလာတာ၊ ကျွန်တော့်ကို ကူညီပါဦး၊ ဒီမှာ ခဏလာပါဦး"

ဆေးပေါ့လိပ်ကြီးဖွာလျက် ဦးစံမောင် သူ့ကားဆီ ခပ်သွက်သွက် လျှောက်လာသည်။

"ဘာလဲဟ ကောင်လေးရ၊ ငါ ဘာကူညီရမှာတုံး"

"ဟိုမှာ အထဲမှာ"

သူ လက်ညှိုးညွှန်ပြသော ကားနောက်ခန်းထဲ လှမ်းကြည့်ရင်း ဦးစံမောင် ပါးစောင်မှာခဲထားသော ဆေးပေါ့လိပ်ကြီးတောင် ပြုတ်ကျသွားတော့။

"ဟာ ဘာလဲ ဘာဖြစ်တာလဲ၊ မင်း ဘာတွေလုပ်လာတာလဲ မောင်ဘုန်း၊ သေ သေနေပြီလားဟ"

"ဟာ အိပ်ပျော်နေတာပါ ကျွန်တော်တို့ ဦးစံအိမ်မှာ ခဏတည်းမလို့"

"ဟေ မင်း မိန်းမခိုးလာတာပေါ့"

လတ်တလောမှာ ခရေစေ့တွင်းကျ ရှင်းပြနေလို့ ဖြစ်မှာမဟုတ်တော့ သူ ခေါင်းညိတ်ပြလိုက်မိသည်။ ဦးစံမောင်က ကွမ်းချိုးတွေနှင့် ရဲရဲနီနေသော သွားတွေပေါ်အောင်ပြုံးရင်း

"ရတယ် ရတယ် ကောင်လေး၊ ငါ တဲလေးမှာ မင်းတို့နေကြ၊ ငါ့အတွက်မပူနဲ့ ငါ့အစ်ကိုကြီးအိမ် သွားနေလို့ရတယ်"

"ကျေးဇူးပဲ-ဦးစံ"

ကားနောက်ခန်းထဲက မမရိပ်ခန္ဓာကိုယ်လေးကို ပွေ့ချီကာ သူ တဲပေါ်ခေါ်တင်ခဲ့သည်။

"တော်တော် အိပ်ရေးပျက်လာပုံပါလားကွာ၊ အိပ်နေတာများ





သိုးလို့၊ ကဲ ကဲ လွတ်လွတ်လပ်လပ်နေကြ၊ ငါလစ်ပြီ၊ ညနေမှ တစ်ခေါက်လာခဲ့မယ် ကောင်လေးရေ"

တဲလေးထဲမှာ သူတို့နှစ်ဦးထားရစ်ခဲ့ကာ ဦးစံမောင် ထွက်သွားသည်။ အခန်းထဲက ဝါးအခင်းလေးပေါ်မှာ ပုံပုံလေးအိပ်ပျော်နေသော မမရိပ်ခန္ဓာကိုယ်လေးပေါ်မှာ ချည်စောင်လေးကို သူ လွှမ်းခြုံပေးလိုက်သည်။

ပြီးတော့မှ နံဘေးမှာ သူ ဒူးနှစ်ဖက်ထောင်ထိုင်ရင်း တံတိုင်းကျော် မျက်နှာကိုငေးမြင်မိသည်။

အခုလောက်ဆို တံတိုင်းကျော် ယမ်းပုံမီးပုံကျ ဖြစ်နေလောက်ပြီထင်သည်။ မမရိပ်ကို ဒီလိုနည်းနဲ့ အကြမ်းဖက်သိမ်းပိုက်တာတော့ သူ ဘယ်လိုမှ လက်မခံနိုင်ပါ။

အခုတော့ သူ့နံဘေးမှာ အပြစ်ကင်းစင်စွာ အိပ်ပျော်နေသော မမရိပ်မျက်နှာလေးကို သူ တစ်ဝကြီး ငေးကြည့်နေမိသည်။

သူ့ရင်မှာ မြတ်နိုးချစ်ခင်ရသော မမရိပ်ကို သူ တစ်ဘဝစာဆုံးရှုံးလိုက်ရတော့မလို့။ အခုတော့ ကံသီစွာနှင့် သူ့အရိပ်အောက်မှာ မှမမရိပ် ရောက်နေခဲ့ပြီ။

နှစ်ခြိုက်စွာ အိပ်စက်ပါ မမရိပ်ရယ်။

မထိရက် မနမ်းရက်အောင် မြတ်နိုးချစ်တတ်တာ ယုံပါ။

■ ■ ■

"အင်း အင်း အင်း"

ညည်းညူသံလေးနှင့်အတူ လွန့်လူးလာသော မမရိပ်ခန္ဓာကိုယ်လေးကြောင့် သူ ဆတ်ခနဲ ဖြစ်သွားရင်း

"မ မမရိပ်"

"ဟင် အင်း ဘယ် ဘယ်သူလဲ"

"ကျွန်တော်ပါ ညီဘုန်း"



www.burmeseclassic.com

www.burmeseclassic.com



ညီဘုန်းဆိုသောအမည်ကြောင့် ရိပ် မျက်လုံးတွေကို ဖွင့်ကြည့်ဖို့ ကြိုးစားမိသည်။ ဒါပေမဲ့ အာရုံတွေက ရီဝေမှုးမိုက်နေဆဲ။

"အင်း မူးရိပ်ရိပ်နဲ့ အင်း"

"မမရိပ် မူးနေသေးရင် ပြန်မှေးနေလိုက်နော်"

နူးညံ့ကြင်နာသော အသံတွေနှင့် ညီဘုန်းအသံကြောင့် ရိပ်မျက်ဝန်းလေးတွေ ပြန်မှေးမှိတ်ထားမိသည်။ အနားမှာ စိုးရိမ်ပူပန်စွာ စောင့်ကြည့်နေမည့် ညီဘုန်းရှိနေမှတော့ ရိပ် ဘာမှကြောက်လန့်နေစရာမလိုဘဲလေ။

တစ်စတစ်စ ပြေသွားသောအမူးရှိန်တို့ ကင်းစင်သွားမှ ရိပ် အားလုံးကို ပြန်စဉ်းစားကြည့်မိသည်။

နောက်ဆုံးအသိအာရုံထဲမှာ အမှတ်ရလိုက်မိတာ ကိုတိုင်းတိုက်သော လိမ္မော်ရည်တစ်ခွက်ကို ရိပ် သောက်ခဲ့တာ ဖြစ်သည်။

ရိပ် မျက်ဝန်းလေးတွေ ဖွင့်ကြည့်တော့ စိုးရိမ်မျက်ဝန်းတွေနှင့် မိုးကြည့်နေသော ညီဘုန်းမျက်နှာ။ ပြီးတော့ ခနိမိုးတဲအိမ်လေးထဲမှာဆိုတာ သိလိုက်၏။

"တို့ ဘယ်ရောက်နေတာလဲဟင် ညီဘုန်း"

"ဘာမှမစိုးရိမ်နဲ့ မမရိပ်၊ ဒါ ကျွန်တော့်အသိ ဦးလေးကြီးအိမ်ပါ။ မင်္ဂလာဒုံဘက်က ပေါက်ကုန်းရွာလေးထဲမှာလေ"

"အင်း တို့ ကိုတိုင်းတိုက်တဲ့ လိမ္မော်ရည်သောက်ပြီး အိပ်ပျော်သွားတာပဲ မှတ်မိတယ်"

"မမရိပ်ကို စိတ်မချလို့ ကိုတိုင်းအမူအရာတွေကို သံသယဖြစ်လို့ ကျွန်တော် ဈေးမသွားဘဲ ပြန်လှည့်လာခဲ့တာလေ"

ရိပ်ဘဝပျက်လုလုအခြေအနေက ကယ်တင်ခဲ့သည့်အကြောင်းတွေကို ဘုန်းစကြာက ပြန်ရှင်းပြနေသည်။

ဖြူစင်သော မျက်ဝန်းလေးတွေထဲက ကြင်နာတတ်သော စိတ်





ထားလေးတွေကို ရိပ် ငေးငေးလေးကြည့်ရင်း ပြုံးပြမိ၏။

"ညီဘုန်း တို့ကို ကူညီခဲ့တာ သုံးကြိမ်ရှိပြီနော်"

ရိပ်စကားကြောင့် ဘုန်းစကြာ နှစ်နှစ်ခြိုက်ခြိုက် ပြုံးသည်။ ပြီးတော့မှ ခေါင်းလေးညိတ်ပြသည်။

"အဲဒီကျေးဇူးတွေအတွက် တို့ ဘယ်တော့မှ မမေ့တော့ဘူး ဘုန်းရယ်"

"မလိုပါဘူး မမရိပ်ရယ်"

ထိုထက်ပိုမိုသောစကားတွေ ဘုန်းစကြာနှုတ်ခမ်းတွေက ထွက်ကျလာမည်လား ရိပ်မျှော်လင့်နေမိပေမယ့် တိတ်ဆိတ်နေခဲ့၏။ ဘုန်းရယ် ရင်ထဲက စကားတွေကို ဖွင့်ဟဖို့ ဘာကြောင့်များ ထိန်းချုပ်ထားရတာလဲကွယ်။

"မမရိပ် အမူးပြေပြီဆိုရင် သွားရအောင်နော်"

"ဟင် ဘယ်ကိုသွားကြမှာလဲ ညီဘုန်း"

"မမရိပ် အိမ်ကိုပြန်မှာပေါ့၊ တော်ကြာ အိမ်က စိတ်ပူနေမယ်၊ ကျွန်တော်တို့မိုးမချုပ်ခင် ပြန်ရောက်မှာပါ"

"ညီဘုန်းကရော တံတိုင်းကျော်ဆီ ပြန်မလို့လား"

ရိပ်စိုးရိမ်စွာမေးတော့ ဘုန်းစကြာ ခေါင်းလေးကို ခါရမ်းပြရင်း

"ဟင့်အင်း ကျွန်တော့်အိမ်ကိုပဲ ပြန်မှာ၊ မာမီ့ဆီကို ကျွန်တော် ပြန်မှာပါ"

သူ့အတွက် ခိုလှုံရာ ရင်ခွင်အရိပ်သည် မာမီရဲ့အရိပ်ပဲ ရှိတော့သည်။ မာမီ့ကို သူ ဥပေက္ခာပြုထားခဲ့တာ ကြာပြီပဲလေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၉)

''မိုက်လိုက်တာ သမီးရယ်၊ ဘာလို့ ဒီလိုလုပ်သွားရတာလဲဟင်''

ဆင်ဝင်အောက်မှာ သူမကားလေး ထိုးရပ်သည်နှင့် ငိုကြွေးကာ ပြေးဆင်းလာသော အန်တီမေကို နားမလည်နိုင်စွာ မော့ကြည့်မိ၏။

''သမီးတို့ချင်း အဆင်ပြေတယ်ဆိုရင် အန်တီမေဆီ ခွင့်တောင်းသင့်တာပေါ့ သမီးရယ်၊ အခုတော့ မောင်တံတိုင်းကျော်နဲ့ သမီး ခိုးရာလိုက်ပြေးသွားမှန်းမသိဘဲ အန်တီမေတို့ သောကတွေနဲ့ ပူလောင်သွားခဲ့ကြတာပေါ့''

''ရှင် မ မဟုတ်ဘူး အန်တီမေ''

ရိပ် ခေါင်းခါရင်း ငြင်းဖို့ ကြိုးစားမိသည်။ အန်တီမေက မျက်ရည်တွေ မပြယ်သေးသောမျက်နှာနှင့်

''အခုမှတော့ အန်တီမေကို မညာပါနဲ့တော့ သမီးရယ်၊ တစ်ရပ်ကွက်လုံးက အသိမိတ်ဆွေတွေ၊ သမီးသူငယ်ချင်းတွေ ဝိုင်းပြီး ရှာဖွေစုံစမ်းလိုက်ကြရတာ၊ မောင်တံတိုင်းကျော်ဆီက ဖုန်းဝင်မှ အမှန်သိတော့တာ''

''ဘယ် ဘယ်လို အန်တီမေ၊ တံတိုင်းကျော်ဆီက ဖုန်းဆက်တာ ဟုတ်လား''





''ဟုတ်တယ်လေ ညနေရောက်မှဆက်တာ၊ သမီးကို သူ ခိုးသွားဘာပါဆိုမှ အန်တီမေတို့ ဟင်းချနိုင်တော့တာ၊ ဟိုမှာ အားလုံးက သမီးအတွက်စိတ်ပူနေကြတာ''

ဧည့်ခန်းမှာ စုရုံးနေသော လူစုကြီးကို ရိပ် လှမ်းကြည့်ရင်း ဘာမှ ပြောနိုင်ပါ။ အန်တီမေရဲ့အသိမိတ်ဆွေတွေ၊ ရပ်ကွက်ထဲက လူကြီးတွေအပြင် ရိပ်ရဲ့သူငယ်ချင်းတွေအားလုံး ရိပ်ကို ဝိုင်းကြည့်နေကြ၏။

''ကဲ ချစ်ရိပ်ထင်လေး ပြန်ရောက်ပြီဆိုတော့ ပြီးပြီပေါ့ ဒေါ်မြမေ ရေ အမြန်ဆုံးသာ မင်္ဂလာပွဲစီစဉ်တော့ဗျို့''

''ဟုတ်တယ် ကိုယ်က သမီးရှင်ဆိုတော့ အချိန်ဆွဲမနေနဲ့တော့၊ အခုလည်း တစ်ရပ်ကွက်လုံး သိနေပြီပဲတော်''

''ဟုတ်ကဲ့ ဟုတ်ကဲ့ အားလုံးကိုလည်း ကျေးဇူးတင်ပါတယ်ရှင်၊ သမီးလေးမင်္ဂလာပွဲကို အမြန်စီစဉ်မှာပါ''

တစ်ယောက်တစ်ခွန်းနှင့် အန်တီမေကို အကြံပေးစကားတွေဆို နှုတ်ဆက်ပြန်သွားကြသော လူကြီးတွေရှေ့မှာ ရိပ် ဘာမှပြောခွင့်မရနိုင်အောင် နှုတ်ဆိတ်နေရသည်။

''ရိပ် ငါတို့ပြန်မယ်ဟာ၊ နင်က တော်တော်ဆိုးတာပဲ၊ အန်တီမေနဲ့ဆက်ပြီး အကူအညီတောင်းလို့ ငါတို့တစ်မြို့လုံးပတ်ရှာရတာ ဖတ်ဖတ်မောနေတာပဲ''

''အေးဟယ် စောစောစီးစီး ဖုန်းဆက်ရောပေါ့၊ ဒါမှမဟုတ်လည်း သူကစိတ်မပူအောင် စာလေးဘာလေး ရေးခဲ့သင့်တယ်''

သူငယ်ချင်းတွေကပါ ရိပ်ကို ဆူပူအပြစ်တင်ပြီးမှ နှုတ်ဆက်ပြန်သွားခဲ့ကြသည်။ ဧည့်ခန်းထဲမှာ အားလုံးရှင်းလင်းသွားတော့မှ ရိပ် ဖြေရှင်းရတော့၏။

''အန်တီမေတို့ ထင်နေတာတွေ တစ်ခုမှမဟုတ်ဘူး၊ ရိပ် တံတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကျော်နောက်ကို လိုက်သွားခဲ့တာ မဟုတ်ဘူး''

''ဘာ ဘာရယ် သမီး''

''ဟုတ်တယ် သူက ရိပ်ကို ညာခေါ်ပြီး အမွေသိမ်းပိုက်ဖို့ကြိုးစား ခဲ့တာပါ၊ အဲဒီအန္တရာယ်က ရိပ်ကို ဘုန်းကြော်က ကယ်တင်ခဲ့တာ''

''ဘာရယ် ရိပ်၊ နင်ပြောတာ တကယ်လား''

တစ်ချိန်လုံး ငြိမ်သက်နေသော ရတီက အခုမှ တအံ့တသြ မယုံနိုင်စွာမေးလာသည်။

''ဒါ လိမ်ညာစရာမှမဟုတ်တာဘဲ ရတီရယ်၊ ငါမှ တံတိုင်းကျော် ကို စိတ်မဝင်စားတာ နင်အသိပဲ''

''ဒါပေမဲ့ ကိုတိုင်းကိုယ်တိုင်က သူ့ကို နင်ခိုးပြေးပါတယ်ဆိုပြ စောစောက လူကြီးတွေစုံညီရှေ့မှာ ဖုန်းဆက်ပြောတာ''

ရိပ် ခံပြင်းစွာ အံကိုကြိတ်မိသည်။ တံတိုင်းကျော် ဘာရည်ရွယ် ချက်နှင့် ဒီလိုလုပ်ရတာလဲ။ သူ ကျူးလွန်ခဲ့သောအပြစ်ကလွတ်အောင် မထူးဇာတ်ခင်းတာလား။

''ဒါ လုံးဝ လက်မခံနိုင်တဲ့စကားပဲ''

''လက်မခံလို့ မရတော့ဘူး သမီး၊ ကာယကံရှင်က အားလုံးရှေ့ မှာ ဝန်ခံလို့ တစ်ရပ်ကွက်လုံး သိခဲ့ကြပြီးပြီ၊ ဒါကို အခုမှ သမီးက ငြင်း ဖြေရှင်းလို့ရမလား''

''မဟုတ်ဘူး အန်တီမေ၊ ဒါ အမှားကြီးပဲ''

''အဲဒီအမှားကြီးကို သမီးပဲဖန်တီးခဲ့တာလေ၊ မောင်တံတိုင်းကျော် သမီး တွဲနေတာ အားလုံးအသိပဲ၊ အခုမှ အရှက်တွေ အကြိမ်ကြိမ် ထပ်ခ ကွဲအောင် မလုပ်ပါနဲ့တော့ကွယ်''

အန်တီမေက တောင်းပန်သလို ငိုသံပါကြီးနှင့်ပြောသည်။ ရိ လက်မခံနိုင်စွာ ခေါင်းကိုခါမိသည်။





''သမီး ရပ်ကွက်ထဲက လူကြီးတွေ အန်တီမေ့အသိမိတ်ဆွေတွေ ရှေ့မှောက်မှာ အန်တီမေ အရှက်ကွဲခဲ့ရပြီးပြီ၊ နောက်ထပ်တစ်ခါထပ်ပြီး အရှက်ကွဲရမယ်ဆိုရင် အန်တီမေကိုသာ သတ်လိုက်ပါတော့ အဟင့် ဟင့်''

ပြောရင်း ငိုရင်း အန်တီမေ ဒူးညွှတ်ခွေလဲကျသွားတော့ ရိပ်နှင့် ရတီ ကသောကမျော ထွေးပွေ့လိုက်ရသည်။

''အန်တီမေ အန်တီမေ''

''သတိလစ်သွားတာ ရိပ်၊ ဒေါက်တာ ဦးလှထွန်းကို ဖုန်းဆက် ခေါ်စမ်း''

ရတီ သတိပေးမှ ရိပ် ဖုန်းဆီပြေးခဲ့ရသည်။ ဖြေရှင်းရခက်သော ပြဿနာမီးပွားတွေက ရိပ် မငြိမ်းနိုင်အောင် လောင်မြိုက်နေခဲ့သည်။

ထို့အတွက် ရိပ်ရင်ထဲမှာ နာကြည်းဒေါသထွက်မိတာ တံတိုင်း ကျော်ကိုပဲဖြစ်သည်။

''တောက် သင်းကြောင့် ယောက်ျားမဆန်တဲ့လူ''

''ရိပ် နင့်ဒေါသတွေ မျိုချလိုက်တော့ဟာ၊ ဒီမှာ အန်တီမေက အရေးကြီးတယ်၊ အန်တီမေ တစ်ခုခုဖြစ်သွားရင် နင် တစ်သက်လုံးနောင်တ တွေနဲ့ ကြေကွဲဆုံးမှာမဟုတ်ဘူး''

ရတီက ချင့်ချိန်သတိပေးစကားဆိုသည်။ ရိပ် ပင့်သက်ရှိုက်ရင်း ငြိမ်သက်နေလိုက်ရသည်။

အန်တီမေဆိုတာ ရိပ်အတွက်တော့ မိခင်ရင်းချာထက်တောင် ကျေးဇူးကြီးမားခဲ့သော အမေတစ်ယောက်ပါပဲ။

အန်တီမေ တစ်ခုခုဖြစ်မှာကိုတော့ ရိပ် အလိုမရှိပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၀)

''သား သားရယ်၊ မာမီ ဝမ်းသာလိုက်တာ''

သူ့ခန္ဓာကိုယ်ကို ရင်ခွင်ထဲ တင်းတင်းကျပ်ကျပ် သိုင်းဖက် မာမီ မျက်ရည်စတွေကြားက ရှိုက်ငိုနေပြန်သည်။

''မငိုပါနဲ့တော့ မာမီရယ်၊ သား အခု မာမီ့ဆီ အပြီးပြန်လာခဲ့ ပါ''

''သားလေး တကယ်ပြောတာနော်၊ မာမီ့ရင်ခွင်ထဲက ဘယ်တော့ ထွက်မသွားပါနဲ့တော့နော် သား''

မာမီ့ပခုံးနှစ်ဖက်ကို သူ့လက်တွေနှင့် တင်းတင်းကျပ်ကျပ် ပြန် ထားရင်း သူ ကတိပေးစကားဆိုမိသည်။

''သား ကတိပေးပါတယ် မာမီ၊ ဘယ်တော့မှ မာမီအနိ သား မစွန့်ခွာသွားတော့ပါဘူး။ မာမီမေတ္တာတွေကို စော်ကားခဲ့တဲ့အတွ သားကို ခွင့်လွှတ်ပေးပါနော်''

''ခွင့်လွှတ်နိုင်ပါတယ် သား၊ အမေဆိုတာ သားသမီးအ ဘယ်တော့မှ အပြစ်မယူဘဲ ခွင့်လွှတ်တတ်သူပါ သားရယ်''

မာမီ့ပါးပြင်ပေါ်က မျက်ရည်တွေကို ညင်သာစွာပွတ်သုတ်





သော သူ့မျက်ဝန်းတွေထဲမှာလည်း မျက်ရည်စတွေ ခိုတွယ်နေဆဲ။

နှစ်လကျော်မျှ သူ ပစ်ထားခဲ့သော မာမီ သိသိသာသာ ပိန်ချုံး သွားခဲ့သည်။

ဒါကိုမြင်ရတော့ သူ ဝမ်းနည်းကြေကွဲလို့မဆုံးခဲ့ပါ။

''မေမေကြီး နေမကောင်းလို့ ဆေးရုံတင်ရတာ နှစ်ကြိမ်တောင်ပဲ အစ်ကိုလေးရယ်၊ အဲဒီအချိန်မှာ အန်ကယ်ဦးသက်နိုင်က အချိန်ပြည့်ရှိနေလို့ တော်သေးတာပေါ့၊ မိညိုတစ်ယောက်တည်း ဘာလုပ်ရမှန်းမသိဘူး''

သူ အိမ်ပြန်ရောက်တော့ မိညိုက ပြောပြ၍အားလုံးသိခဲ့ရသည်။

ဆေးရုံရောက်နေသော မာမီ့ရဲ့သတင်းကို မိညိုမပြောခင်ကတည်း က သူ အားလုံးသိခဲ့တာ။

ရိပ်နှင့်လမ်းခွဲပြီး မာမီ့အိမ်မပြန်ဖြစ်တဲ့ ဒယ်ဒီ့ဆီကို အရင်သွားခဲ့တာ ကြောင့်ဖြစ်သည်။

''သား မှားတယ်၊ တကယ်ဆို မင်းမာမီက မင်းအပေါ်မှာ ဒယ်ဒီ့ ထက်တောင်မှ ပိုတာဝန်ကျေခဲ့သူပါ သားရယ်၊ ဒီအသက်အရွယ်အထိ ဒယ်ဒီရဲ့ထောက်ပံ့မှုကို လက်မခံဘဲ သားကို သူစောင့်ရှောက်ကျွေးမွေးခဲ့တာ ခင်တစ်ယောက်ရဲ့မာနနဲ့ သတ္တိကြီးမားလို့ပဲ သား၊ အခု သားမာမီ ဆေးရုံ တက်နေတယ်''

''ဟင် မာမီ ဘာဖြစ်လို့လဲ ဒယ်ဒီ''

''သားစိတ်နဲ့ခံစားရတဲ့ နှလုံးရောဂါပေါ့ကွာ၊ ဒယ်ဒီရောက်ခဲ့ပြီးပြီ၊ ကိုသက်နိုင်နဲ့တွေ့ခဲ့တယ်''

''ဟင် ဒီလူကြီးနဲ့ ဒယ်ဒီဆုံတယ်''

မာမီ့ကိုလက်ထပ်ဖို့ ကြိုးစားနေသော ဦးသက်နိုင်နှင့်ရင်ဆိုင်တိုးချိန် က ဒယ်ဒီ ဘယ်လိုခံစားရမည်လဲ သူ သိချင်သည်။

ဒယ်ဒီက သိမ်မွေ့တည်ငြိမ်စွာပဲ ပြုံးသည်။

''ကိုသက်နိုင်နဲ့ဒယ်ဒီ ရင်းနှီးပါတယ် သားရယ်၊ တကယ်ဆိုရင်း

www.burmeseclassic.com



ကောင်းတဲ့သူပါ၊ သား မာမီအပေါ်မှာလည်း သံယောဇဉ်ကြီးတဲ့သူပါ"

"ဒယ်ဒီက အဲ့ဒီလူနဲ့ မာမီ့ကို သဘောတူသလားဟင်"

"သားရယ် သားမာမီရွေးချယ်တဲ့ ဘယ်သူကိုမဆို ဒယ်ဒီ လက် သဘောတူပါတယ်၊ ဒယ်ဒီကိုယ်တိုင်လည်း ဘဝသစ်တည်ခဲ့တာပဲ ကိုသက်နိုင်က မင်းမာမီအတွက် အကောင်းဆုံးအဖော်ပါ၊ သူ စီးပွားရေး ကျဆင်းနေချိန်မှာ ကိုသက်နိုင် အများကြီးကူညီခဲ့တယ်၊ သားကိုလည် ချစ်တယ်၊ အဲဒီလိုလူရဲ့အရိပ်မှာ သားမာမီ ခိုလှုံသင့်ပါတယ်"

ဒယ်ဒီ့စကားတွေကို နားထောင်ရင်း သူ တွေဝေခဲ့ရသည်။

တကယ်ဆို နှလုံးသားက ချစ်တတ်ခဲ့တာ သူကိုယ်တိုင်လည် ကြုံခဲ့ပြီးပြီ။

"သား ဘာတွေ တွေးနေတာလဲဟင်"

"ဘာမှမတွေးပါဘူး ဒယ်ဒီ၊ မာမီ့ဆီကို အန်ကယ်ဦးသက် လာသေးလားဟင်"

မာမီ ကွက်ခနဲ မျက်နှာပျက်သွားသည်။ သူ မာမီ့ကို ပြုံးပြ

"သား မာမီ့ကို အပြစ်မမြင်တော့ပါဘူး၊ မာမီနဲ့အန်ကယ်ဦးသ နိုင်ရဲ့ခရီးကိုလည်း မတားမြစ် မနှောင့်ယှက်တော့ပါဘူး"

"ဟင်"

"မာမီ့အတွက် အကောင်းဆုံးအဖော်ဆိုတာ သား ယုံကြည်လ ခံလိုက်ပါပြီ မာမီ"

"သားရယ်"

သူ့ကြောင့် မာမီ စိတ်ဆင်းရဲခဲ့ရတာ ကြာပြီ။

ဒီတစ်ခါတော့ မာမီ စိတ်ချမ်းသာစေချင်ပါသည်။

မာမီရဲ့စေတနာနှင့်မေတ္တာတွေကို သူ နားလည်တတ်ခဲ့ပြီ

■ ■ ■



## အခန်း (၃၁)

"နေဦး တိုင်း၊ မင်းကို မိန်းမလိုက်တောင်းပေးပါဆိုတော့ အဲဒီ မိန်းကလေးနဲ့မင်းက အဆင်ပြေကြည်ဖြူလို့လား"

"ဟာ လေးလေးကလည်း ကြည်ဖြူရုံမကဘူး၊ ကျွန်တော်နဲ့တောင် နီးရာလိုက်ပြေးပြီးပြီ"

"ဟေ"

သူ့စကားကြောင့် လေးလေးသက် အံ့သြသွားပုံရသည်။ ပါဝါ မျက်မှန်ထဲက မျက်ဝန်းတွေနှင့် သူ့ကိုစူးစိုက်ကြည့်ရင်း

"နီးရာလိုက်ပြေးပြီးပြီဆိုတော့ ကောင်မလေးက မင်းအိမ်မှာပေါ့"

"မဟုတ်ပါဘူး သူ့အိမ်ပြန်သွားပြီ"

"ဟာ မင်းဟာက ဘယ်လိုလဲကွ၊ တကယ်ဆို လူကြီးစုံရာနဲ့ ပြန်အပ်၊ ပြီးရင် မင်္ဂလာရက်သတ်မှတ် စီစဉ်ရမှာကို"

"အခုလည်း မင်္ဂလာရက်သတ်မှတ်စီစဉ်ဖို့ လေးလေးကို လာပြော နေတာ၊ ကျွန်တော့်ဘက်က အားလုံးငြိမ်းတယ်"

လေးလေးသက် ဇဝေဇဝါဖြစ်နေပုံရသည်။ သူ ရင်ဆိုင်ဖြစ်ပွားခဲ့



www.burmeseclassic.com

www.burmeseclassic.com



တာတွေကိုတော့ အမှန်ပြောလို့မဖြစ်ပါ။ အမှန်အတိုင်းသိသွားလျှင် လေးလေး
သက် လက်ခံမှာမဟုတ်ဟု သူသိ၏။

"ဒီလို လေးလေးရာ၊ ကျွန်တော်တို့လူငယ်ချင်း ချိန်းတွေ့ပြီး
အချိန်လွန်သွားတော့ ကောင်မလေးမိဘတွေ စိတ်ပူပြီးရှာတယ်၊ ရပ်ကွက်
မှာ လူသိရှင်ကြား ဟိုးလေးတကျော်ကျော် ဖြစ်ကုန်တာ၊ ဒါကြောင့် သူ့မိ
တွေလက်ထဲ ချက်ချင်းပြန်အပ်လိုက်တာ၊ ကျွန်တော့်ဘက်က အုပ်ထိန်း
ခေါ်လာပြီး တရားဝင်တောင်းရမ်းပါ့မယ်လို့ ညှိနှိုင်းပြီးပြီ"

"မိန်းကလေးရှင်မိဘက သဘောတူသလား"

"သဘောတူတယ်၊ ပြောရရင် သူက မွေးစားသမီး၊ အဖေ အ
မရှိတော့ဘူး၊ အဒေါ်က မွေးစားထားတာ"

လေးလေးသက်က စစ်စစ်ပေါက်ပေါက် မေးသည်။ သူကလည်
အမှားအယွင်းမရှိအောင် ဖြေသည်။ နောက်ဆုံးတော့ လေးလေးသက်
ကြည့်စွာ ခေါင်းညိတ်သဘောတူသည်။

"အေးပေါ့ကွာ မင်းဘက်က အဆင်ပြေတယ်ဆိုရင် လေးလေး
လိုက်တောင်းပေးမှာပေါ့"

"ဟား ကျေးဇူးပဲ လေးလေးရာ"

"မလိုပါဘူးကွာ မင်းကျေးဇူးတွေလည်း ငါ့အပေါ်မှာ ရှိပါတယ်ကွ"

လေးလေးစကားကြောင့် သူ တွန့်ခနဲ ဖြစ်သွားသည်။ အခုချိန်
သူ့အိမ်မှာ ဘုန်းစကြာရှိနေဆဲဟု လေးလေး ထင်နေ၏။ ဒီကောင် အိမ်
မရှိတော့တာကို သူပြောလို့ မဖြစ်။

ဘုန်းစကြာက သူနဲ့ရိပ်တို့ ဖြစ်ရပ်အမှန်တွေအားလုံးကို သိထာ
သည်။ အခုလည်း ရိပ်ကို ခေါ်ထုတ်သွားပြီး ဘယ်ကိုလွင့်သွားသည်မသိ
ချစ်ရိပ်ကတော့ ထိုနေ့ကပဲ ပြန်ရောက်လာသည်ဟု သူကြားသည်
သူ့ဘက်က ကြံစည်ခဲ့တာတွေက အကျည်းတန်လွန်းသည်။ ချစ်ရိပ်ထင်





တော့ ကျေနပ်မှာမဟုတ်။

ဒါပေမဲ့ ပြဿနာတော့မရှိပါ။

ချစ်ရိပ်ထင် ဒေါ်လေး အန်တီမေက ဒုတိယအကြိမ် အရှက်ရမည့်
အဖြစ်ကို ဖြစ်ခံမည်မဟုတ်ဟု ပြောထားပြီးပြီ။ ဘာပဲဖြစ်ဖြစ် သူ့အတွက်
တော့ သိပ်ကောင်းသည်။

ချစ်ရိပ်ကိုတော့ သူ စွန့်လွှတ်ရတော့မည့်ဆဲဆဲမှာ ပြန်ပိုင်ဆိုင်ခွင့်
ရတော့မည်။

ချစ်ရိပ် ဘယ်လောက်ပဲ သူ့ကိုနာကြည်းမုန်းနေပါစေ။

အရေးကြီးတာက ပိုင်ဆိုင်ခွင့်ရဖို့ပဲ ဖြစ်သည်။ အချစ်အတွက်
ရာဇဝင်ထဲမှာတောင် ကြမ်းတမ်းခဲ့ဖူးတဲ့ ဒဿဂီရိဆိုတဲ့သူရှိခဲ့သေးတာပဲ။

တံတိုင်းကျော်ဆိုတဲ့ကောင်ကလည်း ခေတ်သစ် ဒဿဂီရိပေါ့။

ချစ်ရိပ်၊ မင်း ငါ့ရင်ခွင်ထဲက ဘယ်မှ ထွက်မသွားနိုင်ဘူးဆိုတာ
ယုံလိုက်စမ်း။

■ ■ ■

"ငါ့ရင်ထဲမှာ တော်တော်ခံပြင်းတယ် ရတီရယ်"

အံလေးတင်းကာ ခါးခါးသီးသီးဆိုသော ရိပ်ကိုကြည့်ရင်း ရတီ
ပင့်သက်ရှိုက်မိသည်။

ရိပ်ပြောသောစကားတွေကို သူမ ယုံသည်။ ပိုင်ဆိုင်လိုမှုတစ်ခု
အတွက်နှင့် ရိပ်ဘဝကို အမွှေသိမ်းပိုက်ဖို့ တံတိုင်းကျော် ကြိုးစားခဲ့သည်။
ဒီအန္တရာယ်ဆိုးကြီးထဲက ရိပ် လွတ်မြောက်ခဲ့ပေမယ့်

အခုတော့ အန်တီမေရဲ့မျက်နှာကြောင့် ဘာမျှ ငြင်းဆိုခွင့်မရှိဘဲ
လက်ထပ်ရတော့မည်။

"ဘယ်လောက်ရှုံ့ရှာစရာကောင်းတဲ့လူလဲ၊ ငါ့ဘဝကို သိမ်းပိုက်ဖို့
ကြိုးစားခဲ့တာ"



www.burmeseclassic.com

www.burmeseclassic.com



တွေးရင်း ရိပ် မျက်ရည်လေးဝဲလာသည်။ ကံကြမ္မာက ဆိုးရွားလွန်းလိုက်တာ။ ဘာမျှ ဖြေရှင်းခွင့်မရှိအောင် ခေါင်းညိတ်အံကြိတ်ခံရမည့် အခြေအနေကို ရိပ် ရင်ဆိုင်ခဲ့ရသည်။

''အန်တီမေ တောင်းပန်တယ် သမီး၊ အရာရာက လွန်နေပြီ သမီးရဲ့သိက္ခာ အန်တီမေရဲ့သိက္ခာအတွက် သမီး မောင်တံတိုင်းကျော်ကို မဖြစ်မနေကို လက်ထပ်ရလိမ့်မယ်၊ မိန်းမသားတစ်ယောက်အတွက် သိက္ခာတရားက အသက်ထက်အရေးကြီးတယ်ဆိုတာ သမီး မမေ့နဲ့''

သိက္ခာတရားအတွက် ရိပ်ရဲ့နှလုံးသားကို စတေးခံရတော့မှာလား။ ရိပ် ဒီအချိန်မှာ အားကိုးမျှော်လင့်မိတာ ဘုန်းစကြာကိုပါပဲ။

ရိပ်ဆီကို သူရောက်လာမည်ဟုပဲ အကြွင်းမဲ့ယုံကြည်ထားခဲ့၏။

''ရိပ် ဘုန်းစကြာက နင်နဲ့လမ်းခွဲချိန်မှာ ဘာမှ မပြောသွားဘူးလား ဟင်''

ရတီက နောက်ဆုံးမျှော်လင့်ချက်အဖြစ် မေးသည်။ ရိပ် ခေါင်းလေးကို ဖြည်းညင်းစွာပဲ ခါရမ်းမိသည်။

''ဟင့်အင်း သူ့အမေအိမ် သူပြန်သွားတာ၊ ငါ့ကို ဘာကတိစကားမှ မပေးခဲ့ဘူး''

''ရိပ်ရယ် နောက်ဆုံးအချိန်ထိတောင် သူက ရင့်ထဲကအချစ်ကို ဝန်မခံသွားဘူးတဲ့လား''

ရတီ မချိတင်ကဲ ဆိုသည်။ ရိပ် ဝဲတက်လာသော မျက်ရည်တွေကို ပုတ်ခတ်သိမ်းဆည်းပစ်မိ၏။

ဘုန်းရယ် တို့နှစ်ယောက် ဘယ်တော့မှ ပြန်မဆုံနိုင်ရင်တောင် ရိပ် နှလုံးသားထဲမှာ ဘုန်းကိုချစ်တဲ့ ချစ်ခြင်းတွေနဲ့ပဲ ရှင်သန်သွားမှာပါ။

■ ■ ■



## အခန်း (၃၂)

နံ့သာရောင်တိုက်ပုံနှင့် အဝါနုရောင်ပိုးပုဆိုးနှင့် တံတိုင်းကျော်ကို မြင်လိုက်ကတည်းက ရိပ် အံလေးကို တင်းကြိတ်ထားမိသည်။

အနားမှာရှိနေသော ရတီက ရိပ် ခံစားချက်တွေကို နားလည်စွာ လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး သတိပေးသည်။

ဧည့်ခန်းထဲမှာ ဂုဏ်သရေရှိလူကြီးတွေ စုံလင်နေပြီ၊ ဒီအချိန်မှာသာ ရိပ် ပေါက်ကွဲလိုက်လျှင် အန်တီမေ ဘာဖြစ်သွားမည်ဆိုတာ စိတ်ကသိနေ၏။ ရင်ထဲက နာကြည်းခံပြင်းစိတ်တွေကို ရိပ် မျိုချပစ်လိုက်မိ၏။

''ကဲ နှစ်ဖက်လူကြီးတွေ စုံညီပြီဆိုတော့ မင်္ဂလာကိစ္စဆွေးနွေးကြရအောင်ဗျာ''

ရပ်ကွက်လူကြီး ဦးသာလှိုင်က စကားလမ်းကြောင်းရင်း ဆိုသည်။ ရိပ် ခေါင်းကိုငုံ့ထားရင်း စူးစူးနစ်နစ် ကြည့်နေသော သူ့မျက်ဝန်းတွေကို ရှောင်လွှဲထားမိ၏။

အနိုင်ရထားသူတစ်ယောက်ရဲ့ ကျေနပ်အပြုံးတွေကို မြင်လျှင် ရိပ်ပဲ ဒေါသတွေ ဆူဝေရမှာ။ အခုချိန်မှာ ရိပ်ရဲ့ဒေါသစိတ်က အန်တီမေရဲ့



www.burmeseclassic.com

www.burmeseclassic.com



အသက်ကိုတောင် နုတ်ယူသွားနိုင်သည်။

မင်္ဂလာပွဲကို အမြန်ဆုံးစီစဉ်ပေးဖို့ အန်တီမေက တင်ပြတောင်းဆိုတော့

"ဟုတ်ကဲ့ပါ အန်တီ၊ ကျွန်တော်ကလည်း အမြန်ဆုံး စီစဉ်ချင်ပါတယ်၊ ရိပ်နဲ့အကြာကြီး မခွဲချင်ပါဘူး ခင်ဗျာ"

ဘယ်လောက်ခံပြင်းစရာကောင်းလိုက်တဲ့ အသံလဲ၊ ဖြစ်နိုင်လျှင် ရိပ် ဒီဧည့်ခန်းထဲက အဝေးဆုံးထိ ထွက်ပြေးသွားချင်နေမိသည်။

"ရိပ်"

အနားက တိုးတိုးလေး ကပ်ခေါ်သည့် ရတီအသံကို ကြားမှ စေ့စပ်ပွဲပြီးဆုံးပြီဟု ရိပ်သိလိုက်တာ ဖြစ်သည်။

မင်္ဂလာရက်တွေ သတ်မှတ်လိုက်တာလည်း ရိပ် မသိပါ။ လူကြီးတွေ ဘာတွေဆွေးနွေးပြောဆိုကြတာလဲ အာရုံထဲမဝင်။ ရိပ်ဘဝက ရှင်လျက်နဲ့ သေဆုံးနေရသူလိုပဲ ရှိ၏။

"ကဲ စေ့စပ်ညှိနှိုင်းပွဲက အောင်မြင်စွာ ပြီးဆုံးသွားပြီဆိုတော့ စီစဉ်စရာတွေကို စီစဉ်ကြတာပေါ့ဗျာ"

"ဟုတ်ကဲ့ အားလုံးကို ကျွန်တော့်တူဘက်က အစစ တာဝန်ယူမှာပါ"

"ဟုတ်ပါတယ် ချစ်ရိပ်အတွက် မင်္ဂလာဝတ်စုံချုပ်ဖို့ မနက်ဖြန်ကျ ကျွန်တော် လာခေါ်ခွင့်ပြုပါ အန်တီ"

"ခွင့်ပြုပါတယ် မောင်တံတိုင်းကျော်၊ ဘာပဲဖြစ်ဖြစ် အားလုံး အောင်အောင်မြင်မြင် ပြီးဆုံးသွားတာကိုပဲ အန်တီ မျှော်လင့်ပါတယ်ကွယ်"

အန်တီမေကတော့ တစ်စုံတစ်ရာ လွဲချော်မှာစိုးရိမ်နေသည့်အလား ပြောသည်။

ဧည့်ပရိသတ်တွေ နှုတ်ဆက်ပြီး အလျှိုအလျှို ထပြန်ပြီးမှပဲ ရိပ်





ထရပ်မိ၏။

"ချစ်ရိပ်"

အန်တီမေ့ရှေ့မှာမို့ ရိပ် သူ့မျက်နှာကို လှည့်ကြည့်လိုက်ရ၏။

"မနက်ဖြန် ကိုးနာရီ ကိုယ်လာခေါ်မယ်နော်"

မုန်းတီးရွံရှာစရာကောင်းလိုက်တဲ့မျက်နှာ။ ရိပ်ဘဝမှာ ခါးခါးသီးသီး ရွံရှာမုန်းတီးရသူ ရင်ခွင်ထဲမှာ တကယ်ပဲ စတေးရတော့မည်လား။

ရင်ထဲက ခံစားချက်တွေအတွက် အခန်းထဲရောက်မှပဲ ရိပ် အားပါးတရ ငိုကြွေးပစ်လိုက်မိသည်။

"ရိပ်ရယ် နင့်အစား ငါ စိတ်မကောင်းလိုက်တာ"

ရိပ်ပခုံးလေးကို ဆုပ်ကိုင်ပြီး ရတီက နှစ်သိမ့်စကားဆိုသည်။ အခုချိန်မှာ ရတီလည်း ရိပ်ကို ကယ်တင်နိုင်မှာ မဟုတ်တာ သေချာနေ၏။

ဆိုးရွားလှသော ကံကြမ္မာကိုပဲ ရိပ် နာကြည်းခံပြင်းစွာ အံတင်းခုင်ဆိုင်ရတော့မည့်အဖြစ်မှာ။

■ ■ ■

"ကြည့်စမ်း မာမီ့သားက ဒါကြောင့် မာမီ့ရင်ခွင်ထဲ ပြေးဝင်လာခဲ့တာပေါ့ ဟုတ်လား"

မာမီက သူ့ကို နောက်ပြောင်ကျီစယ်တော့ သူ့မျက်နှာကြီး ရဲရဲနီမြန်းသွားရင်း

"မဟုတ်ပါဘူး မာမီရယ်၊ သားက မာမီ့ကို ရိုးရိုးသားသား အသိပေးပြောပြတာပါ"

"ဘာလဲ သား၊ မာမီက သားချစ်သူကို လိုက်တောင်းပေးရမှာလား"

"နိုး နိုး မာမီက သားကိုအရမ်းအထင်ကြီးနေပြီ၊ အဲဒီလောက်ထိ လိုသေးပါဘူး၊ မာမီ့သားက သူ့ကိုတောင် ဖွင့်မပြောရသေးဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူဆိုတော့ မာမီ တအံ့တသြမျက်လုံးတွေ ဝိုင်းကြည့်ရင်း

"ဘာလို့ အဲဒီလောက် အချိန်ဆွဲနေတာလဲ သားရဲ့၊ မာမီက မာမီရဲ့ချွေးမလောင်းလေးကို မြင်ချင်နေပြီ၊ ငါ့သားရွေးချယ်တာဆိုတော့ အချောလေးပဲ ဖြစ်မှာပါ"

"ကျွန်တော့်အချစ်ကို သူလက်ခံတဲ့အခါ မာမီဆီကို ခေါ်လာခဲ့မယ်၊ အဲဒီအခါကျမှ မာမီ ချီးကျူးပေါ့"

"ကောင်းပါပြီကွယ် ကောင်းပါပြီ၊ သားခေါ်လာမှပဲ မာမီ့ချွေးမလေးကို တစ်ဝကြည့်တော့မယ်"

မာမီက ကြည်နူးစွာရယ်မောရင်း သူ့ခေါင်းက ဆံပင်တွေကို တစ် ချက်ပွတ်သပ်ကာ ထွက်သွားခဲ့သည်။

သူ့ရင်ထဲမှာတော့ လှိုက်ဖိုကြည်နူးခြင်းတွေနှင့် ပြည့်နှက်နေ၏။ အာရုံထဲမှာ မမရိပ်ရဲ့ပုံရိပ်လေးက အရိပ်ထင်လာသည်။

ဦးလေးဦးစံအိမ်က လမ်းခွဲကြတော့ သူ့ကိုငေးကြည့် နှုတ်ဆက်သွားသော မမရိပ် မျက်နှာလှလှလေးကို အခုထိ မြင်ယောင်နေမိဆဲ။ ရွှန်းပဖြာလဲ့သော မမရိပ်မျက်ဝန်းတွေထဲမှာ သူ့အတွက် ချစ်ခြင်းတွေ ဝေ့သီနေသည်ဟု ယုံသည်။

တကယ်ဆို ထိုစဉ်ကတည်းက သူ ဖွင့်ဟဝန်ခံချင်ခဲ့သည်။ ဒါပေမဲ့ တံတိုင်းကျော်ကြောင့် ထိတ်လန့်တုန်လှုပ်နေခဲ့သော မမရိပ်ရဲ့နှလုံးသားလေးကို သူ သနားသည်။

ပြီးတော့ မမရိပ်ကို သူ နှောင်ကြိုးတွေနှင့် မတုပ်နှောင်ချင်ပါ။ မမရိပ်ရဲ့အနားကို သူပြန်ရောက်မှ ရင်ထဲက ခံစားချက်တွေကို လေးနက်စွာ ပြောချင်သည်။

အဲဒီအခါကျရင် မမရိပ်ရင်ခုန်သံတွေကို သူ နားကြားချင်မိပါသေး၏။

■ ■ ■



## အခန်း (၃၃)

"သမီး ရိပ်၊ မကြာခင် မောင်တံတိုင်းကျော်က သမီးရဲ့ခင်ပွန်းလောင်း ယောကျာ်းတစ်ယောက်ဖြစ်တော့မယ်ဆိုတာကို သမီး မမေ့နဲ့နော်၊ သမီးခံစားချက်တွေ နာကြည်းချက်တွေကို သင်ပုန်းချေပြီး သမီးဘဝလေး တည်ဆောက်နိုင်အောင် ကြိုးစားပါ သမီး"

အန်တီမေက ရိပ်ကို တစ်ချိန်လုံး ဆုံးမစကားတွေ ခြွေနေခဲ့သည်။ တိုင်ကပ်နာရီမှ နာရီလက်တံတွေကို ငေးရင်း ရိပ် သက်မဲ့ရုပ်တုတစ်ခုလို ထိုင်နေမိဆဲ။

ကိုးနာရီထိုးဖို့ ငါးမိနစ်အလိုမှာပဲ ခြံထဲကို မောင်းဝင်လာသော နက်ပြာရောင် ပရာဒိုကားကြီးကို ရိပ် လှမ်းမြင်လိုက်ရ၏။

"ဟော မောင်တံတိုင်းကျော်လာပြီ သမီး၊ အန်တီမေ ဆုံးမထားတာတွေကို မမေ့နဲ့နော်"

ရိပ် လက်ဖဝါးလေးကို ဆုပ်ကိုင်ပြီး အန်တီမေ ချော့ချော့မော့မော့လေးဆိုသည်။ ဝမ်းနှင့်လွယ်ပြီး မွေးခဲ့သော သားသမီးရင်းချာမဟုတ်ပေမယ့် အန်တီမေရဲ့မေတ္တာသံယောဇဉ်က ကြီးမားပြင်းထန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အန်တီမေ၊ ရိပ် ဘယ်တော့မှ အန်တီမေ့စကားတွေကို မပယ်ရှားပါဘူးလို့ ကတိပေးပါတယ်"

"သာဓု သာဓုပါ သမီးရယ်"

ဆင်ဝင်အောက်မှာ ကားလေးထိုးရပ်တော့ အနီရဲရဲစပို့ရှပ်နှင့် ဘောင်းဘီနက်ကို ဝတ်ဆင်ထားသော တံတိုင်းကျော် ဆင်းလာသည်။

"အန်တီမေ နေကောင်းတယ်နော်"

အပြုံးချိုချိုတွေနှင့် အန်တီမေ့ကို နှုတ်ဆက်ရင်း ထိုင်ခုံမှာထိုင်နေသော ရိပ်ကို လှမ်းကြည့်သည်။

"ကောင်းပါတယ် သား၊ ဒီမှာ သမီးလေးတောင် ပြင်ဆင်ပြီးလို့ အသင့်စောင့်နေပြီ"

"ဟုတ်ကဲ့ ဒါဆို ကျွန်တော်တို့ကို ခွင့်ပြုပါဦး ရိပ် သွားစို့"

ရိပ် ခေါင်းလေးညိတ်ကာ သူ့အနောက်က တိတ်ဆိတ်စွာပဲ လိုက်ခဲ့သည်။ သူ ကားတံခါးကို ဖွင့်ပေးတော့လည်း ရိပ် စက်ရုပ်ဆန်ဆန်ပဲ ဝင်ထိုင်သည်။

ကားလေး ခြံဝင်းထဲက မောင်းထွက်သွားချိန်ထိ အန်တီမေ ငေးကြည့်နေမှာကို ရိပ် သိနေပါသည်။

"ချစ်ရိပ်"

သူ့ခေါ်သံကြားပေမယ့် ရိပ် မထူးဖြစ်။

"ချစ်ရိပ်"

ဒီတစ်ခါတော့ ရိပ် တည်ငြိမ်သောမျက်ဝန်းတွေနှင့် လှည့်ကြည့်ဖြစ်သည်။

"ကိုယ့်ကို မင်း စိတ်ဆိုးနေသလားဟင်၊ အဲဒီတုန်းက ချစ်ရိပ်ကို ဆုံးရှုံးမှာ ကြောက်တဲ့စိတ်တွေနဲ့ ကိုယ်မှားသွားခဲ့တာ တောင်းပန်ပါတယ်"

"မလိုတော့ဘူး တံတိုင်းကျော်"





"ဟာကွာ ခေါ်တာကြီးကလည်း ဆိုးလိုက်တာ"

ရိပ်ရင်ထဲမှာ သူနှင့်ပတ်သက်ပြီး ခံစားလိုစိတ်တို့ ကင်းမဲ့သွားခဲ့ပြီမို့ နှုတ်ဆိတ်မျက်နှာလွှဲထားမိဆဲ။

"ဘာဖြစ်လို့ မျက်နှာကြီးတည်နေရတာလဲ ချစ်ရိပ်ရယ်၊ အဲဒီလိုကြီးမနေပါနဲ့ စကားလေးတွေ အရင်လို ပြောစမ်းပါဦး"

ရိပ် ဘာမှခွန်းတုံ့မပြန်ဘဲ တိတ်ဆိတ်နေတော့ ရိပ်လက်မောင်းကို သူ လှမ်းဆုပ်ကိုင်သည်။ ရိပ် သူ့လက်တွေကို ဖယ်ခနဲ ရိုက်ပုတ်ထုတ်ပစ်တော့ သူ ကားကို ထိုးရပ်ပစ်လိုက်၏။

"ချစ်ရိပ် ဘာဖြစ်နေတာလဲ၊ မင်း ကိုယ့်ကို အဲဒီလောက်အထိ အပြစ်မကြီးသင့်ဘူး၊ မကြာခင်ဘဲ ကိုယ်နဲ့မင်း လင်မယားတွေဖြစ်တော့မှာ"

"ဒီမှာ တံတိုင်းကျော် ရှင် ကျွန်မခန္ဓာကိုယ်ကိုပဲ အခမ္ပိုင်ပိုင်ရမယ်၊ ကျွန်မနှလုံးသားကိုတော့ ဘယ်တော့မှမရဘူး"

"ဘာပြောတယ် ချစ်ရိပ်"

ပြုံးရိပ်တွေထင်နေသော သူ့မျက်နှာပေါ်မှာ အလိုမကျရိပ်တွေက ရုတ်ချင်း ပြောင်းလဲနေရာယူသွားခဲ့သည်။

"နေစမ်းပါဦး ချစ်ရိပ်ထင်၊ မင်းစကားက ဘာလဲ မင်းနှလုံးသားကို ကိုယ်ပိုင်ဆိုင်ခွင့်မရှိဘူးဆိုရင် ဘယ်သူက မင်းနှလုံးသားကို ပိုင်ဆိုင်ခွင့်ရှိသလဲ"

ရိပ်နှုတ်ခမ်းတွေ မဲ့ကျသွားရင်း သူ့မျက်ဝန်းတွေကို စူးစူးနစ်နစ် စိုက်ကြည့်ပစ်လိုက်မိသည်။ သူ့ရင်ထဲက တစ်သက်တာလုံးနာကျင်ခံစားသွားစေဖို့အတွက် ရိပ် အမှန်စကားတစ်ခွန်းကိုတော့ ပြောမှဖြစ်မည်။

"ရှင် သိပ်သိချင်နေသလား တံတိုင်းကျော်၊ သိချင်ရင် ကျွန်မပြောပြမယ်၊ ကျွန်မနှလုံးသားက ရှင့်အတွက်မဟုတ်ဘူး၊ ကျွန်မချစ်တဲ့ ဘုန်းကြာအတွက်"

"ဘာ"



www.burmeseclassic.com

www.burmeseclassic.com



မယုံနိုင်အောင် သူ့မျက်နှာကြီးက ညှိုးမည်းသွားခဲ့သည်၊ တဆတ်ဆတ် တုန်ယင်နေသော နှုတ်ခမ်းတွေ လှုပ်ခတ်ပြီး သူ ဘာစကားမှ ချက်ချင်း မဆိုနိုင်ခဲ့။

"မှတ်ထားလိုက်စမ်း တံတိုင်းကျော်၊ အချစ်ဆိုတဲ့အရာကို မာယာတွေနဲ့သိမ်းပိုက်လို့မရဘူး၊ လိုချင်အတ္တစိတ်တွေနဲ့ လုယူလို့မရဘူးဆိုတာ ရှင် တစ်သက်လုံး ယုံထားလိုက်၊ ကျွန်မကို ရှင်သိမ်းပိုက်ခဲ့တဲ့အတွက် နောင်တရစေရမယ်"

သူ့မျက်နှာကို စေ့စေ့ကြည့်ကာ ရိပ် ယတိပြတ်ပြောချလိုက်တော့ သူ မေးရိုးကြီးတွေ ထောင်လာသည်အထိ အံကိုကြိတ်ထားရာမှ

"ဟား ဟား ဟား"

ဝါးလုံးကွဲ ရယ်ချလိုက်သံကြီးကြောင့် ရိပ်တောင် တွန့်ခနဲ ဖြစ်သွားမိ၏။ သူကတော့ အားပါးတရ ကျယ်လောင်စွာ ရယ်မောနေတာ အကြာကြီးပါပဲ။

"ဟား ဟား ဟား"

ချက်ချင်းပဲ ရူးသွပ်သွားခဲ့ပြီလားဟု ရိပ် မျက်ဝန်းလေးတွေ ဝိုင်းစက်ကြည့်နေတုန်းမှာ သူ့ရယ်သံတွေ တိခနဲ ရပ်သွားခဲ့သည်။ စူးရှနေသော မျက်ဝန်းတွေက ရိပ် မျက်ဝန်းတွေထဲ စိုက်ကြည့်နေဆဲ။

"ဒီမှာ ချစ်ရိပ်ထင် တံတိုင်းကျော်ရဲ့ဘဝမှာ မရဘူးဆိုတဲ့အရာ ဘာတစ်ခုမှ မရှိခဲ့ဘူး၊ မင်းရဲ့ဘဝကို ရအောင်ယူခဲ့ပြီးပြီ၊ မင်းရဲ့နှလုံးသား မင်းရဲ့သွေးသား အရာအားလုံးကို ငါပိုင်ဆိုင်တယ်၊ ဒါကို တစ်နေ့ကျရင် မင်းဝန်ခံရလိမ့်မယ်၊ ဘာလို့လဲ သိလား ချစ်ရိပ်ထင်၊ မင်းကိုချစ်လို့ မင်းကို ငါ့ဘဝ ငါ့အသက်ထက် ပိုပြီးချစ်ခဲ့လို့ပဲ"

ရိပ် နှုတ်ခမ်းလေးတွေ တွန့်ပြုံးမိသည်။

ရှင့်စိတ်ကူးယဉ်မှုတွေ ဘယ်တော့မှ ဖြစ်မလာစေရဘူး တံတိုင်း





ကျော်၊ ဘာကြောင့်လဲဆိုတော့ ချစ်ရိပ်ထင်ရဲ့နှလုံးသားထဲမှာ ရှင်ဟာ အမုန်းတီးဆုံးယောကျ်ားတစ်ယောက် ဖြစ်နေလို့ပဲ။

ဒါကို ရှင်နားလည်လာတဲ့တစ်နေ့ကျရင် လက်ခံသွားမှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

''ဟင်''

သူ့မျက်ဝန်းတွေ ထိတ်လန့်စွာ ပြူးကျယ်သွားသည်။ ဘယ်လိုမှ မယုံကြည်နိုင်စွာနှင့် သတင်းစာကို ထပ်ဖတ်ကြည့်သည်။

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်းဆိုသည့် သတင်းကြီးက အထင်အရှား။ မောင်တံတိုင်းကျော်နှင့် မချစ်ရိပ်ထင်တဲ့။

ဒါ ဘယ်လိုမှ လွဲမှားနိုင်သော အမည်တွေမှ မဟုတ်တာတော့ သေချာသည်။

ရင်ထဲမှာ ဟာစ်ဟာသော ဝေဒနာနှင့် လည်ပတ်နေသော သွေးတွေတောင် ချက်ချင်း ရပ်ဆိုင်းသွားပြီလား ထင်မိသည်။

''မမရိပ် မမရိပ်နဲ့တံတိုင်းကျော် စေ့စပ်လိုက်ပြီတဲ့လား''

နှုတ်က အသံထွက်ရေရွတ်မိတဲ့အထိ သူ့ ချောက်ချားတုန်လှုပ်စေသော သတင်းဆိုးပါပဲ။ တံတိုင်းကျော်လက်ထဲက မမရိပ်ဘဝကို သူ လွတ်ကင်းအောင် ကယ်တင်ခဲ့သည်။

အခုတော့ မမရိပ်ကို သူကပဲ သိမ်းပိုက်သွားခဲ့သည်လား။





ဘာတွေ ဖြစ်ကုန်တာလဲ။ သွားပြီ။ သူ့ရင်ထဲက မျှော်လင့်ချက်တွေ အားလုံး ပြိုလဲပျက်စီးသွားခဲ့ပြီ မမရိပ်ရယ်။

''သား ဘာ ဘာဖြစ်နေတာလဲ''

သတင်းစာကြီးကို လက်ထဲမှာ ဆုပ်ကိုင်ခြေမွရင်း အံတင်းတင်းကြိတ် ငူငူကြီးထိုင်နေသော သူ့အနားကို မာမီ စိုးရိမ်တကြီးရောက်လာကာ မေးသည်။

''သား သား မာမ့်ကို ပြောစမ်း၊ ဘာဖြစ်တာလဲဟင်''

''မာမီရယ် ကျွန်တော့်မျှော်လင့်ချက်တွေ သွားပြီ၊ ကျွန်တော့်ရဲ့ မမရိပ်ကို သူ သိမ်းပိုက်သွားပြီ''

''ဘယ်သူလဲ သား ဘယ်သူဘာဖြစ်လို့လဲ''

''ကျွန်တော် သိပ်မြတ်နိုးတဲ့ မမရိပ် စေ့စပ်သွားပြီ''

''ဟင်''

မာမီ သူ့လက်ထဲက သတင်းစာကို ညင်သာစွာ ဆွဲယူသည်။ ပြီးတော့ ကြေမွတွန့်လိပ်နေသော စာရွက်တွေကို ဆွဲဖြန့်ပြီး ကြော်ငြာသတင်းကို ရှာဖွေဖတ်ရှုသည်။

''မောင်တံတိုင်းကျော် ဟုတ်လား''

''ဟုတ်တယ် မာမီ၊ ဒီလူယုတ်မာလက်ထဲက မမရိပ်ကို ကျွန်တော် ကယ်တင်ခဲ့တယ်၊ ဒါပေမဲ့ အခုတော့ သူ သိမ်းပိုက်သွားပြီဗျာ''

မချိတင်ကဲ ရေရွတ်ခံစားနေရသော သားအဖြစ်ကို ကြည့်ရင်း ဒေါ်မိမိနိုင် ရင်ထဲအထိ ပူလောင်မှုတွေ ကူးစက်လောင်ကျွမ်းစေသည်။

တံတိုင်းကျော်တဲ့။ ဒီသူငယ်က ကိုနိုင့်ရဲ့တူဆိုတာ သားမသိရှာ။ သားလေး သိသွားခဲ့ရင် ဘာတွေဖြစ်လာဦးမည်မသိ။

အခုချိန်မှာ သားကို နှစ်သိမ့်ဖို့ သူမရင်ထဲမှာ စကားလုံးတွေ သကယ်ပဲ ပျောက်ဆုံးနေဆဲ။ ချစ်ရိပ်ထင်ဆိုသော မိန်းကလေးသည် သားရဲ့ နှလုံးသား။ သားရဲ့ဘဝဆိုတာ သူမ သိခဲ့ပြီးပြီ။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

''မင်း အမှန်ဝန်မခံဘဲ ဘာလို့ ငါ့ကိုညာခဲ့တာလဲ တံတိုင်း။ မင်း လုပ်ရပ်က တကယ် မဖြစ်သင့်တဲ့ကိစ္စပဲ''

သူဆိုသမျှ တိတ်ဆိတ်စွာ ငြိမ်သက်နေရာမှ တံတိုင်းကျော် ဆတ်ခနဲ ခေါင်းထောင်ကြည့်သည်။

''လေးလေး ဘာတွေလာပြောနေတာလဲ၊ ဒါ ကျွန်တော့်ကိစ္စပါ''

''ဟ မင်းကိစ္စကို ငါက လူကြီးတစ်ယောက်အနေနဲ့ တာဝန်ယူကူညီခဲ့တယ်၊ ဒါပေမဲ့ မင်းလုပ်ရပ်ကြီးက ရှက်စရာကောင်းတယ်''

''အဟက် ဘာလဲ လေးလေးက လေးလေးရဲ့မယားပါသားဘက်က နာနေတာလား''

''ဟော့ကောင် မင်း ငါ့ကိုမစော်ကားနဲ့''

ယမကာ့လေး တွေနေတော့ ဦးလေးဖြစ်သူကိုတောင် မထီလေးစားနှင့် ခွန်းတုံ့ပြန်နေသော တံတိုင်းကျော်ကို သူ ဒေါသဖြစ်သွားမိသည်။

''ငါက မဖြစ်သင့်တာ မဖြစ်ရအောင် မင်းကို တားမြစ်ဆုံးမနေတာ အခု မင်းလက်ထပ်မယ့်ကောင်မလေးက မင်းကိုရွံရှာမုန်းတီးနေတဲ့ မိန်းကလေး





ဖြစ်နေတာ အမှန်ပဲ၊ မင်းတို့အိမ်ထောင်ရေး ဘယ်လိုသာယာမှာလဲ၊ မင်း စဉ်းစားကြည့်စမ်းပါဦး''

''ကျွန်တော် ဘာမှဂရုမစိုက်ဘူး လေးလေး၊ အဓိကက ကျွန်တော် လိုချင်တာကို ရအောင်ယူဖို့ပဲ၊ ဟိုကောင် ဘုန်းစကြာ ဝင်နှောက်လို့ ရှုပ်ထွေးကုန်တာ တောက်''

''တံတိုင်း မင်းစိတ်တွေ ကြမ်းတမ်းခက်ထန်နေပြီနော်၊ အချစ်ဆိုတာ နူးညံ့တဲ့ခံစားမှုကွ အိမ်ထောင်ရေးဆိုတာလည်း ယုံကြည်မှု၊ သံယောဇဉ်၊ သစ္စာတရားတွေနဲ့ တည်ဆောက်ရတဲ့အရာ''

သူ့စကားကို နှုတ်ခမ်းမဲ့ပြုံးရင်း တံတိုင်းကျော် လှောင်သလို ရယ်နေသေးသည်။

''အဲဟွန်း ဟွန်း ဝတ္ထုထဲက ကဗျာတွေစာတွေ လာရွတ်ပြမနေနဲ့ လေးလေး၊ ကျွန်တော့်အဘိဓာန်မှာတော့ လိုချင်တာကိုရအောင်ယူဖို့ပဲ၊ ဒါ အမှန်တရားပဲ''

''မင်း တော်တော်ခေါင်းမာပါလား၊ တံတိုင်းကျော် မင်း လက်ထပ်ယူထားတဲ့မိန်းမက မင်းကိုခါးခါးသီးသီး မုန်းနေတာ မင်းအလိုရှိသလား''

''ချစ်ရိပ်က ကျွန်တော့်ကို မုန်းသတဲ့လား၊ မုန်း မုန်းစမ်း ကြိုက်သလောက်မုန်း မကြာခင် ကျွန်တော့်ရင်ခွင်ထဲ သူရောက်လာတော့မှာ''

တံတိုင်းကျော်စကားတွေကြောင့် သူ အတော်ပဲ စိတ်ပျက်သွားမိသည်။ ဘဝမှာ အကြီးမားဆုံးအမှားကြီးကို ကျူးလွန်နေတာ နောင်တအသိလေးတောင် မရပါလား။

အတ္တတွေနဲ့ ထင်ရာစိုင်းနေသည့် သူ့တစ်ယောက်ကြောင့် အခုပဲ တခြားသူတွေ ဘဝတွေ ရှင်လျက်သေဆုံးနေခဲ့ရပြီ။

ဒါကို ဒီကောင် နားမလည်တော့ ခက်ပြီ။

''လေးလေး သွားတော့ဗျာ၊ လေးလေးက မယားပါသားဘက်က



www.burmeseclassic.com

www.burmeseclassic.com



ရှေ့နေလာလိုက်နေတာပဲ''

"ဟေ့ကောင် ငါ ကွာ''

စေတနာကို စော်ကားပြီးရင်း စော်ကားနေသော တံတိုင်းကျော်ကို သူ လက်သီးနှင့်ရွယ်မိပြီးမှ ဒေါသတွေကို ကြိတ်မျိုချရင်း

"တော်ပြီ တံတိုင်း၊ မင်းကိုငါ ဘာမှမပြောတော့ဘူး၊ မင်း ထင်ရာ လုပ်ပေတော့ မှားရင်ခံရမှာ မင်း''

"မမှားဘူး ဘယ်တော့မှ မမှားဘူး၊ ဟား ဟား အရေးကြီးတာက ချစ်ရိပ်ထင်ကို ကျွန်တော်ပိုင်ဆိုင်ဖို့ပဲ၊ ဘယ်သူဖျက်ဖျက်မရဘူး၊ ဖျက်တဲ့သူက ရန်သူပဲ''

"မေတ္တာတရားဆိုတာ အေးမြတဲ့အရာပါ တံတိုင်း၊ မင်းရင်ထဲမှာ ပူလောင်နေတယ်၊ အဲဒါ မေတ္တာတရားမဟုတ်ဘူး၊ အတ္တတွေ၊ မာန်မာနတွေ ရမ္မက်မီးတောက်တွေပဲ''

စကားအဆုံးမှာ သူ လှည့်ထွက်ခဲ့သည်။ တံတိုင်းကျော်ကတော့ ခေါင်းကို သွက်သွက်ခါအောင်ရမ်းရင်း ဟားတိုက်ရယ်မောပစ်လိုက်သည်။

■ ■ ■

"သမီးအပေါ်မှာ အန်ကယ့်တူ တံတိုင်းကျော် ရက်ရက်စက်စက် ယုတ်မာခဲ့တာကို အန်ကယ်မသိခဲ့ဘူး သမီး၊ ဒါကြောင့်လည်း သူ တောင်းဆို လာတော့ အန်ကယ် စေ့စပ်ဖြစ်ခဲ့တာပါ''

စိတ်မကောင်းစွာ တောင်းပန်နေသော ဦးသက်နိုင်ကိုကြည့်ကာ ရိပ် စာနာနားလည်စွာ ခေါင်းညိတ်ပြမိ၏။

"သမီး အန်ကယ့်ကို နားလည်ပါတယ်၊ ဒါပေမဲ့ အမှန်တရားကို ဘယ်သူမှမသိခဲ့ကြဘူးလေ၊ ရိပ် အိမ်ပြန်မရောက်ခင်မှာဘဲ သူက အန်တီမေ ဆီ ဖုန်းဆက်ပြီး လိမ်ညာခဲ့တယ်၊ လူစုံတက်စုံရှေ့မှာ ကြေညာခဲ့တော့ ရိပ်ရဲ့သိက္ခာအတွက် အန်တီမေက ပြင်ဆင်ခွင့်မပေးခဲ့ဘူး''





မျက်ရည်ဝဲရင်း ပြန်ရှင်းပြနေသော ရိပ်ကိုကြည့်ကာ ဦးသက်နိုင် ငင်သက်ရှိုက်မိသည်။ စာနာသနားစရာကောင်းသည့် မိန်းကလေး။ သူ့တူ တံတိုင်းကျော်ရဲ့ယုတ်မာမှုကြောင့် ဘဝကို စတေးခံရတော့မည်။

"သမီးကို အန်ကယ် အကြံတစ်ခုပေးချင်တယ်''

ရိပ် ခေါင်းလေးမော့ကာ နားထောင်မိသည်။ ဦးသက်နိုင်က ယတိ ပြတ် ဆုံးဖြတ်ပြီးသောအမူအရာနှင့်

"သမီး ဒီကောင်ကို လက်ထပ်စရာမလိုဘူး၊ ရှောင်ပြေးသွားတော့''

"ဟင့်အင်းမဖြစ်ဘူး အန်ကယ်၊ အန်တီမေရဲ့စိတ်ကို သမီးသိတယ် အန်တီမေရဲ့ကျေးဇူးတရားတွေနဲ့ မေတ္တာတရားတွေက သမီးအပေါ်မှာ ကြီးမားတယ်၊ သမီး အဲဒီလိုဆုံးဖြတ်ရင် အန်တီမေ သေသွားလိမ့်မယ်''

သူ အကြံမပေးတတ်တော့ပါ။ ချစ်ရိပ်ထင်ဆိုသော သနားစရာ မိန်းကလေးရဲ့ နှလုံးသားက ဖြူစင်လွန်းသည်။ အတ္တတွေကင်းစင်လွန်းသည်။ အားလုံးအတွက် သူမနှလုံးသားကို စတေးပစ်ဖို့ ဝန်မလေးတာ သေချာနေ၏။

"အန်ကယ်ကို တစ်ခုမေးပါရစေ အမှန်တရားတွေကို တံတိုင်းကျော် ကိုယ်တိုင် အန်ကယ့်ကို ဝန်ခံခဲ့လို့ သိတာလားဟင်''

"ဒီကောင့်လိုကောင်က ဝန်ခံပါ့မလား သမီးရယ်၊ တခြားသူတစ် ယောက်က ဝန်ခံပြောပြလို့ အန်ကယ်သိတာပါ''

"ဟင်''

ရိပ်ရင်တွေ လှုပ်ခတ်သွားသည်။ ဒီအကြောင်းတွေကိုသိနေခဲ့တာ သူမတို့သုံးယောက်ပဲရှိသည်။ ဒါဆို အန်ကယ်ကြီး သိနေခဲ့တာ။

"ဟို ဟို အန်ကယ့်ကို ဘယ်သူပြောပြတာလဲဟင်''

"မောင်ဘုန်း၊ ဘုန်းစကြာပါကွယ်''

"ဟင် ဘုန်း ဘုန်းနဲ့အန်ကယ် တွေ့သလားဟင်၊ ဘုန်း အခု ဘယ်မှာလဲ''



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရိပ်ထင် မျက်ဝန်းလေးတွေ ကြည်လင်တောက်ပလျက် မေ
တော့ ဦးသက်နိုင် ပင့်သက်ရှိုက်မိသည်။ ဝေဒနာတွေကို အသစ်မဖြစ်စေချင်
ပေမယ့် ဖြူစင်လှသော သမီးလေးကို သူ မညာရက်ပါ။ အမှန်အတိုင်း သိ
စေချင်၏။

"မောင်ဘုန်းဆိုတာ အခု မကြာခင် အန်ကယ်နဲ့လက်ထပ်မယ့်
ဒေါ်မိမိနိုင်ရဲ့သားလေးပါ"

"ဟင် ဒါဆို ဘုန်းနဲ့အန်ကယ် တွေ့ကြဦးမှာပေါ့"

"သမီး ဘာမှာချင်လို့လဲ ပြောလေ"

"ရိုပ် ရိပ်လေ ရိပ်"

သူမစကားသံတွေ ထွက်မလာဘဲ တိမ်ဝင်သွား၏။ စကားတွေ
အစား စီးကျလာသော မျက်ရည်တွေက ပါးပြင်နှစ်ဖက်ပေါ်မှာ

"ဟင့်အင်း သမီး ဘာမှမပြောတော့ပါဘူး အန်ကယ်ရယ်"

နှုတ်က ဖွင့်မပြောပေမယ့် သမီးလေး မျက်ဝန်းတွေနှင့် မျက်ရည်
တွေက စကားသံတွေကို သူ ကြားပြီးဖြစ်သည်။

"သမီးရင်ထဲကို အန်ကယ် မြင်ပါတယ်ကွယ်၊ တကယ်တော့
သားလေးကလည်း သမီးဆီကို လာဖို့ကြိုးစားတုန်းမှာ သတင်းစာထဲက
စေ့စပ်သတင်းကြောင့် ကြေကွဲခံစားနေရရှာတာပါကွယ်"

"အဟင့် ဟင့် ဘုန်းရယ်"

မျက်နှာကို လက်ဝါးနှင့်အုပ်ကာ ချစ်ရိပ်ထင် ရှိုက်ကြီးတငင် ငို
ကြွေးသည်။ သူမရှိုက်သံလေးတွေ ရပ်သွားသည်အထိ သူ စောင့်နေမိသ

မို့အစ်ရဲနီနေသော မျက်ဝန်းတွေနှင့် ချစ်ရိပ်ထင် သူ့ကို မော့ကြည့်
ရင်း

"ဘုန်းကို သမီးသိပ်ချစ်ခဲ့တယ်၊ သူ့နှုတ်က ဖွင့်ပြောလာမယ့်စကား
ကို သမီး အမြဲစောင့်မျှော်ခဲ့တယ် အန်ကယ်၊ ဒါပေမဲ့ သမီး ကြားခွင့်မရ





ပါဘူး"

"သမီးလေးရယ်"

"အခု သမီးကျေနပ်ပါတယ် အန်ကယ်၊ သူ့ကို ဘာမှမပြောပါနဲ့
တော့၊ သမီးရင်ထဲမှာ သူ အမြဲတမ်း ရှိနေမှာပါ"

သမီးလေးကို နှစ်သိမ့်ပေးမဖို့ စကားလုံးတွေကို သူ အပြေးအလွှား
ရှာဖွေစားကြည့်သည်။ ဒါပေမဲ့ ရှာမတွေ့မရ။ ပင့်သက်တွေပဲ အခါခါချကာ ကျော
ခိုင်းထွက်ခဲ့မိသည်။

ရင်ထဲမှာ ထိထိရှရှ ခံစားခဲ့ရသော ဝေဒနာတစ်ခုက သေတဲ့အထိ
ခွဲထင်နေတော့မှာ သေချာ၏။

■ ■ ■



www.burmeseclassic.com

## အခန်း (၃၆)

မျက်ဝန်းတွေက အိပ်စက်မရနိုင်ပါ။ ရိပ် အာရုံထဲမှာ စွဲထင်နေသော ဘုန်းရဲ့ပုံရိပ်လေးကိုပဲ မြင်ယောင်နေမိသည်။

ကံကြမ္မာက ဆုံခွင့်မပေးခဲ့သည့် ဘဝတွေပေမယ့် ရိပ်ရင်ထဲမှာရော ဘုန်းရင်ထဲမှာပါ ဖြူစင်တဲ့ချစ်ခြင်းတွေ ရှိခဲ့ကြတာ သေချာပါတယ် ဘုန်းရယ်

ရိပ် ကျေနပ်ပါတယ် ဘုန်း။

ဘုန်းရင်ထဲမှာ ရိပ် ရှိနေတယ်ဆိုတဲ့အတွက်။

"တူ တူတူ တူတူ"

စားပွဲပေါ်မှာ မပိတ်ဘဲ တင်ထားမိသော ဟန်းဖုန်းလေးထမြည်တော့ ရိပ် လှမ်းကိုင်လိုက်ရ၏။ ညဉ့်နက်သန်းခေါင် ဘယ်သူဆက်တာလဲ မသိ။

"ချစ်ရိပ်"

"ဟင်"

"ဖုန်းမချလိုက်နဲ့ဦး ကိုယ် တံတိုင်းကျော် မင်း ခါးခါးသီးသီး မုန်းတဲ့ကောင်၊ ဒါပေမဲ့ မင်းကို ကိုယ်က တပ်တပ်မက်မက်ကို ချစ်တယ်"

"ရှင် ရူးနေသလား။ မူးနေသလား တံတိုင်းကျော်၊ ညဉ့်တစ်နာ





ကျော်နေပြီ"

"အဟွန်း ဟုတ်တယ် မူးတယ်၊ ရူးကောင်းလည်း ရူးနိုင်တယ်၊ ကိုယ် ဘယ်လိုမှ အိပ်မပျော်လို့ မင်းဆီကို ဖုန်းဆက်တာ"

"ကျွန်မအိပ်တော့မယ် တံတိုင်းကျော်"

"မင်းအိပ်သင့်တာ ကြာပြီ၊ ဘာလို့မအိပ်သေးတာလဲ ဘာလဲ ဘုန်းစကြာကို သတိရငိုနေတာလား အဟက်"

"ရှင် ကျွန်မကို လာမရိနဲ့ တံတိုင်းကျော်၊ သေချာတာက ရှင့်ကို သတိရဖို့ ကျွန်မအာရုံထဲမှာ မရှိဘူး"

စကားအဆုံး ရိပ် ဖုန်းကိုပါ ပိတ်ပစ်လိုက်သည်။

တည်ငြိမ်အောင် ကြိုးစားနေမိသည့် ရင်ထဲက ဒေါသတွေက ထိုးဝင်လာစေ၏။

ဒီဘဝတင်မကဘူး နောင်ဘဝ အစဉ်အဆက် ရှိခဲ့ရင်တောင် ရှင်နဲ့ ဘယ်တော့မှ မဆုံပါရစေနဲ့လို့ ကျွန်မ ဆုတောင်းမယ် တံတိုင်းကျော်။

အဲဒီလောက်အထိ ရှင့်ကို ကျွန်မမုန်းတယ်။

■ ■ ■

"ခွမ်း"

လက်ထဲက ဟန်းဖုန်းကို နံရံကို ဒေါသတကြီး ပစ်ပေါက်ရိုက်ခွဲ ပစ်လိုက်မိတဲ့အထိပါပဲ။

နားထဲမှာ ချစ်ရိပ်ထင်ရဲ့စကားသံတွေက ပဲ့တင်ထပ်ကြားနေမိဆဲ။

အဲသလောက်အထိတောင် သူ့ကို မုန်းတီးနာကြည်းနေသတဲ့လား။ စိမ့်စိမ့်တွေးရင်း သူ့ရင်ထဲမှာ ဝန်တိုစိတ်တွေ တရိပ်ရိပ်တိုးလာရ၏။ သူ မျှော်လင့်ထားသည်က သူ့ကို ချစ်ရိပ် ဘယ်လောက်ပဲမုန်းတယ်ဆိုဆို အချိန်တန်လျှင်တော့ ချစ်လာရမည်ဟု။ အခုတော့

ရက်ပိုင်းအတွင်းမှာ လက်ထပ်တော့မည့်သူ့ကို ဥပေက္ခာပြုကာ ချစ်ရိပ် တမ်းတသတိရနေသူက ဘုန်းစကြာတဲ့လား။

www.burmeseclassic.com



"တောက်"

သူ နာကျင်ခံပြင်းစွာ တက်ခေါက်ရင်း စားပွဲပေါ်က ပုလင်းကို ကောက်ယူမော့သောက်လိုက်မိသည်။ ပူလောင်သော ယမကာရည်တွေက လည်ချောင်းတစ်လျှောက်မှာ မီးစတွေ စီးဝင်သွားသည့်နှယ်။

ဒါပေမဲ့ ရင်ထဲက အပူမီးက ပိုဆိုးသည်။ တကယ်ဆို သူလည်း အိပ်မရဘဲ ချောက်ချားသောညတွေကို ရင်ဆိုင်နေရတာ ကြာပြီ။ ချစ်ရိပ်ရဲ့ အမုန်းတွေ သူ့အပေါ် တစ်သက်လုံး ကူးစက်နေမှာကို ကြောက်လန့်သည့် စိတ်နှင့် သူ ညတိုင်း အိပ်မပျော်နိုင်ခဲ့။

နောက်ဆုံးတော့ အားကိုးရာအဖြစ် ယမကာသည် အဖော်ဖြစ်ခဲ့ သည်။ ဒါပေမဲ့ မူးသာမူးသည်။ သူ့စိတ်တွေက တည်ငြိမ်မသွားခဲ့။ အေးစက် မာတင်းသော ချစ်ရိပ်မျက်နှာက စိုးမိုးနေဆဲ။

"ကျွန်မနှလုံးသားက ရှင့်အတွက် မဟုတ်ဘူး။ ကျွန်မချစ်တဲ့ ဘုန်းစကြာအတွက်"

ချစ်ရိပ်ဆိုခဲ့သောစကားသံက သူ့ရင်မှာ စွဲထင်နေဆဲ။

တကယ်ပဲ ချစ်ရိပ်ထင်ရဲ့ခံစားမှုကင်းမဲ့တဲ့ ချစ်ခြင်းကင်းမဲ့တဲ့ခန္ဓာ ကိုယ်ကြီးကိုပဲ သူပိုင်ဆိုင်ရမှာလား။ ဟင့်အင်း မရက်စက်ပါနဲ့ ချစ်ရိပ်။ ကိုယ်လိုချင်တာ မင်းရဲ့အချစ်။ ကိုယ်ပိုင်ဆိုင်ချင်တာ မင်းရဲ့နှလုံးသား။ ငါဟာ မင်းကို ရင်ဖွင့်မတတ် တကယ်ချစ်ခဲ့မိတာပါ။

"ဝုန်း"

ကုလားထိုင်ပေါ်က ဝုန်းခနဲ ပြိုကျကာ ကြမ်းပြင်ပေါ်မှာ သူ မှောက်လဲကျသွားခဲ့သည်။

သို့တိုင် အာရုံထဲမှာထင်နေတာ ချစ်ရိပ်ရဲ့ မျက်ဝန်းစိမ်းစိမ်းတွေ။

တောင်းပန်ပါတယ် ချစ်ရိပ်။ မင်းမျက်ဝန်းစိမ်းတွေကို ရှုပ်သိမ်းပေး ပါကွာ။

■ ■ ■



## အခန်း (၃၇)

"ရိပ် သူရောက်နေတယ်"

ရတီ လာပြောတော့ ရင်ထဲမှာ ပူလောင်သွားသည်။ ဖုန်းထဲက ခုတွေပေးရုံနှင့် အားမရသေးလို့ လူကိုယ်တိုင် ရောက်လာပြန်တာလား။

"သွားလိုက် ရိပ်၊ မင်းအဲ့တွက် သတို့သမီးဝတ်စုံ လာပေးတာတဲ့"

"ဟင်"

သတို့သမီးဝတ်စုံတဲ့။

ဟင့်အင်း မဟုတ်ဘူး။

ဒါ သူမဘဝတစ်ခုလုံးကို သေဆုံးစေမယ့် မရဏဝတ်စုံပါ။

"အန်တီမေပါ ရှိနေတယ် ရိပ်"

ရတီက ထပ်ပြောတော့ ရိပ် အခန်းထဲက အသက်မဲ့သောခြေလှမ်း တွေနှင့် ထွက်ခဲ့ရတော့သည်။

ဧည့်ခန်းထဲက ထိုင်ခုံမှာ အန်တီမေနှင့်အတူ စောင့်နေသော သူ့ မျက်ဝန်းတွေက ရိပ်ကိုမြင်တော့ တောက်ပဝင်းလက်သွားခဲ့ရင်း



www.burmeseclassic.com

www.burmeseclassic.com



"ချစ်ရိပ်အတွက် ဝတ်စုံရပြီ"

ပြောပြောဆိုဆို လက်ဆွဲအိတ်ထဲက ပန်းနုရောင်ဂါဝန်ရှည်ကြီး သူ ဆွဲထုတ်ယူသည်။

သူ့လက်ထဲမှာ ကိုင်မြှောက်ဖြန့်ချထားသော ဝတ်စုံကိုကြည့်ကာ ရိပ် ချောက်ချားလာ၏။

"ခဏလောက် ဝတ်ကြည့်စမ်းပါ ချစ်ရိပ်၊ သိပ်လှမှာပဲ"

သူမ တွန့်ခနဲ ဖြစ်သွားတော့ သူ မျက်နှာကွက်ခနဲ ပျက်သွား

"ဟင့်အင်း မဝတ်ချင်ဘူး တံတိုင်းကျော်"

"ဘာဖြစ်လို့လဲ ချစ်ရိပ်ရယ်၊ လိုအပ်တာရှိရင် ပြန်ပြီး ပြုပြင်နိုင် ရတာပေါ့၊ ခဏဝတ်ကြည့်စမ်းပါ"

"မလိုပါဘူး၊ အပ်တဲ့နေ့ကတည်းက အသေအချာတိုင်းပြီး အ တာပဲရှင်၊ အဆင်ပြေမှာပါ"

ရိပ် ခါးသီးစွာငြင်းနေတော့ သူ့မျက်နှာတင်းခနဲ ဖြစ်သွား၏။ ပြ သက်စွာထိုင်နေသော အန်တီမေက

"သမီးနဲ့လိုက်ဖက်မှာပါ သားရယ်၊ မင်္ဂလာပွဲနေ့ကျရင် ဝတ် ကွယ်၊ အဟင်း သမီးက ရှက်နေလို့ကွဲ့"

အန်တီမေ ကြားထဲက တောင်းပန်သလို ဝင်ပြောတာကို ရိပ်မိသွားပုံနှင့် နှုတ်ခမ်းတစ်ချက်မဲ့ပြုံးသည်။

"ကောင်းပြီလေ ကိုယ့်ရဲ့သတို့သမီးကို မင်္ဂလာပွဲနေ့ကျမှ တ တစိမ့်စိမ့်စောင့်ကြည့်ရမှာပါ"

ဝတ်စုံကို လက်ဆွဲအိတ်ထဲ ပြန်ထည့်ရင်း တံတိုင်းကျော် ထ သည်။

"ခွင့်ပြုပါဦး အန်တီမေ၊ ရိပ် ကိုယ်သွားမယ်"

ကျောခိုင်းလှည့်ထွက်သွားသော သူ့ကိုကြည့်ရင်း ရိပ် ပင့်သက်





ကို ရှိုက်တော့ အန်တီမေလည်း ပင့်သက်ကြီးချရင်း

"သမီးရယ် ခဏလေးဝတ်ကြည့်တော့ ဘာဖြစ်မှာမို့လဲ"

"ရိပ် တောင်းပန်ပါတယ် အန်တီမေ၊ အဲဒီ ဝတ်စုံကြီးကိုဝတ်ဖို့ မိပ် တုန်လှုပ်နေလို့ပါ"

"သမီးရယ်"

"ဒါပေမဲ့ အဲဒီနေ့ကျရင် သမီးဝတ်ဆင်မှာပါ"

ရိပ်အသံတိုးတိုးလေးနှင့် ကတိပေးပြီး အခန်းထဲ ပြန်လှည့်ဝင်ခဲ့ သည်။

ဆင်ဝင်အောက်က အဟုန်ပြင်းစွာ မောင်းထွက်သွားသော ကား တ်သံကို ရိပ် ကြားလိုက်မိပါသည်။

ရှင့်လက်ထဲမှာ ပုံအပ်ရမယ့် ကျွန်မဘဝ သေဆုံးဖို့ရက်တွေက းကပ်လာနေပြီ တံတိုင်းကျော်။

ရှင် သည်းခံပေးပါ။

■ ■ ■

"တောက်"

ရင်ထဲကဒေါသတွေကို အိမ်ရောက်တော့ သူ ပေါက်ကွဲလွှင့်ထုတ် လိုက်သည်။ ညှော်ခန်းထဲက အလှပန်းအိုးတွေ ရုပ်တုတွေ ကြမ်းပြင်မှာ စိတ်စိတ်အမြွှာမြွှာ ကြေမွကုန်သည်အထိ သူ ဒေါသတွေဆူဝေကုန်၏။

စိတ်ရှိလက်ရှိ ပစ်ပေါက်ခွဲပြီးတော့မှ သူ့အခန်းထဲ ဝင်ခဲ့သည်။ ခန်းထဲက အဝတ်ချိတ်တစ်ခုယူကာ အိတ်ထဲက သတို့သမီးဝတ်စုံလေးကို ထုတ်ယူချိတ်လိုက်သည်။

ပြီးတော့ နံရံထက်က သံချိတ်မှာ ချိတ်ဆွဲလိုက်၏။

လှပလိုက်တဲ့ သတို့သမီးဝတ်စုံလေး၊ ပန်းနုရောင် ဇာပန်းတွေ ည်ဖောက်ထားတာမို့ ဖြာလဲ့နေသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်မောင်းရင်းက လက်မောင်းကားကားလေးဖြစ်ကာ ချစ်ရိ ခန္ဓာကိုယ်နှင့် တိုင်းချုပ်ထားတာမို့ ကောက်ကြောင်းလေးတွေ ပြေပြစ်သည် ခါးကျဉ်ကျဉ်လေးအောက်မှာ ကားကားလေး ပို့ကျနေသော ဂါဝန်အနား တွေကလည်း တဖိတ်ဖိတ် တောက်နေသည်။

တစိမ့်စိမ့်ကြည့်ရင်း စားပွဲပေါ်က ဝီစကီပုလင်းကို သူ လက်လှမ်း ယူမော့လိုက်သည်။

အာရုံထဲမှာ ဒီဝတ်စုံလေးကို ဝတ်ဆင်ဖို့ ခါးခါးသီးသီး ငြင်းနေသည့် ချစ်ရိပ်မျက်နှာလေးက ထင်ဟပ်လာသည်။

မင်းအတွက်ဝတ်စုံကို မင်းက ငြင်းသတဲ့လား ချစ်ရိပ်ထင် ဟင့်အင်း မင်း ငြင်းဆိုခွင့်မရှိဘူး။ နောက် ငါးရက်ဆိုရင် ဒီဝတ်စုံလေး မင်း ဝတ်ဆင် ရလိမ့်မယ်။

တံတိုင်းကျော်ရဲ့သတို့သမီးအဖြစ် ငါနဲ့အတူ မင်း မင်္ဂလာပွဲ ဆင်နွှဲရလိမ့်မယ်။

မင်း ဘယ်ကိုမှ ပြေးထွက်ပိုင်ခွင့်မရှိဘူး ချစ်ရိပ်ထင်။

သူ့ရင်ထဲမှာ တီးတိုးကြိမ်းဝါးရင်း ချိတ်ဆွဲထားသော သတို့သမီး ဝတ်စုံလေးကို စိုက်ကြည့်မိသည်။ အမြင်အာရုံထဲမှာ သတို့သမီးဝတ်စုံ နှင့် ချစ်ရိပ်ထင်ပုံရိပ်က ထင်ဟပ်လာ၏။

ကြည့်စမ်း သိပ်လှရက်လွန်းတဲ့ ငါ့ရဲ့သတို့သမီး၊

ဟင် မင်္ဂလာဝတ်စုံလေးနှင့် ရိပ်မျက်ဝန်းတွေက သူ့ကို စိမ်း ကားကား စိုက်ကြည့်နေပါလား။

ချစ်ရိပ်-မင်းမျက်ဝန်းတွေကို ရုပ်သိမ်းပေးပါ။ ငါတောင်းပန်ပါတယ် ချစ်ရိပ်ရယ်။

မင်းရဲ့အမုန်းတွေကို ငါ သိပ်ကြောက်နေပြီ။

■ ■ ■



## အခန်း (၃၈)

မမရိပ်တို့အိမ်လေးကို လှမ်းမြင်နေရသော နေရာလေးသည် သူ ရှိနေသည်။

အနက်ရောင်မှန်ချပ်တွေနှင့် ကားကြီးထဲမှ သူ့ကိုတော့ ဘယ်သူမှ မြင်နိုင်တာ သေချာသည်။

မမရိပ်တို့အိမ်ဝန်းလေးဆီ သူ့မျက်ဝန်းတွေ မမှိတ်မသုန် ငေးမော ကာ စောင့်ကြည့်နေတာ နှစ်ရက်ရှိပြီ။

ဒါပေမဲ့ ရိပ်ရဲ့အရိပ်လေးကို တစ်ခဏလေးတောင် သူ မြင်ခွင့်မရ သေးပါ။

အလင်းရောင်ကွယ်ပျောက်လျှင် သူ ဒီနေရာလေးက စိတ်မော ...ချွှာ ပြန်ရစမြဲ။

"မမရိပ် အခုထိ မလာသေးဘူး အန်ကယ်"

"မင်္ဂလာပွဲကျင်းပဖို့ သုံးရက်တောင် လိုသေးတာပဲ မောင်ဘုန်းရယ်၊ ...ကို မင်း တွေ့ခွင့်ရနိုင်ပါသေးတယ်"

နေ့စဉ်တိုင်း အားပေးစကားဆိုတတ်သည့် အန်ကယ်ဦးသက်နိုင် ...သံတွေတောင် အင်အားမဲ့နေတာ သေချာ၏။



www.burmeseclassic.com

www.burmeseclassic.com



နှစ်ရက်လုံးလုံး နေဝင်မိုးချုပ်အထိ မမရိပ်အရိပ်လေးကို မျှော်မိ ပေမယ့် မမြင်ခဲ့ရ။

"မမရိပ် အခန်းထဲမှာပဲ အောင်းနေမယ်ထင်တယ်"

"မောင်ဘုန်း ဒီလောက်အထိ မြင်တွေ့ချင်နေရင် အန်ကယ်ဖုန်း ဆက်ပေးရမလားဟင်၊ သူ ဝရန်တာလေးကို ထွက်လာလိမ့်မယ်"

"ဟင့်အင်း မလုပ်ပါနဲ့ အန်ကယ်၊ ကျွန်တော့်ကြောင့် သူ မျက်ရည် ကျတာ မတွေ့ပါရစေနဲ့"

သူ တားမြစ်စကားကြောင့် ဦးသက်နိုင် ပင့်သက်မောကြီးရှိုက်သည်

ချစ်ရိပ်ထင်မျက်နှာလေးကို နောက်ဆုံးမြင်တွေ့ချင်သည် ဆိုသော မောင်ဘုန်းဆန္ဒအတွက် ဒီနေရာလေးကိုရောက်ခဲ့တာ သုံးရက်မြောက်ပြီ ဒါပေမဲ့ တစ်ကြိမ်တစ်ခါမှ မြင်တွေ့ခွင့်မရပေ။

ကားလေးထဲမှာ ခိုးကြောင်ခိုးဝှက်ထိုင်ရင်း စောင့်နေရရှာသည့် မောင်ဘုန်းအဖြစ်ကိုကြည့်ကာ သူရင်မှာမချိ။

"ဟော"

မောင်ဘုန်းနှုတ်က အံ့သြသံလေး ထွက်လာသလို မျက်ဝန်းတွေ လက်ခနဲ တောက်ပသွားသည်။ ဦးသက်နိုင်အကြည့်တွေလည်း ဝရန်တာ လေးဆီ ရောက်သွားခဲ့၏။

ဝရန်တာလေးမှာ သမီးလေး ချစ်ရိပ်ထင်။

မောင်ဘုန်းရဲ့ဆန္ဒလေးတော့ တကယ်ပြည့်ဝခဲ့ပြီဟု သူ့ရင်မှာ ပီတိဖြစ်ရသည်။ ဝရန်တာလက်ရန်းလေးကိုင်ကာ ငေးငေးလေးမှိုင်နေသော ချစ်ရိပ်ထင်ကို မောင်ဘုန်း မျက်တောင်မခတ်တမ်း ငေးနေရှာသည်။

သမီးလေးကတော့ ဒါကို သိရှာမည်မဟုတ်။

ဝရန်တာလေးက ခွာမသွားပါနှင့်ဦးဟု သူ့စိတ်ထဲက ကြိတ် တောင်းပေးမိ၏။ မောင်ဘုန်း တစ်ဝကြီး ကြည့်ခွင့်ရစေချင်သည်။





"ကျွိ"

နှစ်ဦးစလုံး ဝရန်တာက ချစ်ရိပ်ထင်လေးဆီမှာပဲ အာရုံနှစ်နေခိုက် ...ဘေးကို ထိုးဆိုက်လာသော ကားကြီးကို သတိမထားမိခဲ့ကြပါ။

"ဘုန်းစကြာ"

"ဟင်"

"ဟာ တံတိုင်းကျော်"

မီးဝင်းဝင်းတောက်နေသော မျက်ဝန်းတွေနှင့် စိုက်ကြည့်နေရာမှ ...တိုင်းကျော် ကားတံခါးဖွင့်ဆင်းသည်။

ဖြစ်လာမည့်အခြေအနေကို ကြိုတင်တွက်ဆကာ ဦးသက်နိုင် ...ပါက သုတ်ခနဲ ဆင်းသည်။

"တံတိုင်း မလုပ်နဲ့"

"သွားဗျာ၊ ခင်ဗျားကြီးလည်း အတူတူပဲ"

"အင့်"

ဒေါသဘီလူးစီးနေသော တံတိုင်းကျော်ဦးလေးဆိုတာလည်း အာရုံ ...မှာ မရှိတော့ဘဲ ရင်ဘတ်ကို ဆောင့်တွန်းပစ်သည်။

ပြီးတော့ ကားတံခါးကိုဆွဲဖွင့်ကာ ဘုန်းစကြာကို ရူးရူးဝါးဝါးမျက်ဝန်း ...နှင့် စိန်ခေါ်သည်။

"ငါ့ရဲ့သတို့သမီးလောင်းကို မင်းလာခိုးဖို့ ကြံစည်နေတာလား ...ကြာ"

"ဟာ မဟုတ်ဘူး တံတိုင်း၊ လေးလေး ရှင်းပြမယ်"

လဲကျနေရာမှ ဦးသက်နိုင် ကုန်းထရင်း လှမ်းတားပေမယ့် တံတိုင်း ...ကျော်လက်တွေက မြန်သည်။ ကားထဲက ဘုန်းစကြာကို အပြင်ဆွဲထုတ် ...အားပါးတရ ထိုးကြိတ်တော့သည်။

"ခွပ်"



www.burmeseclassic.com

www.burmeseclassic.com



''ခွပ်''

''ဘုန်း''

''တံတိုင်း မလုပ်နဲ့''

''လေးလေး ခင်ဗျားနဲ့မဆိုင်ဘူးနော် ကျုပ်ကို မဆွဲနဲ့''

ယမကာရနံ့တွေ မွှန်ထူနေသော တံတိုင်းကျော် ဆင်ခြင်တုံတရားကင်းမဲ့သွားပြီလားမသိ။ လဲကနေသော ဘုန်းစကြာကို တိုက်ခိုက်ဖို့ပဲ ကြိုးစားနေသည်။

''ဟာဗျာ ဖယ်စမ်းဗျာ''

အနောက်က သိုင်းဖက်ဆွဲဖို့ ကြိုးစားနေသော ဦးသက်နိုင်ကို လက်ပြန်ရိုက်ချပစ်လိုက်၏။ ပြီးတော့မှ ဘုန်းစကြာအကျီရင်ဘတ်ကို ဆွဲကိုင်ကာ လက်သီးတွေ မြှောက်ခိုက်

''မလုပ်နဲ့''

''ဟင်''

''မ မမရိပ်''

''ရှင် မလုပ်နဲ့ တံတိုင်းကျော်၊ ဘုန်းကိုမလုပ်ပါနဲ့''

''တောက် မင်း ဘာလို့ထွက်လာတာလဲ ချစ်ရိပ်၊ မင်းအကောင်နောက်ကို လိုက်ဖို့လား''

''ရှင့်စွပ်စွဲချက်တွေ ပြင်းထန်နေပြီ တံတိုင်းကျော်၊ ကျွန်မ ဘာမှမဟုတ်ဘူး၊ ရှင်တို့ရန်ဖြစ်နေတာတွေ့လို့ ဆင်းလာတာ''

''မလိုဘူးကွာ လာစမ်း''

ချစ်ရိပ်ထင်လက်ကို ကြမ်းတမ်းစွာ ဆွဲခေါ်ပြီး အိမ်ကြီးဆီသို့ တံတိုင်းကျော် ပြန်ခေါ်သွားသည်။

''မ မမရိပ်''

''မောင်ဘုန်း တက် ကားပေါ်တက် ဒီကောင်မှာ လူစိတ်မရှိတော့





ဘူး၊ အန်ကယ်တို့ ရှောင်သွားတာ အကောင်းဆုံးပဲ''

သူ့လက်တွေကို ဆွဲထူကာ အန်ကယ်သက်က ကားထဲဆွဲသွင်းသည်။ ချစ်ရိပ်ထင်ကို ဆွဲခေါ်သွားသော တံတိုင်းကျော်ကတော့ ဒေါသလှိုင်းတွေနှင့် တရှူးရှူး တရှဲရှဲ ဖြစ်နေဆဲ။

''ဂူး ဂူး''

အခြေအနေကို တွက်ဆကာ ဦးသက်နိုင် ကားလေးကို ဝေါခနဲ မောင်းထွက်ခဲ့သည်။ ဘုန်းစကြာ နှုတ်ခမ်းစွန်းက စီးကျလာသော သွေးတွေကို လက်ဖမိုးနှင့် ပွတ်သုတ်ပစ်လိုက်သည်။

''သိပ်နာနေသလား မောင်ဘုန်း''

''ဟင့်အင်း မနာပါဘူး အန်ကယ်၊ ကျွန်တော့်ကြောင့် မမရိပ်တို့ပြဿနာတွေဖြစ်ကုန်ပြီထင်ပါရဲ့''

''ထားလိုက်ကွာ အဲဒီကိစ္စကို မေ့လိုက်တော့၊ အားလုံးကို မေ့လိုက်ပါတော့ကွာ''

အားလုံးကို မေ့ပစ်ရမည်တဲ့။ အန်ကယ့်စကားကို နာခံဖို့ သူ့အသိတွေက လက်မခံနိုင်တာ အမှန်။

ဘယ်လိုမှ မမေ့နိုင်တာတော့ သေချာသည်။ မမရိပ်ရဲ့မျက်နှာလေးပေါ်က သောကရိပ်တွေကို သူ မြင်ခဲ့ရသည်။ မမရိပ် သိပ်ခံစားကြေကွဲနေခဲ့သည်လား။

တံတိုင်းကျော်လက်ထဲ မမရိပ်ကို သူ ဝကွက်အပ်နှံလိုက်တာ မှားသွားခဲ့ပြီထင်သည်။

မမရိပ်ရယ် တွေဝေခဲ့တဲ့ ကျွန်တော့်ရဲ့အမှားတွေအတွက် ခွင့်လွှတ်ပေးပါ။

ခွင့်လွှတ်ပေးပါ မမရိပ်ရယ်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၉)

မနက်ဖြန်ဆို သူနဲ့ချစ်ရိပ်တို့ရဲ့ မင်္ဂလာပွဲကြီးက တကယ်ပဲ အထမြောက်အောင်မြင်တော့မည်။

ဒီမင်္ဂလာပွဲကြီး မပြီးမချင်း သူ့စိတ်တွေ သောကပူတွေနှင့် ချောက်ချားနေခဲ့ရသည်။

ချစ်ရိပ်တို့အိမ်အနားထိတောင် ရဲရဲတင်းတင်း ရောက်လာသော ဘုန်းစကြာကို သူမယုံ။

လေးလေးသည်လည်း ကိုယ့်လူသူ့ဘက်သား ဖြစ်နေ၏။

အားလုံးက သူနှင့်ချစ်ရိပ်ကို ဝေးအောင် ကြိုးစားနေကြတာတော့ သေချာနေပြီ။ ချစ်ရိပ်ကို သူ့ရင်ခွင်ထဲက ခေါ်ထုတ်ဖို့ ချောင်းကြည့်နေကြသည်။

နေ့စဉ်တိုင်း ချစ်ရိပ်အိမ်နားမှာ ဘုန်းစကြာကို သူ စောင့်ကြည့်ခဲ့တာ မိုးစုန်းစုန်းချုပ်သည်အထိပါပဲ။ မိုးကြောင်နိုးဝက်နှင့် သူ့ရင်ခွင်ထဲက ချစ်ရိပ်ကို ဒီကောင် ခေါ်ထုတ်သွားမှာ ကြောက်နေမိသည်။

"မရဘူး ဘုန်းစကြာ၊ မနက်ဖြန်ဆို မင်း ငါ့ရင်ခွင်ထဲက ချစ်ရိပ်ကို





ဘယ်လိုမှ ခေါ်ထုတ်ခွင့်မရှိတော့ဘူး အေ့"

သူ ရေရှုတ်ကြိမ်းဝါးရင်း ပုလင်းကို ကောက်မော့သည်။ တစ်နေ့လုံး တစိမ့်စိမ့်သောက်ထားခဲ့သော ယမကာတွေက ဝမ်းထဲမှာတောင် လက်မခံနိုင်တော့ပါ။

"ဝေါ့"

ပျို့တက်ထိုးအန်ပစ်ရင်း သူ့မျက်ဝန်းတွေကို မှိတ်ထားလိုက်သည်။ ဒီည ဒီတစ်ညသည် နောက်ဆုံးပါ။

မနက်ဖြန်ဆိုလျှင် သူ့ရင်ခွင်ထဲကို ချစ်ရိပ် ရောက်လာတော့မည်။

■ ■ ■

အမှောင်ရိပ်ထဲမှာ တလှုပ်လှုပ် သူမြင်နေရတာ လူလား၊ ချုံနွယ်တွေလား ချက်ချင်းဝေခွဲမရပါ။

မျက်လုံးတွေကို ပွတ်သပ်ပြီး သူ အသေအချာကြည့်သည်။ အရိပ်တွေက တစ်ခုတည်းမဟုတ်ဘဲ နှစ်ခု။

ရင်ထဲမှာ ထိတ်ခနဲ ဖြစ်သွားရင်း ခါးကြားက လက်နှိပ်ဓာတ်မီးကို သူ ဆွဲယူသည်။ ပြီးတော့ အရိပ်တွေကို လှမ်းထိုးသည်။

"ဟင်"

"ဟာ"

"ဘုန်းစကြာ"

သူ ထင်မှတ်စိုးရိမ်နေခဲ့သည့်အတိုင်းပါပဲ။ ဘုန်းစကြာ ရင်ခွင်ထဲမှာ ချစ်ရိပ်။

"ပြေး ပြေး ဘုန်း၊ ရိပ်ကို မထားခဲ့နဲ့"

ချစ်ရိပ် စူးစူးဝါးဝါး ဟစ်အော်သတိပေးမှ မင်တက်နေသော ဘုန်းစကြာ ချာခနဲလှည့်ပြေးသည်။ ရင်ခွင်ထဲက ချစ်ရိပ်ကို သူနဲ့အဝေးဆုံးခေါ်သွားမည်တဲ့လား။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကို ငါသတ်မယ်၊ ငါ့ရင်ခွင်ထဲက ချစ်ရိပ်ကို မင်းထားခဲ့"

"မထားခဲ့နိုင်ဘူး တံတိုင်းကျော်၊ မင်းလို လူယုတ်မာရင်ခွင်ထဲမှာ မထားခဲ့ဘူး"

"ပြေး ပြေး ဘုန်းရေ ပြေး"

သူ့လက်ကလွတ်အောင် ပြေးနေသည့် ဘုန်းစကြာကိုတောင် ချစ်ရိပ်က အားပေးနေသည်။ သူ အံကိုတင်းတင်းကြိတ်ကာ အားသွန်ပြေးလိုက်သည်။

"ဟင်"

နှစ်ယောက်စလုံး ဘယ်လိုပျောက်သွားသည်မသိ။ သူချောက်ချားတုန်လှုပ်စွာ လှည့်ပတ်ရှာဖွေကြည့်မိသည်။

"ချစ်ရိပ် ချစ်ရိပ် ဘုန်းစကြာ မင်း ဘယ်မှာလဲ"

အမှောင်ထဲမှာ သွေးရူးသွေးတန်း ဟစ်အော်ရင်း သူ ရှာဖွေနေမိဆဲ၊ သူနှင့်အနီးဆုံးမှာရှိနေသော သစ်ပင်အနား သူအရောက်မှာ

"ဟင် ဘုန်းစကြာ"

"ရော့ ခင်ဗျားအတွက်"

လက်ခနဲ ဝင်းပသွားသော အရာတစ်ခုကို သူ ရိပ်ခနဲပဲ မြင်လိုက်ရသည်။ နာကျင်စူးနစ်သော ဝေဒနာက သူ့ရင်ညွန့်နှလုံးသားဆီက ခံစားလိုက်ရ၏။

"အ မင်း မင်း"

"ခင်ဗျားနဲ့ထိုက်တန်တဲ့ဆုလာဘ်ပဲ တံတိုင်းကျော်"

သူ့နှလုံးသားမှာ စူးနစ်စိုက်ဝင်နေသော ဓားမြှောင်ကို ကြည့်ကာ သူ့မျက်ဝန်းတွေ ပြာဝေလာသည်။ နောက်ဆုံးအသိမှာ သူ သတိရလိုက်မိတာ ချစ်ရိပ်။

"ချစ်ရိပ် ချစ်ရိပ်"

■ ■ ■





အိပ်မက်ဆိုးက လန့်နိုးလာတော့ သူ့တစ်ကိုယ်လုံး ချွေးတွေရွှဲနစ်လို့နေ၏။ သူ အိပ်ပျော်သွားခဲ့တာပါလား။ ချောက်ချားတုန်ယင်နေသော စိတ်ကို စားပွဲပေါ်က လက်ကျန်ဝီစကီနှင့် ဖြေသိမ့်လိုက်၏။

"အား"

အိပ်မက်ဆိုးထဲက အဖြစ်ကို ပြန်တွေးမိတော့ သူ့စိတ်တွေ စိုးရိမ်ပူပန်လာသည်။ မနက်ဖြန်ဆို ချစ်ရိပ်နှင့် သူ့ရဲ့မင်္ဂလာပွဲ။

ဒီည နောက်ဆုံးည။

ဘုန်းစကြာ အိပ်မက်ထဲကလို ချစ်ရိပ်ကို သူနဲ့အဝေးဆုံးခေါ်သွားဖို့ ကြံစည်နေပြီလား။ သူ ဝုန်းခနဲ ထရပ်ကာ အခန်းထဲက ပြေးထွက်ခဲ့သည်။

ဆင်ဝင်အောက်မှာ ရပ်ထားသော ကားကအသင့်။

"ဝူး ဝူး"

ပိန်းပိတ်နေသော အမှောင်ထဲမှာ ရှေ့မီးတွေဖွင့်ကာ သူ မောင်းထွက်ခဲ့မိသည်က ချစ်ရိပ်တို့အိမ်ဘက်ထိ။

ဘယ်အချိန်ကာလရှိပြီ မသိ။ လမ်းမပေါ်မှာ တိတ်ဆိတ်ရှင်းလင်းနေသည်။ ကားစက်ရှိန်ကို သူ မြှင့်တင်လိုက်သည်၊ အာရုံထဲမှာ ဘုန်းစကြာ မျက်နှာက ထင်ဟပ်လာပြန်၏။

"ပွမ်"

မျက်လုံးတွေကို ပြာဝေသွားစေသော စူးရှသည့် ကားမီးရောင်တွေကြောင့် သူ အထိတ်တလန့် စတီယာရင်တိုင်ဘီးကို လှည့်ချပစ်လိုက်၏။

"ဝေါ"

အရှိန်ဖြင့်ပြေးနေသော သူ့ကားလေး လေထဲမှာ မြှောက်တက်သွားသည်ထင်သည်။

"ဒုန်း"

"ဒုန်း"



www.burmeseclassic.com

www.burmeseclassic.com



ကားလေးက ကတ္တရာလမ်းမပေါ်မှာ ကျွမ်းထိုးမှောက်ခုံ လိမ့်သွားခဲ့သည်။ နာကျင်မှုဝေဒနာတွေက သူ့ခန္ဓာကိုယ်အနှံ့မှာ။

"ဂျိမ်း"

"ခွမ်း"

မှောက်လျက်ပြုတ်ကျ ငြိမ်သက်သွားသော ကားလေးထဲမှာ သူ့ခန္ဓာကိုယ်က ဖောက်ထိုးမိုးမျှော် ဖြစ်နေ၏။ ပါးစပ်ထဲ စီးဝင်လာသော ငန်ကျိုကျိုစို့သော အရည်တွေရဲ့အရသာကြောင့် အသက်ရှူမှားမတတ် ခံစားလိုက်ရ၏။

သူ့မျက်ဝန်းတွေထဲမှာ မြင်နေတာ မဟူရာကောင်းကင်ကြီးထဲက ကြယ်ပွင့်လေးတွေ။ တစ်စ တစ်စနှင့် ကြယ်ပွင့်လေးတွေ ပျောက်ကွယ်သွားတော့ ပိန်းပိတ်သော အမှောင်ကြီးထဲ သူ မျောလွင့်သွား၏။

ထိုအမှောင်ကမ္ဘာကြီးထဲမှာ သူ သွေးရူးသွေးတန်း ရှာဖွေမိသော သူချစ်သော မြတ်နိုးသော သတို့သမီး ချစ်ရိပ်ထင်။

■ ■ ■



## အခန်း (၄၀)

သုသာန်ဝင်းလေးက တိတ်ဆိတ်နေသည်။ ဖြူလွလွ အုတ်ဂူလေး ဆက်က ကမ္ပည်းမှတ်တမ်းလေးက သစ်လွင်နေဆဲ။

တံတိုင်းကျော်

အသက် (၂၅) နှစ်

အုတ်ဂူလေးရှေ့မှာ တိတ်ဆိတ်စွာရပ်နေသောသူနှစ်ဦးကတော့ စ်ဦးလက်ကိုတစ်ဦး ဆုပ်ကိုင်ထားသည်။

"မမရိပ် ပြန်ကြစို့နော်"

အနားကပ်တီးတိုးဆိုသော ဘုန်းစကြာစကားကြောင့် ရိပ် ခေါင်း မော့ကြည့်ရင်း ပင့်သက်လေး ရှိုက်သည်။ ရင်ထဲကတော့ ဆုတောင်း လိုက်မိ၏။

"ဘဝဆက်တိုင်း အတ္တချစ်ခြင်းနဲ့ ကင်းဝေးပါစေ ကိုတိုင်းရယ်"



www.burmeseclassic.com

www.burmeseclassic.com



ရိပ် ဆုတောင်းစကားကို တံတိုင်းကျော် ကြားနိုင်မည့်လား မ...

နှင်းတွေဝေနေသော သုသာန်ဝင်းထဲက ဘုန်းစကြာနှင့် ရိပ်တို့ လက်ချင်း... ချိတ် ထွက်ခဲ့ကြသည်။

မြူနှင်းတွေက ဝေနေဆဲ။

အားလုံးအတွက်
နတ်သမီး



www.burmeseclassic.com